http://www.cherrythitsar.org


# အောင်ခန့်

# လက်သုံးတော်ဓါး

# THE BORGIA BLADE

GARDNER F. FOX

ဒုတိယအကြိမ်



http://www.cherrythitsar.org

စာအုပ်အမှတ် ( ၁၇၄ )

Quality Publishing House

အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၀၆၄၀၄၊ ၃၂၀၀၆၃၊ ၂၈၂၆၀၄။

### ဒို့တာဝန် အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး — **ဒို့အရေး**
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — **ဒို့အရေး**
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — **ဒို့အရေး**

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရက်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

# လက်သုံးတော်ဓား

ဒေါင်ခန့်

# THE BORGIA BLADE

by Barary Slave

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် - ၁၃၂၀/၂၀၀၃ (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၈၂/၂၀၀၃ (၁၁)

**ပုံနှိပ်ခြင်း**

တတိယအကြိမ် - (၂၀၀၄၊ မတ်လ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - တင်မောင်မျှင့်

ကွန်ပျူတာစာစီ - Quality

အတွင်းဖလင် - Quality

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ (မြဲ) (၀၃၉၀၆)


၁၅၃၊ ၅(လွှာ)၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၇၀၀ - ကျပ်

http://www.cherrythitsar.org



# ဆရာအောင်ခန့်

၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက် (ဗုဒ္ဓဟူးနေ့) တွင် ပဲခူးတိုင်း၊သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာ၌ အဖဦးအောင်သန်းခင်၊ အမိ ဒေါ်သန်းကြည်တို့မှ မွေးဖွားသည်။ အမည်ရင်းမှာ ဝင်းမြင့်၊ ဝင်းဆွေ ဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပဲခူးမြို့အစိုးရအထက်တန်းကျောင်းက ဖြေဆိုအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်ပညာသင်ယူဆည်းပူးရာ၊ ၁၉၅၈ ခုနှစ်တွင် ဥပစာတန်း အပိုင်း (ခ) ၌ 'မြန်မာစာပထမ' ၁၉၅၉ ခုနှစ် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ သာဒိုးအောင်ဆုကို တက်ရောက်ယူရသည်။

၁၉၆၀ ပြည့်နှစ်၊ မတ်လတွင် ဝိဇ္ဇာ (အထွေထွေဂုဏ်ထူးတန်း) ကို ဒုတိယတန်း၊ ပထမဆင့်မှ အောင်မြင်ပြီး မော်လမြိုင်ကောလိပ် မြန်မာစာဌာနတွင် နည်းပြဆရာအဖြစ် စတင် အမှုထမ်းသည်။

၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်ဆေးတက္ကသိုလ် (၂)၊ မြန်မာစာဌာန၌ လက်ထောက်ကထိကနှင့် ဌာနမှူးတာဝန်ကို ထမ်းဆောင်သည်။ ၁၉၇၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (အရည်အချင်းအလိုက် ပထမ) ရရှိသည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလတွင် မြစ်ကြီးနားဒီဂရီကောလိပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

၁၉၈၀ ပြည့်နှစ် မတ်လတွင် ပညာရေးဝန်ကြီးဌာန၏ ရွေးချယ်စေလွှတ်ချက်အရ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တော် နိုင်ငံခြားဘာသာသိပ္ပံကျောင်း၌ မြန်မာစာပေပညာရှင် (ဧည့် - ပါမောက္ခ) အဖြစ် ၂ နှစ် တာဝန်ထမ်းဆောင်သည်။

၁၉၈၆ ခုနှစ် မတ်လတွင် ကထိကနှင့် ဌာနမှူးအဖြစ် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) တွင် တာဝန်ထမ်းဆောင်သည်။

အဝေးသင်တက္ကသိုလ်စတည်ထောင်သောအခါ၌ ကထိကနှင့် မြန်မာစာဌာနမှူးတာဝန်ကို ၁၉၉၂ ခု၊ မေလတွင် ပြောင်းရွှေ့တာဝန်ယူရသည်။

၁၉၉၃ ခု၊ နိုဝင်ဘာလတွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ပြီး၊ မြန်မာစာဌာနမှူး တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ဆန်းတွင် အငြိမ်းစားယူသည်။

ယခုအခါ မြန်မာစာကျွမ်းကျင်သူအဖြစ် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ ဆက်လက်တာဝန်ထမ်းဆောင်ပြီး၊ မြန်မာစာပရဂူသင်တန်းသားများအား စာပေပို့ချလျက်ရှိသည်။

၁၉၅၉ ခု မတ်လတွင် စာပေစတင်ရေးသားသည်။ စာပရေးသားရာ၌ မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး၊ စာတမ်း၊ စာအုပ်များကို **တက္ကသိုလ်ဝင်းမွန်** ကလောင်အမည်ဖြင့် ရေးသားသည်။ ၁၉၆၈ ခုနှစ်တွင် ရေးသားသော **ခေတ်သစ်ကဗျာမိတ်ဖွဲ့** စာအုပ်ဖြင့် အမျိုးသားစာပေ၊ စာပဒေသာဆုကို ရရှိခဲ့သည်။

ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ရာ၌ **အောင်ခန့်** ကလောင်အမည်ဖြင့် မြန်မာပြန်သည်။ ၁၉၆၈ ခုနှစ်တွင် ဆာဝေါလတာစကော့၏ Quentin Durward ဝတ္ထုကို **ရဲသွေးနီ** အမည်ဖြင့် မြန်မာပြန်ရာ၊ ထိုဘာသာပြန်ဝတ္ထုဖြင့် ၁၉၆၈ ခုနှစ်၊ အမျိုးသားစာပေ၊ ဘာသာပြန်စာပေဆုကို ရရှိခဲ့သည်။

အောင်ခန့် ကလောင်အမည်ဖြင့် ဆာ ရိုက်ဒါဟက်ဂတ် ဝတ္ထုအမြောက်အမြားနှင့် အခြားကမ္ဘာ့ဝတ္ထုဆရာကြီးများ၏ ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ခဲ့သည်။

http://www.cherrythitsar.org

# မြန်မာပြန်သူ၏ အမှာ

ခေတ်သစ်ရာဇဝင် စွန့်စားခန်း ဝတ္ထုဆရာကြီးများအနက် ဂတ်နာအက်ဖ်ဖော့က် သည် ကျော်စောထင်ရှားသူ တစ်ဦးဖြစ်သည်။ သူ၏ ရာဇဝင်စွန့်စားခန်း ဝတ္ထု များမှာ အမျိုးပေါင်း စုံလင်လှရုံမက အကြိမ်ကြိမ် အထပ်ထပ်လည်း ထပ်မံ ပုံနှိပ်ကြပါသည်။

ထိုသို့ ကျော်စောထင်ရှားသော ခေတ်သစ်ရာဇဝင် စွန့်စားခန်း ဝတ္ထု ဆရာကြီး၏ Barbary Slave ဝတ္ထုကို ၁၉၇၄ ခု၊ ဇန်နဝါရီလက **ရမ္မက်ကျွန်** အမည်ဖြင့် လည်းကောင်း၊ Woman of Kali ဝတ္ထုကို ၁၉၇၄ ခု၊ ဇွန်လက **ကာလီဒေဝီ** အမည်ဖြင့်လည်းကောင်း ကျွန်တော် မြန်မာပြန်ခဲ့ပါသည်။ ယခု အခါ၌မူ The Borgia Blada ဝတ္ထုကို **လက်သုံးတော်ဓား** အမည်ဖြင့် ဆက် လက်မြန်မာပြန်ပါသည်။

The Borgia Blada ဝတ္ထုကို ၁၉၅၃ ခုနှစ်က ရေးသားပြီးစီး၍ အကြိမ်ကြိမ် အထပ်ထပ် ထပ်မံပုံနှိပ်ရကြောင်း သိရှိရပါသည်။ ၁၉၆၁ ခုနှစ်တွင် အမေရိကန်ပြည်နယူးယောက်မြို့ရှိ 'ဘဲလ်မောက်စာအုပ်များ' တိုက်က ထပ်မံ ရိုက်နှိပ်ပါသည်။ ကျွန်တော် မြန်မာပြန်သောမူမှာ ထိုတိုက်မူဖြစ်ပါသည်။ မြန်မာပြန်ရာ၌ အခြေအနေအကြောင်းအကြောင်းကြောင့် တချို့နေရာများ၌ အနည်းငယ် အကျဉ်းချုံးရပါသည်။ ထိုသို့ အကျဉ်းချုံးရာ၌ ဝတ္ထု၏ရသနှင့် ရည်ရွယ်ချက်မပျက်ရလေအောင် အလေးအနက် သတိထားဆင်ခြင်ပါသည်။

**လက်သုံးတော်ဓား** ဝတ္ထုမှာ ၁၆ ရာစုခေတ်ဦး အီတလီနိုင်ငံသမိုင်းကို သမိုင်းနောက်ခံထား၍ ရေးဖွဲ့အပ်သော ဝတ္ထုဖြစ်ပါသည်။ အစိတ်စိတ် အမြွာမြွာ ကွဲကာ သူတစ်လူ ငါတစ်မင်း ဖြစ်နေသည့် အီတလီပြည်ကို ကြီးကျယ်ထင် ရှားသော နိုင်ငံတော်ကြီးဖြစ်ရအောင် တိုက်ခိုက်စည်းရုံးခဲ့သည့် ဘာလင်တီနိုက် နယ်စားကြီး ဆီဇာဘော်ဂျာ (၁၄၇၆–၁၅၀၇) ၏ စိတ်နေစိတ်ထားနှင့် ရာဇပရိ ယာယ် အသွယ်သွယ်တို့ကို သည်းထိတ်ရင်ဖိုဖွယ် စွန့်စားခန်းများ၊ ဆွတ်ပျံ့ လွမ်းမောဖွယ် အချစ်ဇာတ်လမ်းများတို့နှင့် ရောယှက်ဇာတ်အိမ်ဖွဲ့ကာ စိတ်ဝင် စားဖွယ် ရေးဖွဲ့ထားပါသည်။ ထို့ကြောင့် 'မြန်မာစာဖတ်ပရိသတ်တို့ နှစ်သက်စွဲ မက်ကြလိမ့်မည်။ သမိုင်းရာဇဝင်ဆိုင်ရာ ဗဟုသုတအချို့ကို ဖတ်ရှုမှတ်သား ရရုံမက၊ လူ့သဘော လူ့သဘာဝဆိုင်ရာ ဘဝသင်ခန်းစာအချို့ကိုပါ ခံစားယူ နိုင်ကြလိမ့်မည်' ဟု မျှော်လင့်ယုံကြည်ပါသည်။

ဤဝတ္ထုတွင် ပါဝင်သော နေရာဒေသတို့ကို စာဖတ်သူတို့ အလွယ်တကူ ဖတ်ရှုသိမြင်နိုင်ရန်အတွက် '၁၆ ရာစုခေတ်ဦး အီတလီပြည်မြေပုံ' ကို လည်း ရှာဖွေ၍ ပူးတွဲဖော်ပြထားပါသည်။

ဤဝတ္ထုဖြစ်ပွားနေသော ကာလမှာ မြန်မာနိုင်ငံသမိုင်းတွင် အင်းဝခေတ် ဒုတိယ မင်းခေါင် (၁၄၈၀–၁၅၀၁) နှင့် သားတော် ရွှေနန်းကြော့ရှင် နရပတိ (၁၅၀၁–၁၅၂၆) တို့ စိုးစံနေသော ကာလဖြစ်ပါသည်။

အောင်ခန့်
၁၉၇၅ ခု၊ မတ်လ (၁၀) ရက်


" ဘီ-ရာမ ခေတ်ဦး အီတလီပြည်မြေပုံ"

http://www.cherrythitsar.org

၁

# လျှို့ဝှက်ပညာဓားကွက်များ

အချိန်ကား သက္ကရာဇ် ၁၅၀၀ ပြည့်နှစ် နွေဦးကာလ စက်တင်ဘာလဆန်း ညတစ်ညဖြစ်ပြီး၊ နေရာကား ရောမရွှေမြို့တော်ကြီးရှိ နာမည်ကျော် ဓားသိုင်းဆရာကြီး ဂျာကိုပိုဘာလစ်စန္ဒရိ၏ ဓားသိုင်းကျောင်း လေ့ကျင့်ရေး ဇဟိုခန်းမကြီးအတွင်း၌ ဖြစ်သည်။

လေ့ကျင့်ရေး ဇဟိုခန်းမကြီး၏ ဘေးဘက်နံရံကို မီးတုတ်များ ထွန်းညှိထားသဖြင့် တစ်ခန်းလုံး ထိန်ထိန်လင်းနေသည်။ ထိုသို့ ထိန်လင်းနေသော လေ့ကျင့်ရေး ဇဟိုခန်းမကြီးအတွင်း၌ ကျစ်လစ်တောင့်တင်း ခိုင်ကြံ့သော ကိုယ်ခန္ဓာလည်း ရှိပြီး ဖျတ်လတ်ပေါ့ပါးသော လှုပ်ရှားမှုလည်းရှိသော လုလင်ပျို တစ်ဦးသည် ဓားတစ်လက်ကိုကိုင်ကာ တစ်ကိုယ်လုံး ချွေးဒီးဒီးကျသည့်အထိ အားကြိုးမာန်တက် ဓားရေးလေ့ကျင့်လျက် ရှိသည်။ အတိမ်း၊ အရှောင်၊ အဆုတ်၊ အတက်၊ အခုန် မှန်မှန်ကန်ကန်နှင့် လှုပ်ရှားလျက်ရှိသည်။ ထိုလုလင် ပျို၏ ခြေကွက်များမှာ အခြေခံ ခြေကွက်ရိုးရိုးတို့သာ မဟုတ်တော့ဘဲ တီထွင်ကြံဆထားသော အဆင့်မြင့်သည့် ပညာဓားကွက်များပါ ပါဝင်နေပေသည်။ ထိုပညာ ဓားကွက်များကား ဓားသိုင်းဆရာကြီး ဂျာကိုပို၏ လျှို့ဝှက်သော ပညာဓားကွက်များပေတည်း။

ထိုသို့ ဓားရေးလေ့ကျင့်နေသော လုလင်ပျိုကား အခြားမဟုတ်။ ဓားသိုင်းဆရာကြီး ဂျာကိုပို၏ ဓားသိုင်းကျောင်းသို့ လာရောက်၍ ဓားသိုင်း ပညာ လေ့ကျင့်ယူနေကြသော အီတလီပြည်တစ်ဝှမ်းလုံးရှိ မင်းညီမင်းသား

http://www.cherrythitsar.org



များ၊ အထက်တန်းလွှာက သူဌေးသူကြွယ် လုလင်ပျိုများ၏ မြင်းများကို မြင်းစာကျွေးခြင်း၊ ရေပေးခြင်းစသော ကြည့်ရှုထိန်းကျောင်းရသည့် အလုပ်ကို လုပ်ကိုင်ရရှာသော မြင်းထိန်းလုလင်လေး အီလာရွန်ပင် ဖြစ်တော့သည်။

အီတလီပြည်တစ်ဝှမ်းလုံးတွင် အတော်ဆုံးဟု ထင်ရှားကျော်စောနေသော စားသိုင်းဆရာကြီး ဂျာကိုပို၏ စားသိုင်းကျောင်းကြီးကား အီတလီပြည်တစ်ဝှမ်းမှလာရောက်၍ စားသိုင်းပညာကို လေ့ကျင့် သင်ယူဆည်းပူးကြကုန်သော လုလင်ပျိုတို့ဖြင့် တစ်နေ့တာပတ်လုံး စည်ကားဆူညံနေလင့်ကစား ညနေဝင်သောအခါ၌မူ လူသူရှင်းကာ တိတ်ဆိတ်ငြိမ်သက်သွားလေ့ရှိလေသည်။ ထိုအခါ တစ်နေ့တာပတ်လုံး မရပ်မနား စားရေးသင်ကြားပြသပေးခဲ့ရသည့် စားသိုင်းဆရာကြီး ဂျာကိုပိုလည်း ခေတ္တနားနေ အပန်းဖြေလေ့ရှိသည်။ ထို့နောက် လူခြေကင်းမဲ့ကာ တိတ်ဆိတ်နေသော လေ့ကျင့်ရေးဗဟိုခန်းမကြီးတွင် မိမိ တီထွင်ကြံဆထားသော လျှို့ဝှက်ပညာ စားကွက်များကို မမေ့မပျောက်သွားရလေအောင် နေ့စဉ်နေ့တိုင်းတစ်ယောက်တည်း လျှို့ဝှက်စွာ စားရေး လေ့ကျင့်လေ့ရှိသည်။

ထိုသို့ လျှို့ဝှက်ပညာစားကွက်များကို နေ့စဉ်နေ့တိုင်း တစ်ယောက်တည်း စားရေးလေ့ကျင့်ခိုက်တွင် စားသိုင်းပညာကို ထူးထူးချွန်ချွန် တတ်မြောက်လိုသော လုလင်ပျိုလေး အီလာရွန်သည် မှောင်ရိပ်ကွယ်တွင် ပုန်းအောင်းပြီး စားသိုင်းဆရာကြီး ဂျာကိုပို၏ လျှို့ဝှက်စားကွက်များကို စိတ်ထဲမှ မှတ်သားထားလေ့ရှိသည်။ ထိုအခိုက်တွင် 'ဤသို့ မိမိချောင်းမြောင်း မှတ်သားနေသည်ကို စားသိုင်းဆရာကြီး ဂျာကိုပို သိသွားပါက ဒေါသတကြီးဖြင့် မိမိကို အညိုအမည်းစွဲသည်အထိ ရက်ရက်စက်စက် ရိုက်နှက်ဆုံးမလိမ့်မည်' ကို တွေးတောပြီး လုလင်ပျိုလေး အီလာရွန်သည် အသက်ပြင်းပြင်းပင် မရှူဝံ့ရှာပါပေ။

စားသိုင်းဆရာကြီး ဂျာကိုပို စားရေးလေ့ကျင့်ပြီး၍ အိပ်ခန်းရှိရာ အပေါ်ထပ်သို့ တက်သွားပြီး အိပ်မောကျလောက်သောအခါတွင်မှ လုလင်ပျိုလေး အီလာရွန်သည် မှောင်ရိပ်တွင်းမှ ထွက်လာဝံ့သည်။ ထို့နောက် စားတစ်လက်ကိုယူပြီး မိမိစိတ်ဖြင့် မှတ်သားထားသည့် လျှို့ဝှက်ပညာ စားကွက်များကို တစ်ယောက်တည်း လေ့ကျင့်ပါတော့သည်။

ထိုသို့ လေ့ကျင့်ရင်း –

"စားသိုင်းဆရာကြီး ဂျာကိုပိုရဲ့ ခင်ဗျားကြီးရဲ့ လျှို့ဝှက်တဲ့ပညာ စားကွက်တွေက ဟောဒီလို ... ဟောဒီလို မဟုတ်ဘူးလားဗျ" ဟုလည်း ခပ်တိုးတိုး ရေရွတ်ပြောကြားလေ့ရှိသည်။

http://www.cherrythitsar.org



ဤသို့လျှင် အောက်တန်းကျလှသော မြင်းထိန်းအလုပ်ကို လုပ်နေရရှာသည့် လုလင်ပျိုလေး အီလာရွှန်သည် ဓားသိုင်းဆရာကြီး ဂျာကိုပို၏ လျှို့ဝှက်ပညာဓားကွက်များကို ချောင်းမြောင်းမှတ်သားကာ မှတ်မိသမျှကို နေ့စဉ်နေ့တိုင်း ဓားရေးလေ့ကျင့်ရှိသည်။

ထို့အတူ အချိန်အားရတိုင်း အနီးအနားရှိ ဘုန်းကြီးကျောင်းမှ ဘုန်းကြီးဝကြီး ဖာရာမက်တီယိုထံသို့ သွားရောက်ပြီး စာရေးစာဖတ်အတတ်ကို သင်ကြားဆည်းပူးလေ့ရှိပေသည်။ တစ်ခါတစ်ရံ လသာသောညများ၌မူ ဝိုင်အရက်ဆိုင်ရှင်ကြီး နီကိုလိုပန်ချီဆီ၏ သမီးချောဖြစ်သော မိမိချစ်သူ တီးပန်ချီဆီ ထံသို့ သွားရောက်၍ ချစ်တင်းနှီးနှောလေ့ရှိသည်။ ထိုသို့ တီးထံ ခြေစက်တော်ကျပြီး စာသင်ပျက်ဖန်များသည့်အခါတိုင်း ဘုန်းကြီးဝကြီး ဖာရာမက်တီယိုသည် အီလာရွှန်အား မကျေမနပ်ဖြင့် အမြဲ မြည်တွန်တောက်တီးလေ့ရှိသည်။ ဆုံးမလေ့ရှိသည်။ ထို့အတူ မိန်းမချောလေး တီးကလည်း မိမိထံသို့ အီလာရွှန် အလာကြဲသည့်အခါတိုင်း မကျေမနပ်ဖြင့် စိတ်ကောက်လေ့ရှိသည်။ စကားနာထိုးလေ့ရှိသည်။

လုလင်ပျိုလေး အီလာရွှန်သည် ဘုန်းကြီးဝကြီး ဖာရာမက်တီယိုထံ သွားရောက်၍ ပညာဆည်းပူးရန် ပျက်ကွက်ချင်ပျက်ကွက်မည်။ မိမိချစ်သူတီးထံသို့ သွားရောက်၍ ချစ်တင်းနှီးနှောရန် ပျက်ကွက်ချင်ပျက်ကွက်မည်။ ဓားသိုင်းဆရာကြီး ဂျာကိုပို၏ လျှို့ဝှက်ပညာ ဓားကွက်များကို ချောင်းမြောင်းမှတ်သားပြီး မိမိမှတ်သမျှကို ပြန်လည်လေ့ကျင့်ရန်ကိုကား မည်သည့်အခါတွင်မှ ပျက်ကွက်လေ့မရှိပေ။

ဓားနှင့်လက်၊ လက်နှင့်ဓား ထိတွေ့လိုက်နှင့် တစ်ပြိုင်နက် အီလာရွှန်သည် ရုတ်တရက် ပြောင်းလဲ သွားတော့သည်။ စိတ်ဓာတ်တက်ကြွပြီး အလိုလို မြူးရွှင်လာသည်။ မျက်လုံးအရောင်တောက်ကာ ကိုယ်အမူအရာ ဖျတ်လတ်ပေါ့ပါးသည်။ သူတစ်ပါး၏ ခိုင်းဖတ် မြင်းထိန်းအီလာရွှန် မဟုတ်တော့။ သူတစ်ပါး၏ အစေအပါး မြင်းထိန်းအီလာရွှန် မဟုတ်တော့။ အောက်ကျသော စိတ်၊ သိမ်ငယ်သော စိတ်တို့လည်း မရှိတော့။ အီလာရွှန်၏ စိတ်တို့သည် ဓားပေါ်၌သာ အာရုံစူးစိုက်ကျက်စားနေတော့သည်။ ပျော်မွေ့ကြည်နူးနေတော့သည်။ ထို့ကြောင့်လည်း အီလာရွှန်သည် လက်ရှိဘဝ အခြေအနေကို မေ့ပျောက်စေကာ စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်မှုကို အပြည့်ပေးသော ဓားရေးလေ့ကျင့်မှုကို တစ်နေ့မပြတ် ပြုဆောင်နေခြင်းပင် ဖြစ်တော့သည်။

*

http://www.cherrythitsar.org



ဤသို့ လုလင်ပျိုအီလာရှန် ဓားရေးကို လေ့ကျင့်နေသော အချိန်ကာလဖြစ်သည့် ၁၅၀၀ ပြည့်နှစ် စက်တင်ဘာလသည်ကား ရောမ ရွှေမြို့တော်ကြီး၌ ပုပ်ရဟန်းမင်းကြီး ဆဋ္ဌမ အလက်ဇန္ဒား အုပ်စိုး၍ ရှစ်နှစ်ပြည့်မြောက်သောအခါ ဖြစ်ပြီး အစိတ်စိတ် အမြွာမြွာ ကွဲနေသော အီတလီပြည် တစ်ဝှမ်းကို တိုက်ရိုက်စည်းလုံးရန်အတွက် စစ်ပြင်နေချိန်ဖြစ်သည်။ ထို့ကြောင့် ပုပ်ရဟန်းမင်းကြီး၏ သားတော် ဘလင်တီနိုကက်နယ်စားမင်းသား ဆီဇာဘော်ဂျာ၏ 'နွားလား ဥသဘာ' အလံတော်အောက်သို့ လူအမြောက်အမြား လာရောက်၍ စုရုံးနေကြရာ ရောမမြို့တော်ကြီး၌ စစ်သည်တော်များ၊ မိန်းမချော မိန်းမလှများဖြင့် ပြည့်နှက်နေပေတော့သည်။

ဓားရေး၌ အလွန်စိတ်ပါဝင်စားသည့် အီလာရှန်လည်း မိမိမှတ်မိသမျှသော ဓားသိုင်းဆရာကြီး ဂျာကိုပို၏ လျှို့ဝှက်ပညာ ဓားကွက်များကို တစ်နေ့မပြတ် ကြိုးကြိုးစားစား လေ့ကျင့်လာခဲ့ရာ ယခုအခါ၌ အတော်ပင် ကျွမ်းကျင်တတ်မြောက်နေပေပြီ။ ထို့ကြောင့်လည်း အီလာရှန်၏ စိတ်ဓာတ်မှာ တက်ကြွမြူးရွှင်နေတော့သည်။ တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေသည်ကိုပင် အမှုမထားနိုင်ဘဲ အားကြိုးမာန်တက် ဓားရေးလေ့ကျင့်နေခြင်းပင် ဖြစ်တော့သည်။

ထိုသို့ ဓားရေးလေ့ကျင့်နေခိုက်တွင် လေ့ကျင့်ရေးဗဟိုခန်းမကြီး၏ တံခါးသည် စေ့ထားရာမှ တဖြည်းဖြည်း ပွင့်သွားသည်။ ထို့နောက် အခန်းတွင်းသို့ မှူးမျိုးမတ်နွယ်လုလင်ပျိုတစ်ဦးနှင့် မိန်းမချောမိန်းမလှတစ်ဦးတို့ ခြေသံမကြားအောင် သတိထားနှင့် ဝင်လာကြပြီးလျှင် ဓားရေးလေ့ကျင့်နေသော အီလာရှန်ကို တအံ့တသြ ငေးစိုက်ကြည့်နေကြသည်။

ထို့နောက် မိန်းမချော မိန်းမလှလည်း အီလာရှန်၏ လျှပ်ပြက်သကဲ့သို့ သွက်လက်ဖျတ်လတ်လှသော အတိမ်းအရှောင် အဆုတ်အတက် အခုန်အပျံတို့ကို ငေးကြည့်နေရာမှ တက်ကြွဝမ်းမြောက်သော အမူအရာဖြင့် ခပ်သာသာလေး လက်ခုပ်တီး၍ ချီးကျူးလိုက်သည်။ ထိုအခါ နားပါးလှသော အီလာရှန်သည် နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခိုက်တွင် အီလာရှန်ကို ငေးကြည့်နေသော မှူးမျိုးမတ်နွယ်လုလင်ပျိုက နှာခေါင်းတစ်ချက် ရှုံ့ကာ –

"ဩော် ... ဓားသိုင်းဆရာကြီး ဂျာကိုပိုရဲ့ မြင်းထိန်းအီလာရှန်ပါလား" ဟု နှိမ့်ပြောလိုက်ရာ၊ အပါး၌ရှိသော မိန်းမချောလေးလှက –

"မြင်းထိန်းဖြစ်ဖြစ်၊ မဖြစ်ဖြစ် အရေးမကြီးလှပါဘူး။ ဓားရေး ကျွမ်းကျင်တာကတော့ အထင်အရှားပါပဲ" ဟု ပြန်လည်ချေပလိုက်ပြီး အီလာရှန်၏ အပါးသို့ လျှောက်လာသည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် အီလာရှန်သည် မိန်းမချော မိန်းမလှလေးကို ငေး ကြည့်နေသည်။ မိန်းမပျိုလေးကား ရုပ်အဆင်း ချောမောပြေပြစ်ခန့်ထည်လှ ပသည်။ ဆံပင်မှာ ရွှေရောင်တောက်နေပြီး ပုလဲဆံထိုးများ စိုက်ထားသည်။ ကိုယ်၌ ခြုံလွှမ်းထားသော ဝတ်ရုံနီ၌လည်း ကျောက်မျက်ရတနာများ စီခြယ် ထားသည်။

မိန်းမချောလေးသည်လည်း အီလာရှန်နည်းတူ အီလာရှန်ကို ခေါင်း ဖျားခြေဆုံး တစ်ကိုယ်လုံး စေ့စေ့ကြည့်နေသည်။ ထို့နောက် ပေါ့ပါး ရွှင်မြူး သော အမူအရာဖြင့် –

"ပေါလိုရေ ... သူ့ရဲ့လက်မောင်းလက်ရုံးမျိုးကို ရှင်မြင်ဘူးရဲ့လား။ သူ့လက်မောင်းလက်ရုံးက ဖုထစ်တင်းမာနေရုံမကဘူး။ ခွေးကိုင်တော့လည်း ခွေးနဲ့တစ်သားတည်း ဖြစ်နေတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမချောလေးနှင့်အတူ ပါလာသော မျက်နှာတွင် ခရမ်း ရောင်မျက်နှာဖုံးစွပ်ထားရုံမက ခရမ်းရောင် ဝတ်ရုံကိုလည်း ဆင်မြန်းထားသည့် လုလင်ပျိုက နှုတ်ခမ်းကို ဟန်ပါပါ တွန့်ရင်း –

"ဘိထရစ်ရယ်၊ မင်းက ဒီမြင်းထိန်းကောင်ကို သိပ်စိတ်ဝင်စားနေ တယ်ပေါ့။ မင်းအကြောင်းကို ကျုပ်ကောင်းကောင်းကြီး သိပါတယ်။ ဒီမြင်း ထိန်းကောင်လောက်တော့ လူတိုင်း ခွေးရေးကျွမ်းပါတယ်လေ" ဟု ပြောကြား လိုက်ရာ၊ မိန်းမချောလေ ဘိထရစ်က –

"မဟုတ်သေးဘူး ပေါလို၊ ဟောဒီလုလင်ပျိုလေးကို ပေါ့ပေါ့မှတ် မနေပါနဲ့၊ ခွေးရေးမှာ ခွေးသိုင်းဆရာကြီးဂျာကိုထက်တောင် တော်နိုင်တယ်"ဟု ပြောကြားလိုက်သည်။ ထို့နောက် အီလာရှန်အား ရွှန်းရွှန်းစားစား စိုက်ကြည့် ရင်း –

"ဒီမှာ ပါလို၊ ကျွန်မတို့ကိစ္စမှာ ဟောဒီ လုလင်ပျိုလေးကို အသုံးချ လို့ မဖြစ်နိုင်ဘူးလား။ ဒီလုလင်ပျိုလေးမှာ ကျွန်မတို့ အလိုရှိနေတဲ့ ခွေးသမား ကောင်း အရည်အသွေးတွေ အပြည့်ရှိနေတယ်" ဟု ပြောကြားသည်။

ထိုအခိုက်တွင် လုလင်ပျိုအီလာရှန်လည်း 'မိမိနှင့် အထက်တန်းလွှာ မှူးမတ်မျိုးနွယ်တို့ စကားစမြည်ပြောနေသည်ကို မိမိသခင် ခွေးသိုင်းဆရာကြီး ဂျာကိုပို တွေ့မြင်သွားပါက အပြစ်ဒဏ်ပေးတော့မည်' ကို တွေးတောအမှတ်ရ ကာ –

"ခွင့်လွှတ်ပါ ခင်ဗျာ၊ ကျွန်တော်ဟာ သာမန် မြင်းထိန်းတစ်ယောက် ပါ" ဟု ကပျာကယာ ပြောကြားလိုက်သည်။

ထိုအခါ လုလင်ပျိုပေါလိုက –

"ဟော့ကောင် … မြင့်မြတ်တဲ့ ဂယ်လီနာမျိုးနွယ်ဝင် နယ်စားကတော် မင်းသမီးလေး ဘိထရစ် အလိုတော်ကို မင်းက ငြင်းပယ်ချင်လို့လား၊ မင်းလို အပိုးမကျိုးတဲ့ ကလေကဝမျိုးကို မှတ်လောက်သားလောက်အောင် ဆုံးမခဲ့မှ တော်မယ်ထင်တယ်" ဟု ပြောကြားပြီး နံရံတွင် ချိတ်ထားသော ဓားတစ်လက် ကို ဖျတ်ခနဲ ကောက်ယူလိုက်သည်။ ထို့နောက် မခန့်လေးစား အမူအရာဖြင့် ရင်ညွှန့်ကို ဓားချက်တစ်ချက် သွင်းလိုက်ရာ အီလာရှွန်က အသာအယာ ဖယ် ရှားလိုက်ပြီး တန်ပြန်ဓားချက်ကို ပြန်သွင်းလိုက်သည်။ ထိုအခါ ပေါလိုလည်း ဒိတ်ခနဲ ရင်ခုန်သွားရာမှ နောက်သို့ အလန့်တကြား ပြန်ဆုတ်လိုက်သည်။ 'အီလာရှွန်ကို သာမန်မြင်းထိန်းတစ်ယောက်ကဲ့သို့ ပေါ့ပေါ့ဆဆ သဘောထား ၍ မရကြောင်း' လည်း သိရှိသွားခဲ့ပေပြီ။ ထို့ကြောင့် ပေါလိုလည်း သတိကြီးစွာ ထားပြီး အီလာရှွန်ကို အဆက်မပြတ် တိုက်ခိုက်ခုတ်ထစ်တော့သည်။ ပညာ ဓားကွက် အမြောက်အမြားကိုလည်း အလျဉ်းသင့်တိုင်း သုံးတော့သည်။ သို့ သော် ပေါလို၏ ဓားချက်တိုင်းကို အီလာရှွန်က အလွယ်တကူပင် ဖယ်ရှားပစ် နိုင်ခဲ့သည်။ ထို့ကြောင့် ပေါလိုမှာ ထင်တိုင်း မပေါက်သည့်အတွက် ဒေါသ အမျက်ထွက်သည်ထက် ထွက်လာသည်။ ချွေးဒီးဒီး ကျသည်အထိ သဲကြီး မဲကြီး တိုက်ခိုက် ခုတ်ထစ်တော့သည်။

ထိုအခိုက်တွင် အီလာရှွန်သည် အေးဆေး တည်ငြိမ်သော အမူအရာ ဖြင့် မပြတ်ကျရောက်နေသည့် ဓားချက်တို့ကို သက်သောင့်သက်သာ တွန်းလှန် ဖယ်ရှားကာ ခံစစ်ကစားနေသည်။ တစ်ခါတစ်ရံ၌မူ ပြုံးရွှင်သော မျက်နှာထား ဖြင့် တန်ပြန်ဓားချက်တို့ကို လှစ်ခနဲ လှစ်ခနဲ ပြန်သွင်းတတ်သည်။ ထိုအခါ ပေါလို၏ ရင်ထဲ၌ အေးခနဲ အေးခနဲ ဖြစ်သွားတတ်သည်။ 'အီလာရှွန်မှာ မိမိ ထက် ဓားရေးသာပြီး မိမိကို အသေသတ်က သတ်နိုင်ကြောင်း၊ ယခုအခါ၌ မိမိကို တကယ်တုန့်ပြန် တိုက်ခိုက်ခြင်း မဟုတ်ဘဲ ကြောင်ကြီးက ကြွက်လေး ကို ကစားနေသည့်အတိုင်း ကစားကျီစယ်နေခြင်းသာဖြစ်ကြောင်း' ကိုလည်း အလိုလိုသိရှိရိပ်စားမိတော့သည်။ ထို့ကြောင့် မျက်စိမျက်နှာ အပျက်ပျက် ဖြစ် လာတော့သည်။

ထိုအခိုက်တွင် မှောင်ရိပ်တစ်နေရာတွင် ရပ်ရင်း ဓားပွဲကို စိတ်ဝင်စား စွာ စောင့်ကြည့်နေသော မင်းသမီးလေး ဘိထရစ်လည်း အသံသာသာဖြင့် ရယ်မောရင်း –

"ပေါလို … ဓားရေးမှာ သူ့ကို ရှင် မယှဉ်နိုင်ပါဘူး။ သူဟာ ဓားသိုင်း ဆရာကြီး ဂျာကိုပိုထက်တောင် ပိုပြီးတော်နေတယ်" ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ထိုစကားကို ကြားလျှင် ပေါလို အရှက်ကြီး ရှက်သွားသလောက် အီလာရှွန်မှာ အားအတက်ကြီးတက်သွားတော့သည်။ ထိုအခိုက်တွင် အရှက်ကြီး ရှက်နေသော ပေါလိုက အီလာရှွန်ကို အသေသတ်ရန် ဆုံးဖြတ်ချက်ဖြင့် သဲကြီးမဲကြီး ဖိပြီးတိုက်နေရာ အီလာရှွန်လည်း ‘ဤအတိုင်း ပေါ့ပေါ့ဆဆ ကလူကျီစယ်နေ၍ မဖြစ်တော့ကြောင်း’ တွေးတောဆင်ခြင်ပြီး ဓားပွဲကို အဆုံးသတ်ရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ပေါလို၏ မိုးခုတ်ချက်ကို ပင့်ကာကာ၍ ဖယ်ရှားပြီး ပေါလိုသားရေခါးပတ်ကို ဖျတ်ခနဲ ဝိုက်ဓားချက်သွင်းလိုက်ရာ၊ သားရေခါးပတ်တွင် ချိတ်ထားသော ခရမ်းရောင်အိတ်ကလေးမှာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားတော့သည်။ ခရမ်းရောင်အိတ်တွင်းမှ ငွေပြားများနှင့်အတူ ဆင်စွယ်ပေါ်တွင် မိန်းမပျိုတစ်ယောက် ရုပ်ပုံထွင်းထားသော လော့ကတ်ပြားအဝိုင်းလေးလည်း အခန်းထောင့်တစ်နေရာသို့ လိမ့်ထွက်သွားတော့သည်။

ထိုအခါ ပေါလို၏ မျက်နှာလည်း ဒေါသအမျက်တို့ကြောင့် နီထွေးပုတ်ညစ်သွားတော့သည်။ ထိုအခိုက်တွင် အီလာရှွန်က ပြင်းထန်သော ဓားချက်တစ်ချက်ကို ဆက်ပြီး သွင်းလိုက်ရာ ပေါလို၏ဓားလည်း လက်တွင်းမှ ဂီခနဲမြည်ကာ လွတ်ထွက်သွားပြီး လေ့ကျင့်ရေးဗဟိုခန်းမကြီး၏ အမိုးထုပ်တန်းတွင် ဒုတ်ခနဲ သွားစိုက်နေတော့သည်။

ထိုအခါ လက်နက်မဲ့သွားသော ပေါလိုလည်း အလွန်အမင်း ရှက်သွားရာမှ ခါးရှိဓားမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်ကာ အီလာရှွန်ကို တိုက်ခိုက်ဖို့ ဟန်ပြင်တော့သည်။

ထိုအခိုက်တွင် မှောင်ရိပ်တွင်း၌ ရပ်နေသော မင်းသမီးလေး ဘိထရစ်လည်း –

“ပေါလို” ဟု ခပ်ဆတ်ဆတ်ခေါ်ကာ ဟန့်လိုက်သည်။

ထို့နောက် အီလာရှွန်၏အပါးကို ခပ်သွက်သွက် လျှောက်သွားပြီးလျှင် အနားတွင် ပူးပူးကပ်ကပ် ရပ်လိုက်သည်။ ထို့နောက် အရောင်တလက်လက် တောက်နေသော မျက်တောင်ကော့ကြီးဖြင့် အီလာရှွန်ကို ဖျတ်ခနဲမော့ ကြည့်ပြီးနောက် ပေါလိုဘက်သို့ ဆတ်ခနဲ လှည့်ကာ –

“ပေါလို ... ရှင်ရူးနေသလား။ ရှင့်ဓားမြှောင်ကို သိမ်းလိုက်စမ်းပါ။ သူဟာ ကျွန်မတို့ အလိုရှိနေတဲ့ ဓားသမားကောင်းတစ်ယောက်ပဲ။ မာဆန်တီဟာ သူ့ကို လုံးဝသိမှာ မဟုတ်ဘူး။ ယုံမှားသင်္ကာလည်း ဖြစ်မှာမဟုတ်ဘူး။ မာဆန်တီကို လွတ်ဖို့အတွက် သူဟာ အသင့်တော်ဆုံးလူတစ်ယောက်ပဲ မဟုတ်လား” ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ထိုအခါ ပေါလိုက ဓားမြှောင်ကို ဓားအိမ်အတွင်းသို့ ဆောင့်သွင်းရာမှ နှုတ်ခမ်းကိုတွန့်ပြီး –

"ဒီ မြင်းထိန်းကောင်လား၊ မာဆန်တီကို ယှဉ်နိုင်မှာ။ မာဆန်တီက ဒင်းကို နုပ်နုပ်စဉ်းပစ်မှာပေါ့။ ဒင်းက ကျုပ်ကို အနိုင်ရသွားတာကလည်း ကံ ကောင်းလို့ပါ" ဟု ပြောကြားလိုက်ရာ၊ မင်းသမီးလေး ဘိထရစ်က –

"ပေါလို ... ရှင် မနာလိုဝန်တို ဖြစ်နေသလား။ သူဟာ ဓားသိုင်းဆရာကြီး ဂျာကိုပို လို တကယ်တော်တဲ့ ဓားသမားတစ်ယောက်ပါ။ ဂျာကိုပိုနဲ့ နှိုင်းယှဉ်ကြည့်ရင် သူက အသက်အရွယ် ပျိုမျစ်နုနယ်တဲ့အတွက် ဂျာကိုပိုထက်တောင် ပေါ့ပါးသွက်လက်နေပါသေးတယ်" ဟု ပြောကြားချေပလိုက်သည်။

ထို့နောက် အီလာရွှန်ကို ခပ်ပြုံးပြုံးကြည့်ရင်း ဖုထစ်ထွားကျိုင်းလှသော လက်မောင်းအိုးကြီးကို ပွတ်သပ်ဆုပ်နယ်နေရာမှ –

"ပေါလို ... ကျွန်မ ဆုံးဖြတ်ပြီးပြီ။ ဓားသိုင်းဆရာကြီး ဂျာကိုပိုဆီကို ရှင်သွားပြီး သူ့ကို ကျွန်မအဖြစ်က ရွေးဝယ်ခဲ့ပါ။ ဒီအတောအတွင်း ကျွန်မက သူ ဆောင်ရွက်ရမယ့် ကိစ္စကို ရှင်းပြလိုက်ပါ့မယ်" ဟု ပေါလိုဘက်သို့ လုံးဝ လှည့်မကြည့်ဘဲ ပြောကြားလိုက်သည်။

ထိုအခါ ပေါလိုက မျက်နှာပျက်သွားပြီး –

"ဒီမြင်းထိန်းကောင်ကို ဂျာကိုပိုက မရောင်းဘူးလို့ ငြင်းရင်ကော" ဟု အထွန့်တက်လိုက်ရာ ဘိထရစ်က ခြေဆောင့်လိုက်ရင်း –

"ကျွန်မ ခိုင်းတဲ့အတိုင်း ဆောင်ရွက်စမ်းပါ ပေါလို။ ဂျာကိုပို တောင်းသမျှ တနင့်တပိုးပေးပြီးဝယ်ရင် ရွှေမက်တဲ့ ဂျာကိုပိုက သူ့ကို မရောင်းဘဲ မနေပါဘူး။ စိတ်ချပါ" ဟု ပြောကြားလိုက်သည်။

ဤတွင် ပေါလိုလည်း မည်သို့မျှ ပြန်မပြောတော့ဘဲ ဓားသိုင်းဆရာကြီး ဂျာကိုပိုနေသော အပေါ်ထပ်ဆီသို့ ချာခနဲ လှည့်ထွက်သွားတော့သည်။

*

ထိုအခိုက်တွင် မင်းသမီးလေး ဘိထရစ်သည် အီလာရွှန်၏ မျက်နှာကို ရွှန်းရွှန်းစားစား စိုက်ကြည့်ရင်း –

"အီလာရွှန်၊ ရှင်ဟာ ဓားသိုင်းဆရာကြီး ဂျာကိုပိုရဲ့ မြင်းထိန်းတစ်ယောက် ဖြစ်နေရပေမဲ့ ရှင့်ရဲ့ ရုပ်ဆင်းသွင်ပြင်ကတော့ အထက်တန်းကျပြီး ချောမောတင့်တယ် လှပပါပေတယ်။ ရှင့်ရဲ့ ရွှေရောင်ဆံပင်နဲ့ ပြာလဲ့လဲ့ မျက်လုံးကြီးတွေကလည်း ရင်ဖိုစရာကောင်းလှပါပေတယ်။ အင်း ... ရှင့်ရဲ့ ရုပ်ဆင်းသွင်ပြင်နဲ့ ရှင့်ရဲ့ ဓားရေးကျွမ်းကျင်မှုတို့ကြောင့် ရှင်ဟာ အီတလီတစ်ဝှမ်းလုံးမှာ အထင်ရှားဆုံး လူတစ်ယောက် ဖြစ်လာနိုင်ပါတယ်။ မိန်းမပျိုတွေရဲ့ အသည်းစွဲ

http://www.cherrythitsar.org



ဖြစ်လာနိုင်ပါတယ်” ဟု ပြောကြားလိုက်ရာမှ အီလာရွန်၏ ကိုယ်အပေါ်သို့ ပူးပူးကပ်ကပ် တိုးကပ်သွားသည်။

ထိုအခါ အီလာရွန်က ရှက်ရွံ့သော အမူအရာဖြင့် –

“မင်းသမီးလေး အမိန့်ရှိသလို မဖြစ်နိုင်ပါဘူးဗျာ။ ကျွန်တော်က အညတရ မြင်းထိန်းတစ်ယောက်ပါ” ဟု ပြောကြားလိုက်ရာ မင်းသမီးလေး ဘိထရစ်က ရယ်မောပြီး –

“ရှင့်ကိုယ်ရှင် မြင်းထိန်းတစ်ယောက်ပဲဆိုတဲ့ အသိနဲ့ သိမ်ငယ်မနေစမ်းပါနဲ့ရှင်။ လူတစ်ယောက်ဟာ မြင်းဇောင်းမှာပဲမွေးမွေး၊ ရွှေနန်းတော်ထဲမှာမွေးမွေး၊ တကယ့်တကယ်တော့ အရေးမကြီးလှပါဘူး။ သူ့အရည်အချင်းသာ အရေးကြီးတာပါ။ ထူးခြားတဲ့ အရည်အချင်း တစ်ရပ်ရပ် ရှိတာနဲ့တစ်ပြိုင်နက် ထင်ရှားကျော်စောလာမှာ ကိန်းသေမုချပါပဲ။ ဟော ... ရှင့်မှာ အလွန်ထူးခြားတဲ့ အရည်အချင်းတစ်ရပ် ရှိနေပါတယ်။ အဲဒါကတော့ သူမတူအောင် ဓားရေး ကျွမ်းကျင်မှုပါပဲ။ ဒါကြောင့် ရှင်ဟာ အနေးနဲ့အမြန်ဆိုသလို ကျော်စော ထင်ရှားလာမှာပါ ရှင်ရယ်” ဟု ပြောကြားလိုက်သည်။ ထို့နောက် –

“ဒီမှာ အီလာရွန် ... ကျွန်မအတွက် ရှင် ကူညီဆောင်ရွက်ပေးမလား ဟင်” ဟု မေးလိုက်ရာ၊ အီလာရွန်က မျက်မှောင်ကြုတ်ရင်း –

“ကျွန်တော့်ဆရာ ဂျာကိုပိုက ကျွန်တော့်ထက် အများကြီးသာပါတယ် ခင်ဗျာ။ ပြီးတော့ ကျေနပ်လောက်တဲ့ အခကြေးငွေပေးရင် သူက ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်ပေးတတ်ပါတယ်” ဟု ဖြေကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး ဘိထရစ်က –

“တော်စမ်းပါရှင်။ ဒီခါးကုန်းကြီးကို မခိုင်းချင်ပါဘူး။ ကျွန်မက ရှင့်လို လူချောလူလှကိုမှ ခိုင်းချင်တာပါ။ ဘာလဲ ရှင်က ကျွန်မအတွက် မဆောင်ရွက်ပေးချင်ဘူးလား” ဟု ခပ်ညုညု ပြောလိုက်ရာ၊ အီလာရွန်က –

“ကျွန်တော် ဆောင်ရွက်နိုင်တဲ့ ကိစ္စဆိုရင် ဆောင်ရွက်ပေးဖို့ ဝန်မလေးပါဘူးဗျာ” ပျာပျာသလဲ ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး ဘိထရစ်က –

“ကိစ္စက ရှင် ကူညီဆောင်ရွက်ပေးနိုင်တဲ့ ကိစ္စပါ။ ကျွန်မရဲ့ ရုပ်ပုံလွှာ ပန်းချီကားကို ပန်းချီကျော် မာဆန်တီက ရေးဆွဲပေးပါတယ်။ ပန်းချီကားပြီးတဲ့ အခါမှာတော့ မာဆန်တီက ကျွန်မကို မပေးတော့ဘဲ သူ့ဆီမှာပဲ သိမ်းထားပါတယ်ရှင်။ ကျွန်မက ရွှေအမြောက်အမြားပေးပြီးလည်း ဝယ်ပါတယ်။ ခြိမ်းခြောက်ပြီးလည်း တောင်းပါတယ်။ ဒါပေမဲ့ မာဆန်တီက ပြန်မပေးဘဲ တင်းခံနေပါတယ်။ ဒါကြောင့် နောက်ဆုံးမှာ မာဆန်တီရဲ့ ပန်းချီခန်းကို တိတ်တဆိတ်ဝင်ပြီး

http://www.cherrythitsar.org



ကျွန်မရဲ့ ရုပ်ပုံလွှာပန်းချီကားကို ခိုးယူဖို့ ကျွန်မ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီ ပန်းချီဆရာမာဆန်တီက ပန်းချီပညာမှာ တော်သလောက် ဓားရေးမှာလည်း ကျွမ်းကျင်လှပါတယ်။ ဒါကြောင့် မာဆန်တီရဲ့ ပန်းချီခန်းကို တိတ်တဆိတ် ဝင်ပြီး ကျွန်မရဲ့ ရုပ်ပုံလွှာပန်းချီကားကို ခိုးယူဖို့ သွားရမယ့် သူဟာ ဓားရေးမှာ အထူးကျွမ်းကျင်တဲ့သူ ဖြစ်ဖို့လိုပါတယ်။ ရှင်ဟာ ဓားရေးမှာ အထူးကျွမ်းကျင် တဲ့သူပါ။ ဒီတော့ ကျွန်မအလိုရှိတဲ့ကိစ္စကို ထမြောက်အောင်မြင်အောင် ရှင် ဆောင်ရွက်နိုင်မှာ သေချာပါတယ်" ဟု ပြောကြားရင်း အီလာရွှန်အပါးသို့ တိုး၍ ပူးကပ်လိုက်သည်။ ထို့နောက် လေသံသဲ့သဲ့နှင့် –

"ကျွန်မကိစ္စကို ကူညီ ရှင်ဆောင်လို့ ထမြောက်အောင်မြင်ရင် ရှင် ကျေနပ်လောက်တဲ့ ဆုလာဘ်ကို ကျွန်မ ရက်ရက်ရောရော ပေးပါ့မယ်" ဟု ခပ်ညုညု ပြောကြားပြီး ကတ္တီပါအိတ်လေးတစ်အိတ်ကို ထုတ်ယူကာ အီလာ ရွှန်အား ကမ်းပေးရင်း –

"ရော့ ... အီလာရွှန်။ ဒီအိတ်ကလေးကို ယူထား။ ဒီအိတ်ထဲမှာ ရွှေပြားတွေ အပြည့်ရှိတယ်။ ဓားရေးပညာမှာ ရှင်ပိုပြီး ထက်မြက်လာအောင် ဓားသိုင်းဆရာကြီး ဂျာကိုပိုကို ဒီရွှေပြားတွေနဲ့ ပူဇော်ပြီး ဓားရေးပညာကို စနစ် တကျ သင်ယူဆည်းပူးပါ။ လူစွမ်းကောင်းကြီး ဟာကျူလီတောင် တစ်ချိန်က မြင်းဇောင်းမှာ အလုပ်လုပ်ခဲ့ရပါသေးတယ် ရှင်။ ဒီအဖြစ်ကို ရှင်အမြဲ အမှတ်ရ ပါ။ ရှင့်ဘဝတက်လမ်း ကြီးမြင့်မှုကို မျှော်မှန်း တောင့်တတယ်ဆိုရင် ဓားရေး မှာ သူမတူအောင် ထူးချွန်အောင် အမြဲကြိုးစားအားထုတ်ပါ" ဟု မှာကြား သည်။

ထို့နောက် ဂယ်လီနာ နယ်စားကတော် မင်းသမီးလေး ဘိထရစ် လည်း အီလာရွှန်ကို အတန်ကြာအောင် ရွှန်းရွှန်းစားစား စိုက်ကြည့်နေပြီး နောက် –

"အီလာရွှန် ကံကောင်းပါစေကွယ်" ဟု နှုတ်ဆက်ကာ အပါးမှ ရုတ်တရက် ထွက်ခွာသွားပြီး အမှောင်ထုတွင်း၌ ပျောက်ကွယ်သွားတော့ သည်။

*

မြင်းထိန်းလုလင်ပျိုလေး အီလာရွှန်သည် မမျှော်လင့်မမှတ်ထင်သော အဖြစ်အပျက်ထူးတို့ကြောင့် အံ့ဩတွေဝေကာ အတန်ကြာအောင် ငေးငိုင်ပြီး ကျန်ရစ်နေရာမှ ဂယ်လီနာ နယ်စားကတော် မင်းသမီးလေး ဘိထရစ်နှင့် ပန်းချီ ကျော် မာဆန်တီ ရေးဆွဲထားသည့် ရုပ်ပုံလွှာပန်းချီကားချပ်ကြီးအကြောင်းကို

http://www.cherrythitsar.org



လည်းကောင်း၊ မူးမိုးမတ်နွယ် လုလင်ပျိုပေါလိုနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရသော ဓားပွဲအကြောင်းကို လည်းကောင်း အတွေးနယ်ချဲ့နေရှာသည်။

ထို့နောက် တစ်ကိုယ်တည်း ငေးငိုင်ရပ်နေသော လေ့ကျင့်ရေးခန်းမ ထောင့်တစ်နေရာသို့ အမှတ်မထင် မျက်စိရောက်သွားရာ လုလင်ပျို ပေါလို၏ ခရမ်းရောင် ကတ္တီပါ အိတ်အတွင်းမှ လွင့်ထွက်သွားသော ဆင်စွယ်လော့ကတ်ပြားလေးကို တွေ့မြင်သတိပြုမိသည်။

ထိုအခါ အီလာရွှန်လည်း 'ပေါလိုနှင့် တွေ့က ပြန်ပေးရန်' စိတ်ကူးဖြင့် ဆင်စွယ်လော့ကတ်ပြားကို ကောက်ယူလိုက်ပြီး ဆင်စွယ်ပေါ်၌ လက်ရာမြောက်စွာ ထွင်းထုထားသော မိန်းမရုပ်ကို စေ့စေ့စပ်စပ်ကြည့်လိုက်မိသည်။ ထိုအခါ ရုပ်အဆင်းအတိုင်းမသိ ချောမော တင့်တယ်လှပသော ပျိုမျစ်နုငယ်သည့် မိန်းမပျိုတစ်ယောက်၏ ရုပ်ဆင်းသွင်ပြင်ကို တွေ့မြင်ရလေရာ ရင်ထဲ၌ ဒိတ်ခနဲ လှုပ်ရှားသွားတော့သည်။ အီလာရွှန်လည်း ရင်သပ်ရှုမော အံ့ဩလောက်သည့် မိန်းမပျိုကို တရှိုက်မက်မက် ငေးကြည့်ပြီးနောက် ဆင်စွယ်လော့ကတ်ပြားကို အိတ်ထဲသို့ တရိုတသေ ပြန်ထည့်လိုက်သည်။

ထိုအခိုက်တွင် လေ့ကျင့်ရေးခန်းမကြီးအတွင်းသို့ ကျောတွင် အရုပ်ဆိုးလောက်သည့် ဖုကြီးရှိနေသော ဓားသိုင်းဆရာကြီး ဂျာကိုပိုသည် ကိုင်းကိုင်းကိုင်းကိုင်းနှင့် လှမ်းဝင်ရာမှ –

"ဟော့ကောင် အီလာရွှန်၊ မင်းက လူဆင်းရဲငမွဲကြီး ဂျာကိုပိုရဲ့ လက်က လွတ်မြောက်သွားပြီး ရွှေငွေရတနာ အလျှံပယ်ချမ်းသာတဲ့ နယ်စား သခင်မလေးရဲ့ လူယုံတော် ဖြစ်သွားတဲ့အတွက် စိတ်ကူးအယဉ်ကြီး ယဉ်နေသလားကွ ... ဟင်" ဟု ပြောကြားလိုက်သည်။

ဤတွင် အီလာရွှန်လည်း 'မိမိကို အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းခဲ့သည့် ဂျာကိုပို၏ လက်မှ လွတ်မြောက်ခွင့်ရသွားကြောင်း' သိရှိသွားပြီး ဝမ်းမြောက်သွားရာမှ –

"ဩော် ... ခင်ဗျား မတန်တဆတောင်းတဲ့ ဈေးကို ရလိုက်တဲ့ အတွက် ကျုပ်ကို ခင်ဗျားကြီးရဲ့ ကျွန်အဖြစ်က ရောင်းလိုက်ပြီပေါ့လေ" ဟု ပြောလိုက်ရာ၊ ဂျာကိုပိုက ဒေါသတကြီးဖြင့် –

"အောင်မယ် ကောင်စုတ်လေးက လူပါးဝလို့။ ခင်ဗျားကြီးလေး ဘာလေးနဲ့၊ ငါ့လက်က လွတ်တာနဲ့တစ်ပြိုင်နက် ငါ့ကို ပြန်ပြီး အာခံချင်ပြီပေါ့လေ။ ငါတီးလိုက်ရ၊ ကော့နေရော့မယ်" ဟု ပြောဆိုကြိမ်းဝါးရင်း လက်ဖြင့် ရွယ်လိုက်သည်။

http://www.cherrythitsar.org



ထိုအခါ အီလာရှုန်လည်း မင်းသမီးလေး ဘိထရစ် ပေးခဲ့သည့် ကတ္တီပါ အိတ်လေးကို ဖော့ယမ်းလိုက်ရာ ရွှေပြားသံတို့ တချွင်ချွင် မြည်သွားတော့သည်။ ထိုအခါ ဓားသိုင်းဆရာကြီး ဂျာကိုပိုလည်း ရွယ်နေသော လက်ကို ပြန်ပြီးချလိုက်သည်။ ဒေါသခိုးတို့ ထွက်နေသော မျက်လုံးအစုံလည်း လောဘရမ္မက်တို့ဖြင့် ပြိုးပြက်လျှံဝေသွားသည်။ နှုတ်ခမ်းထူကြီးကိုလည်း လျှာဖြင့် သပ်နေလိုက်သည်။ ထို့နောက် အီလာရှုန် လက်တွင်းရှိ ကတ္တီပါအိတ်လေးကို အငမ်းမရ စိုက်ကြည့်နေရာ အီလာရှုန်က –

"ဟောဒီ ကတ္တီပါအိတ်လေးထဲမှာ ရွှေပြားတွေ အပြည့်ရှိနေတယ်။ ကျုပ်ကို ခင်ဗျား တတ်ထားတဲ့ ဓားပညာအားလုံးကို ဆရာစားမချန်ဘဲ အကုန်သင်ပေးမယ်ဆိုရင် ဟောဒီရွှေပြားတွေအားလုံးကို ခင်ဗျားကြီးကို ပူဇော်ကန်တော့မယ်။ ဒါပေမဲ့ ကျုပ်ကို သင်ပေးမယ့် ဓားပညာဟာ မူးမိုးမတ်နွယ်ပေါလိုတို့ကို သင်ကြားပေးတဲ့ အခြေခံဓားပညာမျိုးတော့ မဟုတ်စေရဘူး။ လူသူလေး ပါးကင်းမဲ့တဲ့ ညနက်အချိန်တွေမှာ ခင်ဗျားကြီးတစ်ယောက်တည်း တိတ်တဆိတ် လျှို့လျှို့ဝှက်ဝှက် လေ့ကျင့်နေတဲ့ အထက်တန်း ဓားပညာမျိုးသာ ဖြစ်စေရမယ်" ဟု ပြောကြားလိုက်သည်။

ထိုစကားကို ကြားလျှင် ဓားသိုင်းဆရာကြီး ဂျာကိုပိုလည်း ဆတ်ခနဲ လန့်သွားပြီးမှ အီလာရှုန်ကို စူးစူးဝါးဝါး စိုက်ကြည့်ရင်း –

"ကောင်စုတ်လေး ... မင်းက ငါရဲ့ လျှို့ဝှက်ချက်တွေကို ချောင်းပြီး ကြည့်နေခဲ့တယ်ပေါ့၊ ဒီအတွက် မင်းကို အသေသတ်ရမယ်" ဟု ဒေါသတကြီး ရေရွတ်ကြိမ်းမောင်းကာ ရိုက်ပုတ်ကန်ကျောက်ရန် ဟန်ပြင်သည်။

ထိုအခါ အီလာရှုန် နောက်သို့ ဖျတ်ခနဲ ခုန်ဆုတ်ရင်း ကတ္တီပါအိတ်လေးကို လှုပ်ပြရာ ရွှေပြားသံတို့ တချွင်ချွင်မြည်သွားသည်။ ထိုအခါ ဂျာကိုပိုလည်း ရုတ်တရက် အမှတ်ရသွားဟန်ဖြင့် ရိုက်ရန်ရွယ်ထားသော လက်ကို ပြန်ချလိုက်ပြန်သည်။ ထို့နောက် စိတ်ဆိုးနေသော မျက်နှာကြီးကို တမင်ပြုံးကာ

"ကိုင်း ... ရှိပါစေတော့ကွာ။ မင်း ဒီကတ္တီပါအိတ်လေးကို ဘယ်က ရခဲ့တာလဲ။ နယ်စားကတော် မင်းသမီးလေး ဘိထရစ်ဆီက ရခဲ့တာလား။ ဒီလိုဆိုရင်တော့ မင်းကို ဘိထရစ်က အတော် ကျသွားလို့ ဖြစ်မှာပဲ" ဟု ပြောကြားပြီးမှ –

"ဘယ်ကပဲ ရခဲ့ရခဲ့ ဒီကတ္တီပါအိတ်လေးထဲက ရွှေပြားတွေ အားလုံးကို ကန်တော့ပြီး ငါ့ဆီက ဓားပညာသင်ယူမယ်ဆိုရင်တော့ ငါဝမ်းမြောက်ဝမ်းသာ သင်ပေးပါမယ်ကွာ" ဟု ပြောကြားသည်။

http://www.cherrythitsar.org



ထို့နောက် အီလာရှုန်၏ တစ်ကိုယ်လုံးကို အတန်ကြာအောင် ခြေဖျား ခေါင်းဆုံး စေ့စေ့စပ်စပ် ကြည့်ပြီးနောက် –

"အင်း ... ခြေတံလက်တံလည်း ကောင်းတယ်။ ကိုယ်ခန္ဓာလည်း ကျစ်လျစ်တောင့်တင်းတယ်။ ဒီတော့ မင်းဟာ ဓားသမားကောင်းတစ်ယောက် ဖြစ်နိုင်ဖို့ အလားအလာရှိတယ်" ဟု ပြောကြားလိုက်ရာ၊ အီလာရှုန်က –

"ညညမှာ ခင်ဗျားကြီးတစ်ယောက်တည်း လျှို့လျှို့ဝှက်ဝှက် လေ့ ကျင့်နေတဲ့ ပညာစားကွက်တွေကို ကျုပ်မအိပ်ဘဲ အမြဲချောင်းကြည့်ပြီး မှတ် သားခဲ့တယ်။ ပြီးတော့ မှတ်မိသမျှကို အမြဲလေ့ကျင့်ခဲ့တယ်။ ဒါကြောင့် ပေါလိုနဲ့ ဒီည ယှဉ်ပြိုင်တဲ့အခါမှာ ကျုပ်မရှုံးဘဲ အနိုင်ရခဲ့တာပေါ့။ ပေါလိုကို ဒဏ်ရာ အနာတရ ဗလပွဖြစ်အောင်တောင် ကျုပ်တတ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျုပ် မလုပ်ခဲ့ပါဘူး။ ညှာလိုက်ပါတယ်" ဟု ပြောကြားသည်။

ထိုအခါ ဂျာကိုပိုက ခေါင်းတဆတ်ဆတ် ညိတ်ရင်း –

"ကျုပ်ရဲ့ လျှို့ဝှက်ပညာစားကွက်တွေကို ချောင်းကြည့်ပြီး မှတ်သား လေ့ကျင့်တဲ့အတွက် ပေါလိုကို မင်း အနိုင်ရတယ်ဆိုတာ ဟုတ်လောက်တယ်။ တော်ရုံတန်ရုံလူဆိုရင် ပေါလိုကို အနိုင်ရဖို့ မလွယ်ဘူး" ဟု ပြောကြားပြီး နောက် –

"နယ်စားသခင်မလေး ဘိထရစ်ရှေ့မှာ ပေါလိုကို မင်း အနိုင်ယူလိုက် တဲ့အတွက် ပေါလိုက မင်းကို တစ်သက်ကျေတော့မှာ မဟုတ်ဘူး။ သတိသာ ထားပေတော့ မောင်ရေ့" ဟု သတိပေးသည်။

ထိုအခိုက်တွင် ဓားရေးပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်လို စိတ် ထက်သန်ပြင်းပြနေသော အီလာရှုန်က –

"ကျုပ်ကို ဓားရေးပညာသင်ပေးဖို့ သဘောတူတာတော့ ဟုတ်ပါပြီ။ ဘယ်တော့ သင်ပေးမှာလဲ" ဟု မေးလိုက်ရာ ဂျာကိုပိုက ပြုံးပြီး –

"ဒီလောက်တောင် မင်းသင်ချင်သပဆိုရင် အခု ချက်ချင်းပဲ စပြီး သင်တာပေါ့ကွာ" ဟု ပြောကြားပြီးနောက် နံရံတွင် ချိတ်ဆွဲထားသော ဓားတစ် လက်ကို ဖျတ်ခနဲ ဆွဲယူကာ –

"မြင်းထိန်းလေးရေ ... ဟောဒါဟာ မင်း သင်ချင်နေတဲ့ ဓားရေးပညာ ရဲ့ အစပဲကွ" ဟု ခုတ်ချလိုက်သည်။

ထိုအခါ သတိနှင့်နေသော အီလာရှုန်လည်း ဓားတစ်လက်ကို ဖျတ် ခနဲ ကောက်ယူပြီး လှစ်ခနဲ ဝင်လာသော ဓားချက်ကို ဖျတ်ခနဲ ပင့်ကာပြီး ဖယ်ရှားလိုက်ရာ ဂျာကိုပိုက –

http://www.cherrythitsar.org



"အောင်မယ် … မင်းက သတိလည်းကောင်း၊ မျက်စိလည်း ရှင်ပါကလား" ဟု တအံ့တသြ ရေရွတ်ပြောကြားလိုက်သည်။ ထို့နောက် –

"ကိုင်းကွာ … ဟောဒီ ဓားချက်တွေကိုလည်း လွတ်အောင်ရှောင်ဦးဟေ့" ဟု ပြောရင်း ဖယ်စက်သလို လျှပ်ပြက်သလို အဆက်မပြတ်ထိုးခုတ်ရာ အီလာရွှန်လည်း ကြောက်စရာ ဓားချက်များကို အထူးသတိထားပြီး ဖယ်ရှားနေရသည်။ ထိုသို့ အလူးအလဲ ခုခံနေရာမှ အခွင့်သာသည်နှင့် တစ်ပြိုင်နက်တန်ပြန်ဓားချက်တစ်ချက်ကို လှစ်ခနဲ သွင်းလိုက်ရာ ထိုဓားချက်လည်း ဓားသိုင်းဆရာကြီး ဂျာကိုပို၏ နှာသီးဖျားအနီး၌ ရစ်ဝဲထွက်သွားသည်။

ထိုအခါ ဂျာကိုပိုလည်း ဆတ်ခနဲ လန့်သွားပြီး အီလာရွှန်ကို အထင်သေးပြီး ပေါ့ပေါ့တန်တန် ထိုးခုတ်တိုက်ခိုက်နေရာမှ သတိထားပြီး ထိုးခုတ်တိုက်ခိုက်တော့သည်။

*

ဤသို့ဖြင့် တစ်ညတာပတ်လုံး ဓားသိုင်းဆရာကြီး ဂျာကိုပိုနှင့် အီလာရွှန်တို့သည် အကြိတ်အနယ် ပြင်းပြင်းထန်ထန် ထိုးခုတ်တိုက်ခိုက်နေကြရာ မနက်အရုဏ်ကျင်း၍ လင်းကာနီးအချိန်ကို ရောက်လာခဲ့သည်။

ထိုအခါ ဂျာကိုပိုက ပြုံးပြီး –

"မက်ဆာ အီလာရွှန်ရေ၊ ဟောဒီ ဓားချက်ကို သတိထားဗျို့" ဟု ပြောပြောဆိုဆို ပညာဓားကွက်တစ်ကွက် လှစ်ခနဲ သွင်းလိုက်ရာ ကာကွယ်လိုက်ချိန် မရခင်ပင် ဓားဦးသည် အီလာရွှန်၏ ဝမ်းဗိုက်သားအနီးသို့ အဟုန်ဖြင့် ပြေးဝင်လာပြီး ဝမ်းဗိုက်သားနှင့် တစ်လက်မအကွာတွင် ဆတ်ခနဲ ရပ်တန့်သွားသည်။

ထိုအခိုက်တွင် ဂျာကိုပိုက ဟက်ဟက်ပက်ပက် ရယ်မောရင်း –

"မြင်းထိန်းလေးရေ၊ ကျုပ်ရဲ့ ဓားဦးဟာ မင်းရဲ့ ဝမ်းဗိုက်သားကို ဖောက်ထွင်းသွားနိုင်ပါတယ်။ ဒါပေမဲ့ ကျုပ် ဒီလို မလုပ်ပါဘူး။ ကျုပ်က မက်ဆာပေါလိုကို ကတိပေးထားခဲ့လေတော့ ကျုပ်ရဲ့ ကတိကို ထိန်းရမှာပေါ့" ဟု ပြောကြားသည်။ ထို့နောက် –

"ကျုပ်ပေးခဲ့တဲ့ကတိအတိုင်းပဲ လျှို့ဝှက်ပညာ ဓားကွက်တွေကို ဆရာစားမချန်ဘဲ မင်းကို သင်ပေးပါ့မယ်။ ဒီလို သင်ပေးသမျှ ပညာဓားကွက်တွေအားလုံးကို ရယူနိုင်တဲ့ အရည်အချင်း ကောင်းလည်း မင်းမှာ ရှိတယ်လို့ ကျုပ် ယုံကြည်သွားပါပြီ" ဟု ပြောကြားသည်။ ထို့နောက် –

"ဒီမှာ ကြည့်စမ်း … ကောင်လေး၊ ဓားကို သူစိမ်းတစ်ရံဆံတစ်ယောက်လို သဘောမထားရဘူး။ မင်းရဲ့ကိုယ်ခန္ဓာ အစိတ်အပိုင်းတစ်ခုလို

http://www.cherrythitsar.org



သဘောထားရမယ်။ မင်းရဲ့ ရှည်လျားတဲ့ လက်ချောင်းတစ်ခုလို သဘောထားရမယ်” ဟု ပြောရင်း လှို့ဝှက်ဓားကိုင်နည်းကို စတင်ပြသညွှန်ကြားသည်။

“တကယ့်ဓားသမားကောင်းဟာ ဘယ်လိုခုတ်မယ်၊ ဘယ်လိုထိုးမယ်၊ ဘယ်လိုကာမယ်၊ ဘယ်လိုရှောင်မယ်လို့ ဘယ်တော့မှ တွေးမနေရဘူး။ တကယ့်ဓားသမားကောင်းမှာ ဦးနှောက်က တွေးပြီး လက်မောင်းနဲ့ လက်ကောက်ဝတ်ကတစ်ဆင့် လိုက်နာဆောင်ရွက်ဖို့ အချိန်မရှိဘူး။ တကယ့် ဓားသမားကောင်းရဲ့ ဓားကိုယ်တိုင်ကပဲ ဘယ်လိုခုတ်မယ်၊ ဘယ်လိုထိုးမယ်၊ ဘယ်လိုကာမယ်၊ ဘယ်လိုရှောင်မယ်ဆိုတာကို အလိုလိုပြီး အလိုလို ဆောင်ရွက်သွားတတ်ကြတယ်။ ဒီအထိ ကျွမ်းကျင်လာဖို့ဆိုတာ မလွယ်လှဘူး။ လှို့ဝှက်တဲ့ ဓားပညာကိုလည်း သိဖို့လိုတယ်။ အမြဲမပြတ်လေ့ကျင့်နေတဲ့ လေ့ ကျင့်မှုလည်း လိုတယ်” ဟုလည်း သွန်သင်ဆုံးမ ဩဝါဒပေးသည်။

ထို့နောက် ဓားသိုင်းဆရာကြီးဂျာကိုပိုလည်း အီလာရှွန်၏ ကတ္တီပါ အိတ်လေးကို ဆတ်ခနဲ ကောက်ယူရာမှ –

“ကိုင်း … ပထမသင်ခန်းစာ အနေနဲ့ တော်လောက်ပါပြီ။ မင်းလည်း အတော်ပင်ပန်းနေပြီ၊ သွားအိပ်ပေတော့ … အိပ်ပေတော့” ဟု ပြောကြားကာ အချစ်နတ်ဘုရားမ ‘ဗီးနပ်’၏ ရုပ်တုတော်ရှိရာ စကြံလမ်းအတိုင်း ထွက်ခွာသွားသည်။

ထိုအခိုက်တွင် အီလာရှွန်လည်း မိမိသခင်ဟောင်း ဂျာကိုပို၏ နောက်ကျောကို ငေးကြည့်ရာမှ ‘အလွန်အကျူး လောဘကြီးခြင်းနှင့် အလွန်အကျူး ရက်စက်ခြင်းဟူသော အချက်နှစ်ရပ်နှင့် ထူးခြားပြည့်စုံနေသော ဤလူကြီးသည် မိမိရရှိထားသော ရွှေပြားအပြည့်ပါသည့် ကတ္တီပါအိတ်အား အချစ်နတ်ဘုရားမ ‘ဗီးနပ်’၏ ရုပ်တုတော်အောက်ဘက်ရှိ ကြမ်းပြင်၌ လှို့ဝှက်စွာသွားရောက်သိမ်းဆည်းနေခြင်း ဖြစ်ပေလိမ့်မည်’ ဟု တွေးတောနေပေသည်။

လူခြေတိတ်သော ညအချိန်အခါများ၌ ဂျာကိုပို တိတ်တဆိတ် လှို့ဝှက်စွာ ဓားရေးလေ့ကျင့်တတ်ကြောင်းကို အီလာရှွန်သိရှိနေဘိသကဲ့သို့၊ အချစ်နတ်ဘုရားမ ‘ဗီးနပ်’၏ ရုပ်တုတော်အောက်ဘက်ရှိ ကြမ်းပြင်အောက်၌ အဖိုးတန် ပစ္စည်းများကို ဂျာကိုပို လှို့ဝှက်စွာ သိုမှီးသိမ်းဆည်းထားတတ်ကြောင်းကိုလည်း အီလာရှွန် သိရှိနေခဲ့သည်။ သို့သော် သူတစ်ပါးပစ္စည်းကို လိုချင်တပ်မက်စိတ် ကင်းသော အီလာရှွန်လည်း ဓားသိုင်းဆရာကြီး ဂျာကိုပို၏ လှို့ဝှက်ပစ္စည်းများကို တိတ်တဆိတ် ခိုးယူခြင်း လုံးဝမပြုရုံမက မည်ရွေ့မည်မျှ ဥစ္စာ ပစ္စည်းရှိသည်ကိုပင် ယောင်မှား၍ သွားမကြည့်ပါပေ။

http://www.cherrythitsar.org



လုလင်ပျိုလေး အီလာရှန် အလိုလား အတောင့်တဆုံးအရာကား အီတလီပြည်တစ်ဝှမ်း၌ အတော်ဆုံးဟု ကျော်စောထင်ရှားသော ဓားသိုင်းဆရာကြီး ဂျာကိုပိုထံမှ လျှို့ဝှက်ပညာဓားကွက်များ အပါအဝင် သိုင်းပညာကို အပြည့်အဝ သင်ကြားဆည်းပူး၍ တတ်မြောက်လိုခြင်းပင် ဖြစ်ပေသည်။ ယခု အခါ၌ကား အီလာရှန်ဆန္ဒသည် ပြည့်ဝလာခဲ့ပြီ။ ဓားသိုင်းဆရာကြီး ဂျာကိုပို ထံမှ ဓားပညာကို တရားဝင် စတင်သင်ကြားရပေပြီ။

ထို့ကြောင့် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးနေရာမှ အီလာရှန်လည်း မိမိအိပ်နေရာဖြစ်သော မြင်းဇောင်းသို့ ပြန်လာပြီးလျှင် အိပ်ရာထက်၌ လျောင်းစက်လိုက်ရာ အလွန်အမင်း ပင်ပန်းနွမ်းနယ်နေရကား ကျောချချခြင်းပင် အိပ်ပျော်သွားတော့သည်။

ထိုအခါ နယ်စားသခင်မလေး ဘိထရစ်၏ ရုပ်ပုံလွှာပန်းချီကားကို ဓားဖြင့် ရေးဆွဲသည့်အကြောင်း ကြည်မောတမ်းတဖွယ် အိပ်မက်လှလှကို မြင် မက်နေတော့သည်တကား။

⌘ ⌘ ⌘

၂

# ကြိုးပြုနေသော ပန်းချီသား

လုလင်ပျိုလေး အီလာရှန်သည် ဓားသိုင်းဆရာကြီး ဂျာကိုပိုထံမှ ဓားပညာကို နောက်တစ်နေ့မှစ၍ တစ်ညမပြတ် ညစဉ်ညတိုင်း သင်ကြားဆည်းပူးရသည်။ ဓားသိုင်းဆရာကြီး ဂျာကိုပိုလည်း မိမိတတ်မြောက်ထားသမျှကို ဆရာစားမချန်ဘဲ ကျကျနန သင်ကြားပေးသည်။ ထိုသို့ သင်ကြားပေးခိုက်တွင်လည်း –

"ဟေ့ … ကောင်စုတ်လေး၊ ငါပြောတဲ့အတိုင်း တသွေမတိမ်း လိုက်လုပ်စမ်း၊ မင်းလို အသုံးမကျတဲ့တပည့်ကို ထိပ်တန်းဓားပညာသင်ပေးရတာ မောလှသကွာ။ မင်းကြောင့် ငါ့နာမည်ပျက်တော့မှာပဲ။ ဟေ့ … ဟေ့ … ဒီလိုမဟုတ်သေးဘူး။ ပြင်လိုက်စမ်း … ပြင်လိုက်စမ်း၊ ဟုတ်ပြီ … ဟုတ်ပြီ၊ ဒီလို့ ဝှက်တဲ့ ပညာကွက်ကို မေ့မသွားအောင် ဆက်လုပ်စမ်း … ဆက်လုပ်စမ်း" ဟု မြည်တွန်တောက်တီးလေ့ရှိသည်။

ဤသို့ မြည်တွန်တောက်တီးလေ့ရှိသော်လည်း အီလာရှန်၏ထူးခြားပြောင်မြောက်သော အရည်အချင်းနှင့် ဖွဲလုံ့လကိုကား ဓားသိုင်းဆရာကြီး ဂျာကိုပိုသည် အသိအမှတ်မပြုဘဲ မနေနိုင်ပါပေ။ စိတ်တွင်းမှ ကြိတ်ပြီး မချီးကျူးဘဲ မနေနိုင်ပါပေ။

ဤသို့အားဖြင့် ရက် လ ကြာညောင်းစွာ ဓားပညာကို အဆက်မပြတ် သင်ကြားလေ့ကျင့်ပြီးနောက် တစ်နေ့သော ညတွင် ဓားသိုင်းဆရာကြီး ဂျာကိုပိုက အီလာရှန်အား ဂုဏ်ယူသော မျက်လုံးအစုံဖြင့် စေ့စေ့ကြည့်ရင်း–

http://www.cherrythitsar.org



"ဒီမှာ ကောင်စုတ်လေး၊ ငါ ထားတဲ့ ကတိစကားအတိုင်း ငါလေ့လာတတ်မြောက်ထားတဲ့ ဓားပညာကို ဆရာစားမချန်ဘဲ အလုံးစုံသင်ကြားပေးခဲ့ပြီးပြီ၊ မင်းကို ထပ်ပြီး သင်ကြားပေးဖို့ မရှိတော့ဘူး။ အခုဆိုရင် မင်းဟာ အီတလီပြည်တစ်ဝှမ်းမှာ အတော်ဆုံးဓားသမားတစ်ယောက် ဖြစ်လာပြီ" ဟု ပြောကြားချီးကျူးရာမှ –

"အေး ... ဒါပေမဲ့ တစ်ခုတော့ သတိမမေ့နဲ့၊ မင်းဟာ အတော်ဆုံးဓားသမားတစ်ယောက်ဆိုပေမဲ့ မင်းထက်တော်တဲ့ ဓားသမား တစ်ယောက်တော့ရှိသေးတယ်။ အဲဒီဓားသမားကတော့ မင်းရဲ့ ဆရာဖြစ်တဲ့ ငါပဲ။ ငါက လွဲရင်တော့ ဓားရေးမှာ မင်းကို ဘယ်လူမှ မယှဉ်ပြိုင်နိုင်ပါဘူး။ အဲဒါတော့ စိတ်ချလက်ချ ယုံကြည်မှတ်သားထားပေတော့" ဟု ပြောကြားသည်။

ထို့နောက် ဂျာကိုပိုနှင့် အီလာရွန်တို့သည် သုံးနာရီတိုင်တိုင် မရပ်မနား ဓားရေးလေ့ကျင့်ကြသည်။ ထိုသို့ ဓားရေးလေ့ကျင့်ပြီးသောအခါ ဂျာကိုပိုက "အီလာရွန်ရေ ... မင်းကို အညတရ မြင်းထိန်းလေးဘဝကနေပြီး အတော်ဆုံးဓားသမားကြီးတစ်ယောက်ဖြစ်အောင် ကျုပ်သွန်သင်ပြသလို့ ပြီးပြီ၊ ဒီတော့ကျုပ်ရဲ့ တာဝန်လည်း ပြီးဆုံးပြီ၊ အတော်ဆုံး ဓားသမားတစ်ယောက်လို့ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချထားပြီး ကိုယ့်တက်လမ်းကို ဓားတစ်စင်းနဲ့ လမ်းရှင်းပြီး တက်ပေတော့" ဟု ပြောကြားပြီးနောက် အသံနက်ကြီးဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ထိုသို့ ဓားသိုင်းဆရာကြီး ဂျာကိုပိုထံမှ ဓားပညာကို အကြွင်းမဲ့သင်ကြားဆည်းပူးပြီး နောက်တစ်နေ့ နံနက်ခင်းတွင် နယ်စားသခင်မလေး ဘိထရစ်ထံမှ ရံရွေတော်တစ်ဦး ရောက်ရှိလာပြီး အီလာရွန်အား ရွှေပြားအပြည့်ပါသော ကတ္တီပါအိတ်တစ်လုံး ကမ်းပေးပြီးသည်။ ထို့နောက် –

"မက်ဆာ အီလာရွန်၊ ဒီကတ္တီပါအိတ်ထဲက ရွှေပြားတွေနဲ့ အကောင်းဆုံး အဝတ်အစားတွေ အထက်တန်းကျကျ ဝယ်ဝတ်ပြီး အကောင်းဆုံး အစားအစာတွေကို စားပေတော့" ဟု ပြောကြားပြီးမှ –

"ဂယ်လီနာ နယ်စားကတော် မင်းသမီးလေးက ရှင့်ကို အမှာတော်ရှိလိုက်တယ်။ ဒီနေ့ညမှာပဲ ပန်းချီကျော်မာဆန်တီဆီက ရုပ်ပုံလွှာပန်းချီကားကို ရှင် အရယူပေးပါတဲ့။ လိုအပ်လို့ရှိရင်လည်း ဓားကို အသုံးပြုပါတဲ့။ ဒီကိစ္စအောင်မြင်သွားလို့ ရှိရင်လည်း ဆုတော်လာဘ်တော် အမြောက်အမြား ထပ်မံချီးမြှင့်ပါမယ်တဲ့၊ ဩော် ... ဩော် ... ပန်းချီကျော် မာဆန်တီရဲ့ အိမ်လိပ်စာအတိအကျကတော့ ဟောဒီ ကတ္တီပါအိတ်ထဲမှာ ရှိတယ်။ ရှင် ကံကောင်းပါစေရှင်" ဟု ပြောကြားသည်။

http://www.cherrythitsar.org



ထိုနေ့ ညဉ့်ဦးယံတွင်မူ အထက်တန်းလွှာ လူကုံထံ ဝတ်ကောင်းစားလှတို့ကို ကြော့နေအောင် ဆင်မြန်းထားသော လုလင်ပျိုလေး အီလာရှွန်သည် ပန်းချီကျော် မာဆန်တီ နေထိုင်ရာ 'လာတား' လမ်းမကြီးအတိုင်း ခပ်သွက်သွက် လျှောက်လာရာ တံခါးဝတွင် သူရဲကောင်း လူသန်ကြီး ဟာကျူလီ၏ ရုပ်တုနှစ်ခု ထုထားသော အိမ်ကြီးတစ်အိမ်ရှေ့တွင် ဖျတ်ခနဲ ရပ်လိုက်သည်။

'လာတား' လမ်းမကြီးကား လူသူလေးပါး ကင်းရှင်းနေပြီး ခြံဝင်းကျယ်ကြီး၌ တည်ရှိသော ပန်းချီကျော် မာဆန်တီ၏ အိမ်ကြီးသည်လည်း တိတ်ဆိတ်ငြိမ်သက်နေပေသည်။ အီလာရှွန်လည်း ဘေးဘီသို့ ဖျတ်ခနဲ လှည့်ပတ် အကဲခတ်ပြီးနောက် ခြံစည်းရိုးကို လွှားကျော်ကာ ခြံတွင်းသို့ လှစ်ခနဲ ဝင်လိုက်သည်။ ထို့နောက် သတိကြီးစွာထားပြီး အိမ်ကြီးအပါးသို့ ချဉ်းကပ်သွားရာ အိမ်ကြီးအပါးသို့ အရောက်တွင် အိမ်ခန်းဘက်မှ ခပ်သောသော ရယ်မောလိုက်သော မိန်းမသံတစ်သံနှင့် ယောကျ်ားသံတစ်သံတို့ကို ကြားရသည်။

ထိုအခါ အီလာရှွန်သည် ဆတ်ခနဲ ဖြစ်သွားပြီး ခေတ္တ ငြိမ်သက်စွာ ရပ်နေလိုက်သည်။ ထို့နောက် မည်သည့် အသံမှ ထပ်မံထွက်ပေါ်မလာသောကြောင့် အိပ်ခန်းကို ရှောင်ကွင်းကာ ပန်းချီကျော် မာဆန်တီ၏ ပန်းချီခန်းရှိရာသို့ ခြေဖော့ပြီး လျှောက်လာခဲ့သည်။ ထို့နောက် ပန်းချီခန်းတံခါးကို အသာတွန်းပြီး အတွင်းသို့ လှစ်ခနဲ ဝင်လိုက်သည်။

ပန်းချီကျော် မာဆန်တီ၏ ပန်းချီခန်းကား ကြီးမားကျယ်ဝန်းလှပြီး အတွင်း၌ ဆီမီးတိုင်များ ထွန်းညှိထားသည့်အတွက် လင်းလင်းထိန်နေပေသည်။ အခန်းနံရံတစ်ဖက်တစ်ချက်၌ မာဆန်တီကိုယ်တိုင် ဖော်စပ်ထားသော ပန်းချီဆေးပုလင်းများဖြင့် ပြည့်နှက်နေကာ အခန်းထောင့်တစ်နေရာ၌ သလွန်ညောင်စောင်းရှည်တစ်ခုရှိပြီး အပေါ်၌ ထူထဲသော မွေ့ရာ၊ ခေါင်းအုံးများတင်ထားသည်ကို တွေ့ရသည်။

ပြတင်းပေါက် အနီးတွင်မူ ကုလားထိုင်ကြီးတစ်လုံး ရှိပြီး ခရမ်းရောင်ဖဲပွင့်မှိုအုံးကြီးတစ်လုံး တင်ထားသည်။ ကုလားထိုင်ကြီးအနီးတွင်မူ ကြေးမုံမှန်ကြီးတစ်ချပ်နှင့် စားပွဲရှည်ကြီးတစ်လုံးရှိသည်။ ထိုစားပွဲရှည်ကြီးကား ပန်းချီကျော် မာဆန်တီ ပန်းချီရေးဆွဲသည့် အလုပ်စားပွဲဖြစ်ဟန်တူသည်။ အကြောင်းသော်ကား စားပွဲရှည်ကြီးပေါ်၌ ဆေးပုလင်းများနှင့် စုတ်တံများ၊ ဆေးစက်များကို တွေ့ရသောကြောင့်ပေတည်း။

အီလာရှွန်လည်း ပန်းချီခန်းကို မျက်စိဝေ့ပြီး အကဲခတ်ကြည့်လိုက်ရာ မှောင်ရိပ်သန်းနေသော အခန်းထောင့်တစ်နေရာ၌ ပန်းချီကားများ စုပုံထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ထိုနေရာသို့ ခပ်သွက်သွက် လျှောက်သွားပြီး

http://www.cherrythitsar.org



ပန်းချီကားများကို တစ်ခုချင်းဖယ်ရှားကာ မိမိအလိုရှိနေသော ပန်းချီကားကို အရေးတကြီး ရှာဖွေနေမိသည်။ ကုလားထိုင်ကြီးပေါ်၌ မခို့တရို့ ထိုင်နေသော မိန်းမချောလေး တစ်ဦး၏ ဝတ်လစ်စလစ် ပုံတူပန်းချီကားနှင့် သလွန်ညောင် စောင်းထဲ၌ လဲလျောင်းရင်း ကြာမူပါပါ ကြည့်နေသော မိန်းမလှတစ်ဦး၏ ဝတ်လစ်စလစ် ပုံတူပန်းချီကားနှစ်ချပ်ကို ဖယ်ရှားကြည့်ရှုပြီးသောအခါ၌မူ နယ် စားကတော် မင်းသမီးလေး ဘိထရစ်၏ ရုပ်ပုံလွှာပန်းချီကားကို တွေ့မြင်ရ တော့သည်။

မင်းသမီးလေး ဘိထရစ်လည်း ရဲရဲနီနေသော ကမ္ဗလာလွှမ်းထား သည့် သလွန်ညောင်စောင်းထက်တွင် ဝတ်လစ်စလစ် လဲလျောင်းနေပြီး၊ ပြာလဲ့ သော ညို့မျက်လုံးကြီးများဖြင့် မခို့တရို့ လှမ်းကြည့်နေပုံမှာ သရုပ်ပါပြီး အသက်ဝင်လှပေရာ ထိုရုပ်ပုံလွှာပန်းချီကားကို ရှုကြည့်မိသော လုလင်ပျို အီလာရှွန်၏ ရင်သည် တဒိတ်ဒိတ်ခုန်ကာ အသက်ရှူမှားသွားတော့သည်။

"လှလိုက်တာနော်၊ နတ်မိမယ်တစ်ပါးကျနေတာပဲ ရင်သပ်ရှုမော အံ့သြလောက်ပါရဲ့" ဟု နှုတ်မှ တီးတိုးရေရွတ်ရင်း မင်သက်မိသကဲ့သို့ တမေ့ တမော စိုက်ကြည့်ပြီးနောက်၊ ခါးကြားမှ ဓားမြှောင်ကို တုန်တုန်ရီရီ ထုတ်ယူ လိုက်ပြီးလျှင် ပန်းချီဘောင်နားကို ကပ်ပြီး ဓားမြှောင်ဖြင့် ကြိတ်လှီးလိုက်သည်။ ထို့နောက် ရုပ်ပုံလွှာပန်းချီကားကို ခေါက်လိပ်ပြီး အင်္ကျီတွင်းသို့ ထိုးထည့် လိုက်ပြီးလျှင် ပန်းချီခန်းတွင်းမှ ပြန်ထွက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက်တွင် မိမိကြားဖူးသော ယောကျ်ားနှင့် မိန်းမတို့၏ ရယ်သံ လွင်လွင်ကို ရုတ်တရက် ကြားလိုက်ရပြီးနောက် မိမိစေ့ထားခဲ့သော ပန်းချီခန်း တံခါး ပွင့်သွားသည်ကို တွေ့ရသည်။ ထို့ကြောင့် အီလာရှွန်လည်း မှောင်ရိပ် ကျသော အခန်းထောင့်တွင် အသာကပ်ပြီး ပုန်းခိုနေလိုက်သည်။ ထိုအခိုက် တွင်ပင် ပန်းချီခန်းတွင်းသို့ ယောကျ်ားပျိုတစ်ဦးနှင့် မိန်းမချောလေးတစ်ဦးတို့ သည် တစ်ယောက်ခါးကို တစ်ယောက်ဖက်ပြီး ရယ်ရယ်မောမော ဝင်လာကြ သည်။

မိန်းမချောလေးကား ရွှေရောင်ဝတ်စုံကို ဆင်မြန်းထားပြီး လည်ပင်း၌ ပုလဲလည်ဆွဲကို ဆွဲထားသည်။ လက်တွင် ပုလဲလက်စွပ်ကို ဝတ်ထားရုံမက ဆံပင်၌လည်း ပုလဲကုံးဆံထိုးကို ထိုးထားသည်။ ထိုမိန်းမချောလေးက ယောကျ်ားပျိုကို ပြုံးကြည့်ရင်း –

"ပန်းချီကျော်ကြီးနော်၊ နယ်ကျော်ဖို့တော့ စိတ်မကူးနဲ့၊ ကျွန်မက ပန်းချီအဆွဲခံဖို့ သက်သက်လာတာ သိလား" ဟု ခပ်တည်တည်ပြောလိုက်ရာ၊ ယောကျ်ားပျိုက ရယ်မောရင်း –

http://www.cherrythitsar.org



"မက်ဒိုနာ ဒိုရိုတီးရယ် ... ကျုပ်ကို စိတ်ဆင်းရဲအောင် မနှိပ်စက်ချင် စမ်းပါနဲ့ဗျာ။ ကျုပ်ဟာ မင်းသမီးလေးရဲ့ ရုပ်ပုံထူးကို ညပေါင်းများစွာ တစိမ့်စိမ့်ကြည့်ပြီး ပုံတူပန်းချီကားကို ဆွဲလာခဲ့ရပါတယ်။ ဒါကြောင့် မင်းသမီးလေးရဲ့ ရုပ်ပုံညွှတ်ကွင်းထဲမှာ ရှောင်မရတိမ်းမရ သက်ဆင်းသွားခဲ့ပါပြီ။ မင်းသမီးလေးကို တပ်မက်စွဲလန်းတဲ့ စိတ်တွေဟာလည်း ချိုးမရနှိမ်မရ ဖြစ်နေပါပြီ။ ဒီတော့ ကျုပ်ကို သက်ညှာသနားတဲ့အနေနဲ့ တစ်ခါလောက် ချစ်ကြည်နူးခွင့်တော့ ပေးသနားစေချင်ပါတယ်ဗျာ" ဟု ပြောကြားတောင်းပန်သည်။

ထိုစကားရပ်တို့ကို ထောက်ချင့်ခြင်းအားဖြင့် ယောကျ်ားပျိုမှာ ပန်းချီကျော် မာဆန်တီဖြစ်ကြောင်း အီလာရွှန်အလိုလို သိရှိသွားပြီး စေ့စေ့စပ်စပ် ကြည့်ရှုလိုက်သည်။

ပန်းချီကျော် မာဆန်တီမှာ အရပ်အမောင်း မြင့်မားပြီး ကျစ်လျစ်တောင့်တင်းသော ကိုယ်ခန္ဓာရှိပေသည်။ နှာခေါင်းမှာမူ ပေါ်ထင်လွန်းပြီး ခပ်ကောက်ကောက်ရှိနေသည်။ မျက်လုံးအစုံကား မည်းနက်တောက်ပြောင်နေပြီး ပါးစပ်မှာ အတန်ငယ်ပြဲကာ နှုတ်ခမ်းထူကြီးများရှိပေသည်။

ပန်းချီကျော် မာဆန်တီ၏ တောင်းပန်စကားကို ကြားရသောအခါ မြို့စားကတော် မင်းသမီးလေးက မသိမသာ ပြုံးလိုက်ပြီး သွယ်ပျောင်းသော လက်မောင်းတစ်ဘက်ကို ဆန့်တန်းပေးရင်း –

"ပန်းချီကျော်ကြီးရယ်၊ ရှင် ဒီလောက် စိတ်အား ထက်သန်နေရင်လည်း ဟောဒီလက်လေးကိုပဲ စိတ်ပြေလက်ပြေ နမ်းပါတော့ရှင်" ဟု ပြောကြား လိုက်ရာ၊ ပန်းချီကျော် မာဆန်တီလည်း မိန်းမချောလေး၏ လက်ကို တယု တယ ကိုင်ဆွဲကာ တမြတ်တနိုး နမ်းလိုက်သည်။ ထို့နောက် ဝမ်းမြောက်ရွှင်မြူး သော အသံဖြင့် –

"မင်းသမီးလေးရယ် ဒီနေ့ညမှာ ဘယ်တုန်းကမှ ကျုပ်မရေးဆွဲဖူးသေးတဲ့ လက်ရာမျိုးနဲ့ မင်းသမီးလေးရဲ့ ရုပ်ပုံလွှာကို လက်စွမ်းပြ ရေးဆွဲပါမယ်" ဟု ပြောကြားပြီး မင်းသမီးလေးကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေပြီးနောက် ပန်းချီကား ရေးဆွဲရန်အတွက် လိုအပ်သည်များကို ပြင်ဆင်တော့သည်။

ထိုအခိုက်တွင် မြို့စားကတော် မင်းသမီးလေး ဒိုရိုတီးလည်း ကိုယ်လုံးပေါ် ကြေးမုံမှန်ကြီးရှေ့သို့ ကြော့ကြော့လေး လျှောက်သွားပြီးနောက် မိမိကိုယ်ကို ပြုံးပြုံးကြည့်နေသည်။ ထို့နောက် မှောင်ရိပ်ဖက်သို့ အမှတ်မထင် ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ မှောင်ရိပ်ခိုနေသော အီလာရွှန်ကို တွေ့မြင်သွားသည်။

http://www.cherrythitsar.org



ထိုအခါ မင်းသမီးလေးလည်း ဆတ်ခနဲ လန့်သွားပြီးမှ အီလာရှန်ကို မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်နေသည်။ ထို့နောက် အီလာရှန်အပေါ်သို့ ခပ်သွက်သွက် လျှောက်သွားပြီး ခြေဖျား ခေါင်းဆုံး တစ်ကိုယ်လုံးကို စိုက်ကြည့်နေသည်။ ထို့နောက် ဝမ်းမြောက်ရွှင်လန်းသော အမူအရာဖြင့် –

"ဖာရာရာ၊ ဖာရာရာ၊ မောင်လေးက ဒီကို ဘာကြောင့် ရောက်နေတာလဲကွယ်" ဟု ပြောရင်း အီလာရှန်ကို တရင်းတနှီး ပွေ့ဖက်လိုက်သည်။

ထိုအခါ အီလာရှန်လည်း မိန်းမချော မိန်းမလှလေးကို အလိုက်သင့် ပွေ့ဖက်ကာ နှုတ်ခမ်းအစုံကို ငုံနမ်းလိုက်သည်။

ထိုအခိုက်တွင် ပန်းချီကျော် မာဆန်တီလည်း မြို့စားကတော် မင်းသမီးလေး ဒိုရိုတီးနှင့် လူချောလူလှလေးကို ကြောင်ငေးကြည့်နေရာမှ –

"ဟေ့ကောင် ... မင်း ဘယ်သူလဲ ထွက်ခဲ့စမ်း" ဟု ငေါက်ငမ်းပြောကြားရာ၊ အီလာရှန်သည် မနေသာတော့ဘဲ မှောင်ရိပ်တွင်းမှ အသာထွက်လာခဲ့တော့သည်။

ထိုအခါ ပန်းချီကျော် မာဆန်တီလည်း အီလာရှန်ကို စေ့စေ့ကြည့်လိုက်ရာ အင်္ကျီတွင်းမှ တစ်စွန်းတစ်စ ပေါ်နေသော ရုပ်ပုံလွှာ ပန်းချီကားကို တွေ့မြင်သွားသည်။ ဤတွင် ပန်းချီကျော်မာဆန်တီလည်း ဖြစ်ရပ်အခြေအနေမှန်ကို ရိပ်စားသိမြင်သွားပြီး –

"ဟေ့ကောင် ... မင်းက ငါရဲ့ ပန်းချီကားကို လာခိုးတာပေါ့လေ။ ခွေးသူခိုး ... သေပေတော့" ဟု ဒေါသတကြီး ပြောကြားကာ အီလာရှန်အား ပြေးပြီး ခုတ်လိုက်သည်။

ထိုအခါ အီလာရှန်လည်း ညင်သာပေ့ါပါးစွာ ဘေးသို့ အသာတိမ်းလိုက်ရာ ပြင်းထန်သော ဓားချက်သည် လေထဲ၌ ဝှီးခနဲ မြည်ပြီး ဘေးမှ ပွတ်ထွက်သွားတော့သည်။ ထိုအခါ ပန်းချီကျော် မာဆန်တီလည်း အီလာရှန်၏ ပေ့ါပါးဖျတ်လတ်မှုကို အံ့အားသင့်သွားရာမှ ဒေါသတကြီးဖြင့် ဆက်ဆက်ပြီး တိုးခုတ်တော့သည်။ ထိုအခါ အီလာရှန်လည်း အဆက်မပြတ် ကျရောက်လာသော ပြင်းထန်လှသည့် ဓားချက်တို့ကို ပြုံးရွှင်သော မျက်နှာထားဖြင့် အလွယ်တကူ ဖယ်ရှားပစ်လိုက်သည်။

ထိုအခါ ပန်းချီကျော် မာဆန်တီလည်း မိမိအစွမ်းကုန် အားသွန်တိုက်ခိုက်နေသော ဓားချက်မှန်သမျှကို အလွယ်တကူ ဖယ်ရှားနိုင်သော အီလာရှန်၏ ဓားစွမ်းကို တဖြည်းဖြည်း အံ့ဩလေးစားလာရာမှ တဖြည်းဖြည်း ကြောက်ရွံ့တုန်လှုပ်လာတော့သည်။ ထို့ကြောင့် အတင်းဖိပြီး ကြိုးကြိုးစားစား တိုက်ခိုက်နေရာမှ –

http://www.cherrythitsar.org



"လာကြပါဗျို့ ... လာကြပါ၊ ဟောဒီမှာ သူခိုးတစ်ယောက် ရောက်နေပါတယ်။ ကျုပ်ကိုလည်း အသေသတ်နေပါတယ်" ဟု သံကုန်ဟစ်အော်အကူအညီတောင်းတော့သည်။

ထိုအခါ အီလာရှန်လည်း ခံစစ်ကစားနေရာမှ ပြင်းထန်သော ဓားချက်တစ်ချက် သွင်းလိုက်ရာ ပန်းချီကျော် မာဆန်တီ၏ လက်တွင်းမှ ဓားလည်း လွင့်ထွက်သွားတော့သည်။ ထိုအခါက စားပွဲကို စိတ်အားထက်သန်စွာ ငေးကြည့်နေသော မိန်းမချောလေး မက်ဒိုနာ ဒိုရိုတီးလည်း အလန့်တကြား လွှတ်ခနဲ ဟစ်အော်လိုက်သည်။

*

ထိုအခိုက်တွင် အီလာရှန်သည် ပွင့်နေသော ပြတင်းပေါက်မှတစ်ဆင့် အောက်သို့ လွှားခနဲ ခုန်ချလိုက်သည်။ ထို့နောက် ခြံကျယ်ကြီးကိုဖြတ်ကာ တံခါးမကြီးရှိရာသို့ ပြေးလာပြီး ခြံစည်းရိုးကို လွှားခနဲ ခုန်ကျော်လိုက်ရာ လရောင် ရွှန်းပနေသော လာတားလမ်းမကြီးပေါ်သို့ ဘုတ်ခနဲ ကျသွားတော့သည်။

ထိုအခိုက်တွင် လဲကျနေသော အီလာရှန်၏အနားသို့ မြင်းစီးစစ်သည်တော် တစ်ကျိပ်တို့ ရောက်ရှိလာပြီး၊ ပတ်ပတ်လည်မှ ဝန်းရံထားလိုက်ကြသည်။ ထိုအခိုက်တွင်ပင် ပန်းချီကျော်မာဆန်တီလည်း ပြတင်းပေါက်မှ ခေါင်းပြူထွက်ပြီး –

"ဒီကောင်ဟာ ကျုပ်အိမ်ထဲ ဖောက်ထွင်းဝင်ပြီး ပန်းချီကားကို လာခိုးတဲ့ သူခိုး။ ပြီးတော့ ကျုပ်ကို ခုခံပြီး သတ်ဖို့ ကြိုးစားခဲ့တယ်။ ဒီကောင်ကို အမိဖမ်းကြပါ။ ဒီကောင်ကို ဖမ်းပေးနိုင်တဲ့ သူကို ဆုလာဘ် ကောင်းကောင်း ချပေးမယ်" ဟု ဟစ်အော်ပြောကြားနေသည်။

ထိုအခိုက်တွင် အီလာရှန်လည်း လဲနေရာမှ ဖျတ်ခနဲ ထလိုက်ပြီးလျှင် အနီးဆုံးရှိ မြင်းသည်တော်၏ လက်ကို ဆောင့်ဆွဲလိုက်ရာ မြင်းသည်တော်လည်း မြေကြီးပေါ်သို့ ခြေကားယားလက်ကားယား ထိုးကျလာတော့သည်။ ထိုအခါ အီလာရှန်သည် ထိုမြင်းသည်တော်၏ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ မြင်းကို ဒုန်းစိုင်းမောင်းထွက်လာခဲ့တော့သည်။

အီလာရှန်မှာ ဓားသိုင်းဆရာကြီး ဂျာကိုပိုလို၏ ကျေးကျွန်အဖြစ် နှစ်ပေါင်းများစွာ မြင်းထိန်းလုပ်လာခဲ့သူဖြစ်ရာ မြင်းအကြောင်းကို နှောကျေနေအောင် သိရုံမက မြင်းစီးလည်း အထူးကျွမ်းကျင်နေပေသည်။ ထို့ကြောင့် အီလာရှန် တက်စီးလာခဲ့သော မြင်းကြီးမှာ ပေကပ်ကပ် လုပ်မနေတော့ဘဲ အီလာရှန်၏ အလိုဆန္ဒအတိုင်း ကျိုးနွံစွာ ဒုန်းစိုင်းပြေးခြင်း ဖြစ်ပေသည်။

http://www.cherrythitsar.org



အီလာရှန်၏ လျင်မြန်ဖျတ်လတ်သွက်လက်သော အပြုအမူကြောင့် ခေတ္တကြောင်ငေးသွားသော မြင်းသည်တော်များလည်း ချက်ချင်းပင် အီလာရှန်၏နောက်သို့ ဒုန်းစိုင်းပြီး အပြင်းလိုက်လာကြတော့သည်။ ထို့ကြောင့် တိတ်ဆိတ်နေသော ရောမရွှေမြို့တော်၏ညဥ့်ယံမှာ မြင်းခွာသံတို့ဖြင့် တဖျောင်းဖျောင်း ဆူညံသွားတော့သည်။

အီလာရှန်လည်း ဓားလွတ်များကို ကိုင်စွဲဝှေ့ယမ်းပြီး နောက်မှအပြင်းလိုက်လာကြသော မြင်းသည်တော်များ လက်တွင်းမှ လွတ်မြောက်အောင် မြင်းကို ဒုန်းစိုင်းပြီး တစ်လမ်းဝင် တစ်လမ်းထွက် စီးနင်းခဲ့ရာ ဘုန်းတော်ကြီးမက်တီယို၏ ကျောင်းကို ကျော်လွန်ပြီးနောက် နာမည်ကျော် 'မျှော်စင် ညီနောင်' အပါးသို့ ရောက်ခဲ့သည်။ ထိုအခါ အီလာရှန်လည်း လမ်းကြားတစ်ခုသို့ ဖျတ်ခနဲ ကွေ့ဝင်လိုက်ရာ မိမိချစ်သူ တီးပန်ချီဆီ၏ ဖခင် နီကိုလိုဖွင့်ထားသော ဝိုင်အရက်ဆိုင်အပါးသို့ ရောက်ရှိလာတော့သည်။

ထိုအခါ မြင်းစီးကျွမ်းကျင်လှသော အီလာရှန်လည်း မြင်းပေါ်မှ ဖျတ် ခနဲ ခုန်ဆင်းလိုက်ရာ အရှိန်နှင့် ဆင်းသည့်အတွက် မြေပေါ်တွင် တစ်ပတ်နှစ်ပတ်မျှ လိမ့်သွားတော့သည်။ သို့သော် ပြောပလောက်အောင် ဒဏ်ရာအနာတရ မရသည့်အတွက် ချက်ချင်းပင် လူးလဲထကာ ဝိုင်အရက်ဆိုင်အပါးသို့ ဖျတ်ခနဲ ပြေးကပ်သွားသည်။ ထို့နောက် ဝိုင်အရက်ဆိုင် အုတ်နံရံတွင် တွယ်ကပ်နေသော သစ်ပင်များကို ဖက်တွယ်ပြီး ပွင့်နေသော ဆိုင်အပေါ်ထပ် ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ခုန်ဝင်လိုက်သည်။

ထို့နောက် အီလာရှန်လည်း ကြောက်လန့်တကြား ဟစ်အော်တော့မည့် မိမိချစ်သူ၏ အပါးသို့ ဖျတ်ခနဲ လျှောက်သွားကာ ပါးစပ်ကို လက်ဖြင့် အသာပိတ်ရင်း လေသံဖြင့် –

"အသံမပြုလိုက်ပါနဲ့ တီးရေ ... တိတ်တိတ်ကလေး နေနော်" ဟု ပြောကြားတောင်းပန်လိုက်သည်။

⌘ ⌘ ⌘

http://www.cherrythitsar.org

# ၃

## ပန်းချီကားဆယ် ကျိုးပျက်ချက်

တီးပန်ချက်ဆီလည်း မိမိ၏ အိပ်ခန်းတွင်းသို့ ရုတ်တရက် ချဉ်းနင်း ဝင်ရောက်လာသော သားနားခန့်ထည်လှသည့် လုလင်ပျိုလေး၏ မျက်နှာကို ကြောက်လန့်တကြား မော့ကြည့်လိုက်ရာ အထက်တန်းစား ဝတ်စားတန်ဆာတို့ကို တောက်ပြောင်သားနားစွာ ဝတ်ဆင်ထားသော အီလာရွှန်ဖြစ်ကြောင်း သိမြင်သွားပြီး အသွင်ပြောင်းကာ တသွေးတမွေး ဖြစ်နေသည့် မိမိချစ်သူကို တအံ့တသြ ငေးမောကြည့်ရှုနေရှာသည်။

ထိုအခိုက်တွင်မှ အီလာရွှန်က ပြုံးပြီး –

“တီးရေ ... ကြည့်နေလိုက်တာ မျက်စိတွေ ကျွန်ထွတ်ကုန်ပါဦးမယ်” ဟု ပြောကြားလိုက်ရာ တီးက –

“မောင်ရယ် ... ဒီအဝတ်ကောင်း အဆင်ကောင်းတွေကို ဘယ်က ရခဲ့တာလဲဟင်၊ မောင့်လို အညတရမြင်းထိန်းတစ်ယောက်အနေနဲ့ မတန်မရာပါဘူးကွယ်။ မောင် တိုက်ခိုက်ခိုးဝှက်ပြီး ယူလာတာလားဟင်” ဟု စိုးရိမ်တကြီး ပြောကြားသည်။

ထိုအခါ အီလာရွှန်က –

“တိတ်တိတ်လေး နေပါ အချစ်ရယ် ... မောင့် နောက်ကို ဆီဇာဘော်ဂျာရဲ့ မြင်းသည်တွေ တကောက်ကောက် လိုက်နေပါတယ်။ တော်တော်ကြာ သူတို့ကြားကုန်ပါ့မယ်” ဟု သတိပေးလိုက်ရာ တီးက စိုးရိမ်သော အမူအရာဖြင့် –

http://www.cherrythitsar.org



"ဂျာကိုပိုရဲ့ မြင်းဖောင်းကို သုတ်သင်ရှင်းလင်းရတဲ့ မောင့်လို မြင်းထိန်းတစ်ယောက်ကို ဆီဇာဘော်ဂျာရဲ့ မြင်းသည်တော်တွေက ဘာကြောင့် တကောက်ကောက် လိုက်ဖမ်းနေရတာလဲဟင်။ မောင် ဘာတွေလုပ်ခဲ့လို့လဲ။ ရာဇဝတ်သင့်မယ့် အလုပ်တွေ လုပ်ခဲ့သလားဟင်။ မောင့်ကြောင့် ကျွန်မရော ဖေဖေပါ ဒုက္ခရောက်တော့မယ် ထင်ပါရဲ့" ဟု တတွတ်တွတ် ပြောကြားတော့သည်။

ထိုအခိုက်တွင် မြင်းသည်တော်တို့၏ မြင်းခွာသံ တဖြောင်းဖြောင်းကို ကြားရရုံမက အနီးဝန်းကျင်အိမ်တိုင်း၏ တံခါးများကို တဝုန်းဝုန်း ထုရင်း–

"တံခါးဖွင့်စမ်း တံခါးဖွင့်စမ်း" ဟု ဟစ်အော် အမိန့်ပေးနေသံတို့ကို ကြားရလေရာ အီလာရွှန်လည်း တစ်ကိုယ်လုံး တုန်ရီနေသော တီး၏ ပါးစပ်ကို လက်ဖြင့် အသာပိတ်ရင်း –

"မောင်ဟာ ဂယ်လီနာ နယ်စားကတော် မင်းသမီးလေး ဘိထရစ်စေခိုင်းတဲ့ အမှုတစ်ခုကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီကိစ္စကြောင့် မောင့်ကို လိုက်ပြီး ဖမ်းကြတာပါ အချစ်ရယ်။ နောက်တော့ မောင် အသေးစိတ်ပြောပြပါ့မယ်။ အခုတော့ သူတို့ အဖမ်းမခံရအောင် မောင့်ကို ကူညီပါဦး" ဟု ပြောကြားလိုက်သည်။

ထိုအခါ တီးလည်း ခေတ္တတွေဝေ စဉ်းစားပြီးနောက် အီလာရွှန်၏ မျက်နှာကို ရွှန်းရွှန်းစားစား စိုက်ကြည့်ရင်း –

"မောင့်ကို ကူညီပါ့မယ်တဲ့ရှင်။ ကျွန်မတို့ အိမ်တံခါးကို လာမခေါက်ခင် အောက်ကိုဆင်းပြီး ဖေဖေနဲ့အတူ အသင့်စောင့်နေပါ့မယ်။ ပြီးတော့ သူတို့ကိုလည်း ယုံအောင် ကြည့်ပြောလိုက်ပါ့မယ်" ဟု ပြောကြားကာ အောက်ထပ်သို့ ဆင်းသွားလေရာ လုလင်ပျိုအီလာရွှန်လည်း စိတ်နှလုံး သက်သာရာရသွားသည့်အသွင်ဖြင့် ဟင်းခနဲ သက်ပြင်းချလိုက်သည်။

အိမ်အောက်ထပ်သို့ တီးရောက်ချိန်တွင် မြင်းသည်တော်များသည် တံခါးကို တဝုန်းဝုန်းထုကာ အဖွင့်ခိုင်းနေပေပြီ။ တီး၏ ဖခင်နီကိုလိုကလည်း မြည်တွန်တောက်တီးရင်း တံခါးကို ဖွင့်ပေးနေပေသည်။ ဖခင်၏ နောက်နားတွင် ကပ်ပြီး ရပ်လိုက်ချိန်တွင် မြင်းသည်တော် တစ်ဦးလည်း တံခါးဝတွင် မားမားမတ်မတ် ရပ်နေရာမှ –

"ခင်ဗျားတို့ အိမ်ထဲကို လူတစ်ယောက် ဝင်မလာဘူးလား။ အဲဒီလူကို ကျုပ်တို့ လိုက်ရှာနေတယ်။ အဲဒီလူက သူခိုးတစ်ယောက်ပဲ။ ပန်းချီကျော်မာဆန်တီရဲ့ အိမ်ကို ဖောက်ထွင်းပြီး အဖိုးတန်ပစ္စည်းတွေ ယူသွားတယ်"

http://www.cherrythitsar.org



ဟု ခပ်ထန်ထန် ပြောကြားသည်။ ထို့နောက် ဖခင်နောက်တွင် ကြောက်လန့်သည့် အမူအရာဖြင့် ရပ်နေသော မိန်းမချောလေးတီးကို လှမ်းကြည့်ရင်း –

"ခင်ဗျားတို့အိမ်ထဲကို အဲဒီသူခိုး ဝင်မလာဘူးဆိုရင်လည်း ရှိပါစေတော့။ ကျုပ်တို့ ဆက်ပြီး ရှာလိုက်ပါဦးမယ်။ အဲဒီ သူခိုးတော့ ဖမ်းမိရင် သက်သာမှာ မဟုတ်ဘူး။ နယ်စားကြီး ဆီဇာဘော်ဂျာက ကြိုးပေးသတ်မှာ သေချာတယ်" ဟု ပြောကြားသည်။

ထိုအခါ တီး၏ ဖခင် နီကိုလိုက –

"ခင်ဗျားတို့ သူခိုးဖမ်းတာတော့ ဟုတ်ပါရဲ့ဗျာ။ လူကောင်းတွေ အိပ်ရေးပျက်လှတယ်။ ကျုပ်က တစ်နေ့လုံး ပင်ပန်းထားတာဗျ" ဟု ငေါက်ဆတ်ဆတ် ပြောကြားလိုက်ရာ မိန်းမချောလေးတီးက ပြုံးပြီး –

"ဗိုလ်မင်းရှင့်၊ ကျွန်မ ဖေဖေဆီမှာ ဝိုင်ကောင်းကောင်း ရှိပါတယ်။ အားတဲ့တစ်နေ့မှာ လာပြီးသောက်လှည့်ပါ" ဟု စကားပြောကြား ဖိတ်ခေါ်လိုက်သည်။

ထိုအခါ မြင်းသည်တော်လည်း ကျေးဇူးတင်စကား ပြောကြားကာ ချာခနဲ လှည့်ထွက်သွားတော့သည်။

ဤတွင် တီးလည်း အပေါ်ထပ်သို့ ပြန်တက်လာပြီးနောက် တံခါးကို အသေအချာ ပိတ်လိုက်သည်။ ထို့နောက် ခုတင်ပေါ်၌ ထိုင်နေသော အီလာရွှန်၏ အပါးသို့ လျှောက်လာပြီး –

"ဒီမှာ သူခိုးကြီး၊ ပန်းချီကျော် မာဆန်တီဆီက ဘယ်လို အဖိုးတန် ပစ္စည်းတွေ ခိုးလာခဲ့သလဲ" ဟု မေးလိုက်ရာ အီလာရွှန်လည်း ပြုံးပြီး အိတ်ထဲ ထိုးထည့်လာသော ပန်းချီကားလိပ်ကို ထုတ်ယူလိုက်သည်။

ထို့နောက် မင်းသမီးလေးဘိထရစ်၏ ညှို့နေသော ပုံတူပန်းချီကားကို ဖြန့်ပြလိုက်ရာ မိန်းမချောလေး တီးလည်း အတန်ကြာအောင် ငေးစိုက်ကြည့်နေပြီးနောက် အီလာရွှန်ကို လက်ညှိုးငေါက်ငေါက်ထိုးရင်း –

"ဒီဝတ်လစ်စလစ်ပုံကိုများ အသက်စွန့်ပြီး မောင်မို့ သွားခိုးပလေတယ်။ မောင်ရူးများ ရူးနေသလားဟင်" ဟု ပြောကြားရန်တွေ့သည်။

ထိုအခါ အီလာရွှန်က –

"မောင် မရူးပါဘူး အချစ်ရယ် ... မင်းသမီးလေး ဘိထရစ်က သူရဲ့ ပုံတူပန်းချီကားကို ပန်းချီကျော် မာဆန်တီရဲ့ ပန်းချီခန်းက မောင်ရအောင် ယူပေးနိုင်ရင် မောင့်ကို ဆုတော်လာဘ်တော်တွေ ပေးမယ်။ မောင်ကြီးပွားချမ်းသာအောင်လည်း ကူညီစောင်မမယ်လို့ ကတိပေးခဲ့ပါတယ်။ ဒါကြောင့် မောင် အသက်စွန့်ပြီး ဆောင်ရွက်တာပါ" ဟု ပြောကြားလိုက်ရာ တီးက –

http://www.cherrythitsar.org



“မောင်က အဲဒီကတိစကားတွေကို ယုံစားနေသလား။ မင်းသမီးလေးက သူလိုချင်နေတဲ့ ပုံတူပန်းချီကားကို ပြန်ရတာနဲ့တစ်ပြိုင်နက် ပေးထားတဲ့ ကတိစကားတွေကို မေ့သွားမှာပါ။ ပြီးတော့ မောင့်အသက်ကိုတောင် ရန် ရှာချင်ရှာမှာပါ။ မောင်ရေ ... သိပ်လည်း စိတ်ကူးယဉ်မနေနဲ့။ ကိုယ့်ရဲ့အသက် ဘေးရန်ကိုလည်း သတိပြုဦး” ဟု ပြောကြားလိုက်သည်။

ထိုသို့ သတိပေးစကားကို ကြားရသောအခါ စိတ်ကူးအယဉ်ကြီး ယဉ်နေရှာသော လုလင်ပျိုအီလာရွှန်လည်း စိတ်ထဲ၌ ထင့်ခနဲ ဖြစ်သွားမိသည်။

*

ဖလော်ရင့်နယ်မှ အပြန်၊ သက္ကရာဇ် ၁၄၂၇ ခုနှစ်တွင် ရောမရွှေမြို့တော်ကြီး၌ ဂယ်လီနာနယ်စားကြီး ဖရန်စစ်စကို ဆောက်ထားအပ်သော စံအိမ်တော်ကြီးကား ကြီးကျယ်ခမ်းနားလှပေသည်။ ထိုစံအိမ်တော်ကြီး၌ ဂယ်လီနာ မြို့စားကြီး၏သမီးတော် မင်းသမီးလေး ‘ဘိထရစ်’ သည် တစ်ဦးတည်း စံမြန်း လျက်ရှိ၏။

မင်းသမီးလေး ဘိထရစ်ကား အသက် ဆယ့်ခြောက်နှစ်အရွယ်က ပင် ဥစ္စာနေ ချမ်းသာကြွယ်ဝသော်လည်း အသက် ၄၈ နှစ် ရှိနေပြီဖြစ်သည့် ဗိုလ်မင်း ကာဒိုနီနှင့် လက်ထပ်ထိမ်းမြားပြီးနောက် ၂ နှစ်အကြာတွင် ဗိုလ်မင်း ကာဒိုနီ ကွယ်လွန်သွားခဲ့သည်။ ထိုအချိန်၌ ဥစ္စာနေ ကြွယ်ဝချမ်းသာနေပြီဖြစ် သော မင်းသမီးလေး ဘိထရစ်လည်း မင်းစိုးရာဇာ အထက်တန်းလွှာတွင် ဝင်ဆန့်မွေ့ရှင်နေရုံမက ဘလင်တီန့်ကြနယ်စားကြီး ဆီဇာဘော်ဂျာ၏နှမတော် ဖြစ်သော မင်းသမီးလေး လူခရေးဇီးယား ဘော်ဂျာနှင့်လည်း မိတ်ဆွေရင်းချာ ဖြစ်နေခဲ့ပေပြီ။ ထိုအခါမှစ၍ မင်းသမီးလေး ဘိထရစ်သည် နန်းတွင်းရေး၊ နိုင်ငံရေး၊ အချစ်ရေးတို့ကို စိတ်ဝင်စားကာ မသိမသာ ပါဝင်ဆောင်ရွက်လျက် ရှိတော့သည်။

ဆီဇာဘော်ဂျာ၏ မြင်းသည်တော်များလက်တွင်းမှ လက်မတင်လေး လွတ်မြောက်သွားသော လုလင်ပျိုလေး အီလာရွှန်သည် အချိန်ဆိုင်းမနေဘဲ ထိုနေ့မနက် ဝေလီဝေလင်းအချိန်တွင်ပင် မင်းသမီးလေး ဘိထရစ်၏ စံအိမ်တော် သို့ တစ်ကိုယ်တည်း လာရောက်ခဲ့သည်။ စံအိမ်တော်ဝသို့ အရောက်တွင် အီလာရွှန်ထံသို့ လာရောက်ခဲ့ဖူးသော ရုံရွှေတော် မိန်းမချောနှင့် တွေ့ဆုံရာ ထိုရုံရွှေတော် မိန်းမချောလေး အီလာရွှန်ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်ပြီး –

“ကျွန်မ နောက်က လိုက်ခဲ့နော်”

ဟု ဦးဆောင်ခေါ်သွားသည်။

http://www.cherrythitsar.org



အတန်ကြာ လျှောက်သွားပြီးနောက် အခန်းကျယ်ကြီးတစ်ခု ရှေ့သို့ အရောက်တွင် ရုံရွှေတော် မိန်းမချောလေးသည် ဖျတ်ခနဲ ရပ်တံ့ပြီး အီလာရွှန်၏ မျက်နှာကို ပြုံးစေ့စေ့ အမူအရာနှင့် ကြည့်ရင်း –

"ဟောဒါ မင်းသမီးလေး ဘိထရစ်နဲ့ ခန်းဆောင်တော်ပါပဲ။ မင်းသမီးလေးနဲ့ တွေ့တဲ့အခါမှာ ထင်ရှားကျော်စောတဲ့ ဂယ်လီနာ နယ်စားကတော် အဖြစ်ကို မေ့ထားလိုက်ပြီး ချောမောလှပတဲ့ မိန်းမသားတစ်ဦးလို သဘောထား ဆက်ဆံပါလို့ ရှင့်ကို အကြံကောင်းပေးလိုက်ပါတယ်" ဟု ပြောကြားလိုက်သည်။

ထို့နောက် ရုံရွှေတော် မိန်းမချောလေးလည်း ချာခနဲ လှည့်ထွက်သွားရာ အီလာရွှန်လည်း တစ်ယောက်တည်း ယောင်နန ရပ်နေပြီးနောက် အခန်းကျယ်ကြီးအတွင်းသို့ မရွံ့မရဲ လှမ်းဝင်လာခဲ့သည်။

အခန်းကျယ်ကြီး၌ ဖယောင်းတိုင်များ ထိန်လင်းနေအောင် ထွန်းညှိထားသည့်အတွက် တစ်ခန်းလုံး လင်းထိန်နေပေရော ထိုအလင်းရောင်ကြောင့် အခန်းတွင်းရှိ အဖိုးတန် ပရိဘောဂများ၊ အသုံးအဆောင်ပစ္စည်းများကို အထင်အရှား တွေ့မြင်ရပေသည်။

မင်းသမီးလေး ဘိထရစ်လည်း ခရမ်းရောင် ဝတ်ရုံကို လွှမ်းခြုံရင်း ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် မခို့တရို့ ရပ်နေရာမှ အခန်းတွင်းသို့ မဝံ့မရဲ လှမ်းဝင်လာသော အီလာရွှန်ကို သတိပြုမိသွားပြီး အီလာရွှန်ရှိရာသို့ ခပ်သွက်သွက် လျှောက်လာရာ၊ အီလာရွှန်လည်း အင်္ကျီအိတ်တွင်း၌ ခေါက်ထည့်ထားသော ရုပ်ပုံလွှာပန်းချီကားကို ဆွဲထုတ်ကာ –

"ဟောဒီမှာ မင်းသမီးလေးရဲ့ ရုပ်ပုံလွှာပန်းချီကားပါပဲ" ဟု တရိုတသေ ကမ်းပေးလိုက်သည်။

ထိုအခါ မင်းသမီးလေး ဘီထရစ်လည်း မိမိရုပ်ပုံလွှာ ပန်းချီကားချပ်ကို ဖွင့်ပင်မကြည့်ဘဲ အခန်းထောင့်တစ်နေရာသို့ လွှင့်ပစ်လိုက်ပြီးနောက် အီလာရွှန်အား ခပ်ပြုံးပြုံး ကြည့်ရင်း –

"မာဆန်တီဆီက ပန်းချီကားကို ရှင်အရယူနိုင်ခဲ့တယ်နော်။ မာဆန်တီနဲ့ရှင် အကြိတ်အနယ် တိုက်ရသေးသလား။ အဖြစ်အပျက်အလုံးစုံကို စေ့စေ့စုံစုံကြားစမ်းပါရစေ" ဟု ပြောကြားလိုက်သည်။

ဤတွင် အီလာရွှန်လည်း မိမိတွေ့ကြုံရသော အဖြစ်အပျက်အလုံးစုံကို ပြန်ပြောင်း ပြောကြားလိုက်ရာ မင်းသမီးလေး ဘိထရစ်လည်း အီလာရွှန်၏ပါးကို လက်ဖြင့် တယုတယ ပွတ်ရင်း –

http://www.cherrythitsar.org



"ရှင်ဟာ မာဆန်တီလို ဓားရေးမှာ ကျော်စောထင်ရှားတဲ့ သူကို တောင် အနိုင်ယူနိုင်ခဲ့တယ်နော်။ ရှင်လည်း အတော်ပင်ပန်းနွမ်းနယ်လာခဲ့မှာပဲ။ ဒီတော့ ဒီမှာပဲ နားနေအပန်းဖြေဦးပေါ့။ ရှင့်အတွက် ဝိုင်နဲ့ ကိတ်မုန့်ယူခိုင်းလိုက်ဦးမယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရွှန်လည်း ရံရွှေတော် မိန်းမချောလေးက ရွှေဂယ်လီနာ နယ်စားကတော်မင်းသမီးလေး ဘိထရစ်ကို မိန်းမသားတစ်ဦးလို သဘောထား ဆက်ဆံပါ" ဟု မှာကြားလိုက်သော အမှာစကားကို ဖျတ်ခနဲ အမှတ်ရလာသောကြောင့် မိမိ၏ပါးကို ဆုပ်ကိုင်ပြီးလျှင် မင်းသမီးလေး ဘိထရစ်၏ လက်ကို အသာဆုပ်ကိုင်ပြီးလျှင် ပြည့်ဖြိုးတင်းရင်းနေသော ကိုယ်ခန္ဓာလေးကို ဆတ်ခနဲ ပွေ့ဖက်လိုက်သည်။ ထို့နောက် မင်းသမီးလေး ဘိထရစ်၏ ပြည့်တင်းနီထွေးနေသော နှုတ်ခမ်းအစုံကို မွတ်မွတ်သိပ်သိပ်စုတ်နမ်းရင်း လေသံသဲ့သဲ့ဖြင့်–

"မင်းသမီးလေးရယ် ... မင်းသမီးလေးဟာ ကျွန်တော်အတွက် ဝိုင်နဲ့ ကိတ်မုန့်ပါပဲဗျာ" ဟု ပြောကြားလိုက်သည်။

မင်းသမီးလေး ဘိထရစ်လည်း ရုန်းကန်ဖယ်ရှားခြင်း မပြုဘဲ မျက်နှာ ကို အလိုက်သင့် မော့ပေးကာ မျက်တောင်ကို စင်းပြီး အီလာရွှန်၏ ချိုမြိန်သော အနမ်းလက်ဆောင်ကို ကြည်ကြည်နူးနူး ခံယူနေသည်။

*

ထိုအခိုက်တွင် ခပ်သောသော ရယ်သံတစ်ခု ထွက်ပေါ်လာရာ အီလာရွှန်၏ ရင်ခွင်တွင်း၌ အလိုက်သင့် မှီတွယ်နေသော မင်းသမီးလေး ဘိထရစ်လည်း ဆတ်ခနဲ ဖြစ်သွားပြီး အတင်းရုန်းထွက်လိုက်သည်။ အီလာရွှန်လည်း ရယ်သံထွက်ပေါ်လာရာသို့ စိတ်ဆိုးမာန်ဆိုးနှင့် လှမ်းကြည့်လိုက်ရာ အခန်းတံခါးဝ၌ မားမားမတ်မတ် ရပ်ကြည့်နေသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ အရပ်အမောင်းမြင့်မားထွားကျိုင်းပြီး တဖိတ်ဖိတ် အရောင်တောက်နေသော ဝတ်ရုံနက်ကြီးကို ခြုံထားသည်။ ဆံပင်မှာ ရွှေဝါရောင်တောက်နေပြီး ကျယ်ပြန့်သော ပခုံးထက်၌ ဝဲကျနေသည်။ ထို့ပြင် သပ်ရပ်လှပသော မုတ်ဆိတ်မွေးလည်း ရှိလေသည်။ ထိုလူသည် ရဲဝံ့တည်ကြည်သော မျက်လုံးအစုံဖြင့် အခန်းတွင်းသို့ လှမ်းကြည့်ရင်း ခပ်ပြုံးပြုံး ကြည့်နေသည်။

အီတလီ တစ်ပြည်လုံး၌ ကျော်စောထင်ရှားနေသော ဘလင်တီနို့က် နယ်စားကြီး ဆီဇာဘော်ဂျာကို လုံးဝ မတွေ့ဖူး မမြင်ဖူးသော အီလာရွှန်လည်း မိမိတို့ကို ခပ်ပြုံးပြုံးကြည့်နေသော ဆီဇာဘော်ဂျာအား ခပ်ထန်ထန်လှမ်းကြည့်

http://www.cherrythitsar.org



ရင်း "ဆီညော်ရေ ... အနှောင့်အယှက် မပေးပါနဲ့ဗျာ" ဟု ခပ်ဆတ်ဆတ် ပြောလိုက်ရာ ဆီဇာဘော်ဂျာက ပြုံးပြီး –

"အနှောင့်အယှက်ပေးဖို့ လာတာ မဟုတ်ပါဘူး။ ဘိထရစ်နဲ့ အရေးကြီးတဲ့ တိုင်းရေးပြည်ရေး ကိစ္စလေးတွေ ဆွေးနွေးဖို့ လာတာပါ" ဟု ပြောလိုက်သည်။

ထိုအခိုက်တွင် မင်းသမီးလေး ဘိထရစ်က –

"ကြွတော်မူပါအရှင် ... အရှင့်ကို ခရီးဦးကြိုဆိုဖို့ ပျက်ကွက်တဲ့အတွက် ခွင့်လွှတ်တော်မူပါ" ဟု ပျာပျာသလဲ ပြောကြားလိုက်ရာ ဆီဇာဘော်ဂျာက ပြုံးပြီး –

"ကိစ္စမရှိပါဘူးလေ၊ ဒါပေမဲ့ မယ်မင်းရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် ရောမရွှေမြို့တော်တစ်ခုလုံး အလန့်တကြား ဖြစ်သွားတာတော့ သိပ်မကောင်းလှဘူးပေါ့။ မယ်မင်းရဲ့လူက ပန်းချီကျော် မာဆန်တီကို ဓားရေးမှာ အနိုင်ယူခဲ့ရုံမကဘူး ကျုပ်ရဲ့ လက်ရွေးစင်မြင်းသည်တော် တစ်ကျိပ်ကြားကလည်း လွတ်အောင် ရှောင်တိမ်းသွားနိုင်ခဲ့တယ်" ဟု ပြောကြားလိုက်သည်။ ထို့နောက် အီလာရွန်ကို စေ့စေ့ကြည့်ရင်း –

"မောင်မင်းဟာ အီတလီမှာ အတော်ဆုံး ဓားသမားတစ်ယောက်ဖြစ်တယ် ထင်ပါရဲ့" ဟု မိန့်ကြားလိုက်ရာ အီလာရွန်က –

"ကျွန်တော်မျိုးက ဒုတိယအတော်ဆုံး ဓားသမားတစ်ယောက်ပါ။ ကျွန်တော်မျိုးထက် တော်တဲ့သူ ရှိပါသေးတယ်အရှင်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ ဆီဇာဘော်ဂျာက –

"အဲဒီသူက ဘယ်သူလဲ" ဟု မေးလိုက်ရာ အီလာရွန်က ရိုသေလေးစားသော အမူအရာဖြင့် –

"အဲဒီသူက ကျွန်တော်မျိုးရဲ့ဆရာဖြစ်တဲ့ ဓားသိုင်းဆရာကြီး ဂျာကိုပိုပါ အရှင်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ ဆီဇာဘော်ဂျာက –

"၁၄၈၃ ခုတုန်းက အီတလီ မြောက်အလယ်ပိုင်းသား ဖာရာရာတွေနဲ့ တိုက်ရတဲ့စစ်ပွဲကြီးမှာ ပါဝင်ဆင်နွှဲခဲ့ဖူးတဲ့ စစ်သည်တော်ဟောင်းကြီး ဂျာကိုပိုကို ပြောတာထင်ပါရဲ့။ အဲဒီ ဂျာကိုပိုရဲ့ ဓားသိုင်းကျောင်းသတင်းကို ကျုပ်ကြားဖူး သိဖူးပါတယ်။ သူ့ဆီမှာ ဓားရေးသင်ကြတဲ့လူတွေလည်း အများကြီးပါပဲ။ ဒါပေမဲ့ မောင်မင်းလို ထူးချွန်တဲ့သူတော့ တစ်ယောက်မှ မပေါ်မထွက်ခဲ့ဖူး

ပါဘူး။ ဘာကြောင့် မောင်မင်းကျမှ ဓားရေးမှာ ဒီလောက် ထူးချွန်ရတာလဲ” ဟု မေးလိုက်ရာ အီလာရွှန်က –

“ဓားသိုင်းဆရာကြီး ဂျာကိုပိုဟာ လူခြေတိတ်တဲ့ ညအချိန်တိုင်းမှာ လျှို့ဝှက်တဲ့ပညာဓားကွက်တွေကို လေ့ကျင့်လေ့ရှိပါတယ်။ အဲဒီလိုလေ့ကျင့်နေတာကို ကျွန်တော်မျိုး မအိပ်ဘဲ စိတ်ရှည်လက်ရှည် ချောင်းမြောင်းကြည့်ရှုမှတ်သားပြီး မှတ်မိသမျှကို ပြန်ပြီးလေ့ကျင့်ပါတယ်။ အဲဒီလို ကျွန်တော်မျိုး ဓားရေးလေ့ကျင့်နေတုန်းမှာ ယောဒီမင်းသမီးလေး တွေ့သွားပြီး ကျွန်တော်မျိုးကို ဂျာကိုပိုဆီက ပြန်ဝယ်ယူလိုက်ပါတယ်။ ပြီးတော့ ဓားရေးပိုကျွမ်းအောင်ဆိုပြီး ဂျာကိုပိုဆီမှာ ဓားရေးပညာကို ဆက်ပြီး သင်ယူခိုင်းပါတယ်။ ကျွန်တော်မျိုးလည်း ‘လျှို့ဝှက်တဲ့ ဓားရေးပညာကို သင်ကြားပေးပါ’ လို့ ဓားသိုင်းဆရာကြီး ဂျာကိုပိုကို တောင်းပန်ပြီး ဓားရေးကို စိတ်ရှည်လက်ရှည် သင်ယူခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်မျိုးဟာ အခြားသူတွေနဲ့မတူဘဲ ဓားရေးမှာ ထူးချွန်ခြင်းဖြစ်ပါလိမ့်မယ် အရှင်” ဟု အမှန်အတိုင်း လျှောက်တင်လိုက်သည်။

ထိုအခါ ဆီဇာဘော်ဂျာက –

“ဒါဖြင့်ရင် မောင်မင်းဟာ ဓားသိုင်းဆရာကြီး ဂျာကိုပိုရဲ့ မြင်းထိန်းမဟုတ်တော့ဘဲ ဘိထရစ်နဲ့ လူတစ်ယောက်ဖြစ်နေပြီပေါ့” ဟု မိန့်ကြားပြီး ဘိထရစ်ကို ခပ်ပြုံးပြုံး ကြည့်လိုက်ရာ မင်းသမီးလေး ဘိထရစ်က –

“မှန်ပါတယ် အရှင်၊ အီလာရွှန်ဟာ ကျွန်တော်မျိုးမရဲ့ လူဖြစ်နေပါပြီ” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ ဆီဇာဘော်ဂျာလည်း ဝတ်ရုံတွင်းမှ ကတ္တီပါအိတ်တစ်လုံးကို ဖျတ်ခနဲ ဆွဲထုတ်ကာ အနီးရှိ စားပွဲပေါ်သို့ ပစ်တင်ရင်း –

“ဒီလိုဆိုရင် မောင်မင်းပိုင်နေတဲ့ အီလာရွှန်ကို မယ်မင်းဆီက ကျုပ်ပြန်ပြီး ဝယ်တဲ့အနေနဲ့ အဲဒီရွှေပြားတွေကို လက်ခံပါတော့။ ကျုပ်အနေနဲ့ အီလာ ရွှန်လို ထူးချွန်ထင်ရှားတဲ့ ဓားသမားတွေ အမြောက်အမြား အလိုတော်ရှိနေပါ တယ်” ဟု မိန့်ကြားလိုက်သည်။

ထို့နောက် အခန်းထောင့်တစ်နေရာသို့ သခင်မလေး ဘိထရစ်လွှင့်ပစ်ထားသော ရုပ်ပုံလွှာပန်းချီကားကို ဆတ်ခနဲ ကောက်ယူပြီး ဖယောင်းတိုင်မီးအပါးတွင် ဖြန့်ကာ စေ့စေ့စပ်စပ် ကြည့်ရှုနေသည်။ ထို့နောက် –

“အင်း … ရုပ်ပုံလွှာ ပန်းချီကားကတော့ တကယ် လက်ရာမြောက်တာပဲ။ အသက်ဝင်နေသလား အောက်မေ့ရတယ်။ ဒီလို လက်ရာမြောက်လှတဲ့ ပန်းချီကားမျိုးကို ဖျက်ဆီးပစ်ရမှာ၊ နှမျောစရာ ကောင်းလှတယ်” ဟု ရေရွတ်ပြီးနောက် ဆီဇာဘော်ဂျာလည်း ခါးကြားမှ ဓားတစ်လက်ကို ဖျတ်ခနဲ ထုတ်ယူ

http://www.cherrythitsar.org



ကာ ဘိထရစ်၏ ရုပ်ပုံလွှာပန်းချီကား ထောင့်စွန်းတစ်နေရာကို ဓားဖြင့် တိခနဲ ဖြတ်လှီးလိုက်သည်။ ထို့နောက် ရုပ်ပုံလွှာပန်းချီကားကို အခန်းထောင့်တစ်နေရာသို့ ပြန်လွှင့်ပစ်ရင်း –

"ဒီပန်းချီကားကို ပြန်ပြီးပြင်ရင် အကောင်းပကတိအတိုင်း ရနိုင်ပါသေးတယ်" ဟု မိန့်ကြားသည်။ ထို့နောက် လက်တွင်းရှိ ပန်းချီကားစကို ဖယောင်းတိုင်မီးဖြင့် အသေအချာ ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေရာမှ–

"ဒီနေ့ညမှာပဲ 'ပန်းချီကျော် မာဆန်တီ၏ ပန်းချီခန်းကို ဝင်ပြီး ပန်းချီကားတစ်ချပ်ကို ခိုးယူလိမ့်မယ်။ အဲဒီပန်းချီကားဟာလည်း အလွန် အရေးပါအဖိုးတန်လိမ့်မယ်' ဆိုတဲ့ သတင်းစကားကို ဖော့ဆိတ်မြို့စားကြီးရဲ့ ကျွန်ယုံတော်တစ်ယောက် မှုးမှူးရှူးရှူးနဲ့ ပြောနေတာကို ကျုပ်ရဲ့ လူတွေ ကြားသိခဲ့ရတယ်။ ဒါကြောင့် ကျုပ်ရဲ့ လက်ရွေးစင် မြင်းသည်တော် တစ်ကျိပ်ကို မာဆန်တီ ရဲ့ အိမ်အနီးအနားမှာ အသင့်စောင့်ခိုင်းထားခဲ့တယ်။ အဲဒီလို ကြိုတင်ပြီး အကာအကွယ်တွေ လုပ်ခဲ့တဲ့ ကြားကနေပြီး မာဆန်တီဆီက ပန်းချီကားချပ်ကို ရအောင် ယူသွားနိုင်ခဲ့တယ်။ အဲဒီလို ယူသွားတဲ့လူကတော့ အီတလီပြည် တစ်ဝှမ်းလုံးမှာ ဒုတိယအတော်ဆုံးဆိုတဲ့ ယောဒီဓားသမားလေးပါပဲ" ဟု မိန့် ကြားသည်။

ထို့နောက် ဆီဇာဘော်ဂျာလည်း ဘိထရစ်ကို စိုက်ကြည့်လိုက်ရာ ဘိထရစ်၏ ရွှေရင်အစုံသည်လည်း စိုးရိမ်ကြောင့်ကျစိတ်တို့ဖြင့် တဒိတ်ဒိတ်ခုန်သွားတော့သည်။ ထိုအခိုက်တွင် ဆီဇာဘော်ဂျာက ပြုံးပြီး –

"ကျုပ်အလိုတော်ရှိနေတဲ့ ပန်းချီကားကို ကျုပ်အရင် ဖြတ်ပြီး ဘယ်သူယူသွားသလဲလို့ တွေးဆနေမိတယ်။ ပြီးတော့မှ ကျုပ် အကျိုးတော်ကို လိုလားတဲ့ ဘိထရစ်က ကျုပ်ကိုယ်စား ကူညီဆောင်ရွက်တာ ဖြစ်မှာပဲလို့ တွေးမိတယ်။ ဒါကြောင့် ဒီကို ကြွမြန်းလာခဲ့တာပဲ။ ထင်တဲ့အတိုင်း ဖြစ်တဲ့အတွက် ဝမ်းမြောက်ပါတယ်။ ကျုပ်ရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ ရင်ဒိတ်ဒိတ်ခုန်နေသော မင်းသမီးလေး ဘိထရစ်လည်း 'မိမိအပေါ်မှာ ဆီဇာဘော်ဂျာအပြစ်မယူဘဲ ခွင့်လွှတ်တော်မူကြောင်း' သိရှိကာ ရင်အေးဝမ်းမြောက်သွားရာမှ –

"မှန်ပါတယ် အရှင်၊ ကျွန်တော်မျိုးမရဲ့ ရေးဆွဲထားတဲ့ ပိတ်စတစ်ဘက်ထောင့်မှာ လျှို့ဝှက်တဲ့ မြေပုံရေးထားကြောင်းကို လွှန်ခဲ့တဲ့ ရက်လများက ကျွန်တော်မျိုးမ သိလိုက်ရပါတယ်။ အဲဒီသတင်းစကားကို အရှင့်ထံ လျှောက်တင်ထားတာထက် ပန်းချီကားကို အရယူပြီး အရှင့်ကို ပေးဆက်တာက ပိုသင့်

တော်မယ်လို့ ထင်မြင်ယူဆတဲ့အတွက် အခုလို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်” ဟု အလိုက်သင့်အလျားသင့် လျှောက်တင်လိုက်သည်။

ထိုအခါ ဆီဇာဘောင်ဂျာက ပြုံးပြီး –

“ဘိထရစ်ရယ် ... မယ်မင်းက ဒီပန်းချီကားကို အော့စ်ကီ မျိုးနွယ်တော်နဲ့ ကော့လွန်နား မျိုးနွယ်တော်တွေဆီကို ဦးစွာ ပထမ ချဉ်းကပ်ပြီး ရောင်းစားဖို့ ကြံတာပါ။ သူတို့တစ်တွေနဲ့မဟန်မှ ကျုပ်နဲ့ ဆက်သွယ်ဖို့ ကြံတာပါ။ ဘာပဲဖြစ် ဖြစ်လေ ကျုပ်အဖို့ လောလောဆယ်အကျိုးရှိသွားတဲ့အတွက် မယ်မင်းကို ကျေးဇူးတင်ပါတယ်။ အပြစ်မတင်ရုံမကဘူး၊ ခွင့်လည်း လွှတ်ပါ တယ်” ဟု ပွင့်ပွင့် လင်းလင်း မိန့်ကြားလိုက်သည်။

ထို့နောက် ဆီဇာဘောင်ဂျာကား အီလာရွှန်ကို စိုက်ကြည့်နေရာမှ –

“အခုအခါမှာ အီတလီနိုင်ငံတော်ကြီးဟာ သူတစ်လူ ငါတစ်မင်းနဲ့ မညီ မညွတ်ဖြစ်နေတယ်။ ဖရိုဖရဲ ဗရမ်းဗတာ ဖြစ်နေတယ်။ ဒါပေမဲ့ တစ်နေ့မှာတော့ အီတလီနိုင်ငံတော်ကြီးဟာ စည်းလုံးညီညွတ်ပြီး အင်အားကြီးတဲ့ လက်နက်နိုင်ငံတော်ကြီး ဖြစ်လာလိမ့်မယ်။ ဒီလိုဖြစ်လာအောင်လည်း အစွမ်းကုန် ဆောင်ရွက်ရလိမ့်မယ်” ဟု မိန့်ကြားပြီးနောက် –

“အခုလောလောဆယ်မှာတော့ အီတလီပြည်အလယ်ပိုင်းက အချက်အချာနယ်ကြီးဖြစ်တဲ့ ရိုမက်ညာနယ်ကြီးကို အရတိုက်ခိုက်သိမ်းယူဖို့ လိုတယ်။ အဲဒီနယ်ရဲ့ အဓိက မြို့တော်ဖြစ်တဲ့ ဖော်လီမြို့ကြီးကို တိုက်ခိုက်သိမ်းယူဖို့အတွက် ကျုပ်အစစအရာရာ အသင့်ပြင်ဆင်နေတယ်။ ကျုပ်ကို ပြင်သစ်တွေကလည်း စစ်ကူပေးနေကြလိမ့်မယ်။ မီလန်နယ်စားကြီးကလည်း ကျုပ်ဘက်က ကူဖို့ သဘောတူပြီးပြီ။ အခြားမြို့စားတွေလည်း ကျုပ်ကို ကူကြမှာပဲ” ဟု မိန့်ကြားသည်။ ထို့နောက် –

“အခုအချိန်အခါမှာ ကျုပ်ဟာ တကယ့်လူမွန် လူချွန်တွေ သူရဲကောင်းတွေကို စုစည်းသိမ်းရုံးနေတဲ့အခါ ဖြစ်တယ်။ ဒါကြောင့် ကျုပ်လက်အောက်မှာ လာရောက်အမှုထမ်းဖို့ မောင့်ကို ဖိတ်ခေါ်ခြင်း ဖြစ်တယ်။ ဘိထရစ်ပေးသနားတဲ့ ဆုတော်လာဘ်တော်ကို မောင်ခံယူပြီးတဲ့နောက် ကျုပ်ဆီကို အမြန်ဆုံး လာခဲ့ပေတော့” ဟု မိန့်ကြားကာ အခန်းတွင်းသို့ ရုတ်တရက် ဝင်ရောက်လာသည့်နည်းတူ အခန်းတွင်းမှ ရုတ်တရက် ပြန်လည်ထွက်ခွာ ကြွမြန်းသွားသည်။

*

ထိုအခါ မင်းသမီးလေးဘိထရစ်လည်း အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးနောက် အီလာရွှန်ကို ပြုံးကြည့်ရင်း –

http://www.cherrythitsar.org



"အီလာရွှန်ရေ၊ မောင်လေးတော့ ကံဇာတာ စန်းလင်္ဂတက်ပြန်ပြီ ကွယ့်။ ဆီဇာဘော်ဂျာဟာ လက်ရွေးစင် မြင်းသည်တော် တစ်ကျိပ်လက်က လွတ်အောင် ရုန်းထွက်သွားနိုင်တဲ့ မောင်လေးကို အတော်အထင်ကြီးသွား တယ်။ ဆီဇာဘော်ဂျာထံမှာသာ မောင်လေး အမှုတော်ထမ်းရင် မကြာမီ ကြီး ပွားထင်ရှားဦးမှာ သေချာတယ်။ အဲဒီအခါကျတော့ မောင်လေးကို ချီးမြှင့် မြှောက်စားဖူးတဲ့ မမကို မမေ့ပါနဲ့ကွယ်" ဟု ပြောကြားသည်။

ထို့နောက် အီလာရွှန်အပါးသို့ ကန္တဲ့ကလျ လျှောက်လာပြီးနောက် လက်မောင်းအိုးကြီးကို ပွတ်သပ်ဆုပ်နယ်ရင်း မျက်နှာကိုစိုက်ပြီး ပြုံးကြည့်နေရာ အီလာရွှန်လည်း စိတ်ကို မထိန်းနိုင်တော့ဘဲ ဘိထရစ်၏ တစ်ကိုယ်လုံးကို သိမ်းကျုံးပြီး တင်းတင်းကြပ်ကြပ် ပွေ့ဖက်လိုက်သည်။

"မောင်လေးကို မမက စွဲလန်းချစ်ခင် သံယောဇဉ်တွယ်နေပြီကွယ်။ ဒီတော့ မောင်လေးကို မမကြိုတင်ပြီး သတိပေးချင်တယ်။ မောင်လေး ကြီးမြင့် ထင်ရှားလာတာနဲ့အမျှ မောင်လေးမှာ ဘေးအန္တရာယ်တွေ များလိမ့်မယ်။ 'အသက်ကို ဉာဏ်စောင့်,သတဲ့ကွယ်။ မောင်လေး အစစအရာရာ သတိထားပါ သတိမလစ်ပါစေနဲ့" ဟု စိုးရိမ်တကြီး မှာကြားပြောဆိုသည်။

⌘ ⌘ ⌘

http://www.cherrythitsar.org

၅

# ဂဝီနှာဝိုးဆော် မှုဝတ်ချက်

လုလင်ပျိုလေး အီလာရှန်လည်း ဆီဇာဘော်ဂျာထံ၌ သွားရောက် အမှုထမ်းရန် ဆီဇာဘော်ဂျာတို့ လူစုတပ်စခန်းချရာ နေပီအရပ်သို့ မြင်းတစ်စီးဖြင့်တစ် ကိုယ်တည်း ထွက်ခွာခဲ့ရာ ရက်အတန်ကြာညောင်းလာပြီဖြစ်၍ ပျင်းရိငြီးငွေ့လျက်ရှိသည်။ အချိန်ကား နေမွန်းတည့်ချိန်ဖြစ်ရာ ပို၍ပင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းနေတော့သည်။

ထိုအခိုက်တွင် တချင်ချင် မြည်သံတို့ ခပ်သဲ့သဲ့ ထွက်ပေါ်လာရာ အီလာရှန်လည်း ပထမ၌ 'ဆည်းလည်းသံ' ဟု ထင်မှတ်မိသော်လည်း အနည်းငယ် နားစိုက်မိသောအခါ၌ ဆည်းလည်းသံ မဟုတ်ဘဲ ဓားခုတ်သံတို့သာဖြစ်ကြောင်း သိရှိသွားတော့သည်။

ထိုအခါ အီလာရှန်၏ တစ်ကိုယ်လုံး တက်ကြွရွှင်လန်းသွားပြီးလျှင် ဓားသံတချင်ချင် ပေါ်ထွက်ရာသို့ ဒုန်းစိုင်းလာခဲ့ရာ လမ်းဘေးထမင်းဆိုင်လေးတစ်ဆိုင် အနီးရှိ တောအုပ်လေးအပါးသို့ ရောက်လာခဲ့သည်။

ထိုအခါ တောစပ်တစ်နေရာ၌ အဝတ်အစား ညစ်ပတ်ပေကျံနေသော လူရမ်းကားတစ်ကျိပ်က သန့်သန့်ပြန့်ပြန့် ဝတ်ဆင်ထားသော လူကြီးနှစ်ယောက်ကို ဝိုင်းပြီး တိုက်ခိုက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရတော့သည်။ ထိုအခါ 'အများနှင့်တစ်ယောက် အနိုင်ကျင့်သည့် အမှု' ကို မနှစ်သက်မလိုလားသော အီလာရှန်လည်း လူရည်သန့်နှစ်ဦးကို ဝိုင်းတိုက်နေသော လူရမ်းကားများကြားထဲသို့ မြင်းကို ဒုန်းစိုင်းဝင်ရင်း လျှပ်ပြက်သလို ဘယ်ပြန်ညာ

http://www.cherrythitsar.org



ပြန် ခုတ်လိုက်ရာ၊ ဝဲဘက်မှလူတစ်ယောက်နှင့် ညာဘက်က လူတစ်ယောက် သာမက ရှေ့တူရူရှိ လူတစ်ယောက်ပါ ပေါင်းသုံးယောက်ကို အတုံးအရုံး ကျဆုံးသွားတော့သည်။

ထိုအခိုက်တွင် အီလာရွှန်လည်း မြင်းပေါ်မှ လွှားခနဲ ခုန်ချရင်း အခြား လူရမ်းကားများကို ဆက်တိုက် တိုက်ခိုက် ခုတ်ထစ်ရာ၊ လူရမ်းကား များလည်း လျှင်မြန်လွန်းလှသောဓားချက်တို့ကို မခုခံမကာကွယ်နိုင်ကြဘဲ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးသွားတော့သည်။

ထိုအခိုက်တွင် ကိုယ်ခန္ဓာ ထွားကျိုင်းကြီးမားလှသော လူထွားကြီး က ဝမ်းမြောက်အားတက်သော အမူအရာဖြင့် မိမိအဖော်ဖြစ်သူ အရပ်မြင့်မြင့် နှင့် လူကြီးအား လှမ်းကြည့်ရင်း –

"လီအိုနာဒိုရေ ... ဘုရားသခင်မှာ ဆုတောင်းလိုက်တဲ့အတွက် ဘုရား သခင်က ကောင်းကင်တမန်တစ်ဦးကို စေလွှတ်ပြီး ကျုပ်တို့ကို အကူအညီ ပေးတာ ဖြစ်ရမယ်" ဟု ပြောကြားရာ အဖော်ဖြစ်သူလည်း အသာ ဦးခေါင်း ညိတ်လိုက်သည်။ ထို့နောက် အတုံးအရုံး ကျဆုံးနေသော လူရမ်းကားများကို ငေးကြည့်နေရာမှ –

"ကောင်းကင် တမန်တော်ရေ ... ကျန်နေတဲ့လူတွေကို ဆက်ပြီး မဆုံးမပါနဲ့တော့။ အသက်ချမ်းသာပေးလိုက်ပါ။ သူတို့တစ်တွေဟာ ဆင်းရဲ သား ကျေးတောသားတွေပါ။ အချောင်ရမလားလို့ လုယက်တိုက်ခိုက်ကြတာ ပါ။ ခွင့်လွှတ်လိုက်ပါ။ ခွင့်လွှတ်လိုက်ပါ" ဟု ပြောကြားတောင်းပန်လိုက် သည်။

ထိုအခါ အခြားအဖော်ဖြစ်သူ လူထွားကြီးက လက်တွင်းရှိ ဓားကို ဝှေ့ယမ်းရင်း –

"ဟေ့ ... သူခိုး ဓားပြတွေ၊ အကုန်လုံးဓားစာမိချင်ကြသလား အသက်မသေချင်ရင် ပြေးပါတော့လား" ဟု အသံသြကြီးဖြင့် ကြိမ်းမောင်း ပြောကြားလိုက်ရာ၊ ကြောက်လန့်တုန်လှုပ်နေသော လူရမ်းကားများလည်း ဖနောင့်နှင့်တင်ပါး တစ်သားတည်း ကျအောင် ခြေဦးတည့်ရာ ထွက်ပြေးသွား ကြတော့သည်။

ထိုအခါ အီလာရွှန်လည်း ဒူးထောက်ပြီး သွေးစွန်းနေသော မိမိဓားကို မြေကြီးဖြင့် ပွတ်လိုက်ပြီးနောက် လက်ကိုင်ပဝါဖြင့် အသေအချာ သုတ်လိုက် သည်။ ထို့နောက် စေ့စေ့စပ်စပ် ကြည့်ရှုပြီး ဓားအိမ်တွင်းသို့ ပြန်ထည့်လိုက် သည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် အီလာရွှန်၏ အပြုအမူကို စိတ်ဝင်စားစွာ လှမ်းကြည့်နေသော လူထွားကြီးက –

"လီအိုနာဒိုရေ ကျုပ်တို့ ကောင်းကင်တမန်တော်လေးကို ကြည့်စမ်း။ သူရဲ့လက်နက်ကိရိယာကို သိပ်ပြီး ဂရုစိုက်တာပဲ" ဟု ပြောကြား ချီးကျူးလိုက်ရာ၊ အရပ်မြင့်မြင့်နှင့် လူကြီးက ပြုံးပြီး –

"ဟုတ်တယ် ပီထရိုရေ့။ သူဟာ သာမန် ဓားသမားတစ်ယောက် မဟုတ်ဘူး။ ပါရမီထူးတဲ့ 'ဓားအနုပညာရှင်' တစ်ယောက်ပဲ" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရွှန်က လူရည်သန့်ကြီးနှစ်ဦးကို စိတ်ဝင်စားစွာ စူးစိုက်အကဲခတ်နေရာ ပီထရိုအမည်ရှိသော လူထွားကြီးက –

"မောင်ရင်ရေ ... မောင်ရင့်ကို 'ဓားအနုပညာရှင်' လို့ အမည်ပေးလိုက်တဲ့သူက ဗင်ချီမျိုးနွယ်ဝင် နာမည်ကျော် ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုပါပဲဗျာ။ သူ့ဂုဏ်သတင်းကို မောင်ရင်ကြားဖူးမှာပေါ့။ သူ့ရဲ့ 'နောက်ဆုံးညစာစားပွဲ' ဆိုတဲ့ ခမ်းနားကြီးကျယ်တဲ့ ပန်းချီကားကြီး အကြောင်းရော၊ သူစိတ်ကူးတီထွင်နေတဲ့ ရေအောက်သွား သင်္ဘောအကြောင်းနဲ့၊ ကောင်းကင်ပျံနိုင်တဲ့ လူအကြောင်းကော ကြားဖူးမှာပေါ့" ဟု ပြောကြားလိုက်သည်။

ထိုအခါ ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုက ရယ်မောလိုက်ပြီး–

"ပီထရိုရယ် ... ကျုပ်ရဲ့အကြောင်းနဲ့ ကျုပ်ပန်းချီကားတွေအကြောင်းကို ဟောဒီဓားအနုပညာရှင်လေးက ဘယ်မှာ ကြားဖူးမှာလဲ၊ ဒါတွေကို လေ့လာဆည်းပူးဖို့လည်း ဘယ်မှာအချိန်ရမှာလဲ" ဟု ပြောကြားရာ၊ အီလာရွှန်က 'မိမိ ပညာဗဟုသုတခေါင်းပါး နုံနဲ့သည့်အတွက် ခွင့်လွှတ်ပါရန်' ပြောကြားတောင်းပန်လိုက်သည်။

ထိုအခါ ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုက ထပ်မံရယ်မောပြီး–

"ကျုပ်အကြောင်း မကြားဖူးတာဟာ မောင်ရင့်အဖို့ အရေးမကြီးပါဘူးဗျာ။ ကျုပ်တို့အသက်ကို ဝင်ရောက်ကယ်တင်တဲ့အတွက် မောင်ရင်ကို ကျေးဇူးတင်လှပါပြီ။ ဒီအတွက် မောင်ရင့်ကို ကျုပ်တို့ ပြုစုကျွေးမွေးပါရစေ" ဟု ပြောကြားကာ အနီးရှိ ထမင်းဆိုင်လေးဘက်သို့ သုံးယောက်သား အတူတကွ လျှောက်ခဲ့ကြသည်။

*

ထမင်းဆိုင်လေးသို့ရောက်သောအခါ လူထွားကြီး ပီထရိုက အစားအသောက်များကို အော်ကြီးဟစ်ကျယ် မှာကြားပြီးနောက် အစားအစာများ ရောက်သောအခါ အီလာရွှန်အား –

http://www.cherrythitsar.org



"စားအနုပညာရှင် မောင်ရင်လေးရေ ... ကျုပ်တို့အဖို့ မောင်ရင့် ကျေးဇူးကြီးလှပါပေတယ်။ စားသာစား။ ဘာမှ အားမနာနဲ့" ဟု တိုက်တွန်းပြောကြားရင်း အစားအစာများကို ပလုပ်ပလောင်း စားသောက်သည်။ ထို့နောက် အီလာရှန်အား စေ့စေ့ကြည့်ရင်း –

"မောင်ရင်က ဘာကြောင့် နေပီကို သွားချင်ရတာလဲ။ ကျုပ်တို့က လည်း နေပီကို သွားမှာပဲ" ဟု မေးလိုက်ရာ၊ အီလာရှန်က –

"ကျွန်တော်ဟာ အညတရဆင်းရဲသားတစ်ယောက်ပါ။ နေပီကို သွားပြီး ဆီဇာဘော်ဂျာဆီမှာ အမှုတော်ထမ်းရရင် ကြီးပွားချမ်းသာနိုင်တယ်လို့ ထင်မိပါတယ်။ ဒါကြောင့် နေပီကို သွားတာပါ" ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

ထိုအခါ လူထွားကြီးပီထရိုက –

"မောင်ရင့်အဖြေကိုတော့ ကြိုက်သွားပြီ။ မောင်ရင် ဒီလို ပွင့်လင်းရိုးသားတဲ့အတွက် သဘောကျသဗျာ။ ဆီဇာဘော်ဂျာထံကို ကျုပ်တို့ သွားရောက်အမှုထမ်းကြတာကတော့ မောင့်လို ချမ်းသာကြီးပွားချင်လို့ မဟုတ်ဘူး။ ကျုပ်က ပန်းချီဆရာတစ်ယောက်ဖြစ်ပေမဲ့ စွန့်စားရတဲ့အလုပ်ကို သိပ်သဘောကျတယ်ဗျ။ ဒီလို စွန့်စားချင်တဲ့အတွက်ကြောင့်လည်း ဆီဇာဘော်ဂျာထံကို ထွက်လာခဲ့တာပဲ။ လီအိုနာဒိုကတော့ သူ့စိတ်ကူးကြံဆထားတဲ့ အမြောက်တွေ၊ လက်နက်ဆန်းတွေ၊ ချပ်ဝတ်တန်ဆာတွေကို လက်တွေ့ပြုဆောင် အသုံးချချင်တဲ့အတွက် ထွက်လာခဲ့တာပဲ" ဟု ဖွင့်ဟပြောကြားသည်။

ဤသို့ဖြင့် စကားတပြောပြောနှင့် ပျော်ပျော်ပါးပါး စားသောက်သုံး ဆောင်နေကြရာ၊ အီလာရှန်လည်း 'လီအိုနာဒို ကဲ့သို့သော နာမည်ကျော်ပုဂ္ဂိုလ် ထူးကြီးနှင့် မိမိတန်းတူရည်တူ စားသောက်သုံးဆောင်ရသည့်အတွက်' အထူး ဝမ်းမြောက်ကြည်နူးနေရှာသည်။

*

ထမင်းဆိုင်လေးတွင် စားသောက်သုံးဆောင်ပြီး၍ စတင်ခရီးထွက်သောအခါ၌ နေဝင်ခါနီးနေပေပြီ။ သို့သော် နေပီသို့ ရောက်ရန်မှာ သုံးမိုင်မျှသာ ကျန်တော့သည့်အတွက် ပူပန်ကြောင့်ကျခြင်း မဖြစ်ကြပေ။ စကားတပြောပြောနှင့် မြင်းကို အေးအေးလူလူစီးလာကြသည်။

ထိုအခိုက်တွင် ပန်းချီဆရာလူထွားကြီး ပီထရိုက –

"ဒီမှာ မောင်ရင်ရေ့။ ကျုပ် မိတ်ဆွေကြီး လီအိုနာဒိုဟာ ဆီဇာဘော်ဂျာအတွက် အမြောက်ဆန်းတစ်မျိုးကို တီထွင်ပေးဖို့ စိတ်ကူးရထားတယ်ကွယ့်။ အဲဒီအမြောက်က သိပ်ပြီးကြောက်စရာကောင်းတာ။ အဲဒီအမြောက်နဲ့

http://www.cherrythitsar.org



သာ ထုရရင် ဖောလစ်မြို့ရဲ့ တံတိုင်းတွေ တဝုန်းဝုန်း ပြိုကျကုန်မှာ အမှန်ပဲ။ ကက်တီရီးနားစဖော်ဇာရဲ့ မျှော်စင်ကြီးတွေ ပြိုကျပျက်စီးမှာလည်း အမှန်ပဲ" ဟု ပြောကြားရာမှ နှုတ်ဆက်နေသော ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုဘက်သို့ လှည့်ကာ –

"လီအိုနာဒိုရေ ... အီလာရှွန်ကို ကျုပ်တို့ လူရင်းလို သဘောထားပြီး ခင်ဗျားရဲ့ မှတ်စုကို ပြလိုက်စမ်းပါဗျာ" ဟု ပန်ကြားလိုက်သည်။

ဤတွင် ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုလည်း မနေသာတော့ဘဲ သူ၏နာမည်ကျော် 'မှတ်စု'စာအုပ်ကို ထုတ်ပြရတော့သည်။ အီလာရှွန်လည်း နာမည်ကျော် ပန်းချီအနုပညာရှင်ကြီး၏ လက်ရာမြောက်ပြီး စိတ်ကူးစိတ်သန်း ဆန်းလှသော ပုံအမျိုးမျိုးကို တအံ့တသြ ငေးကြည့်နေမိသည်။

ထိုအခိုက်တွင် အီလာရှွန်၏ အမူအရာကို အကဲခတ်နေသော ပီထရိုက –

"ကြည့်စမ်း လီအိုနာဒို .... ပန်းချီအကြောင်းကို ဘာမှ နားမလည်တဲ့ အီလာရှွန်တောင် ခင်ဗျားရဲ့ ကြီးကျယ်ခမ်းနားတဲ့ အနုပညာပါရမီကို ခံစားနိုင်တယ်" ဟု ပြောကြားလိုက်ရာ ပန်းချီပညာရှင်ကြီး လီအိုနာဒိုက သဘောကျသွား ဟန်ဖြင့် အသာပြုံးလိုက်ပြီး မုတ်ဆိတ်ရှည်ကြီးကို လက်ဖြင့် သပ်နေသည်။ ထို့နောက် –

"အီလာရှွန်ရေ။ တကယ့်ဓားသမားဆိုတာ တကယ့် ဓားကောင်းကို ကိုင်ရတယ်။ ဒီတော့ မောင်ရင့်အတွက် ကျုပ်ဓားကောင်းတစ်လက် လက်ဆောင်ပေးပါ့မယ်။ အဲဒီဓားဟာ နယ်စားကြီး လူဒိုဗီကို စဖော်ဆာအတွက် ကျုပ် လုပ်ပေးဖူးတဲ့ဓားထက် ကောင်းရပါစေ့မယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ပီထရိုက အီလာရှွန်၏ကျောပြင်ကို လက်ဝါးကြီးဖြင့် ဝမ်းသာအားရပုတ်လိုက်ရင်း –

"အီလာရှွန်ရေ ... မောင်ရင်တော့ သိပ်ကံကောင်းတာပဲ။ နယ်စားကြီး လူဒိုဗီကိုစဖော်ဆာအတွက် လီအိုနာဒိုလုပ်ပေးခဲ့တဲ့ ဓားဟာ သိပ်ကောင်းတယ်ကွယ့်။ လက်ကိုင်မှာ စပျစ်နွယ်တွေ ပန်းတွေ ရောယှက်ပြီး သိပ်ပြီးလှတာပဲ" ဟု ပြောကြားလိုက်ရာ အီလာရှွန်က –

"ဓားဆိုတာ အရိုးလှဖို့ထက် အသွားကောင်းဖို့ လိုပါတယ်ဗျာ" ဟု ပြန်လည်ပြောကြားလိုက်သည်။

ထိုအခါ ပန်းချီပညာရှင်ကြီး လီအိုနာဒိုက အသာပြုံးပြီး –

http://www.cherrythitsar.org



"မှန်လိုက်လေကွယ်၊ စားသွားမကောင်းမှာကိုတော့ ပူမနေပါနဲ့။ စပိန်ပြည်အလယ်ပိုင်း တိုလီဒိုနယ်က ထွက်တဲ့ အကောင်းဆုံးသံနဲ့ မောင်ရင့်ကို လုပ်ပေးမှာပေါ့" ဟု ပြောကြားကတိပေးလိုက်သည်။

တိုလီဒိုနယ်ကသံမှာ ဥရောပတိုက်၌ အကောင်းဆုံးသံအဖြစ် ကျော်စော ထင်ရှားနေပေရာ၊ တိုလီဒိုသံဖြင့် နာမည်ကျော်ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုကိုယ်တိုင် ပြုဆောင်ပြီး လက်ဆောင်ပေးမည့်စားမှာ တုယဉ်မရနိုင်သည့် စားကောင်းတစ်လက်ဖြစ်မှာ သေချာနေပေတော့သည်။ ထို့ကြောင့် အီလာရှ်နလည်း မိမိပိုင်ဆိုင်ရမည့် စားအကြောင်းကို တွေးကာ စိတ်ကူးယဉ်နေမိတော့သည်။ အတိုင်းမသိ အပျော်ကြီး ပျော်နေမိတော့သည်။

⌘ ⌘ ⌘

၅

## ဆီဇာဘော်ဂျာ၏ ဂပက်သုံ့ဘော်လေး

ဆီဇာဘော်ဂျာ တပ်စခန်းချရာ နေပီသို့ ရောက်သောအခါ ဆီဇာဘော်ဂျာ လည်း နာမည်ကျော် ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုအား ဖက်လဲတကင်း ဝမ်းသာအားရကြိုဆိုသည်။ ထို့ပြင် ပန်းချီအနုပညာရှင်ကြီး လီအိုနာဒို၏ အသက်ကို ဝင်ရောက်ကယ်တင်လာခဲ့သော အီလာရှုန်အား လှိုက်လှိုက်လှဲလှဲ ချီးကျူးသည်။

ထို့နောက် ဆီဇာဘော်ဂျာ၏ ရှက်ထည်တဲနန်းတွင် တည်ခင်းကျင်းပ သေစာ ညစာစားပွဲသို့ အီလာရှုန်အား ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုတို့ နည်းတူ ဖိတ်ကြားကျွေးမွေးရာ အီလာရှုန်လည်း အီတလီပြည်ရှိ နာမည်ကြီး လူကျော်လူမော်များနှင့်အတူ ညစာစားခွင့်ရတော့သည်။ ထိုအခါ အီလာရှုန် လည်း မိမိကြုံတွေ့ရသောအဖြစ်အပျက်ကို မယုံကြည်နိုင်အောင် ဖြစ်ကာ 'အိပ်မက်ပေလော' ဟု တွေးတောနေရှာပေသည်။ ထို့ကြောင့် အကောင်းဆုံး အစားအစာများကိုပင် မြိုမကျနိုင်ဘဲ တို့ကနန်းဆိတ်ကနန်းသာ စားနိုင်တော့ သည်။

ထိုအခါ လူတိုင်းကို မသိမသာ အကဲခတ်နေသော ဆီဇာဘော်ဂျာက

"အီလာရှုန် ... အစားလည်း နည်း၊ စကားလည်း နည်းလှပါလား။ သူများလိုလည်း မစားမသောက်ပါလား" ဟု အရေးတယူ မေးမြန်းလိုက်ရာ အီလာရှုန်က –

http://www.cherrythitsar.org



"ကျွန်တော်မျိုးဟာ အခြားအကြောင်းတွေကို မသိပါဘူး။ ဓား အကြောင်းကိုပဲ သိပါတယ်။ ကျွန်တော်မျိုး အလွန်အမင်း သောက်စားထားရင် ရုတ်တရက် အရေးအကြောင်း ပေါ်လာတော့ ခက်ပါလိမ့်မယ်။ ကျွန်တော်မျိုး ဟာ အရှင့် အမှုတော်ထမ်းဖို့အတွက် အမြဲအသင့်ဖြစ်နေချင်ပါတယ်" ဟု လျှောက်တင်လိုက်သည်။

ထိုအခါ ဆီဇာဘော်ဂျာက စွန်ပလွံသီးကို တမြုံ့မြုံ့ဝါးနေရာမှ –

"အီလာရွန် ... မောင်မင်းလျှောက်တင်တဲ့ စကားဟာ စကားကောင်း ပဲ။ ဒီလိုစိတ်ထားမျိုးရှိကြောင်း သိရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ကျုပ်ဟာ ကြီးမြင့်ထူးချွန်တဲ့ သေနာပတိကြီးတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ 'လူ့အရည်အသွေး' ကို ခန့်မှန်းတွက်ဆပြီး 'သင့်တော်တဲ့သူကို သင့် တော်တဲ့နေရာမှာ 'လူမှန်နေရာမှန်' အသုံးချတတ်တဲ့ အရည်အချင်း ကျွန်ုပ်မှာ ရှိပါတယ်။ အခုလည်း ကျုပ်ဟာ လက်ရွေးစင်လူမွန်လူချွန်တွေကို ရွေးချယ် စုရုံးထားပါတယ်။ အဲဒီလူတွေကသာ ပေးအပ်တဲ့တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်ကြမယ်ဆိုရင် အီတလီပြည်တစ်ဝှမ်းလုံးသာမက ပြင်သစ်တစ်ပြည် လုံးပါ ကျုပ်ရဲ့ ကျော်စောသတင်း ပျံ့သင်းထင်ရှားမှာ အမှန်ပဲ" ဟု မိန့်ကြား သည်။ ထို့နောက် အီလာရွန်ကို စေ့စေ့ကြည့်ရင်း –

"မောင်မင်းကို အီတလီပြည်တစ်ဝှမ်းက အကျော်အမော်တွေနဲ့ တန်း တူ ဘာကြောင့် ယုံယုံကြည်ကြည်နဲ့ ရွေးကောက်ခဲ့သလဲဆိုတာကို မောင်မင်း သိချင်ပေလိမ့်မယ်။ ကျုပ် အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောပါ့မယ်။ မောင် မင်းကို ကျုပ် ယုံယုံကြည်ကြည်နဲ့ လူယုံတော်အဖြစ် ရွေးကောက်ခဲ့တာဟာ ဓားရေးမှာ အတုမဲ့ထူးချွန်တဲ့အတွက်ဖြစ်တယ်။ မောင်မင်းလို ဓားသမား ကောင်းတွေ အသုံးချဖို့အကြောင်းကိစ္စလည်း ကျုပ်မှာ ရှိနေတယ်" ဟု မိန့် ကြားပြီးမှ –

"ဖော့ဆိတ်မြို့က ရဲတိုက်ကြီးတစ်ခုမှာ ကျုပ်ရဲ့အဆွေတော် သုံးဦး အကျဉ်းခံနေကြရတယ်။ အဲဒီအဆွေတော်သုံးဦးမှာလည်း ကျုပ်ကို လျှောက် တင်ဖို့ အဖိုးမဖြတ်နိုင်တဲ့ သတင်းစကားတွေ ရှိနေတယ်။ ဒါကြောင့် အဲဒီ အဆွေတော်သုံးဦး သတင်းကို ကျုပ် ကြားချင်သိချင်နေတယ်။ သူတို့ညှဉ်းပန်း နှိပ်စက်ပြီး သတ်လိုက်ကြပလား။ ဒါမှမဟုတ်ဘဲ အကျဉ်းခန်းထဲမှာ အသက် ရှင်နေကြတုန်းပဲလားဆိုတာ ကျုပ်သိချင်တယ်။ ပြီးတော့ သူတို့ အသက်ရှင် နေသေးရင်လည်း အကျဉ်းခံနေရတဲ့ ရဲတိုက်ကြီးထဲက လွတ်မြောက်အောင် ကယ်တင်စေချင်တယ်" ဟု မိန့်ကြားသည်။ ထို့နောက် စိတ်အားထက်သန် သော အမူအရာဖြင့် –

http://www.cherrythitsar.org



"အရင်တုန်းဆိုရင် ကျုပ်ရဲ့ အဆွေတော်သုံးဦး ရန်သူတွေ လက်ထဲ ကျသွားတယ်ဆိုတာပဲ ကျုပ်သိရတယ်။ သူတို့တစ်တွေကို ဖော့ဆိတ်ရဲတိုက် ကြီးထဲမှာ အကျဉ်းချထားကြောင်းကိုတော့ မကြာခင်ကမှ သိခဲ့တာပါ။ ဂယ်လီ နာ နယ်စားကတော် မင်းသမီးလေး ဘိထရစ်ရဲ့ ရုပ်ပုံလွှာပန်းချီကားကြီးက ပန်းချီကားစလေးကို ကျုပ်ဓားနဲ့ ဖြတ်ယူခဲ့တာကို မောင်မှတ်မိပါလိမ့်မယ်။ အဲဒီပန်းချီကားစလေးမှာ ခုနက ပြောတဲ့သတင်းစကားနဲ့ သူတို့အကျဉ်းခံနေရ တဲ့ မြေပုံကို ရေးထားတယ်။ ကျုပ် အထင်ပြောရရင် ဖော့ဆိတ်ရဲတိုက်ကြီးမှာ ကျုပ်ရဲ့အဆွေတော် သုံးဦး အကျဉ်းခံရတဲ့ အကြောင်းနဲ့ အကျဉ်းခံရတဲ့နေရာ မြေပုံကို လျှို့ဝှက်တဲ့ သတင်းစကားကို အရောင်းအဝယ်ပြုတတ်တဲ့ သူလျှိုတစ် ယောက်က ပတ္တူအဝတ်စတစ်ဘက်စွန်းမှာ ရေးပြီး ပန်းချီကျော်မာဆန်တီဆီကို ရောင်းပါလိမ့်မယ်။ မာဆန်တီကလည်း အဲဒီပတ္တူအဝတ်စပေါ်မှာ ဘိထရစ်ရဲ့ ရုပ်ပုံလွှာပန်းချီကားကိုရေးဆွဲမိပါလိမ့်မယ်။ အဲဒါကို ဘိထရစ်က တစ်နည်း နည်းနဲ့ သိသွားပြီး အဖိုးမဖြတ်နိုင်တဲ့ သတင်းစကားနဲ့ မြေပုံကို ပြန်ပြီး ရောင်း ချင်တဲ့အတွက် မောင်မင်းကို မာဆန်တီဆီက ပန်းချီကားကို မရရအောင် ခိုးယူ ခိုင်းခြင်းဖြစ်လိမ့်မယ်" ဟု မိန့်ကြားသည်။ ထို့နောက် –

"အခုဆိုရင် ကျုပ်ရဲ့ အဆွေတော်သုံးဦး အကြောင်းရော သူတို့ အကျဉ်းခံနေရတဲ့ နေရာကိုပါ ကျုပ်အတိအကျ သိထားရပြီ။ အဲဒီ အဆွေတော် သုံးဦးကို ကယ်တင်ဖို့အတွက် ဖော့ဆိတ်ရဲတိုက်ကြီးကို အလုံးအရင်းနဲ့ တိုက် ခိုက်သိမ်းယူဖို့ ဆိုတာလည်း လောလောဆယ်မှာ မသင့်တော်သေးဘူး။ ဒီတော့ အခုအခြေအနေမှာ ကျုပ်ရဲ့ လက်ရွေးစင် လူယုံတော်နှစ်ယောက်ကို အထူး တာဝန်နဲ့ ဖော့ဆိတ်ရဲတိုက်ကြီးကို တိတ်တဆိတ် စေလွှတ်ပြီး ကျုပ်အဆွေ တော်သုံးဦးကို ဖြစ်တဲ့နည်းနဲ့ ကယ်တင်တာပဲ အကောင်းဆုံးလို့ ကျုပ် မှတ်ထင် ယုံကြည်တယ်" ဟု မိန့်ကြားသည်။ ထို့နောက် အီလာရွှန်၏မျက်နှာကို စူးစူး စိုက်စိုက်ကြည့်ရင်း –

"ဒီမှာ အီလာရွှန်၊ အခုပြောတဲ့ အထူးတာဝန်ကို ဆောင်ရွက်မယ့် သူဟာ မရဏသေမင်းရဲ့ ခံတွင်းထဲဝင်တာနဲ့ အတူတူပဲ။ ဒီလို အခြေအနေမှန်ကို သိထားရက်နဲ့ မောင်မင်းကို အဲဒီအထူးတာဝန်ကို ပေးရင် မောင်မင်း ဆောင် ရွက်မလား" ဟု မေးလိုက်ရာ အီလာရွှန်က ရဲဝံ့တည်ကြည်သော အမူအရာဖြင့်–

"အရှင်စေခိုင်းသမျှ တာဝန်ကို ဦးလည်မသုန် ဆောင်ရွက်ချင်တဲ့ အတွက် ရောမရွှေမြို့တော်ကနေပြီး အရှင့်ဆီကို လာရောက်ခဲ့တာပါ အရှင်။ ကျွန်တော်မျိုး ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်ပါ့မယ်" ဟု လျှောက်တင်လိုက် သည်။

http://www.cherrythitsar.org



ထိုအခါ ဆီဇာဘော်ဂျာလည်း ထိုင်ရာမှ ထကာ အီလာရွှန်၏အပါး သို့ ကြွမြန်းလာပြီး အီလာရွှန်၏ ပခုံးကို တရင်းတနှီး ပုတ်လိုက်သည်။ ထို့နောက် အသာပြုံးရင်း –

"ကောင်းလှပေပြီ မောင်မင်း။ အခု တစ်ရက်နှစ်ရက် အတွင်းမှာတော့ မောင်မင်း ချက်ချင်း မဆောင်ရွက်ရသေးဘူး။ နားနေအပန်းဖြေပါဦး။ ကျုပ် အလိုတော်ရှိတဲ့အခါမှာတော့ အသင့်ဖြစ်ပါစေ" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ အီလာရွှန်လည်း ထိုင်ရာမှထကာ ရွှက်ထည်တဲနန်းတွင်းမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက်တွင် ဆီဇာဘော်ဂျာက –

"အီလာရွှန်ရေ၊ မောင်မင်းကို ကြိုတင်ပြီး မှာထားစရာ ကျန်သေး တယ်။ ကျုပ်ဟာ အမှုတော်ကို အောင်မြင်ထမြောက်အောင် ကျေကျေပွန်ပွန် ဆောင်ရွက်တဲ့ ကျုပ်ရဲ့ လူတွေကို အစွမ်းကုန် မြှောက်စားချီးမြှင့်လေ့ရှိတယ်။ ဖော့ဆိတ်ရဲတိုက်ကြီးမှာ အကျဉ်းခံနေရတဲ့ အဆွေတော်သုံးဦးကို မောင်မင်း ကယ်ထုတ်နိုင်ပြီး အဲဒီလူတွေကလည်း ကျုပ်ကြားသိလိုတဲ့ သတင်းစကားများ ကို ပြောကြားလျှောက်တင်နိုင်မယ်ဆိုရင် မောင်မင်းကို ကျုပ်အစွမ်းကုန် မြှောက် စားချီးမြှင့်ပါ့မယ်" ဟု လှမ်းပြီး မိန့်ကြားလိုက်သည်။

*

အီလာရွှန်လည်း ဆီဇာဘော်ဂျာ၏ ရွှက်ထည်တဲနန်းတော်တွင်းမှ ထွက်လာပြီးနောက် မိမိအတွက် နေရာသို့ လျှောက်လာခဲ့ရာ ပန်းပဲဖိုမှ လော လောလတ်လတ် တင်ဆောင်လာခဲ့သော သံချပ်အင်္ကျီတို့ဖြင့် အပြည့်ရှိနေသည့် ကုန်တင်ရထားကြီးတစ်စီးအပါးတွင် မိမိကို ရပ်စောင့်နေသော ပန်းချီဆရာ လူထွားကြီး ပီထရိုကို တွေ့ရသည်။

ပီထရိုက ပြုံးပြီး –

"ဘယ်နှယ့်လဲ မောင်ရင်၊ ဆီဇာဘော်ဂျာရဲ့ အရေးကြီးတဲ့ လျှို့ဝှက် ကိစ္စတွေကို ပြောဆို ဆွေးနွေးခဲ့ရတယ်နဲ့ တူတယ်။ ဘာများ အကြောင်းထူး သလဲ" ဟု မေးလိုက်ရာ၊ အီလာရွှန်က –

"အကြောင်းထူးကတော့ ကျွန်တော့်ကို တာဝန်တစ်ရပ် ပေးအပ်လိုက် တာပါပဲ" ဟု မယုတ်မလွန် ဖြေကြားလိုက်သည်။

ထိုအခါ ပီထရိုက –

"စွန့်စွန့်စားစား ဆောင်ရွက်ရမယ့် တာဝန်တစ်ရပ်နဲ့ တူတယ် ဟုတ် လား။ မောင်ရင်တစ်ယောက်တည်း ဆောင်ရွက်ရမှာလား။ အဖော်ကော ပါဦး မလား" ဟု ထပ်မံမေးရာ၊ အီလာရွှန်လည်း ဖြေသင့်မဖြေသင့် ချိန်ဆရင်း ပီထရို၏ မျက်နှာကို အကဲခတ်နေသည်။

http://www.cherrythitsar.org



ထိုအခါ ပီထရိုက "ကျုပ်ကို စိတ်ချစမ်းပါ မောင်ရင်၊ ကျုပ်တို့က မောင်ရင့်အပေါ်မှာ သစ္စာရှိတဲ့ မိတ်ဆွေတွေပါ။ မောင်ရင် ကြီးပွားချမ်းသာတာကိုလည်း လိုလားပါတယ်။ ကျုပ်က စွန့်စားရရင် ကျေနပ်နေတဲ့ လူမျိုးပါ။ မောင်ရင် ဆောင်ရွက်ရမယ့် ကိစ္စက စွန့်စားရမယ့်ကိစ္စ မဟုတ်လား။ ကျုပ်က စွန့်စားချင်နေတဲ့ လူဖြစ်လို့ စိတ်ဝင်စားမိတာပါ။ တကယ်လို့ မောင်ရင်နဲ့အတူ တွဲပြီး ဆောင်ရွက်ရမယ့်အဖော်လိုရင် ကျုပ်နာမည်ကို လျှောက်တင်လိုက်ပါ။ မောင်ရင်နဲ့အတူ ကျုပ် အရိုးကျေကျေ အရေခန်းခန်း လက်တွဲပြီး ဆောင်ရွက်ပါ့မယ်" ဟု ပြောကြားလိုက်ရာ အီလာရွှန်လည်း ဝမ်းသာအားရ ပြုံးပြီး ပီထရိုအား လက်ကမ်းပေးလိုက်သည်။

ထို့နောက် ပီထရိုနှင့် အီလာရွှန်တို့လည်း တစ်ဦးလက်ကို တစ်ဦးကိုင်ကာ ရွက်ထည်တဲများကို ဖြတ်ပြီး မိမိတို့နေရာသို့ အတူတကွ လျှောက် လာရာ ရွက်ထည်တဲတစ်တဲ ရှေ့သို့ အရောက်တွင် ရွက်ထည်တဲတွင်းမှ လူတစ် ယောက် ရုတ်တရက် ထွက်ပြူလာသည်ကို တွေ့လိုက်ရသည်။ ရွက်ထည်တဲ တွင်းရှိ အလင်းရောင်ကြောင့် ထိုလူ၏မျက်နှာကို သဲသဲကွဲကွဲ မြင်လိုက်ရသည်။ အလို ... ထိုသူကား အခြားအဟုတ်။ အီလာရွှန်နှင့် ဓားချင်းယှဉ်ခုတ်ခဲ့ဖူးသော လူချောလူလှ ပေါလိုပေတည်း။

ပေါလိုလည်း အီလာရွှန်ကို မမျှော်လင့်မမှတ်ထင်ဘဲ တွေ့ရသည့် အတွက် အံ့သြနေရာမှ အီလာရွှန်၏ နောက်ကျောကို မုန်းတီးစက်ဆုပ်သော အမူအရာဖြင့် လှမ်းကြည့်နေသည်။

*

နေပီရှာကြီး၏အောက်ဘက်၊ ကြီးမားကျယ်ပြန့်သော လွင်ပြင်ကြီး၌ တပ်စွဲစုရုံးနေသည့် ဆီဇာဘော်ဂျာ၏ တပ်စခန်း၌ စစ်သည်တော်ပေါင်း ကိုးထောင်ကျော်မျှ ရှိပြီး ကိုယ့်တပ်နှင့်ကိုယ် အသီးသီး နေရာယူထားကြလေ သည်။ တပ်များမှာ ပြင်သစ်လှံရှည်တပ်၊ ပြင်သစ်အမြောက်တပ်၊ ဆွစ်လှံကိုင် တပ်၊ စကော့လေးသည်တော်တပ် စသောနိုင်ငံခြားတပ်များအပြင် တိုင်းရင်း သားတပ်များလည်း ပါဝင်လေရာ တပ်ပေါင်းစုံနေတော့သည်။ ထိုတပ်အသီး သီးတို့လည်း အောက်တိုဘာလ၏ ဝင်းပသော နေရောင်အောက်တွင် မနက် တိုင်း ကိုယ့်တပ်နှင့်ကိုယ် စစ်ရေးလေ့ကျင့်နေကြပုံကို ရှုကြည့်ရသည်မှာ ခမ်း နားထည်ဝါလှပေသည်။

ဤသို့ တပ်အသီးသီး စစ်ရေးလေ့ကျင့်နေသည်ကို အီလာရွှန် စိတ် ဝင်စားစွာ ကြည့်ရှုနေခိုက်တွင် ပန်းချီဆရာကြီး ပီထရို ရောက်လာပြီး အထူး အဆန်း ပြမည်ဟုဆိုကာ အီလာရွှန်အား ခေါ်သွားသည်။ ထို့နောက် ပန်းချီ

http://www.cherrythitsar.org



အနုပညာရှင်ကြီး လီအိုနာဒို တီထွင်ပေးသည့် အကြံဉာဏ်အတိုင်း သေနင်္ဂဗျူဟာ ပါရဂူ ဗီတယ်လောဇိုး အကောင်အထည်ဖော်ပြုဆောင်ထားသည့် အသစ်စက်စက် အမြောက်ကြီးကိုပြရာ အီလာရွှန်လည်း တအံ့တသြ ငေးမောကြည့်ရှုနေမိသည်။

အမြောက်ကြီးကား အလွန်ကြီးမားပြီး ဝင်းပသော နေရောင်အောက်တွင် တလက်လက် တောက်ပနေပေသည်။ သေနင်္ဂဗျူဟာပါရဂူ ဗီတယ်လောဇိုးလည်း အမြောက်ကြီးကို အသေအချာ ချိန်ရွယ်ခိုင်းပြီးနောက် အမြောက်တပ်သားတို့ကို 'ပစ်' ဟု အမိန့်ပေးလိုက်ရာ၊ 'ဝုန်း' ဟူသော အသံကြီး မြည်ဟိန်းထွက်ပေါ်လာသည်။ ထို့အတူ ပစ်မှတ်အဖြစ် ချိန်ရွယ်ထားသော ဝေးလံသော အရပ်၌ရှိသည့် သစ်သားတဲလေးကို တိုက်ရိုက်ထိမှန်ပြီး မီးတဟုန်းဟုန်း တောက်လောင်သွားရာ၊ ဝိုင်းကြည့်နေကြသော စစ်သည်တော်အပေါင်းလည်း "ဟူးရေး ... ဟူးရေး" ဟု ဝမ်းသာအားရ ဟစ်အော် ကြွေးကြော်ကြကုန်သည်။

*

ဆီဇာဘော်ဂျာ၏ တပ်စခန်း၌ နေထိုင်ရင်း ဆီဇာဘော်ဂျာ၏ အမိန့်တော်ကို စောင့်ဆိုင်းနေစဉ်ကာလတွင် အီလာရွှန်သည် လူအမျိုးမျိုးကို တွေ့ရကြုံရ ဆုံရသည်။ အဖြစ်အပျက် အမျိုးမျိုးကို တွေ့ရ မြင်ရ ဆုံရသည်။ တစ်နေ့သော ညနေခင်းတွင် ညစာစားအပြီး၌ ဆီဇာဘော်ဂျာသည် အီလာရွှန်ရှိရာသို့ ကြွမြန်းလာပြီး "အီလာရွှန် အဝတ်အစားလဲချေ၊ မောင်မင်းအတွက် မြင်းအသင့်ပြင် ခိုင်းထားတယ်။ ကျုပ်တို့ အခုချက်ချင်း ညီမတော်ရဲ့ နွေရာသီနန်းတော်ကို ခရီးဆက်ကြရမယ်" ဟု မိန့်ကြားလိုက်သည်။

ထို့ကြောင့် အီလာရွှန်သည် မိမိရှက်ထည်တဲသို့သွားကာ အဝတ်အစားလဲပြီး တဲအပြင်သို့ထွက်လာရာ၊ ကောင်းပေ့ကြော့ပေ့ မြင်းကြီးနှစ်စီးကို ဆွဲပြီး အသင့်စောင့်နေသော လုလင်ပျိုနှစ်ဦးကို တွေ့ရသည်။ ထို့အတူ ဝတ်ကောင်းစားလှများကို ဆင်မြန်းထားသော ပန်းချီဆရာလူထွားကြီး ပီထရိုကို လည်း တွေ့ရသည်။

ပန်းချီဆရာ ပီထရိုက ပြုံးပြီး –

"အီလာရွှန်ရေ ... ကျုပ်တို့ အခုထွက်ရမယ့်ခရီးက အပျော်ခရီး သက်သက်တဲ့ဗျ။ ဒီလို အပျော်ခရီးမှာ ဆီဇာဘော်ဂျာက ဘာကြောင့်များ ကျုပ်တို့ကို အတူခေါ်သွားသလဲ မသိဘူး" ဟု ပြောကြားသည်။

ထို့နောက် ပီထရိုနှင့် အီလာရွှန်တို့လည်း ဆီဇာဘော်ဂျာတို့ လူစုနှင့် အတူ နေပီစခန်းမှ နေပြီး ဆီဇာဘော်ဂျာ့ညီမတော် လူခရေဇီးယား၏ နွေရာသီနန်းတော်သို့ မြင်းကိုယ်စီနှင့် ခရီးနှင်လာခဲ့ကြသည်။

http://www.cherrythitsar.org



မင်းသမီးလေး လူခရေးဇီးယား၏ နွေရာသီ နန်းတော်ကား ဆီမီး များ ထိန်ထိန်ညီးအောင် ထွန်းထားပြီး အဝေးကပင် ရယ်သံမောသံတို့ကို ကြားနေရသည်။ နွေရာသီ နန်းတော်သို့ ရောက်ကာနီးတွင် ပီထရိုက –

"ဆီဇာဘော်ဂျာရဲ့ညီမတော်က အစ်ကိုတော်ဘုရားအတွက် နှုတ်ဆက်ပါတီပွဲ ကျင်းပနေတာနဲ့တူတယ်။ အဲဒီပွဲမျိုးမှာပါဝင်ဆင်နွှဲရတာဟာ အတော့်ကို ပျော်စရာကောင်းတယ်ဗျို့" ဟု အပါးရှိ အီလာရွှန်အား ဝမ်းသာအားရ ပြောကြားလိုက်သည်။

နွေရာသီနန်းတော်အနီး ဥယျာဉ်ကြီး၌ ကျင်းပနေသော ပါတီပွဲကြီး ကား ထူးခြားဆန်းကြယ်စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ ပါတီပွဲသို့ တက်ရောက်ကြသည့် ယောကျ်ားမိန်းမတိုင်းပင် မျက်နှာဖုံးများ တပ်ဆင်ထားကြရုံမျှမက ထူးခြားဆန်းကြယ်လှသော အဝတ်အစားပုံစံအမျိုးမျိုးကိုလည်း ဝတ်ဆင်ထားကြသည်။

အီလာရွှန်တို့ လူစုလည်း ပါတီပွဲကျင်းပနေရာသို့ မြင်းကိုယ်စီဖြင့် ခပ်ဖြည်းဖြည်း စီးဝင်လာကြရာ ပါတီပွဲသို့ တက်ရောက်လာကြသော သူများလည်း စိတ်ဝင်စားစွာ လှမ်းကြည့်နေကြသည်။ ထိုသို့ လှမ်းကြည့်နေကြသော သူများအနက်မှ မိန်းမချောလေး တစ်ဦး၏ လက်ကို ဖမ်းဆွဲကာ ပီထရိုက မြင်းပေါ်မှ ကိုယ်ကို ကိုင်းညွတ်ပြီး ပါးပြင်ကို နမ်းရန် ကြိုးစားသည်။ ထိုအခါ မိန်းမချောလေးက ပါးပြင်ကို လက်ဖြင့် ကပျာကယာ ကာရင်း –

"ဆီညော်ရေ ... ရှင့်မှာ မျက်နှာဖုံးမရှိသေးဘူး။ မျက်နှာဖုံးတပ်မထားတဲ့သူဟာ နမ်းခွင့်မရှိဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရွှန်လည်း မိန်းမချောလေး အပါးသို့ မြင်းကို ဖျတ်ခနဲ ကပ်လိုက်ပြီးလျှင် ညာဘက်လက်ဖြင့် မျက်နှာကို ကာကာ ဘယ်ဘက်လက်ဖြင့် မိန်းမချောလေး၏ခါးကို ဆတ်ခနဲ ပွေ့ယူလိုက်သည်။ ထို့နောက် –

"မက်ဒိုနာ ... ကျွန်တော့်မှာ လက်မျက်နှာဖုံးရှိတယ်နော်" ဟု ပြောရင်း နှုတ်ခမ်းကို စုတ်နမ်းပြီး အောက်သို့ ပြန်ချပေးလိုက်သည်။

ထို့နောက် မိမိအဖော်များနှင့် ပြတ်ကျန်မနေအောင် မြင်းကို ဆက်ပြီး စီးနင်းလာခဲ့သည်။ ထိုအခိုက်တွင် အီလာရွှန်၏ အနမ်းကို ခံယူခဲ့ရသော မိန်းမချောလေးက –

"ဖြတ်ထိုးဉာဏ်ကောင်းတဲ့ ကိုလူချောလေးရေ ... ရှင်နဲ့ကျွန်မ ပြန်ပြီး ဆုံချင်သေးတယ်" ဟု လှမ်းပြီး အော်ပြောလိုက်သံကို ကြားလိုက်ရသည်။

ပါတီပွဲကျင်းပရာသို့ရောက်သောအခါ ဆီဇာဘော်ဂျာနှင့် နောက်လိုက်နောက်ပါများအားလုံးပင် မြင်းပေါ်မှ အသီးသီးဆင်းလိုက်ကြသည်။ ထို့

http://www.cherrythitsar.org



နောက် ဆီဇာဘော်ဂျာလည်း ညီမတော် မင်းသမီးလေး လူခရေးဇီးယားထံသို့ ကြွမြန်းသွားရာ ညီမတော် မင်းသမီးလေးလည်း အစ်ကိုတော် ဆီဇာဘော်ဂျာအား လေးစားချစ်ခင်သော အမူအရာဖြင့် ဝမ်းသာအားရ ကြိုဆိုရှာသည်။

ထိုအခါ ဆီဇာဘော်ဂျာလည်း မိမိနှင့် ပါလာသော နောက်လိုက်နောက်ပါ လူယုံတော်များနှင့် ညီမတော်မင်းသမီးလေးကို မိတ်ဆက်ပေးသည်။ အီလာရွန်၏ အလှည့်သို့ကျ၍ အီလာရွန်က ညီမတော်မင်းသမီးလေးကို ဦး ညွှတ်အရိုအသေပြုခိုက်တွင် ဆီဇာဘော်ဂျာက –

"ညီမတော်ရေ ... ဟောဒီလုလင်ပျိုကတော့ အစ်ကိုတော်ရဲ့ လက်သုံးတော်ဓား ပါပဲ။ ဟောဒီ လက်သုံးတော်ဓားနဲ့ အစ်ကိုတော်ဘုရားဟာ အောင်ပွဲအသီးသီးကို ရယူဆင်မြန်းနိုင်ပါလိမ့်မယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ညီမတော် မင်းသမီးလေး လူခရေးဇီးယားက သွယ်ပျောင်းဖြူဖွေးသော လက်ကလေးကို ဆန့်တန်းပေးရာ၊ အီလာရွန်က တရိုတသေကိုင်ပြီး တမြတ်တနိုးအသာ နမ်းလိုက်သည်။ ထို့နောက် ထုံးစံအရ ဦးညွှတ်အရိုအသေပြုလိုက်ရာ ညီမတော် မင်းသမီးလေးက –

"မက်ဆာ အီလာရွန် ... ဘော်ဂျာမျိုးနွယ်ရဲ့ လက်သုံးတော်ဓား ပီသပါစေ။ ရှင့် အရှင်သခင်ဆီဇာဘော်ဂျာကိုလည်း အကာအကွယ်ပေးနိုင်ပါစေ" ဟု မိန့်ကြားလိုက်သည်။

*

ညီမတော်မင်းသမီးလေး လူခရေးဇီးယားကို အရိုအသေပြုပြီး ရှေ့တော်မှောက်မှ ထွက်ခွာလာခိုက်တွင် တစ်စုံတစ်ယောက်က အီလာရွန်၏ တံတောင်ကိုလက်ဖြင့်တို့ပြီး လက်တွင်းသို့ မျက်နှာဖုံးတစ်ခု ထည့်ပေးလိုက်သည်။

အီလာရွန်လည်း မျက်နှာဖုံးကို ကြည့်လိုက်ရာ၊ မျက်နှာဖုံးမှာ ပိုးအနက်ဖြင့် ပြုလုပ်ထားပြီး မျက်နှာတစ်ပြင်လုံး အုပ်သွားသည့်အထိကြီးမား ကြောင်းတွေ့ရှိရသည်။ မျက်လုံးနေရာတွင် အပေါက်လေးနှစ်ပေါက်ရှိပြီး နဖူး နေရာတွင် ဆန်းစသော်တာလခြမ်းကွေးသဏ္ဌာန် ပိုးချည်ဖြူဖြင့် ထိုးထားသည် ကို တွေ့ရသည်။ ထို့ပြင် ဘေးတစ်ဘက်တစ်ချက်တွင်လည်း ဦးချိုသဏ္ဌာန် အရာနှစ်ခု ထိုးထိုးထောင်ထောင် ထွက်နေသည်။

ပန်းချီဆရာ လူထွားကြီး ပီထရိုလည်း မိမိအတွက် ရထားသော မျက်နှာဖုံးကို စွပ်နေရာမှ အီလာရွန်အား လှမ်းကြည့်ကာ –

"မောင်ရင့် ကြည့်ရတာ လနတ်သားလိုလို မကောင်းဆိုးဝါးလိုလို ပါလား" ဟု မှတ်ချက်ချလိုက်သည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် သာယာငြိမ့်ညောင်းသော တူရိယာဂီတသံများ ထွက်ပေါ်လာပြီး၊ ပါတီပွဲသဘင်သို့ တက်ရောက်လာကြသော မျက်နှာဖုံးစွပ်ထားကြသည့် ယောကျ်ားမိန်းမတို့သည် မိမိတို့နှင့် နီးစပ်ရာ၊ မိမိတို့ နှစ်သက် ရာသူကို တွဲဖက်ပြီး ငြိမ့်ငြိမ့်ညောင်းညောင်း ညင်ညင်သာသာ ကခုန်နေကြတော့သည်။ ထို့အတူ ရယ်သံမောသံတို့လည်း တသောသော ထွက်ပေါ်လာတော့သည်။

အီလာရှန်လည်း တောက်ပြောင်ခမ်းနားလှသော အဝတ်အစားတို့ ကို ဆင်မြန်းထားကြပြီး ပြုံးကာရယ်ကာဖြင့် ပျော်မြူးနေကြသောသူများကို အားကျသောအမူအရာဖြင့် ငေးကြည့်နေမိသည်။ ထိုအခိုက်တွင် အီလာရှန်၏ အပါးသို့ နှင်းဆီဖူးသဏ္ဍာန်မျက်နှာဖုံးကို ဆင်မြန်းထားပြီး ပုလဲတို့အပြည့်စီခြယ်ထားသော ခရမ်းရောင်ဂါဝန်ကို ဝတ်ဆင်ထားသည့် မိန်းမချောလေးတစ်ဦး ရောက်ရှိလာပြီး –

"အို ... လနတ်သားလေးရယ်၊ မြေပြင်မှာ အစ်မတော် နေရတာ ငြီးငွေ့လှပါတယ်။ မောင်တော်တုရားနဲ့ ကောင်းကင်ဘုံနန်းကို ခေါ်တော်မူပါ တော့" ဟု ကဗျာဆန်ဆန် ပြောကြားလိုက်ရာ၊ အီလာရှန်လည်း တွေဝေဆိုင်းငံ့ မနေတော့ဘဲ မိန်းမချောလေးကို ဆတ်ခနဲ ဆွဲမြှောက်ကာ လေတွင် ဝဲပျံစေပြီးမှ နံ့သာရနံ့တို့ ထုံသင်းနေသည့် ပခုံးသားမွေ့မွေ့ကို အသာနမ်းလိုက်သည်။

အီလာရှန်နှင့် မိန်းမချောလေး ပတ်ပတ်လည် ဝန်းကျင်တစ်ခွင်ရှိ ယောကျ်ားမိန်းမတိုင်းပင် အပျော်ကြီး ပျော်ကာ အမြူးကြီး မြူးနေကြသည်။ မျက်နှာဖုံးကြီးများ ဆင်မြန်းထားကြသည့်အတွက်လည်း အကွပ်အထိန်းမရှိ လွတ်လွတ်လပ်လပ် စိတ်ပေါ့ကိုယ်ပေါ့ မြူးရွှင်နေကြသည်။

ထိုအခိုက်တွင်ပင် ပီထရိုက အီလာရှန်၏ ပခုံးကို ကိုင်ကာ –

"အီလာရှန်ရေ၊ တောင်ဥယျာဉ်မှာ ရုပ်သေဇာတ်ရှိသတဲ့။ သွားကြည့်ရအောင်" ဟု ပြောကြားလိုက်ရာ အီလာရှန်ကို ဖက်တွယ်နေသော မိန်းမချောလေးက –

"ဟုတ်တယ် ... ကျွန်မလည်း ကြည့်ချင်တယ်" ဟု ပြောပြီး အီလာရှန်၏ လက်ကို ကိုင်ဆွဲကာ တောင်ဥယျာဉ်သို့ အပြေးထွက်လာကြသည်။

တောင်ဥယျာဉ်၌ ပြနေသော ရုပ်သေမှာ ဂရိသမိုင်းဒဏ္ဍာရီတွင်ပါ သော 'မင်းသမီးလေး လီဒါနှင့် ငန်းငှက်' ဇာတ်လမ်း၊ 'စပါတာဘုရင် မင်နီလပ် မရှိခိုက် ရွှေမင်းသမီးလေး ဟယ်လင်၏ မေတ္တာကို ထရွိုင်မင်းသား ပဲရစ်က သွေးဆောင်ခန်း' ဇာတ်လမ်း စသည်တို့မှ ရာဂသွေးကြွဖွယ်အခန်းတို့ကို ကွက် ပြီး ရုပ်သေဖြင့် သရုပ်ဆောင်ပြခြင်း ဖြစ်ပေသည်။ သရုပ်ဆောင်ကြသူများမှာ တစ်ကိုယ်လုံး၌

မျက်နှာဖုံးလေးသာ ဆင်မြန်းထားကြပြီး အမူအရာလည်း ကောင်း၊ သရုပ်လည်းပါသည့်အတွက် လူအများကြိတ်ကြိတ်တိုးနေကြသည်။

အီလာရှန်နှင့် မိန်းမချောလေးလည်း ရုပ်သေဇာတ်တို့ကို ပီထရိုနှင့် အတူ စိတ်ဝင်စားစွာ ငေးကြည့်နေကြသည်။

ထိုအခိုက်တွင် အီလာရှန်၏ အပါးသို့ ဆီဇာဘော်ဂျာ ရောက်ရှိလာရာ အီလာရှန်ကို တွယ်ကပ်နေသော မိန်းမချောလေးက –

"အရှင်မင်းသားပါလား ... ကျွန်တော်မျိုးမတို့ သတိမပြုမိတာကို ခွင့် လွှတ်ပါ" ဟု ပြောကြားလိုက်ရာ၊ ဆီဇာဘော်ဂျာက –

"မယ်မင်းတို့ကို အနှောင့်အယှက် မပေးချင်ပါဘူးကွယ်။ ဒါပေမဲ့ ကျုပ်မှာ အရေးကြီးတဲ့ ကိစ္စရှိနေတာကြောင့် မယ်မင်းရဲ့ လနတ်သားလေးကို ခေါ်သွားရလိမ့်မယ်။ စိတ်မရှိပါနဲ့နော်" ဟု မိန့်ကြားပြီး အပါးမှ ကြွမြန်းသွားသည်။

ဤတွင် အီလာရှန်လည်း မိန်းမချောလေးကို မခွဲချင်ခွဲချင်နှင့် ခွဲပြီး ဆီဇာဘော်ဂျာ၏ နောက်သို့ အမြန်လိုက်သွားရသည်။

*

ဆီဇာဘော်ဂျာလည်း အပျော်ကြီးပျော်နေကြသော လူအုပ်ကြီးကို ဖြတ်ကာ ညီမတော် မင်းသမီးလေး လူခရေးဇီးယား၏ စံနန်းတော်သို့ ခပ်သုတ်သုတ် ကြွမြန်းသွားရာ အီလာရှန်လည်း အပါးတော်မှ အမှီလိုက်ပါလာခဲ့သည်။ စံနန်းတော် အပါးသို့ ရောက်သောအခါ ညီမတော် မင်းသမီးလေးအနား၌ ရံရွေတော်များ၊ အပေါင်းအသင်းမိန်းမပျိုများနှင့် ဝိုင်းဝိုင်းလည်နေပြီး ထိုမိန်းမပျိုလေးများအနက် ရဲရဲနီနေသော ဆံကေသာလည်း ရှိ၍ ပတ္တမြားများ စီခြယ်ထားသည့် ကြက်သွေးရောင်ဝတ်ရုံကိုလည်း ဆင်မြန်းထားသော မိန်းမပျိုလေးက တစ်စုံတစ်ရာကို ပြောနေကာ အခြားမိန်းမချောလေးများက သောသောည် အောင် ရယ်မောနေသည်ကို တွေ့မြင်ရသည်။

အလွန်နားပါးသော အီလာရှန်လည်း မိန်းမချောလေး ပြောကြားနေသော အကြောင်းအရာမှာ မြို့စားကတော် ဒိုရိုတီး၊ နယ်စားကတော် မင်းသမီးလေး ဘိထရစ်နှင့် မိမိတို့၏ ကိုယ်ရေးကိုယ်တာ အကြောင်းအရာများ ဖြစ် ကြောင်း ရိပ်စားမိကာ စိတ်ထဲ၌ မခံချိမခံသာ ဖြစ်သွားမိသည်။

မင်းသမီးလေး လူခရေးဇီးယားအပါးသို့ ဆီဇာဘော်ဂျာတို့ လူစု ရောက်သောအခါ ရယ်မောနေကြသော ရံရွေတော်များနှင့် မိန်းမပျိုလေးများလည်း မျက်လွှာချပြီး မျက်နှာပိုး သတ်လိုက်ကြသည်။ ထိုအခိုက်တွင် မင်းသမီးလေး လူခရေးဇီးယားက အစ်ကိုတော် ဆီဇာဘော်ဂျာကို ပြုံးကြည့်ပြီး–

http://www.cherrythitsar.org



"ညီမတော်တို့ကို မင်းသမီးလေး ဂူလာက အစ်ကိုတော်ရဲ့ 'လက်သုံးတော်ဓား' အကြောင်းကို အခုတင်က ပြောနေတယ်။ အစ်ကိုတော်ရဲ့ လက်သုံးတော်ဓားက ရောမ ရွှေမြို့တော်မှာ အတော်စန်းပွင့်တဲ့လူဆိုပါကလား" ဟု မိန့်ကြားလိုက်ရာ ဆီဇာဘော်ဂျာက အီလာရွှန်ကို လှမ်းကြည့်ရင်း –

"ညီမတော်ရဲ့ အပေါင်းအသင်းတွေက ရောမရွှေမြို့တော်က သတင်းကို နေပီကနေပြီး ချက်ချင်း သိနေတာ အံ့ဩစရာ ကောင်းလှတယ်။ ဘယ်လိုနည်းနဲ့များ သိနေပါလိမ့်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ မင်းသမီးလေးဂူလာက –

"ဒီသတင်းမျိုးဆိုတာ တောမီးလိုချက်ချင်း ပျံ့နှံ့သွားတတ်ပါတယ် အရှင်။ ဒီသတင်းစကားကို ကျွန်တော်မျိုးရဲ့ အစ်ကိုတော်ဆီက ကြားရတာပါ" ဟု လျှောက်တင်လိုက်ရာ အီလာရွှန်လည်း မိန်းမချောလေး ဂူလာကို စိတ်ဝင်စားစွာ စိုက်ကြည့်လိုက်သည်။

မင်းသမီးလေး ဂူလာမှာ ပါတီပွဲသို့ တက်ရောက်ကြသူများ နည်းတူ မျက်နှာဖုံး စွပ်ထားသောကြောင့် မျက်နှာကို လုံးဝမမြင်ရသော်လည်း အီလာ ရွှန် တွေ့မြင်ရသော မျက်လုံးအစုံမှာမူ 'သောက်ရှူးကြယ်ညီနောင်' ဟု ဆိုရလောက်အောင် တောက်ပရွှန်းလက်နေသည်ကို တွေ့ရသည်။

အီလာရွှန်စိုက်ကြည့်နေခိုက်တွင် မင်းသမီးလေး ဂူလာလည်း အပါးသို့ လျှောက်လာပြီး ယပ်တောင်ဖြင့် အီလာရွှန်၏ ပါးကို အသာလေးတို့ရင်း–

"လနတ်သားမျက်နှာဖုံးကို စွပ်ထားတဲ့ ကိုလူချောရယ် ... ရှင်ဟာ လနတ်သားလိုပဲ မိန်းမသားတွေနဲ့ စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်စွမ်းရှိတယ် ထင်ပါရဲ့" ဟု ပြုံးပြီး ခပ်ထေ့ထေ့ ကျီစယ်လိုက်သည်။ ထို့နောက် အီလာရွှန် ကို စိုက်ကြည့်ရင်း –

"ဒီမှာ မက်ဆာအီလာရွှန် ... ရှင်က ရှင့်ကိုယ်ရှင် မြင်းထိန်းတစ်ယောက်ပါလို့ ဆီဇာဘော်ဂျာကို လျှောက်တင်ထားတယ်ဆို။ တကယ်တော့ ရှင်ဟာ မြင်းထိန်းတစ်ယောက် လုံးဝမဟုတ်ပါဘူး။ အခြားသူတွေကိုသာ ရှင် အရူးလုပ်ချင်လုပ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်မကိုတော့ ရှင်အရူးမလုပ်နိုင် ပါဘူး" ဟု ပြောကြားပြီးနောက် –

"ကျွန်မရဲ့ဆံပင်ဟာ မီလန်မြို့ကြီး သူတွေရဲ့ ဆံပင်ရောင်အတိုင်း ရဲရဲနီနေသလို ရှင်ရဲ့ ဆံပင်ဟာလည်း ဖလော်ရင့်မြို့ကြီးသားတွေရဲ့ ဆံပင် အရောင်အတိုင်း ရွှေဝါရောင် တောက်နေတယ်။ ပြီးတော့ ရှင်ဟာ မေးရိုးကားပြီး နှာတံပေါ်တယ်။ မျက်လုံးအကြည့်လည်း စူးရှထက်မြက်တယ်။ ဒါကြောင့် ရှင့်ရဲ့ ဇာတိကို ဘယ်လောက်ပဲ ဖုံးကွယ်နေနေ၊ ရှင်ဟာ မြင်းထိန်းတစ်ယောက်

http://www.cherrythitsar.org



တော့ လုံးဝမဖြစ်နိုင်ဘူး။ ဖြစ်ချင်းဖြစ်ရင် ဖလော်ရင့်မြို့ကြီးသားဖြစ်ဖြစ်၊ ဖာရာရာမြို့ကြီးသားဖြစ်ဖြစ် ဖြစ်ရလိမ့်မယ်။ အင်း ... ရှင်က မိန်းမသားတွေရဲ့ စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်တဲ့ အရည်အသွေး အပြည့်အဝရှိလေတော့ ရှင် ဟာ ဖလော်ရင့်မြို့သားကြီး ဖြစ်ဖို့ထက် ဖာရာရာ မြို့သားကြီးဖြစ်ဖို့ ပိုများ တယ်။ အိုရှင် ... ရှင်ဟာ ဖာရာရာမြို့ကြီးသားတစ်ယောက်ပါ" ဟု အတိအကျ ပြောကြားလိုက်သည်။

ဤသို့သော မင်းသမီးလေး ဂူလာ၏ အတိအကျ အခိုင်အမာ ပြောကြားသော စကားကို ကြားရသောအခါ အနီးဝန်းကျင်ရှိ လူများကလည်း 'အီလာရွန် မည်သို့အဖြေပေးမည်နည်း' ဟု စိတ်ဝင်စားစွာ နားထောင်နေကြ သည်။ ဆီဇာဘော်ဂျာကိုယ်တော်တိုင်ပင် စိတ်ကူးသစ်အတွေးသစ် အကြံသစ်ရသွားဟန်ဖြင့် အီလာရွန်ကို အတန်ကြာအောင် စိုက်ကြည့်နေသည်။

ထိုအခိုက်တွင် အီလာရွန်က ပြုံးပြီး –

"ကျွန်တော့်ကို ဒီလို အထင်ကြီးပြီး ချီးကျူးဂုဏ်တင်တဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ" ဟု ပြောလိုက်ရာ မင်းသမီးလေး ဂူလာက တစ်စုံတစ်ရာ ပြောကြားရန် ဟန်ပြင်လိုက်သည်။

သို့သော် ထိုအခိုက်တွင် မြက်ခင်းပြင်ကို ဖြတ်ကာ ဆီဇာဘော်ဂျာထံသို့ ခြေမြန်တော်တစ်ဦး ပြေးလာပြီးနောက် တစ်စုံတစ်ရာကို တိုးတိုးတိုးတိုးနှင့် လျှောက်တင်လိုက်သည်။

ထိုအခါ ဆီဇာဘော်ဂျာ၏ မျက်နှာလည်း ရုတ်တရက် ဖြူဖျော့သွားပြီးနောက် အပါးရှိလူများကို ခွင့်ပန်စကားပြောကာ ခြေမြန်တော်နှင့်အတူ အလျင်အမြန် ထွက်ခွာသွားရာ ညီမတော် မင်းသမီးလေးလည်း နောက်တော်ပါးမှ အမီလိုက်သွားသည်။

ထိုအခါ ညီမတော် မင်းသမီးလေး လူခရေးဇီးယား၏ ရံရွေတော်များနှင့် အပေါင်းအသင်း မိန်းမပျိုများလည်း နောက်တော်ပါးမှ အမီလိုက်သွားကြရာ မင်းသမီးလေးဂူလာနှင့် အီလာရွန်တို့နှစ်ဦးသာ ကျန်ရှိနေတော့သည်။

ထိုအခါ မင်းသမီးလေး ဂူလာက အီလာရွန်ကို စိုက်ကြည့်ရင်း–

"မက်ဆာအီလာရွန် ... ရှင်ဟာ လူတွေကို အတော်အရူးလုပ်တတ်တဲ့ သူပဲ" ဟု ပြောကြားလိုက်ရာ၊ အီလာရွန်က ပြုံးပြီး –

"မက်ဒိုနာ ... ခင်ဗျားကတော့ ချစ်စရာအလွန်ကောင်းတဲ့ မိန်းမချောလေးပါပဲ။ ခင်ဗျားမှာ အပြစ်အနာအဆာဆိုလို့ တစ်ချက်ပဲရှိပါတယ်" ဟု ပြောလိုက်သည်။

ထိုအခါ မင်းသမီးလေးဂူလာက စိတ်ဝင်စားသည့် အမူအရာဖြင့်–

http://www.cherrythitsar.org



"အဲဒီအပြစ်အနာအဆာက ဘာများပါလိမ့်ရှင်" ဟု မေးလိုက်ရာ အီလာရွှန်က –

"ခင်ဗျားရဲ့ မျက်နှာဖုံးပေါ့ဗျာ၊ ဒီမျက်နှာဖုံးဟာ ခင်ဗျားရဲ့ အလှအပ အစွမ်းကုန် မထွန်းလင်းမတောက်ပနိုင်အောင်လို့ အဟန့်အတားပြုနေပါတယ်" ဟု ဖြေလိုက်သည်။

ထိုအခါ မင်းသမီးလေး ဂူလာလည်း ရယ်မောပြီး ကြက်သွေးရောင် မျက်နှာဖုံးကို ဆတ်ခနဲ ဆွဲချွတ်လိုက်သည်။ ထိုအခါ ရင်သပ်ရှုမော အံ့ဩ လောက်အောင် အတိုင်းမသိ ချောမောတင့်တယ်လှသော ပျိုမျစ်နုငယ်သည့် မိန်းမပျိုတစ်ယောက်၏ မျက်နှာဝင်းပပလေးကို အပြည့်အဝ တွေ့မြင်ခံစားရ တော့သည်။

ထိုသို့ တွေ့မြင်ခံစားရသည်နှင့်တစ်ပြိုင်နက် ဒီမိန်းမချောလေးကို ငါ တွေ့ဖူးပါတယ်ဟူသော အသိစိတ်လည်း ချက်ချင်းဖြစ်ပေါ်လာသည်။ ထို့နောက် 'ဤမိန်းမပျိုလေးကား မိမိစားချင်းယှဉ်ခုတ်စဉ်က လူကုံထံပေါ်လို၏ ခရမ်းရောင်အိတ်အတွင်းမှ လွင့်ထွက်သွားသည့် ဆင်စွယ်လော့ကတ်ပြားလေး၌ တွေ့မြင်ရသော မိန်းမပျိုလေးပင် ဖြစ်သည်တကား' ဟု ချက်ချင်းပင် အမှတ်ရ လာပြီး မင်းသမီးလေး ဂူလာ၏မျက်နှာကို အတန်ကြာအောင် တရှိုက်မက်မက် ငေးမောကြည့်ရှုနေမိသည်။

ထိုအခိုက်တွင် မင်းသမီးလေးဂူလာက ရယ်မောပြီး ...

"မက်ဆာအီလာရွှန် ... ဒီနေ့ညအဖို့ ရှင်နဲ့ ကျွန်မတို့အဖို့ မျက်နှာဖုံး စွပ်ထားစရာအကြောင်းမရှိတော့ပါဘူး။ ဒီတော့ ရှင့်ပန်ကြားတဲ့အတိုင်း ကျွန်မ မျက်နှာဖုံးကို ချွတ်ပြသလို ကျွန်မကိုလည်း ရှင့်မျက်နှာဖုံး ချွတ်ပြသင့်ပါတယ်" ဟု ပြောကြားလိုက်သည်။

ဤတွင် အီလာရွှန်က မျက်နှာဖုံးကို ချွတ်ပြလိုက်ရာ မင်းသမီးလေး ဂူလာက မျက်နှာကို စေ့စေ့ကြည့်ရင်း –

"မက်ဆာအီလာရွှန်ရယ် ... ရှင်ဟာ တကယ့်လူချောလူခန့် တစ် ယောက်ပဲ။ ရှင့်မျက်နှာဟာ အတော်လှတယ်။ ပြီးတော့ ရှင့်နှာခေါင်းက ပေါ် လွင်ပြီး ရှင့်မျက်လုံးတွေကလည်း သိမ်းငှက်မျက်လုံးတွေလို စူးရှလှတယ်" ဟု တတွတ်တွတ် ပြောကြားသည်။ ထို့နောက် အသာနူတ်ခမ်း စူပြီး –

"အို ... မက်ဆာအီလာရွှန်ရယ် ... ကျွန်မကချည်း စကားပြောနေရ တယ်။ ရှင်က စကားမပြောတတ်ဘူးလား" ဟု ပြောလိုက်ရာ အီလာရွှန်လည်း မင်းသမီးလေး ဂူလာ၏ မျက်နှာကို ရွှန်းရွှန်းစားစား စိုက်ကြည့်ရင်း –

http://www.cherrythitsar.org



"မဒိုနာ ... ခင်ဗျားဟာ သိပ်ချော သိပ်လှတာပဲဗျာ" ဟု ရိုးရိုးကြီး ပြောချလိုက်သည်။

ထိုအခါ မင်းသမီးလေး ဂူလာက –

"တော်ပါရှင် ... ကျွန်မကို မြှောက်မနေပါနဲ့၊ မဒိုနာဒိုရိုတီးနဲ့ ဘိထရစ်ကိုသာ ရှင်မြှောက်လို့ရချင်ရမယ်။ ကျွန်မကိုတော့ မြှောက်လို့ မရပါဘူး။ ကျွန်မကို ရှင်တွေ့ဖူးကြုံဖူးတဲ့ မိန်းမသားတွေနဲ့ တစ်တန်းတစ်စားတည်း မအောက်မေ့လိုက်ပါနဲ့" ဟု ပြောကြားလိုက်ရာ၊ အီလာရွှန်က –

"မင်းသမီးလေးရယ် ... ကျွန်တော် စိတ်ရင်းအမှန်အတိုင်း ပြောတာပေါ့ဗျာ။ မြှောက်တာပင့်တာ မဟုတ်ပါဘူး။ ပြီးတော့ မင်းသမီးလေးကိုလည်း အခြားမိန်းမသားတွေနဲ့ တစ်တန်းတစ်စားတည်း သဘောမထားပါဘူး။ အလှနတ်ဒေဝီတစ်ပါးလို့ သဘောထားပြီး မြတ်နိုးချစ်ခင်ပါတယ်ဗျာ" ဟု ပြောကြားလိုက်သည်။

ထို့နောက် အီလာရွှန်လည်း ဓားသိုင်းဆရာကြီး ဂျာကိုပို၏ ဓားသိုင်းလေ့ကျင့်ရေး ခန်းမကြီးတွင်း၌ ဆင်စွယ်လော့ကက်ပြားတစ်ခုကို တွေ့ရှိ၍ မိမိကောက်ယူသိမ်းဆည်းထားပြီး ဆင်စွယ်လော့ကက်ပြားထက်၌ ထွင်းထုထားသော မိန်းမချောပုံကို မိမိနေ့စဉ်နေ့တိုင်း ကြည့်မိပုံ၊ ထိုအခါမှစ၍ မိမိလူကိုယ်တိုင် မမြင်ဖူးသော မိန်းမချောလေးကို စွဲလန်းချစ်ခင်စိတ်များ ပေါ်ပေါက်လာပုံတို့ကို စိတ်အားထက်သန်စွာ တတွတ်တွတ် ပြောကြားနေရာ မင်းသမီးလေး ဂူလာလည်း မျက်တောင်စင်းကာ နားထောင်နေရာမှာ ရွှေရင်အစုံ တသိမ့်သိမ့် ခုန်နေမိရှာသည်။

အီလာရွှန်၏ စကားဆုံးသောအခါ မင်းသမီးလေး ဂူလာက ပြုံးပြီး–

"မက်ဆာအီလာရွှန် ... တကယ်ပဲ ယုံရမှာလားရှင်။ အခုထက်ထိ ကျွန်မနာမည်ကို ရှင်မသိသေးပါဘူး" ဟု ပြောကြားလိုက်ရာ အီလာရွှန်က–

"နာမည်ဆိုတာက လူတွေကို ခွဲခြားပြီး မှတ်မိနိုင်ဖို့အတွက် အမှတ်အသား သင်္ကေတပါဗျာ။ နာမည်မသိရပေမဲ့ လူကိုယ်တိုင်ကို သိနေရပြီပဲ၊ နာမည်သိဖို့ မလိုတော့ပါဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီး ဂူလာလည်း အီလာရွှန်ကို အတန်ကြာစိုက်ကြည့်ပြီးမှ –"ကျွန်မဟာ ရိန်ဇာမျိုးနွယ်ဝင်၊ ဟီလန်ဇူးသူတစ်ယောက်ပါ။ ကျွန်မ ရဲ့ အမည်ကတော့ ဂူလာပါ။ ကျွန်မအစ်ကိုကတော့ 'ပေါလို' ပါတဲ့ရှင်။ အခု ကျွန်မရဲ့အစ်ကို ပေါလိုဟာ ဆီဇာဘောဂျာရဲ့တပ်နဲ့အတူ ပါလာပါတယ်။ ကျွန်မအစ်ကို ပေါလိုကိုတော့ ရှင်ကောင်းကောင်းသိတယ် မဟုတ်လား" ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org

# ၄

## ရန်သူ့ဂေဟာသို့

မိမိမြတ်နိုးချစ်ကြင်နေသော မိန်းမချောလေး ဂူလာမှာ မိမိနှင့် ဓားချင်း ယှဉ်ပြိုင်ခုတ်ခဲ့ဖူးသော ပေါလို၏ညီမ ဖြစ်ကြောင်းကို သိရှိလိုက်ရသောအခါ အီလာရှုန်လည်း အလွန်အမင်း အံ့သြတုန်လှုပ်သွားသည်။

ထိုအခိုက်တွင် ပန်းချီဆရာ လူထွားကြီး ပီထရိုက အီလာရှုန်၏ အမည်ကို တကြော်ကြော် လှမ်းခေါ်ပြီး အမြန်လာခဲ့ရန် လက်ပြနေသည်ကို တွေ့ရသည်။ ထိုအခိုက်တွင်ပင် အီလာရှုန်၏ မျက်နှာကို အကဲခတ်သော မိန်းမချော ဂူလာက –

“ဘာဖြစ်သွားတာလဲ မက်ဆာအီလာရှုန်၊ ပေါလိုကို ရှင်သိသလား။ ပေါလိုနဲ့ ရှင် ဘာများဖြစ်ခဲ့ဖူးသလဲ။ ပေါလိုကို ရှင် မုန်းနေသလား” ဟု တတွတ်တွတ် မေးလိုက်ရာ၊ အီလာရှုန်က ပြုံးကာ –

“ကျွန်တော့်ကိုသာ ပေါလိုက မုန်းနေတာပါဗျာ” ဟု ပြောကြားလိုက်ပြီးနောက် ပေါလိုနှင့် ဓားချင်းယှဉ်ခုတ်ကြရသည့်အကြောင်းကို ပြန်ပြောင်းပြောကြားလိုက်သည်။

မင်းသမီးလေး ဂူလာလည်း အီလာရှုန်၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေပြီးနောက် –

“ခက်တာပဲ မက်ဆာအီလာရှုန်ရယ်။ ပေါလိုဟာ အလွန်သွေးဆူတတ်တယ်။ စိတ်လိုက်မာန်ပါလည်း လုပ်တတ်တယ်။ မာနလည်း သိပ်ကြီး

http://www.cherrythitsar.org



တယ်။ ပေါလိုနဲ့ တွေ့တဲ့အခါမှာ ကျွန်မ ဖျောင်းဖျောင်းဖျဖျ ပြောလိုက်ပါ့မယ်။ ဒီလို ပြောမထားရင် ပေါလိုဟာ ရှင့်အပေါ်မှာ အကောက်ကြံချင်နေမှာ" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ပီထရိုလည်း အီလာရွှန်တို့အပါးသို့ ခြေလှမ်းကျဲကျဲကြီးဖြင့် လျှောက်လာရင်း –

"ဟေ့ ... အီလာရွှန် ... ကျုပ် လှမ်းခေါ်နေတာကို မကြားဘူးလား။ မောင်ရင့်ကို ဆီဇာဘော်ဂျာက တွေ့ချင်နေတယ်။ ဖလော်ရင်နဲ့ ဗင်းနစ်မြို့တော်တွေက ရောက်လာတဲ့ ခြေမြန်တော်နဲ့အတူ အမတ်လောင်းတွေပါလာတယ်တဲ့" ဟု ပြောကြားလိုက်သည်။

ဤတွင် လုလင်ပျိုအီလာရွှန်လည်း မင်းသမီးလေး ဂူလာအား နှုတ်ဆက် တောင်းပန်စကား ပြောပြီး ပီထရိုနှင့်အတူ ကတိုက်ကရိုက် ထွက်ခွာသွားလေရာ မင်းသမီးလေး ဂူလာလည်း အီလာရွှန်၏ နောက်ကျောကို ငေးမောရင်း အတွေးနယ်ချဲ့နေရှာသည်။

*

ဆီဇာဘော်ဂျာ စံမြန်းနေသော စာကြည့်ခန်းမဆောင်တွင်းသို့ အီလာရွှန်နှင့် ပီထရိုတို့ ဝင်ရောက်သည်နှင့် တစ်ပြိုင်နက် ဆီဇာဘော်ဂျာသည် စာသဝဏ်လွှာ ကိုကိုင်ရင်း တွေးတောငေးငိုင်နေရာမှ ဆတ်ခနဲ လှည့်ကာ အီလာရွှန်၏ မျက်နှာ ကို စေ့စေ့ကြည့်ရင်း –

"မောင်မင်း အခုချက်ချင်း ခရီးထွက်နိုင်မလား" ဟု မေးလိုက်သည်။

ထိုအခါ အီလာရွှန်က –

"အခုချက်ချင်း ထွက်နိုင်ပါတယ် အရှင်။ အရှင့်အတွက်ဆိုရင် ကျွန်တော်မျိုး အမြဲအသင့်ရှိပါတယ်" ဟု လျှောက်တင်လိုက်ရာ၊ ဆီဇာဘော်ဂျာက

"ကောင်းပြီ။ အခုချက်ချင်း မောင်မင်းတို့ ခရီးဆက်ကြရလိမ့်မယ်။ အခုဆက်ရမယ့်ခရီးဟာ ပန်းခင်းထားတဲ့လမ်းကို လျှောက်ရတဲ့ ခရီးမျိုး မဟုတ်ဘူး။ အလွန်ဘေးရန်အန္တရာယ် ထူပြောပြီး အသက်ဘေးကို အမြဲစိုးရိမ်နေရတဲ့ ခရီးမျိုးဖြစ်တယ်။ မောင်မင်းတို့ဟာ ကျုပ်အလိုရှိနေတဲ့ အဆွေတော်သုံးဦးကို အကျဉ်းခန်းက ကယ်ထုတ်ပြီး ကျုပ်ဆီကို ဘေးမသီရန်မခ အသက်နဲ့တကွ ဆောင်ကျဉ်းလာခဲ့ကြရမယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခိုက်တွင် စာကြည့်ခန်းဆောင် တံခါးဝတွင် လူရိပ်ထင်သည်။ ထိုအရိပ်သည် အတန်ကြာအောင် ရပ်တံ့နေပြီးမှ နောက်သို့ တဖြည်းဖြည်း ဆေးပြီး ပျောက်သွားသည်။

စာကြည့်ခန်းဆောင်တံခါးဝကို မျက်နှာမူထားသော ဆီဇာဘော်ဂျာလည်း စကားပြောနေရာမှ ဖျတ်ခနဲ မော့ကြည့်လိုက်ရာ၊ အရိပ်တစ်ရိပ်ကို မသဲမကွဲ မြင်လိုက်ရသည်။ ထို့ကြောင့် မျက်မှောင်ကို အသာကြုတ်လိုက်ပြီးနောက် ပြောင်လက်တောက်ပနေသော စားပွဲကြီး၏ အံတစ်အံကို ဆွဲကာ အတွင်းမှ ကတ္တီပါအိတ်နှစ်လုံးကို ယူလိုက်သည်။ ထို့နောက် အီလာရှွန်နှင့် ပီထရိုတို့ကို ကမ်းပေးရင်း –

"ရော့၊ မင်းတို့ ခရီးလမ်းမှာ သုံးဖို့စွဲဖို့အတွက် ယူသွား" ဟု မိန့်ကြားသည်။ ထို့နောက် လေးနက်တည်ငြိမ်သော အသံကြီးဖြင့် –

"ဗင်းနစ်မြို့တော် အာဏာပိုင် အဖွဲ့က စေလွှတ်လိုက်တဲ့ အထောက်တော် ရောက်လာတယ်။ ကျုပ်နဲ့ ရိုမက်ညာပြည်နယ် စစ်ဖြစ်ပွားတာကို ဗင်းနစ်က စောင့်ပြီး ကြည့်နေမယ်။ အခုလောလောဆယ်မှာတော့ ဘယ်သူ့ဘက်ကမှ မပါသေးဘူးလို့ သိရတယ်။ ပြီးတော့ ဖလော်ရင့်ကလည်း ရိုမက်ညာပြည်နယ်ရဲ့ မြို့ကြီးတစ်မြို့ဖြစ်တဲ့ ဖရင့်ဇာမြို့ကြီးနဲ့ မဟာမိတ် ပြုလိုက်ကြောင်း ကြားရတယ်။ ဒီသတင်းစကားတွေ ကြားရတဲ့အတွက် ကျုပ် အများကြီးစိုးရိမ်ကြောင့်ကြနေမိတယ်" ဟု မိန့်ကြားပြီးမှ –

"အခုလောလောဆယ်မှာ အီတလီတစ်ဝှမ်းလုံးဟာ ကျုပ်ရဲ့ တန်ခိုးအာဏာထက်မြက်မှုကို သိရှိပြီး ကျုပ်ရဲ့ဘုန်းရှိန်ကို ခံ့ညားစေချင်တယ်။ ကျုပ်ကို ကြောက်လန့်ရိုသေစေချင်တယ်။ သူတစ်လူ ငါတစ်မင်းနဲ့ အကွဲကွဲအပြားပြား ဖြစ်နေတဲ့ အီတလီပြည်ကြီးကို စုစည်းသိမ်းသွင်းပြီး လက်နက်နိုင်ငံတော်ကြီး တည်ထောင်မယ့်သူဟာ ပျော့ညံ့တဲ့သူ မဖြစ်စေရဘူး။ စစ်သည်အင်အားရော စိတ်ဓာတ်အင်အားပါ ကြံ့ခိုင် ကြီးမားတဲ့သူဖြစ်တယ်။ ကျုပ်ဟာ အဲဒီလို အရည်အချင်းနဲ့ ပြည့်ဝတဲ့သူဖြစ်ကြောင်း အီတလီတစ်ဝှမ်းလုံး သိသွားစေချင်တယ်" ဟု မိန့်ကြားသည်။ ထို့နောက် အသံကို နှိမ့်ပြီး –

"ဗင်းနစ်မြို့တော် အာဏာပိုင် အဖွဲ့က စေလွှတ်လိုက်တဲ့ အထောက်တော်တွေ ဖော့ဆိတ်မြို့ကို မရောက်သေးခင်မှာ မောင်မင်းတို့ဟာ ဖော့ဆိတ်မြို့ကို အရင်ရောက်နှင့်ပြီး ဖော့ဆိတ်ရဲတိုက်ကြီးထဲမှာ အကျဉ်းခံနေရတဲ့ ကျုပ်ရဲ့ အဆွေတော် သုံးဦးကို ကယ်ထုတ်ပြီး ဖြစ်နေရမယ်။ ကျုပ်ရဲ့ အဆွေတော်သုံးဦး ကြားသိထားတဲ့ အဖိုးတန် သတင်းစကားတွေကို ကျုပ် နားနဲ့ဆတ်ဆတ် ကြားချင်တယ်" ဟု မိန့်ကြားသည်။

ထို့နောက် ဆီဇာဘော်ဂျာလည်း စကားစကို ဖြတ်လိုက်ရာ၊ အီလာရှွန်နှင့် ပီထရိုတို့လည်း ဆီဇာဘော်ဂျာကို တရိုတသေ ဦးညွှတ်ပြီးနောက် ရှေ့တော်မှောက်မှ ထွက်ခွာလာခဲ့သည်။

ထို့နောက် အသင့်ပြင်ထားသော မြင်းများပေါ်သို့ လွှားခနဲ ခုတ်တက်ကြပြီးလျှင် ဖော့ဆိတ်မြို့ကို ဦးတည်ကာ ဒုန်းစိုင်းစီးနင်းသွားတော့သည်။ ထိုသို့ ဒုန်းစိုင်းစီးနင်းသွားကြသော အီလာရှန်နှင့် ပီထရိုတို့၏ နောက်ကျောသို့ မှောင်ရိပ်ကျနေသော ကျောက်လှေကား အနီး၌ ပုန်းပြီး လှမ်းကြည့်နေကြသော လူနှစ်ယောက်အနက်မှ လူတစ်ယောက်သည် မခံချိမခံသာသော အသွင်ဖြင့် တက်ခေါက်လိုက်သည်။ ထိုသို့ တက်ခေါက်လိုက်သူကား အခြားမဟုတ်။ မိန်းမချောလေးဂူလာ၏အစ်ကို ပေါလိုပေတည်း။

ပေါလိုသည် ဆီဇာဘော်ဂျာက အီလာရှန်တို့ကို ခေါ်ပြီး အစ်မတော် မင်းသမီးလေး လူခရေဇီးယား၏ နွေရာသီစံနန်းတော်သို့ ကြွမြန်းသွားကြောင်းကို တစ်နာရီခန့်နောက်ကျမှ သိရှိရသည်။ ထိုသို့သိရှိလျှင် သိရှိချင်း ပေါလိုသည် နွေရာသီ စံနန်းတော်သို့ ဒုန်းစိုင်းပြီး အပြင်းနှင်လာခဲ့သည်။

နွေရာသီစံနန်းတော်သို့ ရောက်ရောက်ချင်း 'ဆီဇာဘော်ဂျာက အီလာရှန်နှင့် ပီထရိုတို့ကို အထူးတာဝန်ပေးပြီး ဖော့ဆိတ်မြို့သို့ စေလွှတ်မည့်' သတင်းကို ကြားသိရသည်။ ထိုအခါ အီလာရှန်အပေါ် မနာလိုမုန်းတီးနေသော ပေါလိုလည်း ဆီဇာဘော်ဂျာနှင့် ဝင်တွေ့ပြီး 'သာမန် မြင်းထိန်းလုလင်ပျိုတစ်ယောက်ကို အရေးကြီးသော ကိစ္စတွင် စေခိုင်းတာဝန်ပေးမည့်အစား၊ မိမိကိုယ်ဖြစ်စေ၊ အခြားမြင့်မြတ်သော မူးမျိုးမတ်နွယ်တစ်ဦးဦးကိုဖြစ်စေ စေခိုင်းတာဝန်ပေးသင့်ကြောင်း' လျှောက်တင်ရန် ကြိုးစားသေးသည်။ သို့သော် ဆီဇာဘော်ဂျာက ပေါလိုကို တွေ့ခွင့်ပင် ပေးတော်မမူပေ။ ထို့ကြောင့် ပေါလိုသည် စာကြည့်ခန်းဆောင် တံခါးဝမှ လှည့်ပြန်ခဲ့ရသည်။

ထို့နောက် မိမိသြဇာညောင်းသော ပက်မောက်နယ်သား မြင်းတပ် ဗိုလ်မာရီးလားနှင့်အတူ မှောင်ရိပ်ကျနေသော ကျောက်လှေကားအနီး၌ ပုန်းပြီး ဖော့ဆိတ်မြို့သို့ အပြင်းထွက်ခွာသွားသော အီလာရှန်တို့ လူစုကို လှမ်းကြည့်နေခြင်း ဖြစ်ပေသည်။

ပေါလိုသည် မခံချိမခံသာသော အသွင်ဖြင့် တက်ခေါက်လိုက်ပြီးနောက် –

"ရိုင်းလိုက်လေဗျာ။ ဆီဇာဘော်ဂျာက ကျုပ်ကိုတော့ အတွေ့တောင် မခံဘူး။ ဟိုကောင်စုတ် အီလာရှန်ကိုတော့ အရေးပေးလိုက်တာ လွန်ရော။ ဒီကောင်စုတ်ကို 'လက်သုံးတော်ဓား' လို့ အမွှမ်းတင်ပြောကြားရုံမကဘူး။ ဟော ... အခုလည်း ဖော့ဆိတ်မြို့ကို အထူးတာဝန်ပေးပြီး စေခိုင်းလိုက်ပြီ။ ဒီကောင်စုတ်တွင်ကျယ်လာတာကို ကျုပ် လက်ပိုက်ကြည့်မနေနိုင်ဘူးဗျ။ ဒီကောင်စုတ်ဟာ မင်းသမီးလေး ဘိထရစ်ရဲ့ ရှေ့မှောက်မှာ ကျုပ်ကို အရှက်ခွဲ

တယ်။ ကျုပ်လက်ထဲကဓား လွင့်ထွက်သွားအောင် ပြုခဲ့တယ်။ ပြီးတော့ ဘိထရစ် စေခိုင်းတဲ့ကိစ္စကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးပြီး ဘိထရစ်နဲ့အတူ တစ်ညအိပ်သွားသေးတယ်ဗျ” ဟု ပြောကြားသည်။

ထိုအခါ မြင်းတပ်ဗိုလ် မရိုးလားက –

“သခင်လေး မုန်းတီးနေတဲ့ ဒီကောင်စုတ်ကို ကျုပ် ရှင်းပစ်ပေးပါ့မယ်ဗျာ။ အခုချက်ချင်း သူတို့နောက်ကို ကျုပ် အပြင်းလိုက်ပြီး ဒီကောင်စုတ်ကိုရောသူ့အဖော်ကိုပါ လမ်းခရီးမှာ ကျုပ်ကိုယ်တိုင်သတ်ပြီး ဆီဇာဘော်ဂျာက သူကိုပေးလိုက်တဲ့ ရွှေအိတ်တွေကို ပြန်ယူခဲ့ပါ့မယ်။ ပြီးတော့ တောပုန်းဓားပြတွေရဲ့ လက်ချက်လို့ ထင်ယောင်ထင်မှားဖြစ်အောင်လည်း လုပ်ခဲ့ပါ့မယ်” ဟု ပြောကြားလိုက်ရာ၊ ပေါလိုက ရယ်မောပြီး –

“မာရိုးလားရယ် ... ခင်ဗျား ပြောပုံက လွယ်လိုက်တာဗျာ။ အီလာရွှန်ကို ပေါ့ပေါ့တန်တန် အထင်မသေးလိုက်ပါနဲ့။ အီလာရွှန်က ဓားရေးမှာ သိပ်ကျွမ်းကျင်တယ်ဗျ။ မပိုင်ဘဲနဲ့ သွားလုပ်ရင် ခင်ဗျားခံသွားရမှာ သေချာတယ်” ဟု ပြောကြားလိုက်သည်။ ထို့နောက် အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ –

“ဆီဇာဘော်ဂျာက ဒီကောင်နှစ်ယောက်ကို ဘယ်လိုအထူးတာဝန် ပေးပြီး ဖော့ဆိတ်မြို့ကို စေခိုင်းလိုက်တာလဲ ခင်ဗျား သိရဲ့လား။ ကျုပ်ကတော့ သခင်မလေး ဘိထရစ်ဆီက ကြားရတဲ့ သတင်းနဲ့ ဆက်စပ်ကြည့်ပြီး မှန်းဆ သိမြင်တာတော့ ရှိတယ်။ အဲဒါကတော့ အခြားမဟုတ်ဘူး။ ဖော့ဆိတ်မြို့က ရဲတိုက်ကြီးမှာ အကျဉ်းခံနေရတဲ့ ဆီဇာဘော်ဂျာရဲ့ အဆွေတော်သုံးဦးကို အကျဉ်းက လွတ်အောင် သွားရောက်ကယ်တင်ခိုင်းတာပဲ ဖြစ်ရလိမ့်မယ်” ဟု ပြောကြားသည်။ ထို့နောက် ဆက်၍ –

“ဒီလို ‘အရေးပါတဲ့ အကျဉ်းသားသုံးဦးကို ကယ်တင်ဖို့အတွက် ဖော့ဆိတ်မြို့ကို ဆီဇာဘော်ဂျာရဲ့ လူယုံတော်နှစ်ယောက်ရောက်ရှိလာမယ့် အကြောင်း’ ကို ဖော့ဆိတ်မြို့က အာဏာပိုင်အဖွဲ့ကို ကြိုတင်ပြီးသတင်းပေးဖို့ လိုတယ်။ ဒီလို သတင်းပေးနိုင်ရင် ဖော့ဆိတ်အာဏာပိုင်အဖွဲ့က ဒင်းတို့တစ်တွေ မြို့ထဲအဝင်မှာ အသာလေး စောင့်ဖမ်းလိုက်ကြမှာပဲ။ ဒီလိုနည်းနဲ့ ဒင်းတို့တစ်တွေ ဒုက္ခလှလှကြီး ရောက်သွားနိုင်တယ်။ မရှုမလှ ညှဉ်းပန်းနှိပ်စက်ပြီး သတ်တာကို ခံသွားရလိမ့်မယ်။ ပြီးတော့ ဒီလိုသတင်းကြိုပြီးပေးတဲ့ သူကိုလည်း ဖော့ဆိတ်အာဏာပိုင်အဖွဲ့ ကျေးဇူးအထူးတင်ပြီး ဆုတော်လာဘ်တော်တွေ ပေးသနားမှာ အမှန်ပဲ” ဟု ပြောကြားသည်။ ထို့နောက် မာရိုးလား၏ မျက်နှာကို စိန်းစိန်းကြည့်ကာ –

http://www.cherrythitsar.org



"မိတ်ဆွေကြီး မာရိုးလား ... ကျုပ်ပြောတဲ့ အကြံအတိုင်းသာ ဆောင်ရွက်ပေးစမ်းပါဗျာ။ ဖော့ဆိတ်အာဏာပိုင်အဖွဲ့က ခင်ဗျားကို ပေးသနားမယ့် ဆုတော်လာဘ်တော်ရဲ့ နှစ်ပြန်နှစ်ဆကို ကျုပ်က ထပ်ဆောင်းပြီး ပေးပါ့မယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မြင်းတပ်မိုလ် မာရိုးလားလည်း အသာခေါင်းညိတ်ပြီး အချိန်ဆိုင်းမနေတော့ဘဲ အသင့်ရှိနေသည့် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ အီလာရွန်တို့ ရှေးရှုသွားရာ ဖော့ဆိတ်မြို့သို့ ဒုန်းစိုင်းထွက်ခွာသွားတော့သည်။ ဖော့ဆိတ်မြို့သို့ ဒုန်းစိုင်းထွက်ခွာလာခဲ့ကြသော အီလာရွန်နှင့် ပီထရိုကလည်း သံလွင်ပင်များ အထူအထပ် ပေါက်နေသော တောင်ကုန်းကြားတွင် တည်ထားသည့် ထမင်းဆိုင်လေး တစ်ဆိုင်တွင်ဝင်ပြီး ခေတ္တနားနေကာ အစားအသောက်များ မှာစားနေကြသည်။

ထိုထမင်းဆိုင်လေးကား ဗင်းနစ်မြို့တော်နှင့် ပါဒူးမြို့တော်သို့ သွား ရာ ခရီးလမ်းကြောင်းတွင်လည်း ကျရောက်နေရကား လာရောက်နားနေ စားသောက်ကြသော ခရီးသည်တို့ဖြင့် မပြတ်လှပေ။ ထို့ကြောင့်လည်း ထမင်းဆိုင်အနီးရှိ မြင်းဇောင်းကြီးမှာ အတော်ပင် ကြီးမားနေလေသည်။

အီလာရွန်နှင့် ပီထရိုတို့ စားသောက်ပြီးချိန်တွင် အပါးတွင် ရစ်သီရစ်သီလုပ်နေသော စားပွဲထိုးမိန်းမပျိုလေးက –

"လူကြီးမင်းတို့ ဘာများအလိုရှိကြပါသေးသလဲ" ဟု မေးလိုက်ရာ၊ အီလာရွန်က –

"ကျုပ် အဖော်စီးတဲ့ မြင်းဟာ ဒီဆိုင်နား အရောက်မှာ မတော်တဆ ထိခိုက်ပြီး ခြေတစ်ဖက် ခေါက်သွားတယ်ကွယ့်။ ဒီတော့ မင်းတို့မှာ ရောင်းဖို့ မြင်းတွေရှိရင် တစ်ကောင်လောက် လိုချင်တယ်" ဟု ပြောလိုက်သည်။

ထိုအခါ မိန်းမပျိုလေးက –

"ရပါတယ်ရှင် ... ကျွန်မတို့ဆိုင်က လိုချင်တာ အကုန်ရပါတယ်။ မြင်းကောင်းကောင်း လိုချင်ရင် ရနိုင်သလို အရက်ကောင်းကောင်းလည်း ရနိုင်ပါတယ်။ ပြီးတော့ ခေတ္တခဏလောက် ပျော်ပါးဖို့အတွက် မိန်းမချောချောတွေလည်း ရနိုင်ပါတယ်" ဟု ပြောကြားပြီး ခပ်ညညစိုက်ကြည့်နေရာ အီလာရွန်က ပြုံးပြီး –

"အင်း ... မိန်းမချောချောဆိုတော့ စိတ်တော့ ဝင်စားမိသားပဲ။ ဒါပေမဲ့ အချိန်မရသေးပါဘူးကွယ်။ အပြန်ကျမှပဲ ဝင်လာခဲ့မယ်။ အခုလောလောဆယ်တော့ မြင်းတွေကို ကြည့်ပါရစေ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမပျိုလေးက နှုတ်ခမ်းစူပြီး –

http://www.cherrythitsar.org



"မြင်းတွေကို ကြည့်ချင်ရင် မြင်းဇောင်းထဲ သွားကြည့်ကြပေါ့" ဟု ခပ်ဆတ်ဆတ်ပြောကာ အပါးမှ စိတ်ပျက်လက်ပျက်နှင့်လှည့်ထွက်သွားသည်။

ထိုအခါ အီလာရှန်နှင့် ပီထရိုလည်း ပြိုင်တူရယ်မောကြပြီးနောက် မြင်းဇောင်းကိုသွား၍ မြင်းများကို ကြည့်ကြသည်။ မြင်းဇောင်း၌ မြင်းသုံး ကောင်ရှိသော်လည်း မြင်းအကြောင်းကို ကောင်းကောင်းနားလည်သော အီလာရှန်အနေနှင့် မြင်းနက်ကြီးတစ်ကောင်ကိုသာ သဘောကျပြီး ကျန်နှစ်ကောင်ကို သဘောမကျပေ။ ထို့ကြောင့် အီလာရှာနှင့် ပီထရိုတို့လည်း ထမင်းဆိုင်ရှင်ကြီးဆီသို့ ပြန်သွားပြီး မိမိတို့ကို ကူညီသောအားဖြင့် မြင်းနက်ကြီးကို ရောင်းချပါရန် ပြောကြားကာ ရွှေပြားသုံးပြားကို စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

ထိုအခါ ထမင်းဆိုင်ရှင်ကြီးလည်း သဘောတူ ဝမ်းမြောက်ဟန်ဖြင့် ပြုံးပြီး ရွှေပြားသုံးပြားကို ကောက်ယူရန် လက်လှမ်းလိုက်သည်။ ထိုအခိုက်တွင် စားပွဲပေါ်သို့ ကြက်သွေးရောင်အိတ်လေးတစ်လုံး ဘုတ်ခနဲ ကျလာသည်။ ထို့အတူ တံခါးဝမှ နေ၍ အသံသြကြီးဖြင့် "အဲဒီရွှေပြားတွေအားလုံးကို ယူပါ။ မြင်းနက်ကြီးကိုတော့ သူတို့ကို မရောင်းပါနဲ့။ ကျုပ်ကိုပဲ ရောင်းပါ" ဟု ပြောကြားလိုက်သံကြီး ထွက်ပေါ်လာသည်။

ထိုအသံကြောင့် အီလာရှန်လည်း ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ ခံ့ထည်သော အမူအရာဖြင့် အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်လာသော လူထွားကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုလူထွားကြီး၏ ခါးတွင်လည်း အရောင်တလက်လက် တောက်နေသော ဓားတစ်စင်းကို ချိတ်ထားသည်။

အီလာရှန်သည် မြင်းတပ်ဗိုလ်မာရီးလားကို တစ်ခါမှ မတွေ့ဖူး မမြင်ဖူးပေ။ သို့သော် အမူအရာ ဟန်ပန်သွင်ပြင်နှင့် လေယူလေသိမ်းကို ထောက်ဆခြင်းဖြင့် မိမိတို့ကို တမင်သက်သက် ရန်စလိုက်ကြောင်းကိုကား ချက်ချင်းသိမြင်သွားသည်။ ထို့ကြောင့် စိတ်ထဲ၌ ထောင်းခနဲ ဒေါသအမျက် ထွက်သွားတော့သည်။ သို့သော် မျက်နှာကို အချိုဆုံးထားပြီး –

"မနှောင့်ယှက်ချင်ပါနဲ့ မိတ်ဆွေ။ ကျုပ်ရဲ့ မိတ်ဆွေရဲ့ မြင်းဟာ ခြေတစ်ဖက် ခေါက်သွားပါတယ်။ ကျုပ်တို့မှာလည်း အရေးတကြီး ခရီးဆက်စရာ ရှိနေပါတယ်။ ဒါကြောင့် မြင်းနက်ကြီးကို တောင်းတောင်းပန်ပန်နဲ့ ဝယ်နေရတာပါ" ဟု ပြောကြားလိုက်ရာ မာရီးလားလည်း မခန့်လေးစား အမူအရာဖြင့် ပခုံးကို ဟန်ပါပါ တွန့်ပစ်လိုက်ပြီးနောက် –

"ဒါတော့ ကျုပ် မသိဘူးဗျာ။ မြင်းနက်ကြီးကို ကျုပ်လိုချင်တာပဲ သိတယ်။ ကျုပ်အစားအစာ စားပြီးတာနဲ့ မြင်းနက်ကြီးကို တစ်ပါတည်း ယူသွားမယ်" ဟု ခပ်ဆတ်ဆတ် ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ထိုအခါ အီလာရွှန်လည်း စားပွဲပေါ်ရှိ ကြက်သွေးရောင်အိတ်လေးကို အသာကောက်ကိုင်ရင်း "မည်သည့်အကြောင်းကြောင့် ဤလူထွားကြီးကရန်လိုရပါသနည်း" ဟု တွေးတောနေရှာသည်။ ထို့နောက် မည်သို့မှ ပြန်မပြောနေတော့ဘဲ လက်တွင်းရှိ ကြက်သွေးရောင်အိတ်လေးဖြင့် ရန်စလာသူ၏ မျက်နှာကို တအားကုန် ပေါက်ချလိုက်သည်။

ထိုအခါ စိတ်ဆတ်သော မြင်းတပ်ဗိုလ် မာရီးလားလည်း ဒေါသအမျက် ထောင်းခနဲ ထွက်သွားပြီး ပေါလို အတန်တန် မှာကြားလိုက်သော စကားကို လုံးဝအမှတ်မရတော့ဘဲ၊ "ဤထမင်းဆိုင်တွင် မြင်းထိန်းလုလင်ပျိုလေးကို အပျောက်ရှင်းတော့အံ့" ဟု ဆုံးဖြတ်ကာ ခါးထဲက ဓားကို ဖျတ်ခနဲဆွဲထုတ်လိုက်သည်။ ထို့နောက် အီလာရွှန်ကို ပြုံးကြည့်ပြီး –

"ဆီညော်ရေ ... ကျုပ်တို့နှစ်ဦးရဲ့ အငြင်းအခုန်ကို ဓားနဲ့ပဲ ဖြေရှင်းကြတာပေါ့" ဟု ပြောလိုက်သည်။

ထိုအခါ ထမင်းဆိုင်ရှင်ကြီးလည်း ကြောက်ရွံ့တုန်လှုပ်သော အမူအရာဖြင့် ဆိုင်တွင်း၌ ရန်မဖြစ်ကြရန် တတွတ်တွတ် ပြောကြားတောင်းပန်နေသည်။ စားပွဲထိုးမိန်းမပျိုလေးကမူ အခန်းတွင်းမှ ကြောက်လန့်တကြား ထွက်ပြေးသွားသည်။

ထိုအခိုက်တွင် အီလာရွှန်သည်လည်း ခါးမှဓားကို ချွတ်ကာ အသင့်ဖြစ်နေပေပြီ။ တစ်ဦးကိုတစ်ဦး လှည့်ပတ်ချောင်းမြောင်းကာ တိုက်ကွက်ကိုရှာနေကြပေပြီ။

မာရီးလားလည်း အီလာရွှန်၏ ရွံ့တွန့်တွန့် အမူအရာကိုကြည့်ပြီး ဖျတ်ခနဲ လှမ်းခုတ်လိုက်ရာ၊ အီလာရွှန်၏ ဦးခေါင်းထက်မှ သီသီလေး ပွတ်လွဲသွားသည်။ ထိုအခါ အားတက်လာပြီး ဆက်ကာဆက်ကာ ခုတ်လေရာ အီလာရွှန်လည်း ကိုယ့်ကိုယ်ကို အနိုင်နိုင်ကာကွယ်ရင်း ကြောက်ရွံ့သည့် အမူ အရာနှင့် နောက်သို့ တရွေ့ရွေ့ ဆုတ်နေသည်။ ထိုအဖြစ်ကို မြင်ရသောအခါ ပီထရိုလည်း အလွန်အမင်း အံ့အားသင့်ဟန်ဖြင့် ကြောင်ငေးကြည့်နေသည်။

ထိုအခိုက်တွင် မာရီးလားက –

"ဟော့ ... မြင်းထိန်းကောင်လေး၊ အခုမှ သိပ်ကြောက်နေသလား။ ငါက မင်းကို အသေမလုပ်ပါဘူး။ နားရုံကျင်ရုံလေး ဆုံးမမှာပါ" ဟု ဟစ်အော်ပြောကြားလိုက်ရာ၊ အီလာရွှန်က –

"ခင်ဗျားကြီး ညာပြောတာပါ၊ ကျုပ်ကို ခင်ဗျားကြီး အသေသတ်ဖို့ ကြိုးစားနေတာကို ကျုပ်သိပါတယ်။ ဘာကြောင့် ကျုပ်ကို အသေသတ်ချင်ရ

http://www.cherrythitsar.org



တာလဲဗျ။ ခင်ဗျားနဲ့ ကျုပ်နဲ့က ဘာရန်ငြိုးမှ ရှိတာ မဟုတ်ပါဘူး” ဟု ပြောကြားလိုက်သည်။

ထိုအခါ မာရိုးလားက ဟက်ဟက်ပက်ပက် ရယ်မောပြီး –

“မင်းကို အသေသတ်ချင်တဲ့ အကြောင်းကတော့ ငါ ငွေရချင်လို့ပဲ ဟေ့။ ဆီဇာဘော်ဂျာက အထူးတာဝန်နဲ့ စေလွှတ်လိုက်တဲ့ မင်းတို့တစ်တွေကို ဖော့ဆိတ်အာဏာပိုင်တွေက ဖမ်းပြီး သတ်ရအောင် ကြိုတင်သတင်းပေးဖို့ သခင်လေး ပေါလိုက ငါ့ကို စေလွှတ်လိုက်တယ်။ အခု ကံကောင်းချင်တော့ ဖော့ဆိတ်မြို့အထိ ရောက်အောင် ငါမသွားရတော့ဘူး။ ဒီမှာတင်ပဲ မင်းကို သတ်ခွင့်ရနေပြီ” ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရွန်က –

“ပီထရိုရေ ... ဟောဒီမိတ်ဆွေကြီး ပြောလိုက်တဲ့ စကားကို ကြားတယ် မဟုတ်လား။ ဟောဒီမိတ်ဆွေကြီးက ကျွန်တော့်ကို အသေသတ်ဖို့ ကြိုးစားနေတာဗျ။ ကျွန်တော့်ကို သတ်ပြီးတာနဲ့ တစ်ပြိုင်နက် ခင်ဗျားကိုလည်း အသေသတ်တော့မှာပဲ။ ဒါမှ ကျွန်တော်တို့တစ်တွေကို သူသတ်ပစ်တဲ့ အကြောင်း ဆီဇာဘော်ဂျာသိခွင့်မရမှာ။ ဒီအတိုင်း မှန်ရဲ့ မဟုတ်လားဗျာ” ဟု ပြောကြားလိုက်ရာ မာရိုးလားက –

“ဒီအတိုင်းအမှန်ပဲပေါ့ ကိုယ့်လူရယ်” ဟု ရယ်ရယ်မောမော ဖွင့်ဟပြောကြားလိုက်သည်။

မိမိကြားလိုသော ဝန်ခံစကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ကြောက်ရွံ့ဟန် ဓားရေး မကျွမ်းဟန်ဆောင်နေသော အီလာရွန်လည်း မာရိုးလား၏ ဓားချက်ကို တန်ပြန်ဓားချက်သွင်းကာ စတင်တိုက်ခိုက်တော့သည်။

ထိုအခါ ‘အီလာရွန်ထက် မိမိက ဓားရေးမှာ အဆများစွာ သာသည်’ ဟု ထင်မှတ်နေသော မာရိုးလားလည်း အီလာရွန်၏ တကယ့်အရည်အချင်းမှန်ကို သိရှိသွားကာ မိမိ၏အသက်ဘေးရန်အတွက် စိုးရိမ်ကြောင့်ကြလာရာမှ–

“မြင်းထိန်းကောင်လေးရဲ့ အညာကို ကျုပ်ခံရပါပကော” ဟု ရေရွတ်ပြောကြားလိုက်ရာ၊ အီလာရွန် ရယ်မောပြီး –

“ကျုပ်ကို ခင်ဗျားကြီးက အသေသတ်ဖို့ ကြိုးစားခဲ့ပေမဲ့ ကျုပ်ကတော့ ခင်ဗျားကြီးကို အသေသတ်နိုင်ပေမဲ့ အသေမသတ်ပါဘူးဗျ။ အိပ်ရာထဲမှာ တစ်ပတ်လောက် လဲလျောင်း အနားယူရရုံလေးပဲ ဓားလက်ဆောင် ပေးခဲ့ပါမယ်” ဟု ပြောကြားလိုက်သည်။

ထို့နောက် အီလာရွန်က ဓားပြင်းပြင်းတစ်ချက် သွင်းလိုက်ရာ မာရိုးလား၏လက်မှ ဓားသည် ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲ ကျသွားတော့သည်။

http://www.cherrythitsar.org



ထို့အတူ အီလာရွှန်၏ ဓားဦးသည်လည်း မာရိုးလား၏ ပခုံးတွင်းသို့ ဖျတ်ခနဲ စိုက်ဝင်သွားတော့သည်။ ထိုအခါ မာရိုးလားလည်း သွေးတဒေါက်ဒေါက် ပန်းထွက်နေသော ပခုံးကို လက်ဖြင့် ဆုပ်ကိုင်ရင်း အီလာရွှန်အား ကြောက်လန့်တကြား လှမ်းကြည့်လိုက်သည်။

ထိုအခိုက်တွင် ပီထရိုလည်း ရှေ့သို့ ဖျတ်ခနဲ လျှောက်လာကာ မာရိုးလားကို ဓားအိမ်ဖြင့် ဖျန်းခနဲ တစ်ချက်ရိုက်ပြီးနောက် –

"မိတ်ဆွေကြီးရေ ... ဟောဒီ ထမင်းဆိုင်မှာ ဆေးဝါးကုသပြီး နားနေပေတော့။ အနာပျောက်တော့မှာပဲ ကျုပ်တို့နောက်ကို လိုက်ချင်လိုက်ခဲ့ပေတော့။ နောက်တစ်ခါ ကျုပ်တို့ကို အနှောင့်အယှက်ပြုရင်တော့ ခင်ဗျားရဲ့ ဟောဒီနေရာကို ဓားဦးဝင်သွားလိမ့်မယ်" ဟု ပြောရင်း လည်မျိုကို လက်တစ်ဘက်ဖြင့် ညွှန်ပြလိုက်သည်။

ထိုအခါ မြင်းတပ်ဗိုလ်မာရိုးလားလည်း –

"ကျုပ်ကို ကူပါဦးကွယ်။ ကျေးဇူးမမေ့ပါဘူး" ဟု စားပွဲထိုး မိန်းမပျိုလေးကို လှမ်းခေါ်လိုက်သည်။

ထို့နောက် စားပွဲထိုး မိန်းမပျိုလေးကို တွဲချီပြီး အခန်းတွင်းမှ ထော့နဲ့ထော့နဲ့နှင့် ထွက်ခွာသွားရာ အီလာရွှန်က လှမ်းကြည့်ရင်း –

"ပီထရိုရေ ... ခုနက ကျွန်တော် သရုပ်ဆောင်လိုက်တာ မပိုင်ဘူး လား" ဟု ပြောကြားလိုက်သည်။

⌘ ⌘ ⌘

# ၇

## သပါ်ခြွန်ခံမျှား ရှုပ်ရှားမှု

ထို့နောက် အီလာရွှန်နှင့် ပီထရိုတို့လည်း ဖော့ဆိတ်မြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ရာ၊ နောက်ဆုံး၌ ဖော့ဆိတ်မြို့သို့ ရောက်လာခဲ့သည်။ အီလာရွှန်တို့ ရောက်သည့်နေ့ကား ဈေးနေ့ဖြစ်ရာ၊ ဖော့ဆိတ်မြို့မှာ အထူးစည်ကားနေပေတော့သည်။

အီလာရွှန်နှင့် ပီထရိုတို့လည်း မြို့ထောင့်တစ်နေရာ၌ ထီးထီးမား မားတည်ရှိနေသော ရဲတိုက်ကြီးရှိရာသို့ မယောင်မလည် သွားရောက်ကြပြီး အနေအထား အထွက်အဝင်တို့ကို လေ့လာကြည့်ရှုနေကြသည်။ ထိုအခိုက် တွင် ပီထရိုက –

"အင်း ... ဒီရဲတိုက်ကြီးဟာ ဆီဇာဘော်ဂျာရဲ့ အဆွေတော်သုံးဦး အကျဉ်းခံနေရတဲ့ နေရာဖြစ်တယ်။ ဒါပေမဲ့ သူတို့ကို ဝင်ကယ်ဖို့ နေနေသာသာ ဒီရဲတိုက်ကြီးထဲကို ဝင်ဖို့ဆိုတာတောင် အတော် ခက်လှတယ်" ဟု ညည်းတွားလိုက်ရာ အီလာရွှန်က –

"ဒီနေ့က ဈေးနေ့ပါပဲ။ ဒီရဲတိုက်ကြီးထဲက လူတချို့ ဈေးဝယ်ထွက်စရာ အကြောင်းရှိတယ်။ သူတို့နဲ့အတူ ရောပြီး ရဲတိုက်ကြီးထဲကို ကျွန်တော်တို့ ဝင်သွားကြရမယ်။ ဒီတော့ ရဲတိုက်ကြီးထဲမှာ အမှုထမ်းတဲ့လူတွေကို ကျွန်တော်တို့တစ်တွေ မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး ရှာဖွေကြတာပေါ့" ဟု ပြောကြားလိုက်သည်။

ထို့နောက် ဈေးကြီးအနီးရှိ 'ငွေမီးအိမ်' စားသောက်ဆိုင်သို့ သွားရောက်ပြီး ဝိုင်အရက်များမှာကာ ကွန်ဖြေရရ ထိုင်ပြီး လူသူလေးပါးကို တစ်စေ့တစ်စောင်း အကဲခတ်နေကြသည်။

အတန်ကြာသောအခါ စားသောက်ဆိုင်တွင်းသို့ လူဝကြီးတစ် ယောက်ဝင်ရောက်လာပြီး အရက်ရောင်းသည့် နေရာသို့သွားရောက်ကာ အသံကျယ်ကျယ်ဖြင့် –

"ငါတို့ရဲ့ တိုက်ကြီးအတွက် ဝိုင်အရက်စည် ၁၂ စည် အသင့်ပြင်ထားပော့" ဟု မှာကြားလိုက်သည်။

ထိုအခါ အီလာရှန်လည်း လူဝကြီးအပါးသို့ သွားရောက်ကာ –

"ဒီမှာ မိတ်ဆွေ၊ ကျွန်တော်တို့နဲ့ အတူလာပြီး အရက်သောက်လှည့်စမ်းပါ။ ကျွန်တော်တို့မှာ ငွေဖောနေတဲ့အတွက် မိတ်ဆွေကို မိတ်ဖြစ်ဆွေဖြစ်ဧည့်ဝတ်ပြုစမ်းပါရစေ" ဟု ပြောကြားမိတ်ဖွဲ့လိုက်ရာ လူဝကြီးလည်း ထပ်မံငြင်းဆန်ခြင်းမပြုတော့ဘဲ တွေကြည့်နေသည်။

ထိုအခိုက်တွင် အီလာရှန်က –

"ကျုပ်တို့အတွက် အခန်းတစ်ခန်း ပြင်ပေးဗျို့။ ပြီးတော့ သိုးသားကင်နဲ့ ပေါင်မုန့်လည်း ယူခဲ့။ စွန်ပလွံသီးတွေလည်း ယူခဲ့။ ဝိုင်အရက်အကောင်းစားလည်း ယူခဲ့" ဟု စားပွဲထိုးအား လှမ်းမှာပြီး လူဝကြီး၏လက်ကို တရင်းတနှီး ကိုင်ကာ အခန်းလွတ်တစ်ခန်းသို့ ဆွဲခေါ်လာခဲ့သည်။

ထို့နောက် အီလာရှန်နှင့် လူထွားကြီးပီထရိုလည်း လူဝကြီးကို အရက် အတင်းတိုက်ကြသည်။ အစားအတင်းကျွေးကြသည်။ ထို့နောက် ရောက်တတ်ရာရာ အကြောင်းအရာများကို ပြောကြားပြီး တဝါးဝါးနှင့် ရယ်ပွဲဖွဲ့ကြသည်။

လူဝကြီး၏ ပြောကြားချက်အရ ဘယ်တာရှန် ခေါ်ပြီး ဖော့ဆိတ်ရဲတိုက်ကြီးက စားတော်ကဲတစ်ယောက် ဖြစ်ကြောင်းသိရှိရသည်။

စားတော်ကဲဘယ်တာရှန်မှာ သေသောက်ကြူးသူတစ်ယောက် ဖြစ်လေရာ အီလာရှန်တို့ ထည့်ပေးသမျှ အရက်ကို တစ်ခွက်ပြီးတစ်ခွက် မနားတမ်း သောက်တော့သည်။ ထိုအခါ ပီထရိုမှာလည်း စားတော်ကဲ ဘယ်တာရှန်နှင့်အပြိုင် အရက်ကိုလိုက်သောက်နေပေသည်။ စားတော်ကဲ ဘယ်တာရှန်နည်းတူ သီချင်းတို့ကို တစ်ပုဒ်ပြီးတစ်ပုဒ် အသံပြဲကြီးနှင့် အော်ဆိုနေပေသည်။

ညနေစောင်းလာသောအခါ ကိုယ်ကို မထိန်းနိုင်အောင် မူးနေသော စားတော်ကဲ ဘယ်တာရှန်လည်း "ရဲတိုက်သို့ ပြန်တော့မည်" အပြုတွင် ယိမ်းထိုးလဲကျသွားရာ အီလာရှန်က အတင်းထူမပေးရသည်။ ထို့နောက် စားတော်

http://www.cherrythitsar.org



ကဲ ဘယ်တာရှန်ကို တွဲမှီပြီး ပီထရိုနှင့် အီလာရှန်တို့လည်း ရဲတိုက်ကြီးရှိရာသို့ သီချင်းတကြော်ကြော်ဆိုရင်း ယိမ်းထိုးယိမ်းထိုးနှင့် လျှောက်သွားကြသည်။

*

ရဲတိုက်အနီးသို့ သီချင်းတကြော်ကြော် ဟစ်အော်ဆိုရင်း ဒယိမ်း ဒယိုင် လျှောက်လာကြသောလူစုကို မြင်သောအခါ ရဲတိုက်တံခါးတွင် အစောင့် တာဝန်ကျသော တံခါးမှူးလည်း အန်စာကစားနေရာမှ မထချင်ထချင် ထလာ သည်။ ထို့နောက် မျက်နှာကို စေ့စေ့ကြည့်လိုက်ရာ အလွန်အကြူး အရက်မှူး နေသော စားတော်ကဲ ဘယ်တာရှန်နှင့် အပေါင်းအဖော်နှစ်ယောက်ဖြစ်ကြောင်း သိရှိရသည်။ ထိုအခါ တံခါးမှူးလည်း အပေါင်းအဖော်တို့ကို မစစ်ဆေးတော့ဘဲ စားတော်ကဲ ဘယ်တာရှန်ကို ဖိပြီး ကြိမ်းမောင်းတော့သည်။

"သေသောက်ကြူး၊ အမြဲပဲ မူးမူးပြီး ပြန်လာတယ်။ မင်းမိန်းမက မင်းကို တံမြက်စည်းနဲ့ ရိုက်စမ်းပါစေဗျာ" ဟု ပြောကြားကာ တံခါးမကြီးကို ဖွင့်ပေးသည်။

တံခါးမှူးဖွင့်ပေးသော တံခါးမကြီးမှတစ်ဆင့် စားတော်ကဲ ဘယ်တာ ရှန်နှင့်အတူ အီလာရှန်နှင့် ပီထရိုတို့လည်း ရဲတိုက်အတွင်းသို့ ဝင်ရောက်လာခဲ့ သည်။

ထိုအခါ အီလာရှန်လည်း စားတော်ကဲ ဘယ်တာရှန်နှင့်အပြိုင် အရက်သောက်ခဲ့သော ပီထရိုအတွက် စိုးရိမ်မကင်းဖြစ်နေရာမှ –

"ကိုယ့်ကိုယ်ကို ထိန်းစမ်းပါ ပီထရို၊ တော်တော်ကြာ ဒုက္ခရောက် ကုန်ပါလိမ့်မယ်" ဟု ပြောကြားလိုက်ရာ ပီထရိုက ရယ်မောပြီး –

"ကျုပ်အတွက် မစိုးရိမ်ပါနဲ့ မောင်ရယ်။ ကျုပ်က ဒီလောက်နဲ့ မမူး သေးပါဘူး။ မောင်ရင်က ကျုပ်ကို မူးပြီး လွတ်နေပြီလို့ ထင်နေသလား" ဟု ပြောကြားလိုက်သည်။

ပီထရို၏အသံမှာ ပကတိတည်ငြိမ်နေရကား အီလာရှန်လည်း အလွန်အမင်း အံ့အားသင့်သွားတော့သည်။ ထို့နောက်မှ –

"ကိုင်း ... ဒါဖြင့် အလုပ်စကြစို့" ဟု ပြောကြားကာ လူမှန်းမသိဖြစ် နေသော စားတော်ကဲ ဘယ်တာရှန်ကို လမ်းဘေးတစ်နေရာ၌ ပစ်ထားခဲ့ပြီး ပီထရိုနှင့်အတူ အကျဉ်းခန်းများထားရှိရာ ရဲတိုက်မြေအောက်ခန်းသို့ ဆင်း သည့် လှေကားရှိရာသို့ ပြေးလာခဲ့ကြသည်။

မြေအောက်လှေကားအနီးသို့ ရောက်ရှိလာသည့်တိုင်အောင် အီလာ ရှန်တို့ လူစုသည် ကင်းလှည့်နေသော အစောင့်စစ်သည်တစ်စုံတစ်ယောက်နှင့်မှ

http://www.cherrythitsar.org



မတွေ့ကြပေ။ ထို့ကြောင့် လှေကားအတိုင်း အောက်ဘက်သို့ အလွယ်တကူ ဆင်းလာနိုင်ခဲ့သည်။

မြေအောက်ခန်းကျယ်ကြီး၌ အကျဉ်းခန်းများ အမြောက်အမြားရှိရာ အီလာရှွန်တို့ လူစုလည်း မှောင်မဲနေသော အကျဉ်းခန်းများကို တစ်ခန်းပြီးတစ်ခန်း အခန်းစေ့ ချောင်းကြည့်ပြီး မိမိတို့ တွေ့လိုသောသူများကို လိုက်လံရှာဖွေခဲ့ကြသည်။ သို့သော် အကျဉ်းခန်းများ၌ အကျဉ်းသားများကို လုံးဝမတွေ့ရပေ။

ထိုအခါ အီလာရှွန်က –

"အထက်တန်း မင်းမျိုးမတ်နွယ် အကျဉ်းသားတို့ကို မြေအောက်ခန်း၌ မချုပ်ထားဘဲ ရဲတိုက်အပေါ်ထပ် တစ်နေရာရာ၌ ချုပ်နှောင်ထားနိုင်ကြောင်း" ပြောကြားအကြံပေးပြီး ရဲတိုက်အပေါ်ထပ်သို့ တိတ်တဆိတ် တက်ရှာကြပြန်သည်။

ဤသို့ဖြင့် တစ်နေရာပြီးတစ်နေရာ ခွဲမလျော့ဘဲ လိုက်လံရှာဖွေခဲ့ကြ ရာ ရဲတိုက်အတွင်းသို့ ရောက်ရှိပြီး သုံးနာရီကျော်ကျော်အကြားတွင် ရဲတိုက် သူရဲခိုရှိ အကျဉ်းခန်းတစ်ခုအတွင်း၌ အကျဉ်းထား ချုပ်နှောင်ခြင်းခံရသော အကျဉ်းသားသုံးဦးကို တွေ့ကြရသည်။ ဆီဇာဘော်ဂျာ၏ အဆွေတော် ဖြစ် သော အကျဉ်းသားသုံးဦးလည်း အကျဉ်းခန်းအတွင်းရှိ ကောက်ရိုးပုံထက်၌ လဲလျောင်းနေကြရာ အီလာရှွန်က အသံတိုးတိုးဖြင့် လှမ်းခေါ်လိုက်သည်။ ထို့နောက် အကျဉ်းခန်းသော့ကို ပီထရိုက ပုဆိုးဖယောင်းဖြင့် ပုံစံယူပြီး သစ်သားဖြင့် သော့တူပြုကာ ဖွင့်ပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ပီထရိုလည်း ပျားဖယောင်းဖြင့် သော့ပုံစံယူပြီး ဓားမြှောင်တစ်လက်ဖြင့် သစ်သားကို လှီးဖြတ်ကာ သော့တူပြုလုပ်နေသည်။ အကျဉ်းခန်းနေရာမှာ အလင်းရောင် မှုန်ဝါးဝါးသာရှိနေရာ ပန်းချီဆရာလူထွားကြီး ပီထရိုမှာ သော့တူကို ခက်ရာခက်ဆစ် ပြုလုပ်နေရရှာသည်။ ထို့ကြောင့် ခရီးတွင်သင့်သလောက် မတွင်လှပေ။

သော့တူပြု၍ပြီးကာနီးတွင်မူ သူရဲခိုတစ်လျှောက် ကင်းလှည့်လာသော စစ်သည်များ၏ ခြေသံကို ခပ်သဲ့သဲ့ ကြားရသည်။ ထို့ကြောင့် အီလာရှွန်လည်း ဓားကို ဖျတ်ခနဲ ထုတ်လိုက်ပြီး –

"ပီထရိုရေ ခင်ဗျားအလုပ်ကို ပြီးအောင် ဆက်လုပ်ပေတော့။ ခင်ဗျား အချိန်ရအောင် ဒီကောင်တွေကို ကျွန်တော် ထိန်းထားလိုက်မယ်" ဟု ပြောကြားကာ စင်္ကြံလမ်းအတိုင်း ပြေးထွက်သွားပြီး ကိုယ်ယောင်ပြလိုက်သည်။

လှံရှည်ကြီးများကို ကိုင်စွဲထားကြသော ကင်းစောင့်စစ်သည်တော် ငါးဦးလည်း မှုန်ဝါးဝါး အလင်းရောင်အောက်၌ ဓားကိုင်ပြီး ပြေးထွက်လာသော

http://www.cherrythitsar.org



အီလာရှန်ကိုတွေ့မြင်သတိပြုသွားကြသောအခါ အစပထမ၌ တစ္ဆေသူရဲဟု မှတ်ထင်ပြီး ကြောက်လန့်တကြားဖြင့် ကြက်သေသေ သွားကြသေးသည်။ ထို့နောက် အတန်ကြာသောအခါ ခေါင်းဆောင်စစ်သည်တော်က သတိရလာပြီး –

"ဟော့ ... ဒါ တစ္ဆေသူရဲ မဟုတ်ဘူးကွ။ ဆီဇာဘော်ဂျာရဲ့ လူပဲ ဖြစ်ရမယ်။ အကျဉ်းသား သုံးဦးကို လာကယ်တာပဲ ဖြစ်မှာပဲ" ဟု ပြောကြားကာ အီလာရှန်ရှိရာသို့ တဟုန်ထိုး ပြေးဝင်ရင်း လက်တွင်းရှိ လှံရှည်ကြီးဖြင့် ထိုးစိုက်လိုက်သည်။

ထိုအခါ သတိနှင့် အသင့်စောင့်နေသော အီလာရှန်လည်း ဘေးသို့ ဖျတ်ခနဲ ရှောင်တိမ်းပြီး ကင်းစောင့်စစ်သည်တော်ကို စလွယ်သိုင်း ပိုင်းချလိုက်ရာ ကင်းစောင့်စစ်သည်တော်လည်း အောက်သို့ ပုံလဲကျသွားတော့သည်။

ထိုအခိုက်တွင် အခြားကင်းစောင့်စစ်သည်တော်လေးဦးလည်း အီလာရှန်ကို လှံရှည်ကြီးများဖြင့် ဝိုင်းထိုးကြရာ အီလာရှန်လည်း လျင်မြန်ဖျတ်လတ်စွာ ရှောင်တိမ်းရင်း ကင်းစောင့်စစ်သည်တို့ကို ဘယ်ပြန်ညာပြန် တိုက်ခိုက်ထိုးခုတ်တော့သည်။

စင်္ကြံလမ်းမှာ အလွန်ကျဉ်းရကား ကင်းစောင့် စစ်သည်တို့မှာ နှစ်ဦးစီသာ ဝင်ပြီး တိုက်နိုင်လေရာ အီလာရှန်အဖို့ တပန်းသာနေပေတော့သည်။ ကင်းစောင့်စစ်သည်တော်တို့၏ လှံချက်ကြောင့် ပေါင်နှင့် လက်မောင်းတို့တွင် ဒဏ်ရာအနာတရ အနည်းငယ် ရရှိသော်လည်း ကိုယ်တွင် သံကိုယ်ချပ်အင်္ကျီ ဝတ်ထားသောကြောင့် အီလာရှန်သည် ပြင်းထန်သော ဒဏ်ရာဒဏ်ချက်ကို မရရှိခဲ့ပေ။ ကင်းစောင့်စစ်သည်တော်တို့မှာမူ အီလာရှန်၏ ဓားချက်ကို ကာကွယ်နိုင်စွမ်းမရှိဘဲ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားတော့သည်။

ဤသို့အားဖြင့် အီလာရှန် အရေးသာနေခိုက်တွင် ဓားသံလှံသံ လူသံသူသံ ဆူဆူညံညံတို့ကြောင့် အခြားကင်းစောင့်စစ်သည်တော်များလည်း အီလာရှန်ရှိရာသို့ တဟုန်ထိုးပြေးလာတော့သည်။ ထို့နောက် အီလာရှန်ကို ဝိုင်းပြီး ဓားများဖြင့် ထိုးခုတ်လိုက်ကြသည်။

လှံရှည်ကြီးများနှင့် မတိုက်ကြဘဲ ဓားများဖြင့်သာ ဝိုင်းပြီး တိုက်ကြရုံမက စင်္ကြံလမ်းမှာလည်း အတော်ပင် ကျဉ်းနေသည့်အတွက် အီလာရှန်မှာ အများနှင့်တစ်ယောက်တိုက်ကြလင့်ကစား အချိန်အတန်ကြာအောင် ခုခံတားဆီးနိုင်ခဲ့ပေသည်။ သို့သော် ခုခံတိုက်ရင်း တဖြည်းဖြည်း တရွေ့ရွေ့ ဆုတ်ဆုတ်ပေးနေရသည့်အတွက် အကျဉ်းစခန်းအနီးသို့ပင် ရောက်ရှိလာခဲ့ပေသည်။

ထိုအခိုက်တွင် သစ်သားကို လှီးဖြတ်ပြီး သော့တူပြုနေသော ပီထရို

http://www.cherrythitsar.org



လည်း သော့တူပြုပြီး၍ သော့ပေါက်ထဲသို့ ထည့်ကြည့်နေသည်။ သော့တံမှာ အတန်ငယ် ကြီးနေသည့်အတွက် "ဒုက္ခပါပဲကွာ။ အရေးထဲ အကြောင်းထဲမှာ သော့တံက ကြီးနေပြန် ပြီ" ဟု ညည်းညူပြီး ဓားမြှောင်ဖြင့် သော့တူသစ်သားကို ကပျာကယာ လှီးဖြတ်ပစ်လိုက်သည်။

ထို့နောက် သော့ပေါက်ထဲသို့ သော့တံကို အမြန်ထည့်ပြီး လှည့်လိုက်ရာ တံခါးပေါက်ကြီးလည်း ကျွီခနဲ မြည်ကာ ပွင့်သွားတော့သည်။

ထိုအခါ ပီထရိုလည်း အကျဉ်းခန်းတွင်းသို့ ဝုန်းခနဲ ပြေးဝင်သွားပြီးနောက် အီလာရွှန်တို့၏ ဓားပွဲကို စိတ်ဝင်စားစွာ ကြောင်ငေးကြည့်နေကြသော အကျဉ်းသားတို့အား အနှောင်အဖွဲ့မှ ဖြည်ပေးသည်။ ထို့နောက် မိမိ၏အင်္ကျီကို ဖျတ်ခနဲ ဆွဲချွတ်ပြီးလျှင် အပိုင်းပိုင်း ဆုတ်ဖြဲလိုက်သည်။ ထို့နောက် အင်္ကျီစများကို တစ်စပြီးတစ်စ ထုံးကာ ကြိုးရှည်ကြီးရအောင် ပြုဆောင်သည်။ ထို့ နောက် အကျဉ်းသားတို့ဘက်သို့လှည့်ပြီး –

"ကင်းစောင့်စစ်သည်တော်တွေကို အီလာရွှန်က အချိန်ဆွဲပြီး ခုခံတားဆီးနေတုန်းမှာ ကျုပ်တို့ဟာ ဒီကြိုးရှည်ကြီးကို ကိုင်ဆွဲပြီး ဟောဟို ပြတင်းပေါက်က တစ်ဆင့် ကျုံးထဲကို ဆင်းပြေးကြမယ်" ဟု ပြောကြားသည်။

ထို့နောက် အကျဉ်းခန်းထောင့် တစ်နေရာတွင် ကြိုးရှည်ကြီး တစ်ဘက်စကို အခိုင်အခံ့ ချည်လိုက်သည်။ ထို့နောက် အကျဉ်းခန်း ပြတင်းပေါက်မှတစ်ဆင့် ကြိုးရှည်ကြီးကို အောက်သို့တန်းလန်းချကာ ထိုကြိုးရှည်ကြီးကို ကိုင်ဆွဲစေပြီး ပြတင်းပေါက်မှတစ်ဆင့် ကျုံးထဲသို့ တစ်ယောက်ပြီးတစ်ယောက် ခိုဆင်းထွက်ပြေးစေသည်။

အကျဉ်းသားသုံးဦးသည် မည်သို့မျှ မပြောမဆိုကြဘဲ ပီထရို ပြောကြားသည့်အတိုင်း ကြိုးရှည်ကြီးကို ကိုင်ဆွဲပြီး ကျုံးထဲသို့ တစ်ယောက်ပြီး တစ်ယောက် ခိုဆင်းသွားကြသည်။

ထိုအခါ ပီထရိုက –

"အီလာရွှန်ရေ ... လာတော့ဟေ့၊ မင်းအရင်ဆင်း။ ဒီကောင်တွေကို ငါထိန်းပေးမယ်" ဟု လှမ်းအော်လိုက်ရာ အီလာရွှန်က –

"ကျွန်တော့်အတွက် ပူမနေနဲ့ ပီထရို ခင်ဗျားသာ လွတ်အောင်ဆင်းသွားပါ။ ကျုပ် ဆက်ဆက် လိုက်ခဲ့ပါ့မယ်" ဟု အော်ပြောရင်း၊ ရှေ့သို့ဖိပြီး တိုးလာကြသော ကင်းစောင့် စစ်သည်တော်တို့ကို အပြင်းအထန် ခုခံတားဆီးနေသည်။

ပီထရိုမှာ အီလာရွှန်ကဲ့သို့ ဓားရေးကျွမ်းသော သူတစ်ယောက်မဟုတ်ရကား 'အီလာရွှန်ကဲ့သို့ ကင်းစောင့်စစ်သည်အများကို မိမိတစ်ယောက်

http://www.cherrythitsar.org



တည်းနှင့် ခုခံတားဆီးနိုင်စွမ်း မရှိကြောင်း' ကို အမှန်အတိုင်း သိမြင်ပေသည်။ ထို့ကြောင့် မည်သို့မျှ ပြန်မပြောတော့ဘဲ အီလာရွှန်၏စကားကို နာခံသောအားဖြင့် ကြိုးရှည်ကြီးကို ကိုင်ဆွဲပြီး ကျုံးထဲသို့ ခိုဆင်းသွားတော့သည်။

ထိုအခိုက်တွင် ကင်းစောင့်စစ်သည်တော်တို့ကို တစ်ကိုယ်တော် ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်နေသော အီလာရွှန်လည်း ခြေကုန်လက်ပန်းကျသွားပြန်ဖြင့် ထိုးနှက်သမျှသော ဓားချက်တို့ကို ခပ်လေးလေးကာရင်း နောက်သို့ တဖြည်းဖြည်း ဆုတ်ဆုတ်ပေးနေသည်။ ထိုအဖြစ်ကို မြင်သောအခါ အီလာရွှန်၏ ဓားစွမ်းကို ရွံ့ကြောက်နေကြသော ကင်းစောင့်စစ်သည်တို့လည်း တအားတက်လာကြပြီးလျှင် အီလာရွှန်၏ အပါးသို့ အတင်းဖိကပ် တိုးဝင်လာကြတော့သည်။

ထိုအခါ အကွက်ကောင်းကို ချောင်းနေသော အီလာရွှန်လည်း ရှေ့သို့ကျွံဝင်လာသော ကင်းစောင့်စစ်သည်တို့ကို လျှပ်ပြက်သကဲ့သို့ လျင်မြန်ဖျတ်လတ်လှသော ဓားချက်တို့ကို ဆက်တိုက်သွင်းလိုက်ရာ ရှေ့ဆုံးမှ ကင်း စောင့်စစ်သည်သုံးဦးမှာ အတုံးအရုံး လဲကျသွားပြီး အခြားကင်းစောင့် စစ်သည်များလည်း ခေတ္တမျှကြောင်ငေးတုံ့ဆိုင်းသွားတော့သည်။

ထိုအခိုက်တွင် အီလာရွှန်လည်း ပြတင်းပေါက် ရှိရာသို့ အတင်းပြေးသွားပြီး ပြတင်းပေါက်ဘောင်ကို ခုန်ဆွဲလိုက်သည်။ ထို့နောက် ပြတင်း ပေါက်တစ်ဘက်သို့ ကိုယ်ကို လှိမ့်ချလိုက်ရာ 'ကျောက်ခဲကို ပစ်ချလိုက်ဘိ သကဲ့သို့' ကျုံးကြီးထဲသို့ တဟုန်ထိုး ကျသွားတော့သည်။

*

တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တို့ဖြင့် ပြည့်နေသော အီလာရွှန် လည်း စိမ့်ကျင်မတတ် အေးစက်နေသည့် ကျုံးရေထဲတွင် ဗွမ်းခနဲကျကာ ရေ အောက်သို့ စုပ်စုပ်မြုပ်သွားတော့သည်။ ထို့နောက် ရေပေါ်သို့ ဘွားခနဲ ပြန် ပေါ်လာပြီး တယက်ကန်ကန် ကူးခပ်နေခိုက် အီလာရွှန်ကို လက်တစ်ဘက်က လာပြီး ဖမ်းဆွဲလိုက်သည်။ ထို့နောက် ကျုံးပေါ်သို့ ကိုင်းကျနေသော သစ်ကိုင်းကြီးတစ်ကိုင်း အောက်သို့ ရောက်သည့်အထိ ဆွဲခေါ်သွားသည်။

ထိုသို့ ဆွဲခေါ်လာခဲ့သော ပီထရီလည်း အတန်ငယ်လုံခြုံရာသို့ ရောက်လာပြီဖြစ်၍ အီလာရွှန်၏မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ထို့နောက်

"ဘုရားရေ ... အီလာရွှန်တစ်ယောက်တော့ အသက်တောင် မရှူပါတော့ပါကလား" ဟု ထိတ်လန့်တကြား ရေရွတ်လိုက်ရာ သစ်ကိုင်းအောက် မှောင်ရိပ်တွင် ခိုနေသော အကျဉ်းသားတစ်ယောက်က –

http://www.cherrythitsar.org



"သူ့မျက်နှာကို ခပ်ဆတ်ဆတ် ရိုက်ရမယ်။ ဒါမှ ဒေါသအမျက် ထွက်လာပြီး အားပြန်ပြည့်လာမယ်" ဟု ပြောကြားအကြံပေးရင်း မျက်နှာကို ခပ်ဆတ်ဆတ် ရိုက်ပေးလိုက်သည်။

ထို့နောက် သတိပြန်လည်စပြုနေသော အီလာရွှန်၏မျက်နှာကို စေ့စေ့ကြည့်ရင်း "တောက် ... လူယုတ်မာ ဖာရာရာ ပါလား။ ဒင်းကြောင့် ရန်သူလက်ထဲက လွတ်မြောက်သွားရတာထက် ရန်သူ့လက်ထဲမှာ အကျဉ်းခံ နေရတာက ပိုကောင်းဦးမယ်" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ပီထရိုက –

"ဒါတွေကို နောက်မှ ပြောကြတာပေါ့။ အခုလောလောဆယ်တော့ ကျုံးထဲကတက်ကြမှ ဖြစ်မယ်။ ကျုံးထဲမှာ အကြာအရှည် ဆက်နေရင် သွေးခဲ ပြီး သေကုန်ကြလိမ့်မယ်" ဟု ပြောကြားကာ အီလာရွှန်ကို တွဲပြီး ကျုံးထဲမှ ဒယိမ်းဒယိုင် တက်သွားသည်။ ထိုအခါ အကျဉ်းသားသုံးဦးလည်း မည်သို့မှ မပြောကြားတော့ဘဲ ကျုံးထဲမှ တက်လိုက်လာကြသည်။

ကျုံးတစ်ဘက်သို့ ရောက်၍ ဖော့ဆိတ်ရဲတိုက်ကြီးကို လှမ်းကြည့် လိုက်ရာ ရဲတိုက်ကြီးမှာ အမှောင်တွင်း၌ ထီးထီးကြီး မားမားကြီး တည်ရှိနေ သည်ကို တွေ့မြင်ရသည်။ ထို့ပြင် မိမိတို့ ဖြတ်သန်းလာသော ကျုံးမှာ အရှေ့ ကျုံးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် မိမိတို့ နေရာမှာ သစ်ပင်များထူထပ်သော တောအုပ်လေးရှိနေရကား 'တော်ရုံတန်ရုံရှာဖွေရုံဖြင့် တွေ့မြင်နိုင်မည် မဟုတ် ကြောင်း' ကိုလည်း သိရှိရသည်။ သို့သော် ပီထရိုက –

"ကျုပ်တို့တစ်တွေ ဒီတောအုပ်ထဲမှာ အကြာအရှည် နေလို့ မဖြစ် ဘူး။ တောနင်းပြီးဝိုင်းရှာရင် ကျုပ်တို့ကို တွေ့သွားနိုင်တယ်" ဟု ပြောကြားပြီး ခရီးဆက်ရန် ပြောကြားရာ အီလာရွှန်က အသာခေါင်းညိတ်လိုက်သည်။

ထို့နောက် ပီထရို ခေါင်းဆောင်ရာ နောက်သို့ အများသဘောတူ တစိုက်မတ်မတ် လျှောက်လာခဲ့ရာ၊ နောက်ဆုံး၌ တောအုပ်တစ်ဘက်စွန်း လမ်းမတစ်နေရာသို့ ရောက်ရှိလာခဲ့သည်။

ထိုအခါ သတိမေ့နေစဉ်က အီလာရွှန်မျက်နှာကို ခပ်ဆတ်ဆတ် ရိုက်ခဲ့သောသူလည်း အီလာရွှန်၏မျက်နှာကို စေ့စေ့ကြည့်ရင်း –

"ကျုပ်တို့ရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးကြောင့် ကျုပ်စိတ် ကို အနိုင်နိုင်ထိန်းချုပ်ခဲ့ပါတယ်။ အခုတော့ ကျုပ်စိတ်ကို မထိန်းနိုင်တော့ဘူး။ ဟေ့ ဖာရာရာ၊ မင်းကို ဟောဒီလို ဆုံးမချင်တယ်ကွာ" ဟု ပြောပြီး အီလာရွှန်၏ မျက်နှာကို လက်သီးဖြင့် စွတ်ထိုးလိုက်ရာ အီလာရွှန်လည်း နောက်သို့ ယိုင် ထွက်သွားသည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် ထိုသူက –

"ဟေ့ ဖာရာရာ ... မင်းတို့ဖာရာရာမျိုးနွယ်တွေက ငါ့ညီမတော်လေးကို စော်ကားခဲ့တာကို ငါတို့ ဝွန်ဇာဂါ မင်းမျိုးမင်းနွယ်တွေက ဘယ်တော့မှ မကျေဖူးကွ။ ငါ့နာမည်ကိုလည်း မင်းစွဲစွဲမြဲမြဲ မှတ်ထားဟေ့။ ဂယ်လီဗို ဝွန်ဇာဂါတဲ့ကွ" ဟု ဒေါသတကြီး ပြောဆိုကြိမ်းဝါးသည်။

ထိုအခါ အကြောင်းမဲ့သက်သက် အစော်ကားခံရသော အီလာရွှန်လည်း မိမိ၏ဓားအိမ်ပေါ်သို့ ဖျတ်ခနဲ လက်ရောက်သွားသည်။ သို့သော် ဓားအိမ်အတွင်း၌ ဓားကို မတွေ့ရပေ။ ဓားအိမ်တွင်းမှ ဓားသည် ကျုံးထဲသို့ ခုန်ချစဉ်က ကျုံးထဲသို့ လွင့်ကျသွားခဲ့ပေပြီ။

ထိုအခိုက်တွင် မင်းသားကြီး ဂယ်လီဗိုဝွန်ဇာဂါက မိမိဓားအိမ်မှ ဓားကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ရာ အလွန်တစ်ရာ သည်းခံနိုင်စွမ်းရှိသော ပန်းချီ ဆရာ လူထွားကြီး ပီထရိုလည်း သည်းခံနိုင်စွမ်းမရှိတော့ဘဲ ဂယ်လီဗိုဝွန်ဇာဂါ ၏ လက်မှဓားကို အတင်းဆွဲလုယူပြီးနောက် –

"လူမှားနေပါတယ် ကိုယ်တော်။ ဒေါသရှေ့ထားရင် မှားကုန်ပါလိမ့်မယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသားကြီးဂယ်လီဗိုဝွန်ဇာဂါလည်း အီလာရွှန်၏ မေရိုးကားကား၊ ရွှေရောင်ဆံပင်နှင့် မျက်ဝန်းပြာပြာတို့ကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ –

"ခွင့်လွှတ်ပါ မိတ်ဆွေ၊ ကျုပ်က မောင်ရင့်ကို ဖာရာရာလို့ မှတ်ထင်မိလို့ပါ။ ကျုပ်ရဲ့ ညီမလေးကို ဖာရာရာမျိုးနွယ်ဝင်တစ်ယောက်က အပျော်ကြံပြီး၊ ကိုယ်ဝန်ရှိတယ်လည်းကြားရော အဆိတ်ခတ်ပြီးသတ်ခဲ့ပါတယ်။ ဒီအကြောင်းကို မောင်ရင်သိရင် ကျုပ်ကို ခွင့်လွှတ်နိုင်ပါလိမ့်မယ်" ဟု အီလာရွှန်အား အနူးအညွတ်တောင်းပန်သည်။

ထိုအခါ အီလာရွှန်က –

"ဖာရာရာ၊ ဖာရာရာ၊ ဖာရာရာတဲ့။ ဂျာကိုပိုရဲ့ ဓားသိုင်းကျောင်းကြီးက ထွက်ခွာလာကတည်းက ဒီဖာရာရာဆိုတဲ့ အမည်ကိုပဲ ထပ်တလဲလဲ ကြားနေရတာပဲ။ ကျွန်တော်မျိုးကိုလည်း ဖာရာရာနဲ့ အမြဲလူမှားနေကြတာပဲ။ မြို့စားကတော်လေး ဒိုရိုတီးကလည်း ကျွန်တော်မျိုးကို ဖာရာရာတဲ့။ မိန်းမလှလေး ဂူလာကလည်း ကျွန်တော်မျိုးကို ဖာရာရာတဲ့။ ဟော အခုလည်း ကိုယ်တော်ကြီးက ကျွန်တော်မျိုးကို ဖာရာရာလို့ ထင်နေပြန်ပြီ" ဟု ပြောကြားလိုက်ရာ မင်းသားကြီး ဂယ်လီဗိုဝွန်ဇာဂါလည်း အီလာရွှန်ကို စေ့စေ့စပ်စပ် ကြည့်ရှုနေရာက –

http://www.cherrythitsar.org



"မောင်မင်းဟာ ဖာရာရာနဲ့တကယ်တူပါပေတယ်။ ဖာရာရာမျိုးနွယ် တစ်ယောက် မဟုတ်ဘူးဆိုတာကော တကယ်အမှန်ပဲလား" ဟု မေးလိုက် သည်။

ထိုအခါ ပီထရိုက –

"ကိုယ်တော်ကို ကျွန်တော်မျိုးတို့က ဘာကြောင့်လိမ်ပြောရမှာလဲ" ဟု ခပ်ဆတ်ဆတ်ပြောလိုက်ရာ မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါက –

"အေးဗျာ ... မောင်မင်းတို့ အကြောက်အကန် ပြောနေကြလို့သာ ကျုပ်အနေနဲ့ လက်ခံလိုက်ရတာ။ ဖာရာရာနဲ့ ချွတ်စွပ်တူနေတာတော့ အမှန်ပါ ပဲ" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် အီလာရှွန်က –

"ဖာရာရာအကြောင်းကို ဒီလောက်နဲ့ပဲ လက်စသတ်လိုက်ကြရ အောင်ဗျာ။ ရဲတိုက်ကြီးက စစ်သည်တော်တွေ တောနင်းရှာလို့ ကျွန်တော်တို့ တစ်တွေကို ဖမ်းမိသွားဦးမယ်" ဟု ပြောကြားလိုက်ရာ ပီထရိုက –

"ဟုတ်တယ်ဗျို့၊ ကျုပ်တို့ ခရီးဆက်ကြရအောင်။ ဖော့ဆိတ်မြို့ကို ကျုပ်တို့အလာမှာ လမ်းအနေအထားတွေကို ဂရုစိုက်ပြီး မှတ်သားခဲ့တယ်။ သုံးမိုင်လောက် ဆက်လျှောက်လိုက်ရင် ဘေးကင်းတဲ့နေရာကို ရောက်လာပြီ ဗျာ" ဟု ပြောကြားလိုက်သည်။

ထို့နောက် အားလုံး တစိုက်မတ်မတ် ဆက်လျှောက်လာခဲ့ရာ ခရီး သုံးမိုင်ကျော်တွင် လူသွားလမ်းမကြီးတစ်ခုပေါ်သို့ ရောက်ရှိလာခဲ့သည်။

ထိုလမ်းမကြီးအတိုင်း တကျွိကျွိနှင့် မောင်းနှင်လာသော ကုန်တင် မြင်းလှည်းမောင်းသမား အဘိုးကြီးကို လက်ပြတားဆီးပြီးနောက် ကျေနပ် သော အခကြေးငွေပေးကာ နေပီကျေးရွာသို့ ခရီးဆက်လာခဲ့ကြသည်။

⌘ ⌘ ⌘

၈

# ဖော့ဆိတ်မြို့တော်ကြီးမှာ

ဆီဇာဘော်ဂျာ၏ တပ်စခန်းတည်ရှိရာ နေပီသို့ ရောက်သောအခါ ဆီဇာဘော်ဂျာလည်း ဖော့ဆိတ်ရဲတိုက်တွင်း၌ အကျဉ်းခံရသော မိမိမိတ်ဆွေသုံးဦးကို ကယ်တင်လာခဲ့သော အီလာရှွန်နှင့် ပီထရိုတို့ကို ဝမ်းသာအားရကြိုဆိုကာ ကျေးဇူးတင်စကား ပြောကြားသည်။ တစ်ကိုယ်လုံး ဒဏ်ရာအနာတရ ရခဲ့သော အီလာရှွန်ကိုလည်း အတော်ဆုံး သမားတော်ကြီးများနှင့် ပြုစုကုသစေသည်။

ထို့နောက် အီလာရှွန်နှင့် ပီထရိုတို့၏ သက်စွန့်ဆံဖျား လှုပ်ရှားဆောင်ရွက်မှုတို့ကို အသေးစိတ်မေးမြန်းရာ၊ ပီထရိုလည်း ပန်းချီဆရာပီပီ စိတ်မျက်စိ စိတ်နား၌ မြင်ယောင်ယောင် ကြားယောင်ယောင် ဖြစ်လာအောင် စီကာပတ်ကုံး ပြောကြားလျှောက်တင်လိုက်သည်။

ဆီဇာဘော်ဂျာလည်း စိတ်ဝင်စားစွာ နားထောင်နေပြီးနောက်၊ ပီထရို၏ စကားဆုံးသောအခါ –

"ကျုပ်ဟာ သူတစ်ထူးရဲ့ ကျေးဇူးကို ထိန်မြုံးမေ့ချန်တတ်တဲ့ သူ မဟုတ်ဘူး။ ကျေးဇူးရှိတဲ့ သူကို ကျေးဇူးရှိတဲ့အလျောက် ချီးမြှင့်မြှောက်စား တတ်တဲ့သူ ဖြစ်တယ်။ ကျုပ်စေခိုင်းလိုက်တဲ့ အမှုတော်ကို အောင်မြင်ထမြောက်အောင် ဆောင်ရွက်ခဲ့တဲ့ မောင်မင်းတို့ နှစ်ဦးရဲ့ ကျေးဇူးကို ကျုပ် ဘယ်တော့မှ မမေ့ဘူး။ အခုလောလောဆယ်မှာတော့ မောင်မင်းတို့ သုံးဖို့ဖြုန်းဖို့ ပျော်ဖို့ပါးဖို့ အတွက် ဆုတော်ငွေများ ပေးသနားမယ်။ တပ်စခန်းက အပြင်ထွက်ပြီး လည် ခွင့်လည်း ပေးလိုက်မယ်" ဟု မိန့်ကြားသည်။ ထို့နောက် အီလာရှွန်ကို စိုက်ကြည့်ကာ အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ –

http://www.cherrythitsar.org



"အီလာရှန် … မောင်မင်းကို ကျုပ်ရဲ့တပ်မှာ ဗိုလ်မင်းအဖြစ် ခန့်ထား ချီးမြှင့်ဖို့ ရည်ရွယ်ထားတယ်။ အခု လောလောဆယ်မှာတော့ မောင်မင်း သင်ယူ ဆည်းပူးစရာ မှန်သမျှ သင်ယူဆည်းပူးပါ။ မောင်မင်းနဲ့ ပတ်သက်ပြီး ကျုပ် မိတ်ဆွေ မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါနဲ့ ကျုပ် တိုင်ပင်ဆွေးနွေးရဦးမယ်" သို့ မိန့်ကြားလိုက်သည်။ ထို့နောက် –

"အီလာရှန်၊ ကျုပ်တို့ဟာ ဖော့ဆိတ်ခွေးကောင်တွေကို ဆုံးမဖို့ အတွက် မကြာခင် စစ်ချီတော့မယ်။ မောင်မင်းဟာ အတော်ဆုံး လှံရှည်ကိုင် မြင်းသည်တော်တစ်ဦး ဖြစ်နိုင်မယ်။ ဒါကြောင့် မောင်မင်းဟာ လှံရှည်ကိုင် မြင်းတပ်မှူး အာချီလီတီဘာတီရဲ့ လက်အောက်မှာ အမှုတော် ထမ်းဖို့လိုတယ်" ဟု မိန့်ကြားကာ အီလာရှန်နှင့် ပီထရိုတို့အား ရွှေပြားအပြည့်ရှိသော ကတ္တီပါ အိတ်ကို အသီးသီး ချီးမြှင့်ပေးသနားလိုက်သည်။

ဆီဇာဘော်ဂျာ၏ ရှေ့တော်မှောက်မှ ပြန်လည်ထွက်ခွာလာကြခိုက် တွင် ပီထရိုက –

"အီလာရှန်ရေ … မောင်ရင်ကတော့ တကယ့်ကို ကုသိုလ်ထူးတာပဲ။ ဆီဇာဘော်ဂျာရဲ့ ဗိုလ်မင်းဖြစ်ဖို့ဆိုတာ ရတောင့်ရခဲကိစ္စပဲ" ဟု ဝမ်းမြောက် ဝမ်းသာ ပြောကြားလိုက်သည်။

အီလာရှန်နှင့် ပီထရိုလည်း နေပီတပ်စခန်းမှ ခွင့်ယူကာ ရက်အတန် ကြာ တပျော်တပါး သွားလာလည်ပတ်ကြသည်။ သုံးဖြုန်းပျော်ပါးကြသည်။

ထို့နောက် အီလာရှန်လည်း လှံရှည်ကိုင် မြင်းတပ်မှူး အာချီလီတီ ဘာတီ၏ လက်အောက်တွင် ဝင်ရောက်အမှုထမ်းပြီး လှံရှည်ကိုကိုင်စွဲကာ မြင်းကို ဒုန်းစိုင်းစီးရာမှ ပစ်မှတ်ကို ထိအောင် လှံရှည်ဖြင့် တအားထိုးစေခြင်း၊ လက်တစ်ဖက်က ဒိုင်းကိုင်ပြီး လက်တစ်ဖက်က လှံရှည်ကို ကိုင်ကာ မြင်းကို ဒုန်းစိုင်းစီးခြင်းစသော လေ့ကျင့်ခန်းများကို မနားမနေ သင်ယူလေ့ကျင့်ရသည်။

ဤသို့အားဖြင့် မနားမနေ သင်ယူလေ့ကျင့်ပြီး လက်ရွေးစင်လှံရှည် ကိုင် မြင်းစစ်သည်တော်အဆင့်အထိ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာ သောအချိန်တွင် ဆီဇာဘော်ဂျာလည်း ဖော့ဆိတ်မြို့ကို ချီတက်သိမ်းပိုက်ရန် အတွက် တပ်မတော်ကို ထွက်စေသည်။

ဆီဇာဘော်ဂျာကို အာခံအံတုကြသော ဖော့ဆိတ်မြို့သူမြို့သားတို့ လည်း မြို့ရိုးတံတိုင်းများပိတ်ကာ အခိုင်အခံ့ ခုခံကြသည်။ သို့သော် ဆီဇာ ဘော်ဂျာ အထူးတီထွင်ထားသော အမြောက်ကြီးများ၏ ဒဏ်ကိုကား ကြံ့ကြံ့ မခံနိုင်ပါပေ။ ထိုကြောင့် မြို့ရိုးတံတိုင်းများ အပိုင်းပိုင်း ပြိုကျကာ မြို့ပေါက် သွားတော့သည်။

http://www.cherrythitsar.org



ထိုအခါ လုံရှည်ကိုင် မြင်းတပ်မှူး အာချီတီဘာတီခေါင်းဆောင်သော တပ်ကြီးနှင့် ခြေလျင်တပ်ကြီးသည် မြို့တွင်းသို့ အတင်းဝင်ရောက်ပြီး ဖော့ဆိတ် စစ်သည်တော်များကို တိုက်ခိုက်ချေမှုန်းတော့သည်။ ဖော့ဆိတ်စစ်သည်များက လည်း စွမ်းအားရှိသမျှ အကြောက်အကန် ခုခံတိုက်ခိုက်ကြပါ၏။ သို့သော် လူသူလက်နက်အင်အား မမျှသည့်အတွက် တဖြည်းဖြည်း အရေးနိမ့်လာပြီး ကစဉ့်ကလျား ဆုတ်ခွာ ထွက်ပြေးကြရတော့သည်။

ထိုအခါ ဆီဇာဘော်ဂျာ၏အောင်ပွဲရ၊ စစ်သည်တော်များလည်း ဖော့ ဆိတ်မြို့တွင်း အနှံ့ဝင်ပြီး ထွက်ပြေးသွားသော ဖော့ဆိတ်စစ်သည်တော်များနှင့် မသက်ဆိုင်သော လူများကို ရက်ရက်စက်စက် သတ်ဖြတ် ခုတ်ထစ်ကြသည်။ မိန်းမများကို ဆွဲလားရမ်းလား ပြုကြသည်။ စော်ကား အနိုင်ကျင့်ကြရသည်။ အိမ်များကို မီးတင်ရှို့ကြသည်။ ထို့ကြောင့် ဖော့ဆိတ်မြို့ကြီးမှာ ကမ္ဘာပျက် သည့်အလား အော်သံဟစ်သံတို့ဖြင့် ပွတ်ပွတ်လည်နေတော့သည်။

လုံရှည်ကိုင် မြင်းတပ်မှူး အာချီလီတီဘာတီ၏ လက်အောက်တွင် လက်ရွေးစင် လုံရှည်ကိုင် မြင်းသည်တော်အဖြစ် အမှုတော်ထမ်းပြီး၊ တပ်ပွဲတွင် ရှေ့တန်းမှ ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ခဲ့သော အီလာရွန်လည်း စစ်၏ အနိဋ္ဌာရုံများကို မျက်ဝါးထင်ထင် တွေ့မြင်ရသည့်အတွက် စိတ်မကောင်း ဖြစ်နေရာမှ –

"သေလိုက်တဲ့ လူတွေဗျာ၊ သောက်သောက်လဲပါပဲ။ ဖော့ဆိတ် မြို့တော့ နလန်ထူဖို့တောင် ခက်သွားပြီ" ဟု ရေရွတ်လိုက်သည်။

ထိုအခါ အပါးရှိ ပီထရိုက –

"စိတ်မကောင်း ဖြစ်မနေနဲ့ မောင်ရင်ရေ။ သတ်တာ ဖြတ်တာ သေ တာ ကျေတာတွေ လုယက်တိုက်ခိုက်မှုတွေ၊ အနိုင့်အထက်ကျင့်မှုတွေ၊ ပျက်စီး ဆုံးရှုံးမှုတွေကို စစ်ပွဲတိုင်းမှာ တွေ့ရစမြဲပါ။ ဒါကို စစ်ရဲ့သဘောသဘာဝလို့သာ ယူမှတ်ထားပါတော့ကွာ" ဟု ပြောကြားဖျောင်းဖျပြီးမှ –

"ဆီဇာဘော်ဂျာဟာ သူ့ကိုအာခံအံတုတဲ့ ဖော့ဆိတ်မြို့ကို နလံမထူ နိုင်အောင် ဖျက်ဆီးပစ်လိုက်တယ်။ ဒီလိုဖျက်ဆီးပစ်လိုက်ရတဲ့အကြောင်းရင်းက ဘာလဲ သိလား။ ဖော့ဆိတ်မြို့လိုပဲ ဆီဇာဘော်ဂျာကို အာခံအံတုချင်ကြတဲ့ မြို့စားနယ်စားတွေ သင်ခန်းစာ ရသွားစေချင်လို့ပဲ ဖြစ်တယ်။ ယခုအချိန်အခါ မှာဆိုရင် ဆီဇာဘော်ဂျာကို အာခံအံတုမိတဲ့ ဖော့ဆိတ်မြို့ရဲ့ အဖြစ်ဆိုးဟာ အီတလီပြည်တစ်ဝှမ်းလုံးမှာ ပျံ့နှံ့ထင်ရှားနေပြီ။ ဆီဇာဘော်ဂျာကို အာခံအံတု မယ့်အစား မဟာမိတ်ပြုရင် ကောင်းမလားဆိုတာကို တွေးတောစဉ်းစားနေရပြီ မောင်ရင်ရေ။ ဒါဟာ အပြောကျယ်တဲ့ နိုင်ငံရေးဖြစ်တယ်။ လွယ်မယောင်နဲ့ ခက်တယ်။ တိမ်မယောင်နဲ့ နက်တယ်ကွယ့်။ ဒါကြောင့်လည်း 'တိမ်တောင် သဖွယ်

http://www.cherrythitsar.org



မင်းရေးကျယ်တယ်' လို့ ဆိုကြတာပေါ့" ဟု ဆက်လက်ပြောကြား သည်။ ထို့နောက် –

"ဒီအကြောင်းတွေ ထားပြီး၊ အရေးကြီးတဲ့ ကိစ္စတစ်ရပ် ပြောရဦးမယ်။ ဆီဇာဘော်ဂျာက မောင်ရင်ရဲ့ ရုပ်ပုံလွှာပန်းချီကားတစ်ချပ် ရေးဆွဲပေးဖို့ ကျုပ်ကို တာဝန်ပေးထားတယ်။ အဲဒီပန်းချီကားရဲ့ နောက်ခံအဖြစ် ဟောဒီ ဖော့ဆိတ်မြို့စစ်မြေပြင်ကို သုံးရမယ်လို့လည်း ပြောထားတယ်။ ဒီတော့ ဟောဟိုနားက ရေပန်းနားမှာ လူသေကောင်တွေ အတုံးအရုံးရှိနေတယ်။ ဒီတော့ အဲဒီရေပန်းနားမှာ မောင်ရင် ဓားကိုင်ပြီး ခံ့ခံ့ကြီး ရပ်ပေးစမ်းပါ။ ကျုပ် ပုံကြမ်းလောင်း ယူစမ်းပါရစေ" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရွန်က –

"ဘာကြောင့် လူသေကောင်တွေ ကြားမှာ ရပ်နေတဲ့ ပန်းချီကားကို ဆီဇာဘော်ဂျာက လိုချင်ရတာတုန်း" ဟု မေးလိုက်ရာ ပီထရိုက –

"ဖော့ဆိတ်မြို့ကို အောင်ပန်းဆင်လိုက်တဲ့အကြောင်းကို အမြဲအမှတ်ရနေချင်လို့ ဖြစ်မှာပေါ့ကွ။ မောင်ရင်က ဆီဇာဘော်ဂျာရဲ့ လက်ရွေးစင် စစ်သည်တော် တစ်ယောက် မဟုတ်လား" ဟု ဖြေကြားလိုက်သည်။

ထို့နောက် အီလာရွန်ကို ရေပန်းအနီးသို့ ခေါ်သွားကာ မိမိစိတ်တိုင်းကျ အနေအထားအတိုင်း ဓားကိုင်ရပ်နေစေပြီး ခဲဖြင့် ပုံကြမ်းလောင်းယူလိုက်သည်။

ထိုသို့ ပုံကြမ်းလောင်းအပြီးတွင် အီလာရွန်နှင့် ပီထရိုတို့ အနားမှ ကပ်ပြီး မိန်းမချောသုံးဦးတို့ ကြောက်လန့်တကြား ဖြတ်ပြေးသွားပြီး ထိုမိန်းမ ချောသုံးဦးနောက်သို့ သေရည်ယစ်နေသော လေးသည်တော်တစ်စုက ကမူး ရှူးတိုး ပြေးလိုက်သွားကြသည်။

ထိုအခါ ပီထရိုက –

"အင်း ... အခုလိုအချိန်အခါမျိုးမှာ အလုပ်ထဲကို စိတ်ဝင်စားဖို့ဆိုတာ မလွယ်လှပါကလားကရို့" ဟု ရေရွတ်ပြီးနောက် မလှမ်းမကမ်းရှိ အိမ်ပျက်ကြီးအနီးမှောင်ရိပ်၌ ခိုပြီး မိမိတို့ကို ရွံ့တွန့်တွန့်အမူအရာဖြင့် ငေးကြည့်နေကြသည့် မိန်းမပျိုနှစ်ဦးဖက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထို့နောက် အီလာရွန်အား ပြုံးစေ့စေ့ကြည့်ရင်း –

"မောင်ရင်ရေ၊ ကျုပ်တော့ မနေနိုင်တော့ဘူး။ မောင်ရင် ဝါသနာမပါရင် နေခဲ့။ ကျုပ်တော့ သွားလိုက်ဦးမယ်" ဟု ပြောကာ မိန်းမပျိုနှစ်ဦးရှိရာသို့ ပြေးသွားသည်။

http://www.cherrythitsar.org



ဤသို့ ပီထရိုပြေးလာသည်ကို မြင်သောအခါ မိန်းမပျိုနှစ်ဦးလည်း ခြေဦးတည့်ရာ ကြောက်လန့်တကြား ထွက်ပြေးသွားကြသည်။

အီလာရှန်လည်း တဖြည်းဖြည်း ဝေးဝေးပြီး အမှောင်ထုတွင်း၌ ပျောက်ကွယ်သွားကြသော မိန်းမပျိုနှစ်ဦးနှင့် ပီထရိုတို့ကို လှမ်းကြည့်ရင်း စိတ်နှလုံး လေးလံစွာဖြင့် ဟင်းခနဲ သက်ပြင်းချလိုက်သည်။

⌘ ⌘ ⌘

http://www.cherrythitsar.org

၉

## ထူနှင်းသိကိုးပါကြည့်မြို့ပြပျက်

ဆီဇာဘော်ဂျာကို အာခံအံတုမိသည့်အတွက် တွေ့ရကြုံရသော ဖော့ဆိတ်မြို့၏ ကံကြမ္မာသတင်းသည် အီတလီတစ်ဝှမ်းလုံး ပျံ့နှံ့ထင်ရှားနေတော့သည်။

'ဖော့ဆိတ်မြို့ကြီး မီးတဟုန်းဟုန်း လောင်ပြီး ရစရာမရှိအောင် လုံးဝပျက်စီးသွားကြောင်း ဆီဇာဘော်ဂျာ၏ စစ်သည်တော်များက ဖော့ဆိတ်မြို့သားများကို ရက်ရက်စက်စက် သတ်ဖြတ်ကြကြောင်း၊ မိန်းမများကိုလည်း အနိုင်အထက်စော်ကား မုဒိန်းကျင့်ကြကြောင်း' စသော သတင်းစကားများကြောင့် ကြားရသူတိုင်း ကြက်သီးမွေး ညှင်းထမတတ် ကြောက်ရွံ့တုန်လှုပ်သွားကြတော့သည်။

ထိုအခိုက်တွင် ဖော့ဆိတ်မြို့တော်ကို သိမ်းပိုက်ပြီးသော ဆီဇာဘော်ဂျာ၏ တပ်မတော်ကြီးသည် ရီမီနီမြို့နှင့် ပီစာရိုမြို့တို့ ရှိရာသို့ ဆက်လက်ချီတက်လာရာ ရီမီနီမြို့နှင့် ပီစာရိုမြို့တို့လည်း ဆီဇာဘော်ဂျာကို အာခံအံတုမဝံ့ကြတော့ဘဲ အလွယ်တကူ အညံ့ခံလိုက်တော့သည်။

ထိုအခါ ဆီဇာဘော်ဂျာလည်း ပီစာရိုမြို့တွင် တပ်မတော်ကို တစ်ထောက်နားပြီး ပီစာရိုနန်းတော်ကြီးတွင် တခမ်းတနား စံမြန်းတော်မူသည်။ ထိုအခိုက်တွင် နှမတော်မင်းသမီးလေး လူခရေးဇီးယား ဘော်ဂျာလည်း နောက်လိုက် နောက်ပါ အပေါင်းအဖော်များ၊ ရံရွေတော်များနှင့်အတူ အစ်ကိုတော်ရှိရာ ပီစာရိုမြို့သို့ ကြွမြန်းလာသည်။

http://www.cherrythitsar.org



ထိုအခါ အစ်ကိုတော်ဆီဇာဘော်ဂျာလည်း ပီစာရိုနန်းတော်ကြီးတွင် အောင်ပွဲသဘင် ဆင်ယင်သောအားဖြင့် ကြီးကျယ်ခမ်းနားသော ကပွဲကြီးကို ကျင်းပရန် စီမံတော်မူသည်။ ထိုကပွဲကြီးသို့ တက်ရောက်ရန်အတွက် အီလာရှွန်နှင့် ပီထရိုတို့ကိုလည်း တသီးတသန့် ဖိတ်ကြားသည်။

ထိုအခါ အီလာရှွန်၏ ပုံတူပန်းချီကားကို ရေးဆွဲနေသော ပီထရိုက–

"မောင်ရင်ရေ ... ကျုပ်တို့တော့ အရေးပါ အရာရောက်တဲ့ သူတွေ ဖြစ်လာကုန်ပြီ။ ဆီဇာဘော်ဂျာက ဘာကြောင့်များ ကျုပ်တို့ကို မင်းညီမင်းသားတွေလို အရေးပေးနေတာလဲ မသိဘူး" ဟု ရေရွတ်ပြီးနောက် –

"အခုကပွဲကြီးကို အချောဆုံး အလှဆုံးမင်းသမီးလေးတွေ၊ မူးမျိုးမတ်နွယ်တွေ၊ အထက်တန်းစား မင်းကတော်စိုးကတော်တွေ တက်ကြမယ် ကွယ့်။ ဒီအချောအလှလေးတွေကို မောင်ရင် စွဲလန်းချစ်ခင်သံယောဇဉ်တွယ်ပြီး လွမ်းဖျားလွမ်းနာ ကျနေဦးမှာကို မြင်ယောင်မိတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရှွန်လည်း ပီထရိုစိတ်တိုင်းကျ အနေအထား မှာနေပြီး ပန်းချီဆွဲခံနေရာမှ –

"ကျွန်တော်က မိန်းမချော မိန်းမလှမြင်တိုင်း စွဲလန်းချစ်ခင် သံယောဇဉ် တွယ်တတ်တဲ့သူ မဟုတ်ပါဘူး။ ကျွန်တော်စွဲလန်းချစ်ခင် သံယောဇဉ် တွယ်တဲ့သူက တစ်မိုးအောက်မှာ တစ်ယောက်တည်းရှိပါတယ်" ဟု ပြောကြားလိုက်ရာ ပီထရိုက ပြုံးပြီး –

"အင်း ... မောင်ရင်က လူပျိုလူရွယ်ဆိုတော့ နုလုံးသား ရေးရာမေတ္တာနဲ့ပတ်သက်ပြီး စိတ်ကူးယဉ်နေမှာပေ့ါ။ တစ်မိုးအောက်တစ်ယောက်ပဲ စွဲလန်းချစ်ခင်သံယောဇဉ်တွယ်တယ်ဆိုတဲ့ စကားမျိုးပြောမှာပေ့ါ။ ကျုပ်တို့အသက်အရွယ်မျိုး ရောက်လာရင်တော့ မောင်ရင်အတွေးအခေါ် ပြောင်းသွားမှာပါ" ဟု ပြောကြားလိုက်သည်။

ထို့နောက် ပီထရိုလည်း ပန်းချီကားကို စိတ်ရှည်လက်ရှည် ဆွဲနေရာမှ –

"မောင်ရင်ရေ၊ မောင်ရင့်ရုပ်ပုံလွှာပန်းချီကားကို အကောင်းဆုံး ရေးဆွဲပေးပါဆိုပြီး ဆီဇာဘော်ဂျာက ကျုပ်ကိုဆုတော်ငွေ အမြောက်အပြားပုံပြီး ပေးသနားခဲ့တယ်။ ဆီဇာဘော်ဂျာဟာ ဘယ်အရေးကိစ္စမဆို အကြောင်းမဲ့ မဆောင်ရွက်တတ်ဘူးကွယ့်။ ဒါကြောင့် 'ဘာချက်ရွယ်ချက်နဲ့များ မောင်ရင့် ရုပ်ပုံလွှာပန်းချီကားကို ရေးဆွဲခိုင်းတာပါလိမ့်'လို့ ကျုပ်အမြဲ တွေးနေမိတယ်။ ဘာပဲဖြစ်ဖြစ်လေ ကျုပ်ကတော့ ကျုပ်လက်စွမ်းကို ပြတဲ့အနေနဲ့ အကောင်းဆုံး ရေးဆွဲနေတာ" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ညင်သာသော တံခါးခေါက်သံ ထွက်ပေါ်လာရာ လူထွားကြီးပီထရိုလည်း မိမိရေးဆွဲနေသော ပန်းချီကားပေါ်သို့ ဝတ်ရုံတစ်ထည်ဖြင့် ဖျတ်ခနဲ အုပ်လိုက်ပြီးနောက် တံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

ထိုအခါ အီလာရွန်တို့ နေထိုင်သည့် အိမ်ကြီးမှ အခိုင်းအစေ မိန်းမပျိုလေးတစ်ဦးသည် သစ်သီးခြင်းလေးကို ကိုင်ပြီးဝင်လာပြီး –

“အစ်ကိုကြီး ... သစ်သီးတွေပုံကို ပန်းချီဆွဲချင်တယ် ဆိုလို့ လာပို့တာပါ” ဟုပြောကြားရာ ပီထရိုက ပြုံးပြီး –

“ဟုတ်ပါတယ်ကွယ် ... သစ်သီးတွေပုံကို ကျုပ် ဆွဲချင်နေတယ်။ ဒီလိုလာပြီး ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်” ဟု ပြောရင်း မိန်းမပျိုလေး၏ ပခုံးကို တရင်းတနှီး လှမ်းဖက်လိုက်သည်။

*

ပီထရိုနန်းတော်ကပွဲဆောင်တွင်း၌ ကျင်းပသော ကပွဲကြီးကား ကြီးကျယ် ခမ်းနားလှပေသည်။ ကပွဲကြီးကို တက်ရောက်ကြသောသူများ အား လုံးပင် ကောင်းပေညွန့်ပေသော ဝတ်စားတန်ဆာတို့ကို အစွမ်းကုန် ဆင်မြန်းထားကြသည်။

ထို့နောက် ကိုယ့်အတွဲနှင့်ကိုယ် တပျော်တပါး ကခုန်မြူးထူးလိုက်၊ နားနေအပန်းဖြေရင်း တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ရယ်ရယ်မောမော စကားပြောလိုက်နှင့် မြူးရွှင်နေကြသည်။

အီလာရွန်လည်း ကောင်းပေ့ညွန့်ပေ့သော ဝတ်စားတန်ဆာတို့ကို ရွေးပြီးဆင်မြန်းကာ ကပွဲကြီးသို့ တက်ရောက်လာခဲ့ရာမှ မြူးရွှင်နေကြသော လူအုပ်ကြီးကြားတွင် မိမိတွေ့လိုမြင်လိုလှသော ‘မျက်နှာငွေလဝင်းပပလေး’ ကို လိုက်လံရှာဖွေနေမိသည်။ ကပွဲကြီးအတွင်း၌ ရှာဖွေ၍မတွေ့သောအခါ အီလာရွန်လည်း စိတ်ပျက်လက်ပျက်ဖြင့် တိတ်ဆိတ်အေးချမ်းသော ဥယျာဉ်တော်တွင်းသို့ ဆင်းလာခဲ့သည်။

ထိုအခါ ဥယျာဉ်တော်ထောင့်ရှိ အုတ်ခုံလေးထက်၌ ထိုင်ကာ ရွှန်းပသော လမင်းကို ငေးကြည့်နေသည့် မိန်းမချောလေးကို တွေ့မြင်လိုက်ရသည်။ ထိုမိန်းမချောလေးကား အခြားသူမဟုတ်။ အီလာရွန်ခြေတောင့်အောင် လိုက်လံရှာဖွေနေသော မိန်းမချောလေး ဂူလာပေတည်း။

အီလာရွန်လည်း အလွန်တရာ ဝမ်းမြောက်ရွှင်မြူးသွားရာမှ မိန်းမချောလေး ဂူလာအပါးသို့ ခပ်သွက်သွက် လျှောက်သွားရာ မိန်းမချောလေး ဂူလာက မျက်လွှာကို အသာပင့်ကာ ကြည့်လိုက်ပြီး –

http://www.cherrythitsar.org



"ဩော် ... ဓားအနုပညာရှင် အီလာရွှန်ပါလား။ အဖော်မပါဘူး လား" ဟု မေးလိုက်သည်။

ထိုအခါ အီလာရွှန်က –

"ကျွန်တော့်မှာ အဖော်မရှိသေးပါဘူး ခင်ဗျာ။ ဒါကြောင့် အဖော်လိုက်ရှာနေတာပါ။ မက်ဒိုနာ သဘောတူမယ်ဆိုရင် ကျွန်တော်ရဲ့ အဖော်အဖြစ် လက်ခံပါလား" ဟု ပြောကြားလိုက်ရာ၊ မိန်းမချောလေး ဂူလာက –

"ကျွန်မလည်းငြီးစီစီ ဖြစ်တာလည်းတစ်ကြောင်း၊ စိတ်ကြိုက်တွေ့တဲ့ အဖော်ကောင်း မတွေ့လည်း တစ်ကြောင်းကြောင့် ကပွဲခန်းမကြီးထဲက ထွက်ခွာလာခဲ့တာပါ။ ရှင့်လို အဖော်ကောင်းနဲ့ဆိုရင်တော့ တစ်ချီတစ်မောင်းတွဲပြီး ကချင်ပါသေးတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရွှန်လည်း ရင်တသိမ့်သိမ့်ခုန်နေရာမှ –

"အတိုင်းမသိ ကျေးဇူးတင်ပါတယ် မက်ဒိုနာ" ဟု ပြောကြားပြီး ရွှန်းရွှန်းစားစား စိုက်ကြည့်နေရာ မိန်းမချောလေး ဂူလာက လက်ကို အသာဆန့်တန်းပေးရင်း –

"လာပါ အီလာရွှန်၊ ကပွဲကြီးကို ကျွန်မတို့ သွားကြပါစို့" ဟု ပြောကြားလိုက်သည်။

ထို့နောက် အီလာရွှန်နှင့် မိန်းမချောလေး ဂူလာတို့လည်း တစ်ဦးလက်ကို တစ်ဦး ဆုပ်ကိုင်ရင်း ကပွဲခန်းမဆောင်သို့ ဝင်ရောက်လာခဲ့ကြသည်။ ထို့နောက် တစ်ဦး၏ ခါးကို တစ်ဦးဖက်ကာ စည်းချက်ဝါးချက်နှင့်အညီ ကြည်နူးရွှင်ပျစွာ ကခုန်ကြတော့သည်။

အီလာရွှန်လည်း ကကြိုးတေးပုဒ်အတွက် တီးခပ်အပ်သော သာယာငြိမ့်ညောင်းသည့် တူရိယာ တေးဂီတ ပြီးဆုံးသွားသည့်တိုင်အောင် မိန်းမချောလေး ဂူလာ၏ ခါးကို ဖက်ထားရာမှ မလွှတ်ဘဲ၊ ဖက်မြဲဖက်ထားရာ မိန်းမချောလေး ဂူလာလည်း အီလာရွှန်၏ ရင်အုပ်ကျယ်ကြီးတွင် ခေါင်းကို နွဲ့နွဲ့လေး မှီထားရာမှ –

"အီလာရွှန်ရယ် ... တေးဂီတပြီးဆုံးလို့ ကနေတဲ့ အတွဲတွေလည်း အကရပ်သွားကြပါပြီ။ ကျွန်မ ခါးကို ဖက်ထားတာများ တစ်ဆိတ်လောက် လွှတ်ပေးပါလားရှင်" ဟု ခပ်တိုးတိုးလေး ပြောလိုက်သည်။

ထိုအခါ အီလာရွှန်လည်း ရှက်သွေးဖြန်းသွားရာမှ မိန်းမချောလေး ဂူလာ၏ နီထွေးပြည့်တင်းသော နှုတ်ခမ်းအစုံကို အသာငုံ့နမ်းလိုက်ရာ၊ မိန်းမချောလေးဂူလာက ရယ်မောပြီး –

http://www.cherrythitsar.org



"အီလာရွှန်ရယ် ... ရှင်က အနမ်းဝါသနာထုံတယ် ထင်ပါရဲ့။ မြို့စားကတော်လေး ဒိုရိုတီးကိုလည်း ရှင်နမ်းခဲ့တာပဲ။ နယ်စားသခင်မလေး ဘိထရစ်ကိုလည်း ရှင် နမ်းခဲ့တာပဲ" ဟု ခပ်တိုးတိုး ပြောကြားလိုက်သည်။

ထိုအခါ အီလာရွှန်က စိတ်ထိခိုက်သော အမူအရာဖြင့် –

"မက်ဒိုနာရယ် ... ကျွန်တော့်ကို ဒီစကားမျိုးမပြောပါနဲ့လားဗျာ။ မက်ဒိုနာကို ကျွန်တော် တကယ့်မေတ္တာစစ်နဲ့ စွဲစွဲလန်းလန်း မြတ်နိုးချစ်ခင်တာပါ။ ဒါကို မက်ဒိုနာ သိပါတယ်လေ" ဟု လှိုက်လှိုက်လှဲလှဲ ပြောကြားလိုက်ရာ၊ မိန်းမချောလေး ဂူလာလည်း အတန်ကြာအောင် တွေဝေငေးငိုင်သွားသည်။

ထို့နောက် မိမိခေါင်းတွင် စည်းထားသော ခရမ်းရောင်ပိုးပဝါကို ဖြုတ်လိုက်ပြီး အီလာရွှန်ကို ကမ်းပေးရင်း –

"ရှေးခေတ်အခါတုန်းက စစ်မြေပြင်ကို ထွက်မယ့် သူရဲကောင်းတွေကို သူတို့ချစ်သူ မင်းသမီးလေးတွေက အမှတ်တရအနေနဲ့ ပိုးပဝါလေးတွေကို လက်ဆောင်ပေးကြလေ့ရှိခဲ့ပါတယ်။ အခုလည်း ရှင့်ကို ကျွန်မက ဟောဒီ ပိုးပဝါလေးကို အမှတ်တရ ပေးခဲ့ပါတယ်။ ရှင် အမြဲသိမ်းထားပါတော့" ဟု ပြောကြားသည်။

ထိုအခါ အီလာရွှန်လည်း အတိုင်းမိ ဝမ်းမြောက်ကြည်နူးသွားရာမှ မိန်းမချောလေး ဂူလာ၏ လက်ကို တယုတယ တမြတ်တနိုး ကိုင်ကာ ငုံ့နမ်းလိုက်သည်။ ထို့နောက် ကြေကွဲလှိုက်လှဲသော အမူအရာဖြင့် –

"ဖော်ပြလို့ မစွမ်းသာအောင် ကျေးဇူးလည်း တင်ပါတယ်။ ဝမ်းလည်း မြောက်ပါတယ် မင်းသမီးလေးရယ်။ ဒါပေမဲ့ ဒီဘဝ ဒီတစ်သက်မှာတော့ ကျွန်တော်နဲ့ မင်းသမီးလေးတို့ ဘဝချင်း ပေါင်းဆုံဖို့ လမ်းမမြင်သေးပါဘူးခင်ဗျာ။ ဘဝချင်းက ကွာခြားလွန်းလှပါတယ်" ဟု ပြောကြားလိုက်ရာ၊ မိန်းမချောလေး ဂူလာလည်း အလွန်အမင်း စိတ်ထိခိုက်သွားဟန်ဖြင့် –

"အီလာရွှန်ရယ် ... ဒီလောက်လည်း အားငယ်မနေပါနဲ့ရှင်။ ရှင်ဟာ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ ယောကျ်ားကောင်းပဲ" ဟု အားပေးစကား ပြောကြားလိုက်သည်။

ထို့နောက် အီလာရွှန်နှင့် မိန်းမချောလေး ဂူလာတို့လည်း ကပွဲဆောင်အနီးရှိ ခန်းမကျယ်ကြီးကို သွားရောက်ကြပြီး ကြည်ကြည်နူးနူး ရယ်ရယ်မောမော စကားပြောနေကြသည်။ ထိုအခိုက်တွင် အီလာရွှန်တို့ရှိသည့် ခန်းမကျယ်ကြီးအတွင်းသို့ ဆီဇာဘော်ဂျာနှင့် ညီမတော် မင်းသမီးလေး လူခရေဇီးယားဘော်ဂျာတို့ စကားပြောရင်း ဝင်ရောက်လာကြသည်။ နောက်တော်ပါး၌လည်း နန်းတွင်းပျော်တော်ဆက် လူပုလေးနှစ်ဦးတို့ လိုက်ပါလာကြသည်။

http://www.cherrythitsar.org


အခန်းတွင်းသို့ ရောက်သောအခါ နန်းတွင်းပျော်တော်ဆက်တစ်ဦး က –

"သတိထားတော်မူပါ အရှင် … သတိထားတော်မူပါ" ဟု အလန့်တကြား အော်လိုက်ရာ ညီမတော် မင်းသမီးလေးနှင့် တိုးတိုးစကားပြောနေ သော ဆီဇာဘော်ဂျာလည်း ဆတ်ခနဲ မော့ကြည့်ကာ –

"ဟဲ့ ဘာဖြစ်တာလဲ အရူး" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ နန်းတွင်းပျော်တော်ဆက်က အီလာရှုန်ကို လက်ညှိုးနှင့် ငေါက်ငေါက်ထိုးရင်း –

"ဟောဟိုမှာ အရှင့်ရဲ့ သခင်ရှိနေပါတယ်။ သူ့လက်ထဲမှာသာ ဓားရှိရင် ဘယ်သူမှ သူ့ကို ယှဉ်ပြိုင်လို့ မရပါဘူး" ဟု လျှောက်တင်လိုက်ရာ ဆီဇာဘော်ဂျာလည်း အီလာရှုန်ကို လှမ်းကြည့်ပြီး –

"ဟုတ်ပါရဲ့။ ဟုတ်ပါရဲ့" ဟု မိန့်ကြားကာ ပြုံးရယ်တော်မူလိုက် သည်။

ထိုအခိုက်တွင် မည်သူ့ကိုမဆို နောက်ပြောင် ကျီစယ်ခွင့်ရှိနေသော နန်းတွင်းပျော်တော်ဆက်လည်း အီလာရှုန်အပါးသွားကာ ဝိုင်းကြီးပတ်ပတ် ကခုန်ကျီစယ်နေသည်။ ထို့နောက် အီလာရှုန်၏ခါးတွင် စည်းထားသော ခရမ်းရောင်ပိုးပဝါကို လက်ညှိုးထိုးပြရင်း –

"ဟောဒီမှာ မင်းသမီးလေး ဂူလာရဲ့ ခရမ်းရောင်ပိုးပဝါလေးပါလား။ မင်းသမီးလေးက အီလာရှုန်ကို ချစ်သူသူရဲကောင်းအဖြစ် ရွေးချယ်ပြီး အမှတ် တရ လက်ဆောင်ပေးထားတယ် ထင်ပါရဲ့" ဟုပြောကြားပြီး အီလာရှုန်၏ မျက်နှာကို စေ့စေ့ကြည့်ကာ တဟားဟား ရယ်မောနေသည်။ ထို့နောက် မနာလို ဝန်တိုသော အမူအရာဖြင့် –

"ဟား ဟား … ဟား ဟား … ဟား ဟား … ဟား ဟား … ဒါ ပေမဲ့ အီလာရှုန်ဟာ သူရဲကောင်းလား၊ အမျိုးအနွယ် မြင့်မြတ်တဲ့သူလား။ အမျိုးအနွယ် မြင့်မြတ်တဲ့မင်းသမီးလေးရဲ့ အမှတ်တရ လက်ဆောင်ကို ခံယူ ထိုက်တဲ့သူလား" ဟု ပြောကြားပြီး နှာခေါင်းတရှုံ့ရှုံ့လုပ်နေသည်။ ထို့နောက်မှ

"ကျုပ်နှာခေါင်းထဲမှာတော့ မြင်းချေးနံ့တွေပဲရနေတယ်။ ဟုတ်တယ်။ မြင်းချေးနံ့တွေပဲ ရနေတယ်။ သြော် … ဒါကြောင့် မြင်းချေးနံ့တွေ ရနေမှာပေါ့။ အီလာရှုန်က သူရဲကောင်းမှ မဟုတ်ဘဲ။ အမျိုးအနွယ် မြင့်မြတ်တဲ့သူမှ မဟုတ်ဘဲ။ အညတရ ဆင်းရဲသား မြင်းထိန်းလေးကိုး" ဟု ပြောကြားကာ အီလာရှုန်၏ ခါးတွင် စည်းထားသော ခရမ်းရောင်ပိုးပဝါစကို လက်ဖြင့် လှမ်းဆွဲယူလိုက် သည်။

http://www.cherrythitsar.org



ထိုအခါ အီလာရွှန်လည်း နန်းတွင်းပျော်တော်ဆက်၏ လက်တွင်းရှိ ခရမ်းရောင်ပိုးပဝါကို ဖျတ်ခနဲ ပြန်ဆွဲယူလိုက်ရုံမက နန်းတွင်း ပျော်တော်ဆက်ကိုလည်း ချိုင်းမှ ဆတ်ခနဲ မ,ကာ လေထဲတွင် မြှောက်ထားလိုက်သည်။

နန်းတွင်းပျော်တော်ဆက်လည်း ကြောက်ရွံ့ထိတ်လန့်သော အမူအရာဖြင့် –

"ကျွန်တော် ... ကျွန်တော်" ဟု ထစ်ထစ်ငေါ့ငေါ့ ပြောကြားနေရာ ထိုအခါမှ အီလာရွှန်လည်း မိမိစိတ်လိုက်မာန်ပါပြုမိသည့်အဖြစ်ကို အမှတ်ရ သွားပြီး နန်းတွင်းပျော်တော်ဆက်ကို အောက်သို့ အသာပြန်ချပေးလိုက်သည်။

နန်းတွင်းပျော်တော်ဆက်လည်း ကြောက်လန့် တုန်လှုပ်သွားသည့် အသွင်ဖြင့် အီလာရွှန်နှင့် ဝေးရာသို့ ထွက်ခွာသွားသည်။

ထိုအခိုက်တွင် ဆီဇာဘော်ဂျာက –

"အီလာရွှန် ... ကျုပ်ဟာ နန်းတွင်းပျော်တော်ဆက်ကြီးရဲ့ နောက်ဆုံးဟာသတွေကို နားဆင်ရယ်မောဖို့အတွက် တစ်သီးတစ်သန့် ဖိတ်ခေါ်လာခဲ့ ခြင်းဖြစ်တယ်။ ဒီလို ထင်ရှားတဲ့ နန်းတွင်းပျော်တော်ဆက်ရဲ့ဟာသကို မောင်မင်း မခံစားတတ်ရုံမကဘူး။ စိတ်လိုက်မာန်ပါ ကိုယ်ထိလက်ရောက်တောင် စော်ကားခဲ့တယ်။ ဒီအတွက် မောင်မင်းကို အပြစ်ဒဏ် ပေးရမယ်။ မင်းသမီးလေး ဂူလာကိုခေါ်ပြီး ဥယျာဉ်တော်ထဲကို မောင်မင်းတို့ နှစ်ဦး ထွက်သွားကြပေတော့" ဟု မိန့်ကြားလိုက်သည်။

*

အီလာရွှန်နှင့် မိန်းမချောလေး ဂူလာတို့လည်း တစ်ဦးလက်ကို တစ်ဦး ဆွဲကာ လရောင် ရွှန်းမြနေသော ပန်းဥယျာဉ်တော်တွင်းသို့ လျှောက်လာခဲ့ကြသည်။ ဥယျာဉ်တော်တွင်းသို့ ရောက်သောအခါ မိန်းမချောလေး ဂူလာ လည်း ဆွေးမြေ့ ကြေကွဲသော အမူအရာရှိနေသည့် အီလာရွှန်၏ မျက်နှာကို မော့ကြည့်ကာ –

"အီလာရွှန်ရယ်။ ရှင် သိပ်စိတ်ထိခိုက်သွားသလားဟင်" ဟု မေးလိုက်ရာ အီလာရွှန်က –

"ဟုတ်ပါတယ် ခင်ဗျာ ... ဘဝအခြေအနေ နုံချာတဲ့ ကျွန်တော့် အကြောင်းကိုတွေးပြီး ဝမ်းနည်းကြေကွဲမိပါတယ်။ အားလည်း ငယ်မိပါတယ်" ဟု ဖြေလိုက်သည်။

ထိုအခါ မိန်းမချောလေး ဂူလာက –

"အားမငယ်ပါနဲ့ရှင်၊ ရှင်ဟာ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ။ 'ယောကျ်ားဘုန်းကား မဆုံးမနိုင်၊ အခေါင်တိုင်' ပါ

http://www.cherrythitsar.org



သတဲ့။ တစ်နေ့မှာ ကြီးကျယ်ထင်ရှားပြီး မြင့်မားတဲ့အခြေအနေကို ရောက်လာမှာပေါ့ရှင်”ဟု ပြောကြားအားပေးလိုက်ရာ အီလာရွှန်က –

“အားငယ်ရပါပြီကော ခင်ဗျာ၊ ကျွန်တော်က အညတရဆင်းရဲသား မြင်းထိန်းသားပါ။ မင်းသမီးလေးက မျိုးရိုးမြင့်မြတ်တဲ့ မင်းသမီးတစ်ပါးပါ။ မင်းသမီးလေးလို နန်းထိုက်တဲ့ ပန်းမကိုင်္ခုနဲ့ ကျွန်တော်လို အညတရဆင်းရဲသား နင်းပြားဟာ ဒီတစ်သက်တာမှာ နီးစပ်ဖို့ အကြောင်းရှိပါ့မလားဗျာ။ ရွှေဖူးစာဆုံပြီး ဗိုလ်ပုံအလယ်မှာ တင့်တောင့်တင့်တယ်လက်ထပ်ထိမ်းမြား နိုင်ပါ့မလားဗျာ။ နောင်ရေးကို တွေးလိုက်တိုင်း ကျွန်တော် စိတ်မောရပါတယ်။ ဝမ်းနည်းကြေကွဲရပါတယ်။ အားလည်း ငယ်ရပါတယ်”ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် နောက်ဘက်မှ –

“ကောင်းလိုက်တဲ့ စကားတွေဗျာ။ ဒီလို ကိုယ့်ဘဝ အခြေအနေမှန်ကို ဝေဖန်ပိုင်းခြားပြီး သိတတ်တဲ့အတွက် ချီးကျူးပါတယ်ဗျာ”ဟူသော အသံကြီး ထွက်ပေါ်လာသည်။ ထို့ကြောင့် နှစ်ယောက်အတူ ဆတ်ခနဲ မော့ကြည့်လိုက်ရာ မှောင်ရိပ်ကျနေသော ပန်းခြုံနားမှနေ၍ အီလာရွှန်တို့ရှိရာသို့ လျှောက်လာသော ပေါလိုကို တွေ့မြင်လိုက်ရသည်။

ထိုအခါ မိန်းမချောလေး ဂူလာက –

“အစ်ကိုနော်၊ အစ်ကိုက ညီမလေးတို့ကို လိုက်ချောင်းကြည့်နေတာလား”ဟု စိတ်ဆိုးမာန်ဆိုးပြောကြားလိုက်ရာ ပေါလိုက ပြုံးစစ အမူအရာဖြင့်–

“မဟုတ်ရပါဘူးဗျာ၊ အစ်ကိုက ငြီးစီစီ ဖြစ်လာတာကြောင့် ဥယျာဉ်ထဲ ထွက်လာတာပါ”ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် အီလာရွှန်က မိန်းမချောလေး ဂူလာကို ဆွေးဆွေးမြေ့မြေ့ကြည့်ရင်း –

“ညဉ့်လည်း အတော်နက်လာပါပြီ။ ကျွန်တော့်မှာ မနက်စောစောထပြီး ဆောင်ရွက်စရာ တာဝန်တွေ ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော့်ကို ခွင့်ပြုပါနော်”ဟု ပြောကြားတောင်းပန်ကာ မင်းသမီးလေး ဂူလာ၏လက်ကို ဆွဲယူပြီး အမြတ်တနိုး နမ်းလိုက်သည်။

ထို့နောက် အပါးမှ ချာခနဲ လှည့်ထွက်သွားရာ ပေါလိုလည်း မျက်လုံးမှေးပြီး အီလာရွှန်၏ နောက်ကျောကို စိုက်ကြည့်နေသည်။

ရွှန်းပြသော လရောင်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်းသို့ ထိုးကျနေသည်။ အခန်းတွင်းရှိ ခုတင်ထက်၌ကား ပန်းချီဆရာလူထွားကြီး

http://www.cherrythitsar.org



ပီထရိုသည် မိမိကို သစ်သီးခြင်းလာပေးပြီး မိတ်ဖွဲ့သော အခိုင်းအစေမိန်းမပျို လေးကို ဖက်ပြီး တခေါခေါနှင့် အိပ်မောကျနေသည်။

ထိုအိပ်မောကျနေခိုက်တွင် မိန်းမပျိုလေးလည်း ပီထရို၏လက်ကို အသာဖယ်ပြီး အိပ်ရာမှ လူးလဲထလိုက်သည်။ ထို့နောက် ပီထရိုဝတ်ရုံတစ် ထည့်ဖြင့် ဖုံးအုပ်ထားသော ပန်းချီကားရှိရာသို့ ခြေဖျားထောက်သွားပြီး ဝတ် ရုံကို ဖယ်ကာ စိတ်ဝင်စားစွာ ကြည့်ရှုလိုက်သည်။ ထို့နောက် လေသံသဲ့သဲ့ဖြင့် "အလို ... ဘုရားရေ။ ပန်းချီကားထဲက ရုပ်ပုံလွှာရှင်က ပီထရိုရဲ့ မိတ်ဆွေ ကိုလူချောလေးပါလား" ဟု တအံ့တသြ ရေရွတ်လိုက်သည်။

ထို့နောက်ဝတ်ရုံကို လွှမ်းခြုံကာ အခန်းတွင်းမှ ထွက်ခွာသွားပြီး နောက် နန်းဥယျာဉ်တော်ရှိရာသို့ ခပ်သုတ်သုတ်ထွက်ခွာလာခဲ့သည်။ ဥယျာဉ် တော် တစ်နေရာသို့ ရောက်၍ အချက်ပေးလိုက်သောအခါ အသင့်စောင့်နေ သော ပေါလိုလည်း အမှောင်ထဲမှ ရုတ်တရက် ထွက်ပေါ်လာသည်။ ပြီးနောက် မိန်းမပျိုလေးကို စိုက်ကြည့်ရင်း –

"ဘယ်နဲ့လဲဟေ့။ ပန်းဆရာပီထရို ကိုယ်တိုင် ရေးဆွဲပြီး တယုတယ တမြတ်တနိုး သယ်ဆောင်လာခဲ့တဲ့ ပန်းချီကားဟာ ဘယ်လိုပန်းချီကားလည်း မင်းစုံစမ်းလို့ရခဲ့ပြီလား" ဟု မေးလိုက်ရာ၊ မိန်းမပျိုလေးက –

"သိခဲ့ပါပြီသခင်။ အဲဒီပန်းချီကားက လူချောလူလှတစ်ဦးနှင့် ရုပ်ပုံ လွှာ ပန်းချီကားပါ။ အဲဒီလူချောလူလှကလည်း တခြားသူမဟုတ်ပါဘူး။ သူနဲ့ အတူ နေတဲ့ ရွှေရောင်ဆံပင်နဲ့ သူပါပဲ" ဟု ပြောကြားလိုက်သည်။

ထိုအခါ ပေါလိုက –

"သူ့အမည်က အီလာရွန် မဟုတ်လား" ဟု မေးလိုက်ရာ၊ မိန်းမပျို လေးက –

"မှန်ပါတယ် သခင်။ ပန်းချီဆရာပီထရိုက အီလာရွန်လို့ ခေါ်တာကို ညနေက ကျွန်မ ကြားခဲ့ပါတယ်" ဟု ပြောကြားသည်။

ထိုအခါ ပေါလိုလည်း အတန်ကြာအောင် တွေဝေစဉ်းစားကာ –

"အီလာရွန်က ပီထရိုရဲ့ အရင်းအနှီးဆုံး မိတ်ဆွေပဲ။ ကိုယ့်မိတ်ဆွေ ရဲ့ ရုပ်ပုံလွှာကို ပန်းချီဆွဲတာဟာ မဆန်းပါဘူး။ ဒါနဲ့များ ဘာကြောင့်ဒီလောက် တောင် လျှို့ဝှက်သိပ်သည်းနေရတာလဲ၊ ထူးခြားလေးနက်တဲ့ အကြောင်းရင်း တော့ ရှိလိမ့်မယ်ထင်တယ်" ဟု ရေရွတ်နေပြီးမှ မိန်းမပျိုလေးကို အိတ်လေး တစ်အိတ် ကမ်းပေးရင်း –

"ရော့ကွယ်။ ဆုတော်အဖြစ် ဒီငွေအိတ်ကိုယူပါ။ ပြီးတော့ အီလာရွန် ဆိုတဲ့လူနဲ့ ပတ်သက်တဲ့သတင်းတွေကိုလည်း ရနိုင်သမျှ စုံစမ်းပြီး လာပြောပါ။

http://www.cherrythitsar.org



ကျုပ်ကျေးဇူးမမေ့ပါဘူး။ ဆုတော်ငွေ ထပ်ပေးပါ့မယ်”ဟု ပြောကြားလိုက်ရာ အခိုင်းအစေ မိန်းမပျိုလေးလည်း ငွေအိတ်လေးကို လှမ်းယူပြီးနောက် ချာခနဲ လှည့်ထွက်သွားသည်။

ထိုအခါ ပေါလိုလည်း မှောင်ရိပ်တွင်း၌ ဝေခွဲတွေးတော မရသည့် အသွင်ဖြင့် တွေဝေငေးငိုင်ရင်း တစ်ကိုယ်တည်း ရပ်ကျန်နေရစ်ရှာသည်။

⌘ ⌘ ⌘

၁၀

# လျှို့ဝှက်ကြံစည်မှုများ

ဖော့ဆိတ်မြို့ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ရီဟီနီမြို့နှင့် မီစာရိုမြို့တို့ကို အလွယ်တကူ သိမ်းယူရရှိခဲ့သော ဆီဇာဘော်ဂျာ၏ တပ်မတော်ကြီးသည် ရာသီဥတုအခြေအနေ ဆိုးဝါးမှုကြောင့် ပီစာရိုမြို့တွင် ခေတ္တတပ်စွဲရပ်နားထား ရာမှ ယခုအခါ ဖရင်ဇာမြို့နှင့် ဘရစ်ဂဲလာမြို့တို့သို့ ဦးတည်ချီတက်လာခဲ့ပေပြီ။ ထိုသတင်းစကားကြောင့် အီတလီတစ်ဝှမ်းလုံးသည် တုန်လှုပ်ချောက်ချား လျက်ရှိသည်။

ထိုသို့ ဆီဇာဘော်ဂျာ၏ တပ်မတော်ကြီး ချီတက်နေခိုက်တွင် ဖော်လီမြို့ရှိ ထမင်းဆိုင်တစ်ဆိုင်၏ အပေါ်ထပ်၌ လူနှစ်ဦးတွေ့ဆုံ ဆွေးနွေးလျက်ရှိသည်။ ထိုလူနှစ်ဦးကား အခြားမဟုတ်။ မင်းသမီးလေး ဂူလာ၏ အစ်ကို တော်ပေါလိုဒါရိန်ဇာနှင့် ပက်မောက်နယ်သား မြင်းတပ်ဗိုလ် မာရိုးလားတို့ပင် ဖြစ်သည်။

ပေါလိုလည်း ဝိုင်ခွက်ကို လက်တွင် ကိုင်ထားရာမှ မာရိုးလား၏ မျက်နှာကို စေ့စေ့ကြည့်ရင်း –

“ဒီမှာ မာရိုးလား ... ခင်ဗျားဟာ ကျုပ်ပြောတဲ့စကားကို နားမထောင်ဘဲ လမ်းခရီးမှာ အီလာရှုန်နဲ့ သွားပြီး ရန်ဖြစ်တယ်။ အဲဒီရန်ပွဲမှာ ခင်ဗျား အရေးရှုံးနိမ့်ပြီး ဒဏ်ရာအနာတရ ရကျန်ခဲ့တယ်။ အီလာရှုန်ကတော့ ဖော့ဆိတ်မြို့ကို အရောက်သွားနိုင်ရုံမကဘူး။ ဆီဇာဘော်ဂျာစေခိုင်းလိုက်တဲ့

http://www.cherrythitsar.org



ကိစ္စကိုလည်း အောင်မြင်ထမြောက်အောင် ဆောင်ရွက်သွားနိုင်ခဲ့တယ်။ အဲဒီ အကျိုးဆက်ကြောင့် ဘာတွေ ရှေ့ဆက်ပြီး ဖြစ်ပျက်တယ်ဆိုတာ ခင်ဗျားအသိ ပဲ မဟုတ်လား" ဟုပြောကြားရာ မာရိုးလားလည်း မျက်နှာကိုအောက်စိုက် ကာ–

"မှန်ပါတယ်ဗျာ။ ကျုပ် မှားသွားခဲ့မိပါတယ်" ဟု ပြောကြားဝန်ခံ လိုက်သည်။

ထိုအခါ ပေါလိုက တင်းမာသော အမူအရာအဖြင့် –

"ဟုတ်တယ်၊ ခင်ဗျား မှားသွားတယ်။ အမှားဒဏ်ကိုလည်း ခင်ဗျား မြက်မြက်လေးခံလိုက်ရတယ်။ ပြီးတော့ ကျုပ်တို့ အနေနဲ့လည်း ခင်ဗျားကို ဆက်ပြီး ခိုင်းဖို့ရာ မဝံ့မရဲဖြစ်သွားတယ်။ နောက်တစ်ခါ ထပ်ခိုင်းရင်လည်း အရင်တစ်ခါလို ထပ်မှားပြီး ထပ်ခံရလေမလားလို့ တွေးတာ တွက်ဆနေရ တယ်" ဟု ပြောကြားလိုက်ရာ၊ မာရိုးလားက မခံချင်သော အမူအရာဖြင့် –

"ဒီအခါတော့ ကျုပ် မမှားစေရပါဘူး။ အီလာရွှန်ကို ကျုပ် အပြတ် ရှင်း ပစ်ပါ့မယ်။ စိတ်သာချနေစမ်းပါ" ဟု ရဲရဲကြီး ပြောကြားကတိပေးလိုက် သည်။

ထိုအခါ ပေါလိုက မဲ့ရွဲ့ပြီး –

"ခင်ဗျားကတော့ ကတိပေးတော့ အလွန်ရဲတာပဲ။ တကယ့် လက် တွေ့မှာတော့ ဘယ်တော့မှ အဆင်မပြေဘူး" ဟု ပြောကြားအပြစ်တင်ပြီးမှ–

"ဒီမှာ မာရိုးလား ... ဒီအညတရမြင်းထိန်းကောင် အီလာရွှန်ကို ကျုပ် မုန်းတယ်။ လူ့လောကကြီးက ဒီကောင် အပြီးတိုင် ထွက်ခွာသွားတာကို ပဲ ကျုပ်လိုလားတောင့်တတယ်" ဟု ပြောကြားသည်။ ထို့နောက် မာရိုးလားကို စေ့စေ့ကြည့်ရင်း –

"ခင်ဗျားကတော့ ကျုပ်စကားရဲ့ သဘောအနက်ကို သိမှာ မဟုတ် ဘူးလေ" ဟု ရေရွတ်ပြီးနောက် –

"ဒီမှာ မာရိုးလား ... အခုအခါမှာ ဗင်းနစ်နဲ့ ဖလော်ရင့်ကရော၊ မီလန်နဲ့ ဂျီးနီးယားကပါ ဆီဇာဘော်ဂျာကို ကြောက်ရွံ့နေကြရတယ်။ ဒီလို အင်အားတောင့်တင်းတဲ့ 'နယ်စားကြီးတွေက' ကြောက်ရွံ့နေရတယ်ဆိုတော့ အီတလီ တစ်ဝှမ်းလုံးမှာ ဆီဇာဘော်ဂျာကို မကြောက်ရွံ့တဲ့နယ်ဆိုလို့ တစ်နယ် မှမရှိတော့ဘူးလို့တောင် ဆိုနိုင်တယ်။ ဒီလိုဆီဇာဘော်ဂျာ တန်ခိုးအင်အား ကြီးမားလာရခြင်းဟာ လူတော်လူကောင်းတွေကို လက်ရွေးစင်ရွေးချယ်ပြီး 'လူမှန်နေရာမှန်' မှာ သုံးစွဲစေခိုင်းနိုင်တဲ့ အရည်အချင်းထူးရှိလို့ပါပဲ" ဟု ပြော ကြားလိုက်သည်။ ထို့နောက် –

"အဲဒီလို ခေါင်းဆောင်ကောင်း အရည်အချင်းထူးနဲ့ ပြည့်စုံတဲ့ ဆီဇာဘော်ဂျာဟာ အီလာရွှန်ကို သိပ်ပြီး အရေးပေးမြှောက်စားနေတယ်။ ဒါကြောင့် အီလာရွှန်ဟာ 'အရှင်မွေးတော့ နေ့ချင်းကြီး' ဆိုသလို အဆမတန် ကြီးမြင့်လာနေတယ်။ အခုလောလောဆယ်မှာ ဆီဇာဘော်ဂျာဟာ ပန်းချီဆရာ ပီထရိုကို အီလာရွှန်ရဲ့ ရုပ်ပုံလွှာပန်းချီကားချပ်ကို အကောင်းဆုံးရေးဆွဲဖို့ စေခိုင်းထားတယ်။ ဒီလိုစေခိုင်းတာဟာ ထူးခြားတဲ့ ရည်ရွယ်ချက်ရှိလို့ပဲ ဖြစ်ရမယ်။ ဒီရည်ရွယ်ချက်ဟာလည်း အီတလီ တစ်ဝှမ်းလုံးကို သိမ်းပိုက်လိုတဲ့ ဆီဇာဘော်ဂျာရဲ့ လိုအင်ဆန္ဒနဲ့ ဆက်စပ်နေလိမ့်မယ်လို့ ထင်မိတယ်။ ကျုပ်အနေနဲ့ကတော့ အီလာရွှန် ကြီးမြင့်သည်ထက် မကြီးမြင့်အောင် တားဆီးရလိမ့်မယ်။ ဆီဇာဘော်ဂျာရဲ့ ရည်ရွယ်ချက် မပျက်ပျက်အောင် ဖျက်ရလိမ့်မယ်။ ဆီဇာဘော်ဂျာ ကျဆုံးပျက်စီးသွားအောင် ပြုလိမ့်မယ်။ ဒီလိုပြုဆောင်နိုင်ရင် ကျုပ်ဟာ ထင်ရှားတဲ့ နယ်စားကြီးတစ်ဦး ဖြစ်လာမှာ သေချာနေတယ်" ဟု ပြောကြားပြီးမှ –

"ဒီမှာ မာရီးလား … ဆီဇာဘော်ဂျာက ဘာကြောင့် အီလာရွှန်ရဲ့ ရုပ်ပုံလွှာပန်းချီကားကို ရေးဆွဲခိုင်းတာလဲဆိုတာကို သိရလေအောင် ရောမမြို့တော်မှာရှိနေတဲ့ သခင်မလေး ဘိထရစ်ဆီကို ခြေမြန်တော်လွှတ်ပြီး မေးခိုင်းထားတယ်။ မကြာခင်မှာပဲ ကျုပ်တို့ဆီကို ဘိထရစ်ကိုယ်တိုင် ရောက်ရှိလာလိမ့်မယ်။ အင်း … ဘိထရစ်ရောက်လာရင်တော့ ကျုပ်သိချင်တာကို သိရကောင်းပါရဲ့"ဟု ပြောကြားရေရွတ်လိုက်သည်။

ထိုသို့ ပြောကြားနေခိုက်တွင် အပေါ့ပြင်းစွာ မောင်းနှင်လာခဲ့သော မြင်းရထားတစ်စီးသည် ထမင်းဆိုင်ရှေ့တွင် တန့်ခနဲ ထိုးဆိုက်လိုက်သည်။ ထို့နောက် ဝတ်ရုံနက်ကို ဆင်မြန်းထားသော မိန်းမချောတစ်ဦးသည် မြင်းရထားတွင်းမှ ဖျတ်ခနဲ ဆင်းလာပြီး ထမင်းဆိုင်ပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်လာသည်။

ထိုအခိုက်တွင် ပေါလိုလည်း ဝမ်းမြောက်ရွှင်မြူးသော အမူအရာဖြင့်–

"သခင်မလေး ဘိထရစ်တော့ ရောက်လာပြီ" ဟု ပြောကြားလိုက်သည်။

အတန်ကြာသောအခါ ပေါလိုနှင့် မာရီးလားတို့ရှိနေသည့် အခန်းတွင်းသို့ ဂယ်လီနာ နယ်စားသခင်မလေး ဘိထရစ် ဝင်ရောက်လာပြီး ပေါလိုအား လက်တစ်ဖက်ကို ဆန့်တန်းပေးလိုက်ရာ၊ ပေါလိုက အမြတ်တနိုးကိုင်ပြီး ငုံ့နမ်းလိုက်သည်။

ထိုအခိုက်တွင် ဘိထရစ်လည်း ပေါလို၏ အပါးရှိ မြင်းတပ်ဗိုလ် မာရီးလားကို ကြည့်ကာ "ပေါလို … သူက ရှင်ပြောပြောနေတဲ့ မြင်းတပ်ဗိုလ်

http://www.cherrythitsar.org



မဟုတ်လား။ ကျွန်မတို့အကြံအစည် အောင်မြင်ထမြောက်အောင် သူက ဆောင်ရွက်ပေးနိုင်ပါ့မလား”ဟု မေးလိုက်ရာ၊ ပေါလိုက –

“ဆောင်ရွက်ပေးနိုင်ပါတယ်”ဟု ဖြေလိုက်သည်။

ထိုအခါ ဘိထရစ်လည်း စားပွဲပေါ်ရှိ ဝိုင်ခွက်ကို ကောက်ယူကာ တစ်ကျိုက်မော့သောက်ပြီးနောက် –

“ရှင်က အီလာရွှန်ရဲ့ သတင်းစကားကို ကြားချင်နေတယ် မဟုတ်လား”ဟု မေးလိုက်ရာ၊ ပေါလိုက –

“ဟုတ်တယ် ... အညတရမြင်းထိန်းရဲ့ အကြောင်းကို ကြားချင် သိချင်နေတယ်”ဟု ဖြေလိုက်သည်။

ထိုအခါ ဘိထရစ်လည်း အီလာရွှန်အကြောင်းကို အတန်ကြာ အောင် တွေဝေစဉ်းစားနေရှာသည်။

မိမိသည် အီလာရွှန်ကို မိမိကိုယ်ကျိုးအတွက် အသုံးချခဲ့သည်ကား မှန်၏။ သို့သော် လူချောလူလှ အီလာရွှန်အပေါ်တွင်ကား ပြတ်ပြတ်တောက် တောက် သဘောမထားနိုင်ခဲ့။ ထို့ကြောင့်လည်း မိမိကိုခွဲခွာပြီး နေပီသို့ ခရီး ဆက်မည့် အီလာရွှန်အား ကြိုတင်ပြီး သတိပေးစကား ပြောကြားခဲ့ခြင်း ဖြစ် သည်။

သို့သော် ... သို့သော် မိမိနှင့် ခင်မင်ရင်းနှီးနေသော ပေါလိုက အီလာ ရွှန်၏အကြောင်းကို စုံစမ်းရန် ပန်ကြားသောအခါ၌ကား မိမိသည် မနေသာပြန် တော့။ ဆီဇာဘော်ဂျာ၏ နန်းတွင်းသူ နန်းတွင်းသားများကို ချဉ်းကပ်ကာ စုံစမ်းခဲ့ရပြန်သည်။ ထို့ပြင် ပေါလိုက 'မိမိနှင့် ပူးပေါင်းဆောင်ရွက်ပါက ဗင်းနစ်၊ ဖလော်ရင့်နှင့် မီလန်မြို့တော်ကြီးတို့ထံမှ ရွှေမြောက်အမြားရရှိမည်' ဖြစ်ကြောင်း ပန်ကြားလာသောအခါ၌လည်း မိမိသည် မငြင်းသာပြန်တော့။ လူချောလူလှ အီလာရွှန်၏ မျက်နှာထက် ရွှေမျက်နှာကို ကြည့်ရန် ဆုံးဖြတ်ခဲ့မိပြန်သည်။ ထိုဆုံးဖြတ်ချက်ကြောင့်လည်း ပေါလို ချိန်းဆိုထားသည့် ဤနေရာသို့ ရောက် ရှိလာခဲ့ခြင်းဖြစ်သည်။

ဘိထရစ်လည်း အီလာရွှန်အကြောင်းကို ဤသို့ တွေဝေစဉ်းစားနေပြီး မှ ပေါလိုကို ပြုံးကြည့်ကာ –

“အီလာရွှန်နဲ့ အီလာရွှန်ရဲ့ ရုပ်ပုံလွှာ ပန်းချီကားကို အကြောင်းပြုပြီး ဆီဇာဘော်ဂျာဟာ ဗင်းနစ်နဲ့ မဟာမိတ်ပြုဖို့ ရည်ရွယ်တော်မူတယ်လို့ ကျွန်မ စုံစမ်းသိရှိရတယ်”ဟု ပြောကြားလိုက်ရာ ပေါလိုက ဒေါသတကြီးဖြင့် –

“ဗင်းနစ်သာ ဆီဇာဘော်ဂျာနဲ့ မဟာမိတ်ဖြစ်သွားရင် အီတလီ တစ် ဝှမ်းမှာ ဆီဇာဘော်ဂျာကို တားဆီးနိုင်တဲ့ မြို့နယ်လို့ ရှိတော့မှာ မဟုတ်ဘူး။

http://www.cherrythitsar.org



ဖလော့ရင့်ကလည်း ဗင်းနစ်နည်းတူ မဟာမိတ်ဖွဲ့မှာပဲ။ ပြီးတော့ မီလန်ကလည်း ဖလော့ရင့်နည်းတူ ဆီဇာဘော်ဂျာကို မဟာမိတ်ဖွဲ့မှာပဲ။ ဒီမြို့စားကြီးတွေနဲ့သာ မဟာမိတ်ဖွဲ့ခွင့်ရရင် ဆီဇာဘော်ဂျာဟာ အီတလီတစ်ဝှမ်းလုံးကို အလွယ်တကူ သိမ်းပိုက်နိုင်တော့မှာပဲ။ ဒီလို ဆီဇာဘော်ဂျာ ကြီးမြင့်ထင်ရှားလာတာနဲ့ အမျှ ဆီဇာဘော်ဂျာ အထူးမြှောက်စားနေတဲ့ အညတရမြင်းထိန်းကောင် အီလာရွှန်ဟာလည်း ကြီးမြင့်ထင်ရှားလာမှာပဲ" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဘိထရစ်က မာရီးလားဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်ပြီး သံပြတ်ဖြင့် –

"ဆီဇာဘော်ဂျာရဲ့ မဟာစီမံကိန်း ပျက်စီးသွားအောင် ကျွန်မတို့တစ်တွေ အစွမ်းကုန်ဆောင်ရွက်ဖို့လိုတယ်။ ပထမဦးဆုံးအနေနဲ့ကတော့ ဆီဇာဘော်ဂျာရဲ့ လက်သုံးတော်ဓားကို ရှင်းပစ်ရလိမ့်မယ်" ဟု ပြောကြားလိုက်ရာ ပေါလိုက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း –

"အီလာရွှန်ကို ရှင်းပစ်ဖို့ ကျုပ် ကြိုးစားပါသေးတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ အကျိုးအကြောင်းကို ဟောဒီမာရီးလားကိုသာ မေးကြည့်ပေတော့" ဟု ပြောကြားလိုက်သည်။

ထိုအခါ မြင်းတပ်ဗိုလ်မာရီးလားက ပေါလို၏ အကြံအတိုင်း မိမိ မလိုက်နာ၊ မဆောင်ရွက်မိသည့်အတွက် အီလာရွှန်၏အသက်ဘေးမှ လွတ်မြောက်သွားသည့် အကြောင်းကို အသေးစိတ်ပြောကြားလိုက်ရာ၊ ဘိထရစ် လည်း စိတ်ဝင်စားစွာ နားထောင်ပြီးနောက် –

"အီလာရွှန်ကို အပျောက်ရှင်းဖို့ ဆိုတာ လွယ်လှတဲ့ကိစ္စ မဟုတ်ဘူး။ အီလာရွှန်ဟာ ဓားရေးမှာ ပြိုင်ဘက်ကင်းအောင် ကျွမ်းကျင်တဲ့သူဖြစ်တယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မာရီးလားက –

"အီလာရွှန်ကို အပျောက်ရှင်းဖို့ တာဝန်ကို ကျုပ်ရဲရဲကြီးယူပါတယ်။ အရင်တစ်ခါက ကျုပ်မှားသွားလို့ ခံရတာပါ။ ဒီတစ်ခါမှာတော့ အမှားအယွင်း လုံးဝ မရှိစေရပါဘူး။ ကျုပ်မှာ ငွေပေးရင် လူ့အသက်တစ်ချောင်းကို သတ်ပေးဖို့ ဝန်မလေးတဲ့ ဓားသမားမိတ်ဆွေတွေ ရှိပါတယ်။ ဒီတစ်ပွဲမှာတော့ ကျုပ်တစ်ယောက်တည်း မကျဲတော့ပါဘူး။ အဲဒီဓားသမား မိတ်ဆွေရဲ့ အကူအညီကိုပါ ရယူပါ့မယ်" ဟု ရဲရဲကြီးပြောကြားတာဝန်ယူလိုက်ရာ၊ ဘိထရစ်က –

"ရှင်လိုချင်တဲ့ ငွေကိုရရပါစေ့မယ်။ အီလာရွှန်ကို အပျောက်ရှင်းဖို့ တာဝန်ကိုတော့ ဘယ်နည်းနဲ့မှ မပျက်ကွက်ပါနဲ့။ ကျွန်မတို့ဟာ ဆီဇာဘော်ဂျာထက် ခြေတစ်လှမ်းဦးအောင် ဆောင်ရွက်နေရတဲ့ အချိန်အခါဖြစ်တယ်။

အရင်တစ်ခါလို အမှားအယွင်းရှိလို့ ချွတ်ချော်တိမ်းစောင်းသွားရင်” ဟု ပြောကြားပြီး ပခုံးကို ဆတ်ခနဲ တွန့်ပြလိုက်သည်။

ပီစာရိုမြို့မှ ချီတက်လာခဲ့သော ဆီဇာဘော်ဂျာ၏ တပ်မတော်ကြီး သည် ယခုအခါ၌ ဖရင်ဇာမြို့တော်ကို ပတ်ပတ်လည်ဝိုင်းထားပြီး ဖြစ်သည်။ သို့သော် ဖရင်ဇာမြို့သားတို့ကား လက်နက်ချ အညံ့ခံခြင်း မပြုကြသေးဘဲ၊ မြို့ရိုးကို အခိုင်အမာ ပိတ်ကာ ကြံ့ကြံ့ခံနေကြသည်။

ထိုအခါ ဆီဇာဘော်ဂျာလည်း လေးသည်တော်တစ်ဦးကို ခေါ်ကာ မြားတစ်စင်းတွင် စာသဝဏ်လွှာတစ်စောင် ချည်စေပြီး၊ ဖရင်ဇာရဲဝိုက်ကြီးထဲသို့ ရောက်အောင် ပစ်လွှတ်ခိုင်းသည်။ ထို့နောက် အပါးရှိ တပ်မှူးများဘက်သို့ လှည့်ကာ –

“အဲဒီစာသဝဏ်လွှာကတော့ ဖရင်ဇာမြို့ကထင်ရှားတဲ့ ခေါင်းဆောင်ကြီး ကက်စတာဂျီနီထံ အကူအညီတောင်းခံလိုက်တဲ့စာတဲ့။ ဒီစာသဝဏ်လွှာကြောင့် ဖရင်ဇာမြို့က ခေါင်းဆောင်တွေ အချင်းချင်း ယုံမှားသင်္ကာမကင်းဖြစ်ပြီး စိတ်ဝမ်းကွဲသွားကြလိမ့်မယ်။ ဒီအတောအတွင်းမှတော့ ဖရင်ဇာမြို့ထဲကို အမြောက်နဲ့မှန်မှန်ထုပြီး ခြိမ်းခြောက်ထားရမယ်” ဟု မိန့်ကြားတော်မူသည်။

ထို့ပြင် ဆီဇာဘော်ဂျာသည် လုံရှည်ကိုင် မြင်းတပ်မှူးကြီး အာချီလီတီဘာတီနှင့်အတူ ဖရင်ဇာမြို့ကို မြင်းနှင့်ပတ်ပြီး မြို့အနေအထားနှင့် အခြေ အနေကို အမြဲမပြတ် လေ့လာကြည့်ရှုတော်မူသည်။

ဤသို့ ဖရင်ဇာမြို့ကို ဝိုင်းရံထားခိုက် အောက်တိုဘာလ တစ်မနက်ခင်းတွင် ဆီဇာဘော်ဂျာလည်း မနက်စာသုံးဆောင်နေရာမှ ဆူဆူညံညံအသံများ ကြားရသည့်အတွက် ယာယီတဲနန်းတော် အပြင်ဘက်သို့ ကမန်းကတန်း ထွက်ကြွပြီး လှမ်းမျှော်ရှုကြည့်လိုက်သည်။ ထိုအခါ အမြောက်ဒဏ်ကြောင့် ဖရင်ဇာမြို့တံတိုင်းတစ်နေရာ၌ ဟောင်းလောင်းပေါက်ကြီးဖြစ်နေပြီး ထိုမြို့ရိုးပေါက်ရှိရာသို့ ဒရောသောပါး ဝမ်းသာအားရ ပြေးသွားနေကြသော ခြေလျင်တပ်သားတို့ကို တွေ့မြင်ရသည်။

ထိုအခိုက်တွင်ပင် အီလာရွန်လည်း တာဝန်ကျနေရာမှ ဆူဆူညံညံ အသံများရှိရာသို့ ဓားဆွဲပြီး ပြေးလာခဲ့ရာ –

“မြို့ရိုးကြီးပေါက်သွားပြီဟေ့”

“မြို့ရိုးကြီးပေါက်သွားပြီ” ဟု ဟစ်အော်ကြွေးကြော်ပြီး၊ မြို့ရိုးပေါက်ရှိရာသို့ အပြေးအလွှား သွားနေကြသော ခြေလျင်စစ်သည်တော်များကိုလည်း တွေ့ရသည်။

“ပြန်ဆုတ်ကြစမ်း”

"ရှေ့မတိုးနဲ့ ပြန်ဆုတ်ကြစမ်း" ဟူ၍ စိုးရိမ်တကြီးဟစ်အော် အမိန့်ပေးနေသော ဆီဇာဘော်ဂျာကိုလည်း တွေ့ရသည်။

ဖော့ဆိတ်မြို့နှင့် ဖော်လီမြို့တို့ကို သိမ်းပိုက်စဉ်က မြိုးမြိုးမြက်မြက်ရရှိခဲ့သည့် အတွေ့အကြုံကြောင့် ခြေလျင်စစ်သည်တော်များလည်း ဆီဇာဘော်ဂျာ၏ အမိန့်တော်ကို မနာခံကြတော့ဘဲ ဖရင်ဇာမြို့တွင်းသို့ သူ့ထက်ငါ အရင်ရောက်ရလေအောင် မြို့ရိုးပေါက်ရှိရာသို့သာ သူ့ထက်ငါ ပြေးလွှားနေကြသည်။

ဤတွင် အီလာရွှန်လည်း နောက်ပြန်ဆုတ်ရန် အမိန့်ပေးနေသော ဆီဇာဘော်ဂျာ၏ အမိန့်တော်ကို မနာခံကြသည့် ခြေလျင် စစ်သည်တော်များအား ဓားပြားဖြင့် တဖျန်းဖျန်း ရိုက်ရင်း –

"ဟေ့ကောင်တွေ ... ဆီဇာဘော်ဂျာရဲ့ အမိန့်တော်ကို မကြားကြဘူးလား။ နောက်ဆုတ်ကြ၊ ကိုယ့်တပ်ကို ကိုယ်ပြန်ကြ၊ မူလနေရာမှာပဲ နေကြ" ဟု ဟစ်အော်ပြောကြားနေသည်။

ထိုအခိုက်တွင် ဆီဇာဘော်ဂျာလည်း အီလာရွှန်၏အပါးသို့ ရောက်ရှိလာပြီး မိမိ၏အမိန့်ကို မနာခံကြသော ခြေလျင်စစ်သည်တို့ကို မီးတဝင်းဝင်း တောက်သော မျက်လုံးအစုံဖြင့် ပြူးကြည့်ရင်း –

"ဟေ့ကောင်တွေ ... အမိန့်တော်ကို မနာခံကြဘူးလား။ အမိန့်တော်ကို ဖီဆန်တဲ့နင်တို့အားလုံးကို သေဒဏ်ပေးပစ်မယ်" ဟု ဒေါသတကြီး မိန့်ကြားလိုက်သည်။

ထိုအခါ လောဘရမ္မက်ထွက်ပြီး ငမ်းငမ်းတက် ဖြစ်နေသော ခြေလျင်စစ်သည်များအနက်မှ စစ်သည်တော်တစ်ဦးသည် ခါးကြားမှ ဓားမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်ပြီး၊ လမ်းခရီးတွင် ကာဆီးကာဆီးလုပ်နေသော ဆီဇာဘော်ဂျာအား ဓားမြှောင်ဖြင့် လှမ်းထိုးလိုက်သည်။

ထိုအခါ အလွန်မျက်စိလျင်သော အီလာရွှန်လည်း ထိုစစ်သည်တော်၏ လက်ကောက်ဝတ်ကို ဘယ်လက်ဖြင့် လျင်မြန်ဖျတ်လတ်စွာ ဖမ်းကိုင်လိုက်ပြီးနောက် ညာလက်မှ ဓားဖြင့် ဗိုက်ကို ထိုးနှစ်လိုက်ရာ၊ စစ်သည်တော်လည်း မြေကြီးပေါ်သို့ ပုံလျက်သား လဲကျသေဆုံးသွားတော့သည်။

ထိုအခိုက်တွင် မျက်နှာဖြူဖျော့သွားသော ဆီဇာဘော်ဂျာလည်း ခါးမှဓားမြှောင်ကို ဆွဲထုတ်ကာ မိမိကို တိုးဝှေ့ပြီး မြို့ပေါက်ကြီးဆီသို့ ဒရောသောပါးသွားနေကြသော ခြေလျင်စစ်သည်တော်တို့ကို လက်တွင်းရှိ ဓားမြှောင်ဖြင့် ထိုးကာတားဆီးနေရာမှ –

http://www.cherrythitsar.org



"အီလာရွန်ရေ ... မောင်မင်းရဲ့ဓားကိုသုံးပြီး တားဆီးပေတော့" ဟု ဟစ်အော်မိန့်ပေးလိုက်သည်။

ဤတွင် အီလာရွန်လည်း ဆီဇာဘော်ဂျာ၏ အနားတွင် မားမားမတ်မတ်ရပ်ရင်း မြို့ရိုးပေါက်ကြီးရှိရာသို့ အပြေးအလွှား သွားနေကြသော စစ်သည်တော်တို့ကို ဓားဖြင့် ခုတ်ထစ်တားဆီးရတော့သည်။

ထိုအခိုက်တွင် ဆီဇာဘော်ဂျာနှင့် အီလာရွန်တို့ရှိရာသို့ ကိုယ်ရံတော်တပ်ဖွဲ့ရောက်ရှိလာပြီး ဆီဇာဘော်ဂျာ၏ အမိန့်ကို မနာခံဘဲ မြို့ရိုးပေါက်ရှိရာသို့ ကမူးရှူးထိုး သွားနေကြသည့် စစ်သည်တော်တို့အား တားဆီးနှိမ်နင်းလေရာ စစ်သည်တော်တို့လည်း မြို့ရိုးပေါက်ရှိရာသို့ မသွားဝံ့ကြတော့ဘဲ ကစဉ့်ကလျား ထွက်ပြေးသွားကြတော့သည်။

ဤသို့ဖြင့် မြို့ရိုးပေါက်ရှိရာသို့ အပြေးအလွှားသွားကြသည့် စစ်သည်တော်များမှာ ငြိမ်းအေးငြိမ်သက်သွားတော့သည်။

ထိုအခါ ဆီဇာဘော်ဂျာလည်း ချွေးစိုနေသော မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း –

"ဒီကောင်တွေ မြို့ရိုးပေါက်ထဲကနေပြီး မြို့တွင်းသို့ ဝင်မိကြတာနဲ့ တစ်ပြိုင်နက် ဖရင်ဇာစစ်သည်တော်ရဲ့ ဓားချက်မိပြီး အားလုံးသေဆုံးသွားမှာ အမှန်ပဲ။ ဒီကောင်တွေ သေဆုံးသွားတာက အရေးမကြီးပါဘူး။ ဒီကောင်တွေကြောင့် ကျုပ်ရဲ့ အကြံအစည်အားလုံး ပျက်စီးသွားနိုင်တယ်" ဟု မိန့်ကြားလိုက်သည်။ ထို့နောက် အီလာရွန်ကို စိုက်ကြည့်ကာ –

"အီလာရွန် ... ဒီနေ့မနက်မှာ ကျုပ်ရဲ့တပ်မတော်ကြီးကို ကျုပ်တို့ကယ်တင်နိုင်ခဲ့ကြတယ်။ မောင်မင်းရဲ့ ဆောင်ရွက်ချက်ကို ကျုပ် ဘယ်တော့မှ မမေ့ပါဘူး" ဟု မိန့်ကြားလိုက်သည်။

ထို့နောက် ဆီဇာဘော်ဂျာလည်း တဲနန်းတော်ရှိရာသို့ ကြွမြန်းသွား ရာ အီလာရွန်လည်း မိမိတာဝန်ကျရာသို့ လျှောက်လာခဲ့သည်။

ထိုအခိုက်တွင် အီလာရွန်လည်း ရန်သူများ၏ လက်ချက်ကြောင့် အသက်သေဆုံးရမည့် မိမိစစ်သည်တော်တို့ကို ကာကွယ်တားဆီးသောအား ဖြင့် မိမိကိုယ်တိုင် မိမိစစ်သည်တော်ကို ခုတ်ထစ်တားဆီးရန် အမိန့်ပေးသည့် ဆီဇာဘော်ဂျာ၏ ထူးခြားသော အပြုအမူတို့ကို တွေးတောစဉ်းစားနေမိသည်။

ထိုသို့ တွေးတောစဉ်းစားနေရာမှ "ဤကား စစ်သေနာပတိကောင်းတို့၏ အမူအကျင့်ပေတည်း" ဟု မှတ်ချက်ချလိုက်မိသည်။

ထိုနေ့ နေ့လယ်ခင်းတွင် တာဝန်ပြီးဆုံး၍ မိမိတို့ စခန်းချသည့် ရွက်ထည်တဲသို့ ပြန်လာရာ ပန်းချီဆရာ လူထွားကြီး ပီထရိုက –

http://www.cherrythitsar.org



"လာဟေ့ အီလာရွှန် … ကျုပ်တို့ လမ်းလျှောက်ထွက်ကြရအောင်။ ကျုပ် တကုတ်ကုတ် ဆွဲနေတဲ့ မောင်ရင့်ရဲ့ ရုပ်ပုံလွှာပန်းချီကားကြီးလည်း အပြီးသတ်တော့မယ်။ မောင်ရင့်ရဲ့ ပါးစပ်နဲ့ မျက်လုံးကိုပဲ စုတ်ချက်နည်းနည်း တို့ဖို့ လိုတော့တယ်" ဟု ပြောကြားပြီး ရေးဆွဲထားသော ပန်းချီကားကြီးကို ဖြန့်ပြသည်။

ပန်းချီဆရာပီထရိုမှာ ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုကဲ့သို့ လက်ရာမြောက်သော ပန်းချီပညာကျော်တစ်ဦး ဖြစ်ရကား အီလာရွှန်၏ ရုပ်ပုံလွှာပန်းချီကားမှာ အသက်ဝင် နေသည့်အလား ရေးချက်ကောင်းမွန်ရုံမက အသက်ထင်ရှားတွေ့မြင်ရသကဲ့သို့ အသက်ဝင်လှပေသည်။

အီလာရွှန်လည်း ပန်းချီကားကြီးကို တအံ့တသြငေးမောကြည့်နေရာမှ –

"ကြည့်စမ်းပါဦး ဒီပန်းချီကား အကြောင်းကိုတောင် မေ့နေတယ်။ ဒီပန်းချီကားကို ဖော့ဆိတ်မြို့ကတည်းက ကိုယ်နဲ့မကွာ ယူလာတယ်ပေါ့" ဟု ပြောကြားလိုက်ရာ ပန်းချီဆရာ ပီထရိုက –

"ကိုယ်နဲ့မကွာ ယူလာရုံမကဘူး။ အမြဲလိုလို တကုပ်ကုပ်နဲ့ ကြိတ်ပြီး ဆွဲနေတာ မောင်ရင်ရဲ့။ အခုတော့ ပန်းချီကားကြီးလည်း အချောကိုင်လို့ ပြီးလုပါပြီ" ဟု ပြောကြားသည်။

ထို့နောက် ပန်းချီဆရာ ပီထရိုနှင့် အီလာရွှန်တို့လည်း ရွက်ထည်တဲမှ အတူတကွ လမ်းလျှောက်ထွက်လာခဲ့ကြသည်။

ထိုအခိုက် ပန်းချီဆရာ ပီထရိုက –

"ကျုပ် ရေးဆွဲနေတဲ့ မောင်ရင့် ရုပ်ပုံလွှာ ပန်းချီကား မပြီးသေးဘူးလား၊ မပြီးသေးဘူးလားလို့ ဆီဇာဘော်ဂျာက မကြာခဏ ခေါ်မေးတယ်ကွယ့်။ ဒါကြောင့်လည်း ကျုပ်လည်း မောင်ရင့်ရုပ်ပုံလွှာပန်းချီကားကို အမြဲလိုလို တကုတ်ကုတ်နဲ့ ကြိတ်ပြီး ရေးဆွဲခဲ့ရတယ်။ အင်း … အခုတော့ ပန်းချီကားကြီးအတွက် စိတ်အေးသွားရပြီ" ဟု ပြောကြားပြီးနောက် –

"ဘာကြောင့်များ ဆီဇာဘော်ဂျာက မောင်ရင့် ရုပ်ပုံလွှာပန်းချီကားနဲ့ ပတ်သက်ပြီး ဒီလောက်စိတ်ဝင်စားရတာပါလိမ့်။ အရေးယူရတာပါလိမ့်" ဟု ပြောကြားရေရွတ်လိုက်သည်။ အီလာရွှန်လည်း မည်သို့မှအဖြေမပေးနိုင်ရကား တိတ်ဆိတ်ငြိမ်သက်စွာ လမ်းလျှောက်နေရင်း အတွေးနယ်ချဲ့နေမိသည်။

ဤသို့ဖြင့် လမ်းလျှောက်လာပြီးနောက် တပ်စခန်းတစ်နေရာသို့ လှည့်အပြန် ရေသဖန်းပင်တောအုပ်အလွန် တောင်ကုန်းတစ်ခုပေါ်သို့ အရောက်တွင် အီလာရွှန်နှင့် ပန်းချီဆရာ ပီထရိုလည်း ခေတ္တရပ်နားကာ ဖရင်ဇာမြို့ဘက်

http://www.cherrythitsar.org



သို့ လှမ်းပြီးကြည့်လိုက်သည်။ ထိုအခါ ဖရင်ဇာရဲတိုက်ကြီး၏ သူရဲခိုတစ်နေရာ၌ အောက်သို့ဖောက်ထိုးကျနေပြီး လေထဲ၌ တလူပ်လူပ် ဖြစ်နေသော လူသေကောင်ကြီးကို တွေ့မြင်ရသည်။

ထိုအခါ အီလာရွှန်က –

"ပီထရိုရေ ကြည့်လိုက်စမ်းပါဦး။ ဒါက ဘယ်သူများပါလိမ့်" ဟု မေးလိုက်ရာ ပန်းချီဆရာ ပီထရိုက –

"ဖရင်ဇာမြို့ ခေါင်းဆောင်ကြီး ကက်စတာဂျီနီ ဖြစ်မှာပေါ့။ မောင်ရင် မှတ်မိဦးမလားမသိဘူး။ ဆီဇာဘော်ဂျာဟာ လေးသည်တော်တစ်ဦးကိုခေါ်ပြီး စာသဝဏ်လွှာ ချည်ထားတဲ့ မြားတစ်စင်းကို ဖရင်ဇာရဲတိုက်ကြီးထဲရောက်အောင် ပစ်ခိုင်းလိုက်ခဲ့တာလေ။ အဲဒီ စာသဝဏ်လွှာကြောင့် ဖရင်ဇာမြို့က ခေါင်းဆောင်တွေဟာ သူတို့ခေါင်းဆောင်ကြီး ကက်စတာဂျီနီကို သစ္စာဖောက်လို့ အထင်မှားပြီး အခုလို ကြိုးပေးပြီး သတ်လိုက်ကြတာ ဖြစ်လိမ့်မယ်" ဟု ဖြေကြားသည်။

ထိုအခါ အီလာရွှန်က –

"ကက်စတာဂျီနီဟာ တကယ်ပဲ သစ္စာဖောက်တစ်ယောက်လား" ဟု ထပ်မံမေးလိုက်ရာ၊ ပန်းချီဆရာပီထရိုက –

"ဘယ်ကလာ သစ္စာဖောက်ဟုတ်ရမှာလဲ။ ကက်စတာဂျီနီက ထင်ရှား ပြီး ထူးချွန်ထက်မြက်တဲ့ ခေါင်းဆောင်တစ်ယောက်ပဲ။ ကက်စတာဂျီနီရှိနေရင် ဖရင်ဇာမြို့ကို သိမ်းဖို့ဆိုတာ သိပ်မလွယ်လှဘူး။ ဒါကြောင့် ဆီဇာဘော်ဂျာက ရာဇပရိယာယ်နဲ့ ကက်စတာဂျီနီကို ဖယ်ရှားပစ်လိုက်ခြင်း ဖြစ်တယ်။ ဖရင်ဇာမြို့က ခေါင်းဆောင်တွေ အချင်းချင်း စိတ်ဝမ်းကွဲအောင် ပြုဆောင်လိုက်ခြင်း ဖြစ်တယ်" ဟု ပြောကြားသည်။ ထို့နောက် ပြုံးပြီး –

"ဆီဇာဘော်ဂျာရဲ့ ရာဇပရိယာယ်က မထိရောက်ဘူးလား။ ဒီအကြောင်းကို ဖလော်ရင့်နယ်သား ပညာရှင်ကြီး နီကိုလိုမက်ခရာဗယ်လီက တော့ သူပြုစုနေတဲ့ မင်းသား The Prince ဆိုတဲ့ ကျမ်းထဲမှာ တခမ်းတနားရေးသားချီးကျူးဦးမှာ သေချာတယ်။ ဆီဇာဘော်ဂျာဟာ ကိုယ့်အလိုဆန္ဒပြည့်ဝအောင်မြင်ဖို့အတွက် နည်းမျိုးစုံကို အသုံးပြုတတ်တဲ့ရာဇပရိယာယ်ကြွယ်ဝလှ တဲ့ မင်းသားတစ်ပါး ဖြစ်ပေတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် 'ရုတ်တရက် တိုက်ခတ်သော လေအေးကြောင့်ပေလော၊ အခြားအကြောင်းကြောင့်ပေလော' ဟု ဝေခွဲမရသော်လည်း အီလာရွှန်၏ တစ်ကိုယ်လုံးမှာမူ စိမ့်ခနဲ ဖြစ်သွားမိသည်။

⌘ ⌘ ⌘

http://www.cherrythitsar.org

၁၁

# သေရကြောင်းကြံသောသူ

ဆီဇာဘော်ဂျာ၏ တပ်မတော်ကြီးသည် ဖရင်ဇာမြို့ကို အောက်တိုဘာလဆန်းကတည်းက ဝိုင်းရံထားခဲ့ရာ ယခုအခါ၌ နိုဝင်ဘာလသို့တိုင် ရောက်ရှိလာခဲ့ပြီ။ ဖရင်ဇာမြို့ကား ဆီဇာဘော်ဂျာ၏ လက်အောက်သို့ မကျရောက်သေး။ ထို့သို့ မကျရောက်ရုံမျှမက တစ်ခါတစ်ရံ၌ မြို့တွင်းမှ ဖရင်ဇာတပ်များ ရုတ်တရက် ထွက်ထွက်ပြီး ဆီဇာဘော်ဂျာ၏တပ်အချို့ကို အလစ်ဝင်ဝင်တိုက်တတ်ကြသည်။ ထို့ပြင် ဆီနှင်းများလည်း အထူအထပ် ကျဆင်းလာပြန်ပြီဖြစ်ရာ ဆီဇာဘော်ဂျာ၏ စစ်သည်တော်အချို့မှာ စိတ်ဓာတ်ကျစ ပြုလာသည်။

ထိုအခါ ဆီဇာဘော်ဂျာလည်း တပ်မတော်အတွင်း၌ လှည့်ပတ်ကာ အခြေအနေ အရပ်ရပ်ကို အကဲခတ်လေ့လာပြီးနောက် –

“အင်း … တစ်ခုခုတော့ အမြန်ဆုံးဆောင်ရွက်ဖို့ သင့်နေပြီ” ဟု မိန့်ကြားလိုက်သည်။

ထိုသို့ မိန့်ကြားပြီးနောက်တစ်နေ့တွင် ‘ဖရင်ဇာမြို့ကို ဝိုင်းရံတပ်စွဲထားသော ဆီဇာဘော်ဂျာ၏ တပ်မတော်ကြီး ရုတ်တရက် တပ်ရုပ်ကာ ထွက်ခွာသွားကြသည်’ ကို ဖရင်ဇာမြို့သားများ တအံ့တသြ တွေ့မြင်ကြရသည်။ ဆီဇာဘော်ဂျာ၏ တပ်စခန်းကို မကြာမကြာ အလစ်ဝင်ရောက်တိုက်ခိုက်ပြီး ဒုက္ခပေးခဲ့သော ဖရင်ဇာစစ်သည်တော်များလည်း အတိုင်းမသိ ဝမ်းမြောက်ကာ ဂုဏ်ယူမဆုံးဖြစ်နေကြတော့သည်။

ထို့နောက် ဖရင်ဇာမြင်းတပ်၊ ခြေလျင်တပ်နှင့် လေးသည်တော်တပ်တို့လည်း မြို့တွင်းမှ အလုံးအရင်းနှင့် ထွက်ကာ ဆီဇာဘော်ဂျာ၏ တပ်မတော်

http://www.cherrythitsar.org



တပ်စွဲခဲ့သည့် တပ်စခန်းသို့ ချီတက်လာခဲ့ကြသည်။ ထို့နောက် တပ်စခန်းအနှံ့ မွှေနှောက်ကာ ဆီဇာဘော်ဂျာ၏ စစ်သည်တော်များ ကျန်ရစ်ခဲ့သော ဥစ္စာပစ္စည်းများကို သူ့ထက်ငါ ယူငင်နေကြသည်။

ထိုအခိုက်တွင် တပ်ရုတ်ကာ ထွက်ခွာသွားသော ဆီဇာဘော်ဂျာ၏ တပ်မတော်ကြီးသည် ခရီးအတော် ပေါက်နေရာမှ ရုတ်တရက် နောက်ကြောင်းပြန်လှည့်လာခဲ့သည်။ ထို့နောက် မိမိတို့တပ်စွဲခဲ့သည့် တပ်စခန်းနေရာသို့ ရောက်ရှိကာ အမြူးကြီးမြူးနေကြသော ဖရင်ဇာစစ်သည်တော်တို့ကို တိတ်ဆိတ်ငြိမ်သက်စွာ ဝိုင်းရံထားကြသည်။ ထို့နောက် ဆီဇာဘော်ဂျာအချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် အထူးလေ့ကျင့်သင်ကြားထားသော ဆီဇာဘော် ဂျာ၏ လုံအရှည်ကိုင် မြင်းတပ်ကြီးနှင့် ခြေလျင်တပ်၊ ဒူးလေးတပ်တို့လည်း အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

ဖရင်ဇာစစ်သည်တော်များလည်း အံ့အားသင့်သွားရာမှ ရှုပ်ရှုပ်ချွံချွံ ပြန်လည်တိုက်ခိုက်ကြပါ၏။ သို့သော် ဆီဇာဘော်ဂျာ၏ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်နေသော စစ်သည်တော်တို့၏ စနစ်တကျ ရဲရဲဝံ့ဝံ့ တိုက်ခိုက်သည့်ဒဏ်ကိုကား အကြာအရှည်မခံနိုင်ရှာဘဲ တဖြည်းဖြည်း အရေးရှုံးနိမ့်လာခဲ့ သည်။ ထို့ကြောင့် ဖရင်ဇာစစ်သည်တော်များသည် ဖရင်ဇာမြို့ဘက်သို့ တဖြည်းဖြည်း ဆုတ်ခွာသွားခဲ့တော့သည်။

ထိုသို့ ဖရင်ဇာစစ်သည်တော်များနှင့် အပြင်းအထန် အကြိတ်အနယ် တိုက်ခိုက်နေခိုက်တွင် လုံရှည်ကိုင် မြင်းသည်တော်တပ်တွင် ပါဝင်တိုက်ခိုက်ရသော အီလာရွှန်လည်း ရှေ့တန်းမှနေ၍ ရဲရဲဝံ့ဝံ့ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်လျက်ရှိသည်။ ရန်သူဖရင်ဇာစစ်သည်တော်များ မြို့တွင်းသို့ ပြန်လည်ဆုတ်ခွာသွားစပြုချိန်၌ အီလာရွှန်၏ အပေါ်တွင် အလောင်းချင်းထပ်နေပေပြီ။

ထိုအခိုက်တွင် တစ်ကိုယ်လုံး သံချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားပြီး ခေါင်း၌လည်း မျက်နှာကိုပါ ဖုံးသည့် သံခေါင်းစွပ်ကို ဆင်မြန်းထားသော အီလာရွှန်လည်း လေဝဝ ရှူရန်အတွက် မျက်နှာကို ပင့်ကာ လေကို တဝကြီး ရှူရင်း ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေသည်။

ထိုအခိုက်တွင် အီလာရွှန်နှင့် ခပ်လှမ်းလှမ်း တစ်နေရာရှိ သံမောက် လူဆောင်းထားသော အရုပ်ဆိုးဆိုး ဒူးလေးသမားတစ်ဦးသည် လေးညှို့ကို တင်ကာ အီလာရွှန်အား ချိန်ရွယ်ပြီး ပစ်ချလိုက်သည်။ ထိုအခိုက်တွင် အီလာရွှန်လည်း ပင့်ထားသော မျက်နှာကာကို ကံအားလျော်စွာ ပြန်ချလိုက်သည်။ ထို့ကြောင့် ဝှီခနဲမြည်ကာ ပျံလာသော မြှားတံသည် အီလာရွှန်၏ သံခေါင်းစွပ်ကိုသာ ဒေါင်ခနဲ လာမှန်တော့သည်။

http://www.cherrythitsar.org



ထိုအခါ အတွေ့အကြုံရင့်ကျက်နေသော အီလာရှန်လည်း ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ တဟုန်ထိုး ထွက်ပြေးသွားသော ဒူးလေးသမားကို ရိပ်ခနဲ တွေ့လိုက်ရသည်။ ထိုသို့ တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် အီလာရှန်လည်း ထိုထွက်ပြေးသွားသော ဒူးလေးသမားနောက်သို့ မြင်းကို ကဆုန်စိုင်း လိုက်လာခဲ့သည်။

ဒူးလေးသမားလည်း ပြေး၍မလွတ်နိုင်သည်ကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ချာခနဲ လှည့်ကာ ခါးမှ ဓားမြှောင်ကို ထုတ်ယူလိုက်သည်။ ထိုအခါ ဒူးလေးသမား ဝတ်ဆင်ထားသော သားရေကိုယ်ဝတ်ပေါ်၌ 'ဥသဘာနွားလား' တံဆိပ်ကြီးကို တွေ့လိုက်ရရာ 'ဤဒူးလေးသမားမှာ ဖရင်ဇာ စစ်သည်တော် တစ်ဦးမဟုတ်ဘဲ မိမိကဲ့သို့ ဆီဇာဘော်ဂျာ၏ စစ်သည်တော်တစ်ဦးဖြစ်ကြောင်း' အီလာရှန် သိရှိသွားသည်။ ထို့ကြောင့် လက်တွင်းရှိဓားဖြင့် ဒူးလေးသမား၏ လက်တွင်းမှ ဓားမြှောင်ကို ဆတ်ခနဲ ရိုက်ချပြီးနောက် ဦးခေါင်းကို ဓားဖြင့် ခပ်ပြင်းပြင်း ရိုက်ချလိုက်ရာ ဒူးလေးသမားမှာ မြေကြီးပေါ်သို့ ပုံလဲကျသွားတော့သည်။

ထိုအခါ အီလာရှန်လည်း သတိမေ့နေသော ဒူးလေးသမားကို မြင်းပေါ်သို့ ဆွဲတင်ကာ လုံရှည်ကိုင်မြင်းတပ်မှူး အာချီလီတီ ဘာတီထံသို့ ခေါ်လာခဲ့သည်။ ထို့နောက် အကျိုးအကြောင်း ပြောပြတိုင်ကြားရာ မြင်းတပ်မှူး အာချီလီဘာတီက ပြုံးပြီး –

"ဒီကောင် ဘာကြောင့် မောင်ရင့်ကို သေကြောင်းကြံရတာ လဲဆိုတာ ပေါ်အောင် ကျုပ်ကျကျနန စစ်ပေးပါ့မယ်" ဟု ပြောကြားကတိပေးလိုက်သည်။

*

ဖရင်ဇာစစ်သည်တော်တို့နှင့် အကြိတ်အနယ် ပြင်းပြင်းထန်ထန် တိုက်ခဲ့ရာတွင် ဖရင်ဇာ စစ်သည်တော်များ အရေးရှုံးနိမ့်ပြီး ဆုတ်ခွာသွားရသည် မှန်သော်လည်း မြို့ရိုးတံခါးကို အချိန်မီပိတ်ပြီး ကြံ့ကြံ့ခံနိုင်သည့်အတွက် ဆီဇာဘော်ဂျာ၏ လက်အောက်သို့ ဖရင်ဇာမြို့သည် မကျရောက်ခဲ့ပေ။ ထို့ကြောင့် ဆီဇာဘော်ဂျာ၏ တပ်မတော်ကြီးသည် စားနပ်ရိက္ခာ လမ်းကြောင်းများကို ဖြတ်တောက်ပြီး ဖရင်ဇာကို ဝိုင်းရံထားမြဲဝိုင်းရံနေရသည်။

ဤသို့ ဝိုင်းရံထားခိုက်တွင် ဆီဇာဘော်ဂျာတွင် ဖရင်ဇာစစ်သည်တော်တို့နှင့် အကြိတ်အနယ် တိုက်ခိုက်ရသည့် တိုက်ပွဲတွင် ရှုပ်ရှုပ်ချုံချုံ ရဲရဲရင့်ရင့် တိုက်ခိုက်ခဲ့သည့် အီလာရှန်အား သာမန်မြင်းသည်တော်အဖြစ်မှ မြင်းသည်တော် ဗိုလ်မင်းအဖြစ် ရာထူးတိုးမြှင့် မြှောက်စားတော်မူသည်။

http://www.cherrythitsar.org



ထိုအခါ ပန်းချီဆရာပီထရိုက "ဆီဇာဘော်ဂျာ၏ တပ်မတော်တွင်း၌ အမှုတော်ထမ်း၍ တစ်နှစ်ပင် မပြည့်မြောက်သေးချိန်တွင် 'ဗိုလ်မင်း' အဖြစ် ချီးမြှောက်ခံရခြင်းမှာ ကြုံတောင့်ကြုံခဲ ရတောင့်ရခဲ အခွင့်ထူးကြီးဖြစ်ကြောင်း" ပြောကြားပြီး အီလာရွန် ရာထူးတိုးမြှင့်ခြင်းအတွက် မိမိအတိုင်းမသိ ဝမ်းမြောက်ပါကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကြားသည်။

ဆီဇာဘော်ဂျာကိုယ်တော်တိုင်လည်း တပ်မတော်ကို လှည့်ပတ်ကြည့်ရှုစစ်ဆေးရန် ထွက်ကြွတိုင်း အီလာရွန်ကို ခေါ်ယူသွားလေ့ရှိသည်။ ထို့ပြင် တိုင်းရေးပြည်ရေးနှင့် ပတ်သက်သော သတင်းစကားများ၊ သေနင်္ဂဗျူဟာ စစ်ရေးစစ်ရာနှင့် ပတ်သက်သော နည်းပရိယာယ်များတို့ကိုလည်း အီလာရွန် အား အထူးယုံကြည်စိတ်ချသော အတွင်းလူယုံတော်တစ်ဦးပမာ ရင်းရင်းနှီးနှီး မိန့်ကြားဆွေးနွေးလေ့ရှိသည်။ ထို့ကြောင့် ဆီဇာဘော်ဂျာ၏ တပ်မတော်တွင်း၌ အီလာရွန်သည် အထူးထင်ရှားပြီး မျက်နှာပွင့်လန်းလျက်ရှိသည်။

နိုဝင်ဘာလကုန်၍ ဒီဇင်ဘာလဆန်းချိန်တွင် ဆီဇာဘော်ဂျာလည်း ဖရင်ဇာမြို့ကို ဝိုင်းရံထားမြဲ ထားစေပြီးနောက် တပ်မတော်ကြီးမှ လုံ့ရှည်ကိုင်မြင်းသည်တော် ၁၂၅ ဦးနှင့် ခြေလျင်စစ်သည် သုံးထောင်ကို ခေါ်ဆောင်ကာ ဖော်လီမြို့သို့ ချီတက်သွားသည်။

အီလာရွန်မှာ ဆီဇာဘော်ဂျာ၏ အမိန့်အရ ဖရင်ဇာမြို့ကို ဝိုင်းရံထားသော တပ်မတော်တွင်သာ ကျန်ရစ်နေရလေရာ ဆီဇာဘော်ဂျာ၏ သတင်းစကားကို စိတ်အားထက်သန်စွာ နားစွင့်နေရပေသည်။

ဤသို့ နားစွင့်နေခိုက်တွင် 'ဆီဇာဘော်ဂျာ၏ လက်တွင်းသို့ ဖော်လီမြို့ကျရောက်သွားကြောင်း' သတင်းစကားကောင်းကို ကြားသိရပေတော့သည်။ ထို့နောက် 'ဆီဇာဘော်ဂျာသည် ဖော်လီမြို့မှတစ်ဆင့် စီဆီနမြို့တော်ကို ချီတက်တိုက်ခိုက် သိမ်းပိုက်ရာ၊ စီဆီနမြို့တော်ကို သိမ်းပိုက်ရရှိသွားပြီဖြစ်ကြောင်း' သတင်း စကားကောင်းကို ထပ်မံကြားသိရပြန်သည်။

ဤသို့ သတင်းစကားနားစွင့်နေခဲ့ရာ ဇန်နဝါရီလဆန်းသို့ပင် ရောက်လာခဲ့သည်။ ထိုအခါတွင်မှ ဆီဇာဘော်ဂျာ၏ ခြေမြန်တော်တစ်ဦးသည် ဖရင်ဇာမြို့ကို ဝိုင်းရံထားသော တပ်စခန်းသို့ ရောက်ရှိလာပြီး အီလာရွန်အား ဆီဇာဘော်ဂျာ၏ စာသဝဏ်လွှာတစ်စောင်ကို ပေးအပ်သည်။

အီလာရွန်လည်း စာသဝဏ်လွှာကို ဝမ်းသာအားရ ဖွင့်ဖောက်ရာ 'မိမိစံမြန်းနေသည့် စီဆီနမြို့သို့ အမြန်ဆုံး လာရောက်ရန်' ဆင့်ခေါ်သည့်စာ ဖြစ်ကြောင်း တွေ့ရှိရသည်။

http://www.cherrythitsar.org



ထိုအခါ အီလာရွှန်လည်း ဖရင်ဇာမြို့ကို ဝိုင်းရံထားသော တပ်စခန်းကို ကွပ်ကဲအုပ်ချုပ်နေသည့် သေနင်္ဂဗျူဟာ ပါရဂူဗီဘာယ်လော့ဖိုးထံ အကျိုးအကြောင်း ပြောကြားခွင့်တောင်းပြီး စီဆီနမြို့သို့ အမြန်ဆုံးထွက်ခွာလာခဲ့သည်။

*

စီဆီနမြို့တော်သို့ ရောက်၍ ဆီဇာဘော်ဂျာထံသို့ ဝင်ရောက်ဖူးတွေ့ရာ၊ ဆီဇာဘော်ဂျာအား ထောင်ပေါင်းများစွာသော စာရွက်စာတမ်းများကြားတွင် နစ်မြုပ်နေသည်ကို တွေ့ရသည်။ ဆီဇာဘော်ဂျာ၏အပါးတွင်လည်း မစ်တူးမြို့က ထင်ရှားသော ဂွန်ဇာနာမျိုးနွယ်ဝင်မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါ ရှိနေသည်ကို တွေ့ရသည်။

အီလာရွှန် ဝင်ရောက်လာသည်ကို တွေ့ရသောအခါ ခေါင်းရှုပ်နေဟန်ရှိသော ဆီဇာဘော်ဂျာလည်း အီလာရွှန်ကို မော့ကြည့်ကာ ပြုံးပြလိုက်သည်။ ထို့နောက် ထိုင်ရာမှ ဆတ်ခနဲ ထကာ အီလာရွှန်၏ ပခုံးကို ကိုင်ပြီး–

"ဗိုလ်မင်း အီလာရွှန် ... မောင်မင်းရဲ့အကြောင်းနဲ့ ပတ်သက်ပြီး သေနင်္ဂဗျူဟာပါရဂူ ဗီတယ်လီကတော့ တယ်ပြီး ချီးကျူးထောက်ခံတာပဲ။ မောင်မင်းဟာ အတော်ဆုံးစစ်သည်တော်ကောင်းတစ်ယောက်ပဲ။ မျိုးရိုးသာ မြင့်မြတ်မယ်ဆိုရင် အီတလီ တစ်ဝှမ်းလုံးမှာ မောင်မင်းနဲ့ယှဉ်နိုင်တဲ့သူ ရှားလိမ့်မယ်။ ဒါပေမဲ့ မောင်မင်းရဲ့မျိုးရိုးက မထင်မရှားဖြစ်နေတာ ခက်တယ်။ ဒီတော့ မောင်မင်းနဲ့ ပတ်သက်ပြီး ကျုပ်ကပဲ အုပ်ထိန်းသူအဖြစ် တာဝန်ယူရလိမ့်မယ်" ဟု မိန့်ကြားသည်။ ထို့နောက် မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါဘက်သို့ လှည့်ကာ –

"အဆွေတော်ရေ ... အရေးကြီးတဲ့ ပန်းချီကားကြီးကို သယ်ဆောင်ပြီး ရောမမြွေမြို့တော်ကို ချက်ချင်း ခရီးဆက်ပေတော့၊ ဒီပန်းချီကားကြီးကို လမ်းကနေပြီး ဖြတ်ယူမယ့်လူတွေရှိကြောင်း ကျုပ်သတင်းစကား ကြားထားတယ်။ ပြီးတော့ အဆွေတော်တို့ရဲ့ အသက်ကိုလည်း လုပ်ကြံကောင်း လုပ်ကြံကြလိမ့်မယ်" ဟု မိန့်ကြားသည်။ ထို့နောက် အီလာရွှန်ကို သနားချစ်ကြင်သော အမူအရာဖြင့် စိုက်ကြည့်ပြီး –

"မက်ဆာအီလာရွှန် ... ကျုပ်အဖို့မောင်မင်းဟာ တပ်မကြီးတစ်ခုလောက်ကို အားကိုးအားထား ပြုရတဲ့သူ ဖြစ်ပေတယ်။ ဒါကြောင့် အခုဆက်မယ့် လမ်းခရီးမှာ မောင်မင်းရော၊ ကျုပ်ရဲ့ အဆွေတော် ဂယ်လီဇိုဂွန်ဇာဂါပါ ဘေးမသီရန်မခပဲ ချောချောမောမော ဖြစ်သွားစေချင်တယ်။ လမ်းခရီးမှာ ဘေးအန္တရာယ်မတွေ့ရအောင် ရှောင်ကြပါ။ မလွှဲသာ မရှောင်သာလို့ ဘေးရန်

http://www.cherrythitsar.org



အန္တရာယ်ကို ရင်ဆိုင်ရရင်တော့ အမြန်ဆုံးသာ ဖြေရှင်းပစ်လိုက်ပါ။ ပြီးတော့ ရောမရွှေမြို့တော်ကို ရောက်အောင် အမြန်ဆုံး ခရီးဆက်ကြပါ။ အခုအချိန်ကစ ပြီး အဆွေတော်ရဲ့ လက်ထဲကို မောင်မင်းကို အပ်လိုက်ပြီ။ အဆွေတော် အမိန့် ပေးတဲ့အတိုင်း တစ်သွေမတိမ်း လိုက်နာဆောင်ရွက်ပေတော့" ဟု မိန့်ကြား သည်။

ထိုအခါ အီလာရွန်လည်း ထောင်ပေါင်းများစွာသော အားကိုးရ သည့် စစ်သည်တော်များ ရှိပါလျက်နှင့် မိမိအား ရွေး၍ အထူးတာဝန်ပေးအပ် သည့်အတွက် အလွန်အမင်း အံ့အားသင့်နေရာမှ ဆီဇာဘော်ဂျာအား အကျိုး အကြောင်း မေးမြန်းရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက်တွင် အပါးရှိ မင်းသား ကြီး ဂယ်လီဗိုဂွန်ဇာဂါက အီလာရွန်၏လက်မောင်းကို ကိုင်ကာ ဆီဇာဘော်ဂျာ ၏ ရှေ့တော်မှောက်မှ ဆွဲခေါ်သွားရာ၊ အီလာရွန်လည်း ယောင်တိယောင်နနှင့် လိုက်ပါလာခဲ့ရတော့သည်။

⌘ ⌘ ⌘

၁၂

# ချမ်းချောင်ကာပြုံးပါလိုက်

အချိန်ကား ဇန်နဝါရီလကုန်ရက်ဖြစ်၍ ဆီနှင်းတို့ အထူအထပ်ကျဆင်းလျက်ရှိရာ၊ စီဆီနမြို့မှ ရောမရွှေမြို့တော်သို့သွားရာ မိုင်ပေါင်းများစွာသော လမ်းခရီးတို့သည် ဆီးနှင်းတို့ ဖုံးလွှမ်းလျက်ရှိ၏။ ထိုသို့ ဆီးနှင်းတို့ ဖုံးလွှမ်းနေသော လမ်းခရီးအတိုင်း မရပ်မနား ခရီးနှင်လာခဲ့ကြရာ၊ နောက်ဆုံး၌ မင်းသားကြီး ဂယ်လီဗိုဂွန်ဇာနှင့် အီလာရှွန်တို့သည် အမ်ဘရီးယားနယ်ရှိ အက်ဆီဇီမြို့အနီးသို့ ညမှောင်ရီသန်းချိန်၌ ရောက်ရှိလာခဲ့ကြသည်။

ထိုအခါ မင်းသားကြီးက –

"အီလာရှွန်ရေ ... ကျုပ်တော့ အူတကျုတ်ကျုတ် ဖြစ်နေပြီ၊ အရင်ဆုံးတွေ့တဲ့ ထမင်းဆိုင်မှာ ဟာနေတဲ့ဝမ်းကို ဖြည့်လိုက်ကြရအောင်" ဟု ပြောကြားလိုက်သည်။

ထို့နောက် လမ်းတွင် တွေ့ရသော ထမင်းဆိုင်တစ်ဆိုင်ရှေ့တွင် မြင်းများကို ဇက်သတ်ကာ ခုန်ဆင်းကြပြီးလျှင် ထမင်းဆိုင်ရှင်အား ရှိသမျှ အစားအစာများ ယူခဲ့ရန် မှာကြားသည်။ အစားအစာများရောက်၍ အားပါးတရ စားသောက်နေခိုက်တွင် ထမင်းဆိုင်ရှေ့ရှိ ခြံဝင်းတွင်းသို့ မြင်းစီးယောကျ်ားတစ်ကျိပ် ရောက်ရှိလာကြသည်။

ထိုမြင်းစီးယောကျ်ားတစ်ကျိပ်လည်း ထမင်းဆိုင်တွင်းသို့ ခြေသံပြင်းပြင်းနှင့် ဝင်ရောက်လာကြပြီးနောက် ဆိုင်ထောင့်တစ်နေရာ၌ ငြိမ်ငြိမ်လေး ထိုင်ပြီး အစားအသောက်တို့ကို အားပါးတရ စားသောက်နေကြသည့် မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါနှင့် အီလာရှွန်တို့ အား စူးစူးဝါးဝါး စိုက်ကြည့်နေကြသည်။

http://www.cherrythitsar.org



ထိုအခါ မင်းသားဂယ်လီဗိုဗွန်ဇောဂါက –

“အီလာရွှန်ရေ ... ဒီကောင်တွေက စစ်သည်တော် အဝတ်အစားတွေ ဝတ်ထားကြပေမဲ့ တပ်တံဆိပ်အမှတ်အသား မရှိကြဘူး။ ဒီတော့ ဒီကောင်တွေဟာ စစ်သည်တော် ရိုးရိုးတော့ မဟုတ်နိုင်ဘူး။ လမ်းခရီးတစ်လျှောက် တိုက်ခိုက်လုယက်နေကြတဲ့ တောပုန်းလူဆိုးဓားပြတွေ ဖြစ်လိမ့်မယ်” ဟု ခပ်တိုးတိုး ပြောကြား မှတ်ချက်ချလိုက်ရာ အီလာရွှန်လည်း ပေါင်ပေါ်တွင် တင်ထားသော ဓားရိုးပေါ်သို့ လက်တင်ထားရာမှ –

“မစိုးရိမ်ပါနဲ့ ကိုယ်တော်၊ ကျွန်တော်မျိုးတာဝန် ထားစမ်းပါ” ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် မြင်းစီးယောက်ျားတစ်ကျိပ်ကျော်အနက်မှ ကိုယ်ခန္ဓာ တုတ်ခိုင်ထွားကျိုင်းလှသော ယောက်ျားကြီးလည်း အီလာရွှန်ကို စူးစူးဝါးဝါး စိုက်ကြည့်နေရာ၊ မင်းသားကြီးက –

“အီလာရွှန် ... ဟိုကောင်ကြီးရဲ့ အကြည့်ဟာ မရိုးဘူးကွယ့်။ သူ့ကို မောင်မင်း သိသလား” ဟု မေးလိုက်သည်။

ထိုအခါ အီလာရွှန်က –

“သိပါတယ် ကိုယ်တော်၊ သူက ရိန်ဇာမျိုးနွယ်ဝင်ပေါလိုစေခိုင်းသမျှကို ဆောင်ရွက်ပေးနေတဲ့ မြင်းတပ်ဗိုလ် မာရိုးလားပါ။ ဖော့ဆိတ်မြို့အနီးက ထမင်းဆိုင်မှာ ကျွန်တော်မျိုးကို ရန်စပြီး လုပ်ကြံဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ သူပဲ အရေးရှုံးနိမ့်ပြီး ပခုံးမှာ ဓားဒဏ်ရာရသွားခဲ့ပါတယ်” ဟု ဖြေလိုက်သည်။

ထိုအခိုက်တွင် မြင်းတပ်ဗိုလ်မာရိုးလားလည်း လက်တွင်းရှိ ဓားမြှောင်ဖြင့် စားပွဲကို ထိုးစိုက်ရင်း ထမင်းဆိုင်ရှင်အား အစားအသောက်များကို အော်ကြီးဟစ်ကျယ် မှာကြားပြီးနောက် အီလာရွှန်တို့လူစုအား ရန်လိုသော အကြည့်ဖြင့် လှမ်းကြည့်နေသည်။

ထိုအခါ အီလာရွှန်က –

“မာရိုးလားလည်း သူ့မိတ်ဆွေ ဓားသမား လူမိုက်တွေကို အားကိုးပြီး ကျွန်တော်မျိုးကို ထပ်ရန်စချင်ပုံရတယ် ကိုယ်တော်” ဟု ပြောကြားပြီး စားလက်စ အစားအစာတို့ကို ဆက်မစားတော့ဘဲ ရပ်လိုက်ရာ၊ မင်းသားကြီးက –

“အီလာရွှန်ရေ ... သူက ရန်စပေမဲ့ သည်းခံနေနော်။ အခုအခါမှာ ရန်မဖြစ်တာ အကောင်းဆုံးပဲ” ဟု မိန့်ကြားသတိပေးလိုက်သည်။

ထိုအခါ အီလာရွှန်လည်း မာရိုးလားကို စိန်းစိန်းကြီး စိုက်ကြည့်နေရာမှ –

http://www.cherrythitsar.org



“ကျွန်တော်မျိုးလည်း ရန်မဖြစ်ချင်ပါဘူး ကိုယ်တော်။ ဒါပေမဲ့ မာရီးလားက ရန်မဖြစ်အောင် ရန်စလာရင်တော့ ကျွန်တော်မျိုး သည်းခံနိုင်မှာ မဟုတ်ဘူး” ဟု ပြောကြားလိုက်ရာ မင်းသားကြီးက –

“မောင်မင်းပြောပုံကို ထောက်ရင် မာရီလားဟာ ကျုပ်တို့ကို ရန်စပြီး အသက်ကိုရန်ရှာမှာ သေချာနေတယ်။ ဒီတော့ ရန်မဖြစ်ရအောင် ကျုပ်တို့ အချိန်မီ ရှောင်သွားမှ တော်မယ်” ဟု မိန့်ကြားလိုက်သည်။

ထိုအခါ အီလာရွှန်က ပြုံးပြီး –

“ဖြည်းဖြည်းဆေးဆေးပေါ့ ကိုယ်တော်။ သူတို့ကို ကြောက်လို့ ထွက်ပြေးတာမျိုးတော့ အဖြစ်မခံနိုင်ဘူး” ဟု ပြောကြားလိုက်ရာ၊ မင်းသားကြီးလည်း အီလာရွှန်၏ မျက်နှာကို စေ့စေ့ကြည့်ရင်း –

“မက်ဆာ အီလာရွှန် … ခေါင်းအေးအေး ထားစမ်းပါ။ ကျုပ်တို့ဟာ အလွန်အရေးကြီးတဲ့ တာဝန်နဲ့ ခရီးဆက်လာကြတာ ဖြစ်တယ်။ လမ်းခရီးမှာ ခိုက်ရန်ဖြစ်ပွားပြီး ကြံ့ကြာတာမျိုးကို လုံးဝ အဖြစ်မခံနိုင်ပါဘူး” ဟု မိန့်ကြားလိုက်သည်။

ထိုအခါ အီလာရွှန်က ပြုံးပြီး –

“ကျွန်တော်မျိုးတို့က ရန်မဖြစ်ချင်တဲ့အတွက် အသာတကြည် ရှောင်ထွက်သွားလို့ကော ရနိုင်ပါ့မလား ကိုယ်တော်။ ဖရင်ဇာစစ်မြေပြင်တုန်းက ကျွန်တော်မျိုးရဲ့ အသက်ကို လုပ်ကြံဖို့ ကြိုးစားတဲ့ ဒူးလေးသမားကို စစ်ဆေးကြတဲ့အခါမှာ ‘မြင်းတပ်ဗိုလ်မာရီးလား ငွေပေးပြီး စေခိုင်းတဲ့အတွက် ပြုဆောင်ရခြင်းဖြစ်ပါတယ်’ ရယ်လို့ ဖြောင့်ချက်ပေးပါတယ်။ ဒါကြောင့် မာရီးလားကို ဖမ်းဆီးဖို့ လိုက်ရှာတဲ့အခါမှာ မာရီးလားဟာ တပ်ကနေပြီး ထွက်ပြေးသွားပါတယ်။ အခု ကျွန်တော်မျိုးတို့ မာရီးလားနဲ့ တွေ့ဆုံတာဟာ ကံအားလျော်စွာ တွေ့ဆုံတာမျိုးလို့ ကိုယ်တော် ထင်နေသလား။ မထင်နဲ့ ကိုယ်တော်။ ကျွန်တော်မျိုးတို့ကို ရန်စပြီး ရန်ပြုဖို့အတွက် တမင်သက်သက် ရောက်လာတာပါ” ဟု လျှောက်တင်လိုက်ရာ၊ မင်းသားကြီးက –

“မောင်မင်း လျှောက်တင်တဲ့အတိုင်း ကျုပ်တို့ကို ရန်စပြီး ရန်ပြုဖို့အတွက် တမင်သက်သက် ဘာပြုလို့ ရန်မစသေးဘဲ တုံ့ဆိုင်းနေရတာလဲ” ဟု မေးလိုက်သည်။

ထိုအခါ အီလာရွှန်က –

“အရင်တစ်ခါက ကျွန်တော်မျိုးနဲ့ ရင်ဆိုင်တဲ့အခါမှာ မာရီးလား ရှုံးနိမ့်သွားခဲ့ပါတယ် ကိုယ်တော်။ ဒါကြောင့် အခြေအနေအရပ်ရပ် အကဲခတ်

http://www.cherrythitsar.org



ရင်း စောင့်ဆိုင်းချိန်ဆနေတာ ဖြစ်ပါလိမ့်မယ်” ဟု လျှောက်တင်လိုက်ရာ၊ မင်းသားကြီးက –

“မောင်မင်း လျှောက်တင်တဲ့အတိုင်း ဟုတ် မဟုတ်၊ မှန်မမှန်ကို ကျုပ် စုံစမ်းကြည့်လိုက်ဦးမယ်” ဟု မိန့်ကြားပြီး ထိုင်ရာမှ ထလိုက်သည်။

*

ထိုအခါ မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါနှင့် အီလာရှွန်တို့ကို အကဲခတ်နေသော မြင်းတပ်ဗိုလ်မာရိုးလားလည်း ထိုင်ရာမှ ဝုန်းခနဲထကာ အီလာရှွန်တို့ရှိရာသို့ လျှောက်လာပြီးနောက် –

“ခရီးသည် မိတ်ဆွေနှစ်ဦးပါလား၊ ကျုပ်တို့နဲ့အတူလာပြီး စားကြပါ။ သောက်ကြပါ” ဟု အသံပြကြီးနှင့် ပြောကြားလိုက်သည်။

ထိုအခါ မင်းသားကြီးက “ကျေးဇူးတင်ပါတယ် မိတ်ဆွေ။ ကျုပ်တို့မှာ ခရီးဆက်စရာ ရှိနေပါတယ်” ဟု မိန့်ကြားလိုက်ရာ၊ မာရိုးလား –

“ဩော် ... ခင်ဗျားတို့က ကျုပ်ဖိတ်ကြားချက်ကို ငြင်းပယ်လိုက်တယ်ပေါ့။ ဒါဟာ ကျုပ်ကို စော်ကားတာပဲ” ဟု ဒေါသတကြီး ပြောကြားပြီး လက်တွင်းရှိ ဝိုင်ခွက်ဖြင့် မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါကို ပစ်ပေါက်လိုက် သည်။ ထို့နောက် ခါးမှ ဓားကို ဖျတ်ခနဲ ဆွဲထုတ်ကာ ဓားသမား မိတ်ဆွေများ ဘက်သို့ လှည့်ပြီး–

“နှစ်ယောက်က တံခါးပေါက်က သွားစောင့်နေကြ။ ကျန်တဲ့သူတွေကတော့ ငါ့နောက်ကို လိုက်ခဲ့ကြ” ဟု အမိန့်ပေးလိုက်သည်။

ထိုအခါ မင်းသားကြီးလည်း ကိုယ်နှင့်မကွာ ယူဆောင်လာခဲ့သော အရေးကြီးသည့် ပန်းချီကားထည့်လာသော သားရေအိတ်ရှည်ကြီးကို အခန်းထောင့်တစ်နေရာသို့ လွှင့်ပစ်လိုက်သည်။ ထို့နောက် ခါးမှဓားကို ဖျတ်ခနဲ ထုတ်လိုက်ပြီးလျှင် ဘယ်လက်ကို ဝတ်ရုံစဖြင့် အထပ်ထပ် ရစ်ပတ်ထားလိုက်သည်။

ထိုအခါ မာရိုးလားတို့ လူစုလည်း အီလာရှွန်အပေါ် အာရုံမစိုက်မိကြတော့ဘဲ။ မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါကို မဲပြီးတိုက်ခိုက်ရန် ရှေ့သို့ ပြိုင်တူတိုးလာကြသည်။ ထိုအခိုက်တွင် အီလာရှွန်လည်း မိမိဝတ်ရုံကို ဖြုတ်ပြီး ရှေ့သို့ ပြိုင်တူတိုးလာကြသော ဓားသမားများပေါ်သို့ ပစ်တင်လိုက်သည်။ ထို့နောက် ဝတ်ရုံအုပ်မိပြီး ထွေးလားလုံးလား ဖြစ်နေသော ဓားသမားသုံးဦးအား ဖျတ်ခနဲ ထိုးခုတ်လိုက်ရာ ဓားသမားသုံးဦးလည်း ခုခံရန်ပင် အချိန်မရတော့ဘဲ အတုံးအရုံးလဲကျသေဆုံးသွားတော့သည်။

http://www.cherrythitsar.org



ဓားသမားတစ်ကျိပ်အနက် သုံးယောက်သေဆုံးပြီး၊ နှစ်ယောက်မှာ တံခါးပေါက်နား၌ ရပ်စောင့်နေကြရာ၊ ဓားသမားတစ်ကျိပ်၏အင်အားမှာ တစ်ဝက်ခန့် လျော့နည်းနေတော့သည်။ ထို့ပြင် အီလာရှုန်၏ လျင်မြန်သွက်လက်လှသော လှုပ်ရှားမှုကြောင့်လည်း မင်သက်မိကာ ငေးကြောင်သွားကြသည်။

ထိုအခိုက်တွင် အီလာရှုန်လည်း ရှေ့ဆုံးက ဓားသမား၏ ရင်ညွန့်ကို ဓားချက်တစ်ချက် ဖျတ်ခနဲ သွင်းလိုက်ပြီးနောက်၊ အနီးရှိ စားပွဲကိုမကာ ကျန်ဓားသမားကို ပစ်ပေါက်လိုက်သည်။ ထို့နောက် အနေအထား ပျက်သွားသော ဓားသမားတို့ကို လျှပ်ပြက်သကဲ့သို့ လျင်မြန်လှသော လှုပ်ရှားသွက်လက်မှုဖြင့် တိုက်ခိုက်ထိုးခုတ်နေသည်။

ထိုအခိုက်တွင် မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါလည်း ဓားသမားနှစ်ယောက်အား တစ်ပြိုင်တည်း တိုက်ခိုက်ခုခံနေရာမှ နောက်သို့ တဖြည်းဖြည်း ဆုတ်ဆုတ်ပေးနေရသည်။

ထိုအခိုက်တွင်ပင် မြင်းတပ်ဗိုလ်မာရီးလားနှင့် ကျန်ဓားသမားများလည်း အီလာရှုန်ကို သဲကြီးမဲကြီး မဲပြီး တိုက်ခိုက်နေကြသည်။ ထိုအခိုက်တွင် မာရီးလားက –

"ဒီကောင်ဟာ အတော်ညဏ်များတဲ့အကောင်၊ သတိထားကြ။ မပေါ့ဆကြနဲ့" ဟု မိတ်ဆွေဓားသမားများကို ဟစ်အော်သတိပေးလိုက်သည်။

ထိုသို့ သတိပေးခိုက်တွင်ပင် အီလာရှုန်လည်း အနီးရှိ ဖယောင်းတိုင်တင်ထွန်းထားသည့် ကြေးနီတိုင်ကြီးကို မယူပြီး၊ ဓားသမားများ၏ ခြေထောက်ကို ပစ်ပေါက်လိုက်ရာ ရှေ့ဆုံးမှ ဓားသမားလည်း ခွေခနဲ လဲကျသွားသည်။ ထိုအခိုက်တွင် အီလာရှုန်၏ဓားသည် ထိုဓားသမား၏လည်ပင်းပေါ်သို့ ဖျတ်ခနဲ ကျရောက်သွားသည်။ ထို့ကြောင့် အီလာရှုန်ကို ဝိုင်းပြီးလိုက်နေသော သူများမှာ မာရီးလားနှင့် ဓားသမားသုံးဦးသာ ကျန်ရှိလေတော့သည်။

ထိုအခိုက်တွင် ဓားသမားနှစ်ယောက်ကို တစ်ပြိုင်နက် ခုခံတိုက်ခိုက်နေရသော မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါမှာ ခြေကုန်လက်ပန်းကျနေပေပြီ။ သို့သော် အီလာရှုန်မှာ မင်းသားကြီးကို ဝင်ပြီး မကူညီနိုင်ရှာပေ။ မိမိကို ဝိုင်းပြီး တိုက်ခိုက်နေသော မာရီးလားနှင့် ဓားသမားသုံးဦးကိုသာ သတိကြီးစွာ ထားပြီး တိုက်ခိုက်နေရသည်။

ဤသို့ တိုက်ခိုက်နေခိုက်တွင် မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါထံမှ စူးစူးဝါးဝါး အော်ဟစ်လိုက်သော အသံကြီး ထွက်ပေါ်လာရာ အီလာရှုန်၏ ရင်ထဲ၌ ဒိန်းခနဲ ဖြစ်သွားသည်။ ထို့နောက် မသိမသာ စောင်းငဲ့ကြည့်လိုက်ရာ မီးဖိုကြီးအနီးတွင် မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါ ခွေခနဲ လဲနေပြီး ဓားသမား

http://www.cherrythitsar.org



တစ်ယောက်က မင်းသားကြီး၏ ရင်ညွန့်ထဲသို့ ဓားကို ထိုးစိုက်ဖို့ ဟန်ပြင်နေသည်ကို တွေ့ရသည်။

ထိုအခိုက်တွင် မာရိုးလားက –

“မိတ်ဆွေရေ ... အဲဒီလူကြီးကို ဒီအတိုင်း ထားလိုက်။ ဟောဒီ မိန္ဓာလေးကို အပြတ်ရှင်းပြီးမှ အဲဒီလူကြီးကို အပြတ်ရှင်းမယ်။ ကျုပ်တို့အဖို့ အရေးကြီးတာက ဟောဒီ မိန္ဓာကောင်လေးပဲ” ဟု လှမ်းအော်လိုက်ပြီးနောက် ရှေ့သို့တိုးကာ အီလာရွန်ကို ဖိပြီး တိုက်ခိုက်သည်။

ထိုအခိုက်တွင် အီလာရွန်ပစ်ပေါက်လိုက်သော ဖယောင်းတိုင် တင်ထွန်းသည့် ကြေးနီတိုင်ကြီးက ဖယောင်းတိုင်မီးသည် ကြမ်းပေါ်ရှိ အမှိုက်သရိုက်တို့ကို လောင်ရာမှတစ်ဆင့် မီးခိုး တလူလူထကာ မီးတောက်အရှိန်ပြင်းစ ပြုလာပေပြီ။ ထို့ကြောင့် မာရိုးလားနှင့် ဓားသမားသုံးဦးတို့မှာ အီလာရွန်ကို ထိထိမိမိ မတိုက်ခိုက်နိုင်ရှာပဲရှိရာ မာရိုးလားက –

“ကိုယ့်လူတို့ ကြိုးစားလိုက်ကြစမ်းဟေ့၊ မီးရှိန်မပြင်းခင် မိန္ဓာကောင်လေးကို အပြတ်ရှင်းကြရအောင်” ဟု ပြောကြားအားပေးလိုက်သည်။

ထို့နောက် အီလာရွန်အား စိတ်အားထက်သန်စွာဖြင့် ဝိုင်းပြီး တိုက်ကြရာ အီလာရွန်လည်း ပြင်းထန်တက်ကြွစွာ ခုခံတိုက်ခိုက်နေရတော့သည်။

ထိုအခိုက်တွင် မာရိုးလားနှင့်အတူယှဉ်ပြီး အီလာရွန်ကို တိုက်ခိုက်နေကြသော ဓားသမားသုံးဦးလည်း အသံနက်ကြီးဖြင့် ဟစ်အော်ရင်း တစ်ယောက်ပြီးတစ်ယောက် ဒူးထောက်လဲကျကုန်ရာ အီလာရွန်လည်း မယုံနိုင် သည့်အသွင်ဖြင့် –

“ဘုရား ... ဘုရား။ ငါ့ကို နတ်မိန္ဓာကြီးဝင်ပြီး အကူအညီ ပေးလေရော့သလား” ဟု ရေရွတ်သည်။

ထိုအခါ တဟားဟား ရယ်သံကြီးပေါ်ထွက်လာပြီးနောက် မင်းသားကြီး ဂယ်လီဇီဂွန်ဇာဂါသည် လဲနေရာမှ မတ်တတ်ရပ်လိုက်သည်ကို တွေ့မြင်လိုက်ရသည်။ လက်ထဲ၌လည်း သွေးစွန်းနေသော ဓားမြှောင်ကြီး ကိုင်ထားသည်ကို တွေ့ရသည်။ ထို့အတူ မင်းသားကြီး ပြုံးရယ်ပြီး –

“အီလာရွန်ရေ ... ကျုပ်ဟာ ဓားချက်မှ မထိပါဘူးကွယ့်။ ကျုပ်က သံချပ်ဝတ်တန်ဆာ ဝတ်ထားတာ မဟုတ်လား။ မာနေတဲ့ သံချပ်ဝတ်နားကို ဓားပွတ်ထွက်အသွားမှာ ကျုပ်က ဓားချက်ထိသလို အော်လိုက်တာပါ။ ဓားသမားနှစ်ယောက်ကို ကျုပ် မထိန်းနိုင်တော့ဘူးလေ။ ဒါကြောင့် ဒီလိုပရိယာယ်ဆင်လိုက်တာပဲကွယ့်” ဟု မိန့်ကြားလိုက်သည်ကို ကြားရသည်။

http://www.cherrythitsar.org



ထိုအခါ မင်းသားကြီး ဂယ်လီဗိုဝွန်ဇာဂါအတွက် ရင်လေးနေသော အီလာရွှန်လည်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးနောက် အတုံးအရုံး လဲကျသေဆုံးနေသော ဓားသမားများအလယ်၌ ကြောက်ရွံ့တုန်လှုပ်သည့် မျက်နှာငယ်လေးနှင့် ရပ်နေသော မြင်းတပ်ဗိုလ် မာရိုးလားကို လှမ်းကြည့်ကာ–

"ကိုင်း ... မာရိုးလား။ ခင်ဗျားနဲ့ကျုပ် စာရင်းရှင်းကြစို့" ဟု ခပ်အေးအေး ပြောကြားလိုက်သည်။

ထိုအခါ မင်းသားကြီး ဂယ်လီဗိုဝွန်ဇာဂါလည်း လက်တွင်းရှိ ဓားမြှောင်ကို မြှောက်လိုက်ဖမ်းလိုက် ပြုနေရာမှ –

"အီလာရွှန်ရေ ... အသက် မသေသေးဘဲ ဒဏ်ရာရရုံရပြီး အတုံး အရုံး လဲနေတဲ့ ဓားသမားတွေအတွက် ကျုပ် တာဝန်ထားပါ။ ဒီကောင်တွေ နှောင့်ယှက်ဖို့ ကြံတာနဲ့ ကျုပ်အပြတ်ရှင်းပေးပါ့မယ်။ မောင်မင်းသာ ရန်ကြွေး ရန်စကို လက်စသတ်ပေတော့" ဟု မိန့်ကြားလိုက်သည်။

ထိုအခိုက်တွင် အီလာရွှန်က အေးဆေး တည်ငြိမ်လှသော အသွင် ဖြင့် မာရိုးလားကို စိုက်ကြည့်ရင်း –

"မာရိုးလား ... ကျုပ်အသက်ကို အရင်တစ်ခါ လုပ်ကြံတုန်းကတော့ ကျုပ်က သဘောထားကြီးကြီးနဲ့ ဘာမှ ရန်မပြုဘဲ ခင်ဗျားကို ချမ်းသာပေးခဲ့ ပါတယ်။ ဒီကျေးဇူးကို ခင်ဗျား လုံးဝ မထောက်ဘဲ ဒူးလေးသမားတစ်ဦးကို ငွေပေးပြီး ဖရန်ဇာ စစ်မြေပြင်မှာ ကျုပ်အသက်ကို လုပ်ကြံခိုင်းခဲ့ပြန်တယ်။ ဒါကြောင့် ဒီတစ်ကြိမ်မှာတော့ ခင်ဗျားကို ချမ်းသာပေးလို့ မဖြစ်တော့ဘူး" ဟု ပြောကြားလိုက်ရာ ကြောက်လန့်တုန်လှုပ်နေသော မာရိုးလားက –

"ကျုပ်အသက်ကို ချမ်းသာပေးပါဗျာ။ ကျုပ်ကို ငွေပေးပြီးခိုင်းလို့ ငွေမျက်နှာကြောင့် ကျုပ်က လုပ်ရကိုင်ရတဲ့သူပါ။ ခင်ဗျား အသက်ကို တကယ် သေစေချင်နေတဲ့ အဓိကတရားခံက ပေါလိုပါ" ဖွင့်ဟပြောကြားတောင်းပန် သည်။

ထိုစကားကိုကြားလျှင် မင်းသားကြီး ဝွန်ဇာဂါလည်း အလွန်တစ်ရာ စိတ်ဝင်စားသွားသည့် အမူအရာဖြင့် –

"ခင်ဗျားကို ငွေပေးပြီး ခိုင်းတဲ့သူက ဘယ်သူလဲ။ ထပ်ပြီးမေးစမ်း" ဟု မေးလိုက်ရာ မာရိုးလားက –

"ရိန်ဇာမျိုးနွယ်ဝင် ပေါလိုပါ" ဟု ထပ်မံပြောကြား ဝန်ခံသည်။

ထိုအခါ အီလာရွှန်လည်း မာရိုးလား၏ ရင်ညွန့်တည့်တည့်ကို ချိန် ရွယ်ထားသော ဓားကို အောက်သို့ ပြန်ချကာ –

"ခင်ဗျား အသက်ကို ချမ်းသာပေးရင် ပေါလိုရဲ့ ညီမတော် မင်းသမီး ဂူလာရှေ့မှာ ဒီအကြောင်းတွေကို ခင်ဗျား ဝန်ခံပြောကြားမလား" ဟု စိတ်အား ထက်သန်စွာမေးပြီး မင်းသားကြီး ဝွန်ဇောဂါဘက်သို့ အကျိုးအကြောင်း ရှင်းပြရန် ကိုယ်ကို လှည့်လိုက်သည်။

ထိုအခိုက်တွင် မင်းသားကြီးထံမှ အလန့်တကြား ဟစ်အော်သတိပေးသံ ထွက်ပေါ်လာရုံမက လက်တွင်းမှ ဓားမြှောင်ကို ဗိုခနဲ ပေါက်လိုက်သည်ကို မြင်ရသည်။ ထို့ကြောင့် အီလာရွှန်လည်း နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်ရာ လည်ပင်းတွင် ဓားမြှောင်တန်းလန်းကြီး စိုက်နေသော မာရိုးလားကို တွေ့မြင်ရသည်။ မာရိုးလား၏မျက်နှာမှာ ပြင်းထန်သော ဝေဒနာကို ခံစားရဟန်ဖြင့် မျက်နှာရှုံ့မဲ့နေရုံမက မယုံနိုင်သော အသွင်အံ့ဩသည့် အသွင်ကိုလည်း ဆောင်နေသည်။ ထို့နောက် ခြေကားပြီး မားမားမတ်မတ် ရပ်နေရာမှ တစ်ကိုယ်လုံး ယိမ်းထိုးကာ ဝုန်းခနဲ လဲကျသွားတော့သည်။

ထိုအခိုက်တွင် မင်းသားကြီးက –

"အီလာရွှန်၊ ကျုပ်ဘက်ကို မောင်မင်း လှည့်လိုက်တဲ့ တဒင်္ဂလေးမှာ မာရိုးလားဟာ မောင်မင်းရဲ့နောက်ကျောကို ဓားနဲ့ ခုန်ထိုးဖို့ ကြိုးစားတယ် ကွယ့်။ ဒါကြောင့် ကျုပ် ဓားမြှောင်ကို အချိန်မီသုံးလိုက်ရတာပဲ။ မာရိုးလားလို သစ္စာမရှိတဲ့ကောင်တွေကို ဘယ်လို ဆက်ဆံရမယ်ဆိုတာ မောင်မင်း သင်ခန်းစာရလောက်ရောပေါ့။ ဒီကောင်မျိုးတွေဟာ ငွေရမယ်ဆိုရင် ကိုယ့်အမေရင်းကို တောင် ကျွန်အဖြစ် ရောင်းစားမှာကွယ့်" ဟု မိန့်ကြားသည်။

ထိုအခါ အီလာရွှန်က –

"ကျွန်တော်မျိုးက မင်းသမီးလေး ဂူလာဆီကို ဒီကောင့်ကို ခေါ်သွားပြီး ပေါလိုရဲ့ အကျင့်အကြံတွေကို ဖော်ထုတ်ဝန်ခံ ခိုင်းချင်တဲ့ ဆန္ဒစောသွားမိပါတယ် ကိုယ်တော်။ ဒါကြောင့်လည်း ကျွန်တော်မျိုး သတိလစ်သွားတာပါ။ နောင်ကို ဆင်ခြင်ပါ့မယ်" ဟု လျှောက်တင်လိုက်ရာ၊ မင်းသားကြီးက ရယ်မောရင်း –

"ပေါလိုခိုင်းလို့ မောင်မင်းရဲ့ အသက်ကို လုပ်ကြံရတာပါလို့ ဒီကောင် ပြောတိုင်း ဟုတ်ရိုးလားကွယ်။ အခြားတစ်ယောက်ယောက်က လုပ်ကြံခိုင်းတာ ကော မဖြစ်နိုင်ဘူးလား။ ဘယ်သူ့လက်ချက်လဲဆိုတာကို ကိုယ်တိုင် စူးစမ်းရှာဖွေကြည့်တာ အကောင်းဆုံးပေါ့" ဟု မိန့်ကြားကာ –

မြင်းတပ်ဗိုလ်မာရိုးလား၏ အလောင်းအပေါ်းသို့ လျှောက်သွားပြီး တစ်ကိုယ်လုံး အနှံ့ရှာဖွေကြည့်ရှုနေသည်။

http://www.cherrythitsar.org



ထို့နောက် မာရိုးလား၏ အတွင်းအိတ်ထဲမှ ရွှေပြားများထည့်ထား သော ခရမ်းရောင်ကတ္တီပါ အိတ်လေးကို ဆတ်ခနဲ ဆွဲထုတ်လိုက်သည်။ ထို အိတ်လေးပေါ်၌ 'တိုက်ကြက်ဖအမောက်' ပုံသဏ္ဌာန်ရေးခြယ်ထားပေရာ အီလာ ရွန်လည်း မယုံနိုင်အောင် အံ့အားသင့်သွားတော့သည်။

တိုက်ကြက်ဖအမောက် ပုံသဏ္ဌာန်ကား ဂယ်လီနာနယ်စားကတော် သခင်မလေး ဘိထရစ်၏ ရိုးရာတံဆိပ် အမှတ်အသား ဖြစ်လေသည်တကား။

⌘ ⌘ ⌘

## ၅၃

## [illegible]

မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါနှင့် အီလာရှန်တို့လည်း အက်ဆီဇီမြို့တော်အနီးရှိ ထမင်းဆိုင်လေးမှ ရောမ ရွှေမြို့တော်သို့ ဆက်လက်ခရီးထွက်လာခဲ့ကြသည်။

ထိုအခိုက်တွင် အီလာရှန်လည်း မိမိစိတ်ထဲ၌ မရှင်းသော အကြောင်းအရာများကို မင်းသားကြီးကို မေးမြန်းရာ မင်းသားကြီးက 'ရောမရွှေမြို့တော်ကို ရောက်ရှိသောအခါမှ မိမိဖြေခွင့်လိုသလောက် ဖြေကြားမည် ဖြစ်ကြောင်း' မိန့်ကြားလိုက်သည်။ ထို့ကြောင့် အီလာရှန်လည်း မိမိစိတ်ထဲ၌ မရှင်းသော အကြောင်းအရာများ၏ အဖြေကို တစ်ကိုယ်တည်း တွေးတောစဉ်းစားကာ အဖြေရှာနေခဲ့သည်။ သို့သော် ကျေနပ်လောက်သည့် အဖြေကိုကား မရခဲ့ပေ။

ရောမ ရွှေမြို့တော်ကြီးသို့ ရောက်၍ ဂယ်လီဗိုစံအိမ်တော်ကြီး၌ နားနေ အပန်းဖြေပြီးသောအခါ၌ အီလာရှန်လည်း အောင့်အည်းမြို့သိပ်မထားနိုင်တော့ပေ။

"ရောမမြို့တော်ကို ကိုယ်တော်နဲ့အတူ ဘာကြောင့် ကျွန်တော်မျိုးလိုက်ပါလာခဲ့ရတာလဲ။ ပန်းချီဆရာ ပီထရိုက ကျွန်တော်မျိုး ရုပ်ပုံလွှာပန်းချီကားကို ဘာကြောင့် အကောင်းဆုံးရေးဆွဲခဲ့တာလဲ။ ကျွန်တော်မျိုးလို အညတရ မြင်းထိန်းတစ်ယောက်ကို ဆီဇာဘော်ဂျာက ဘာကြောင့် ဒီလောက်တောင် အရေးပေးနေရတာလဲ။ ဆီဇာဘော်ဂျာမှာ ကျွန်တော်မျိုးနဲ့ ပတ်သက်ပြီး ဘာကို ရည်ရွယ်ချက်အထူးအထွေ ရှိနေသလဲ" စသည်ဖြင့် မိမိသိလိုသော အကြောင်းအရာများကို ဆက်တိုက် မေးမြန်းပါတော့သည်။

http://www.cherrythitsar.org



ထိုအခါ မင်းသားကြီးက –

"မောင်မင်းရဲ့ မေးခွန်းတွေကလည်း များလိုက်တာကွယ်။ ကျုပ်ဖြေကြားနိုင်သလောက်တော့ ကြိုးစားပြီး ဖြေပါ့မယ်။ အစိတ်စိတ် အမြွာမြွာကွဲနေတဲ့ အီတလီပြည်ကို အင်အားတောင့်တင်းတဲ့ လက်နက်နိုင်ငံကြီး ဖြစ်လာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆီဇာဘော်ဂျာဟာ မြို့ရွာပြည်နယ်တွေကို နည်းအမျိုးမျိုးနဲ့ စည်းရုံးသိမ်းသွင်းနေပါတယ်။ ဒီလိုစည်းရုံး သိမ်းသွင်းနေချိန်မှာ အင်အားအကြီးမား အတောင့်တင်းဆုံး မြို့တော်ကြီးများဖြစ်တဲ့ ဗင်းနစ်၊ ဖလော်ရင့်နဲ့ မီလန်တို့ဟာ ဆီဇာဘော်ဂျာကို အံတုဖက်ပြိုင်ဖို့ ကြံရွယ်နေကြပါတယ်။ ဒီသုံးမြို့သာ ဆီဇာဘော်ဂျာကို တစ်ပြိုင်နက် အံတုဖက်ပြိုင်မယ်ဆိုရင် ဆီဇာဘော်ဂျာအဖို့ အခက်အခဲအများကြီး ကြုံတွေ့သွားစေနိုင်ပါတယ်။ ဆီဇာဘော်ဂျာ အရေးရှုံးနိမ့်ပြီး ရည်ရွယ်ချက်ကောင်းကြီးတောင် ပျက်ပြားသွားနိုင်ပါတယ်"

"ဒီအချက်ကို သိမြင်ထားတဲ့ ဆီဇာဘော်ဂျာဟာ ဗင်းနစ်မြို့တော်နဲ့ မဟာမိတ်ပြုနိုင်အောင် ကြိုးစားနေပါတယ်။ ဗင်းနစ်သာ ဆီဇာဘော်ဂျာနဲ့ မဟာမိတ်ဖြစ်သွားရင် ဖလော်ရင့်နဲ့ မီလန်တို့ဟာလည်း ဆီဇာဘော်ဂျာကို အလိုလိုမဟာမိတ်ပြုလာကြလိမ့်မယ်လို့ မှတ်ယူထားပါတယ်။ ဒီလိုဗင်းနစ်နဲ့ မဟာမိတ်ပြုရေးကိစ္စမှာ ဆီဇာဘော်ဂျာဟာ အလွန်သိမ်မွေ့တဲ့ ရာဇပရိယာယ်ကို အသုံးပြုဖို့ ကြံရွယ်ထားပါတယ်။ အဲဒီအရေးကိစ္စမှာ မောင်မင်းဟာ အဓိကနေရာက ပါဝင်နေတယ်လို့ ကျုပ်သိရှိထားပါတယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခိုက်တွင် မင်းလုလင်တစ်ဦး ရောက်ရှိလာပြီး စာသဝဏ်လွှာတစ်စောင်ကို ကမ်းပေးရာ မင်းသားကြီးလည်း ဖောက်ပြီး ဖတ်လိုက်သည်။ ထို့နောက် အီလာရွှန်ကို ပြုံးကြည့်ပြီး –

"ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုဆီက စာသဝဏ်လွှာပဲ။ သူ့ရဲ့ အနုပညာပြခန်းကို မောင်မင်းလာလည်ဖို့ ဖိတ်ထားတယ်။ မောင်မင်းဟာ လီအိုနာဒိုလို ပါရမီရှင် ပုဂ္ဂိုလ်ကျော်ကြီးနဲ့လည်း သိကျွမ်းထားသကိုး" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ အီလာရွှန်က –

"ဆီဇာဘော်ဂျာတပ် စခန်းချထားရာ နေပီရွာသို့ မိမိအသွားလမ်းခရီး၌ ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုနှင့် ပန်းချီဆရာပီထရိုတို့ကို သူခိုးဓားပြများက ဝိုင်းပြီး တိုက်ခိုက်နေသည်ကို တွေ့ကြုံ၍ မိမိဝင်ရောက် ကယ်တင်ခဲ့သည့်အကြောင်း' ကို ပြန်ပြောင်းလျှောက်တင်လိုက်ရာ မင်းသားကြီးလည်း အလွန်စိတ်ဝင်စားသည့် အမူအရာဖြင့် နားထောင်နေရှာသည်။

http://www.cherrythitsar.org



ထို့နောက် အီလာရွန်က –

"ရောမ ရွှေမြို့တော်ကို ကျွန်တော်မျိုး ရောက်လာတဲ့ အကြောင်းကို လီအိုနာဒိုက အခုလိုချက်ချင်း သိနေတာဟာ အလွန်အံ့သြစရာကောင်းတယ်" ဟု ပြောကြားလိုက်ရာ မင်းသားကြီးက ပြုံးပြီး –

"အံ့သြမနေနဲ့ မောင်မင်း ... လီအိုနာဒိုနဲ့ ဆီဇာဘော်ဂျာဟာ အမြဲပဲ အဆက်အသွယ်ရှိနေတယ်။ ဆီဇာဘော်ဂျာဟာ လီအိုနာဒိုဆီက အကြံဉာဏ်ကို အမြဲတောင်းခံပြီး လိုက်နာဆောင်ရွက်လေ့ရှိတယ်။ ရောမမြို့တော်ကို မောင်မင်း ရောက်နေတဲ့အကြောင်းကို ဆီဇာဘော်ဂျာက လီအိုနာဒိုကို ချက်ချင်း အသိပေးလိုက်မှာပေါ့။ ဒါကြောင့် အသက်သခင်ကျေးဇူးရှင်ဖြစ်တဲ့ မောင်မင်းကို လီဒိုနာဒိုက ဖိတ်ခေါ်တာ ဖြစ်မှာပေါ့" ဟု မိန့်ကြားပြီးနောက် –

"ကိုင်း ... အီလာရွန် ... ကျုပ်တို့ကို သိပ်စောင့်နေရရင် ရိုင်းရာကျမယ်။ အခုပဲ သွားတွေ့ကြရအောင်" ဟု မိန့်ကြားလိုက်သည်။

*

ပန်းချီအနုပညာရှင်ကြီး လီအိုနာဒို၏ အနုပညာပြခန်းကား မင်းစိုးရာဇာ အထက်တန်းလွှာက လူအပေါင်းတို့ဖြင့် ပြည့်နှက်စည်ကားနေလေ သည်။ လီအိုနာဒို၏ ပန်းချီကားများနှင့် ပန်းပုရုပ်လုံးများကို တအံ့တသြ ငေးမောကြည့်ရှုနေကြသည်။

ထိုအနုပညာပြခန်းသို့ အီလာရွန်နှင့် မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါတို့ ဝင်ရောက်လာခဲ့ရာ ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုက ဝမ်းသာအားရဆီးကြိုသည်။ အီလာရွန်၏ လက်ကို တရင်းတနှီးဆုပ်ကိုင်ပြီး –

"အီလာရွန်ရေ၊ မောင်ရင့်ကို တွေ့ရတဲ့အတွက် ဝမ်းသာလိုက်တာ ကွယ်။ ကျုပ်တို့ မိတ်ဆွေကြီး ပီထရိုကော မောင်ရင်နဲ့အတူ ပါမလာဘူးလား။ ကျန်းမာရေးကော ကောင်းရဲ့လား" ဟု မေးမြန်းရာ၊ အီလာရွန်က ပြုံးပြီး –

"ပီထရိုကတော့ အခုအခါမှာ ဖော်လီမြို့က ဆီဇာဘော်ဂျာရဲ့ တပ်မတော်မှာ ရှိနေပါတယ်။ ကျန်းမာရေးလည်း ကောင်းပါတယ်" ဟု ဖြေကြားလိုက်သည်။

ထိုအခိုက်တွင် အနုပညာပြခန်းသို့ လာရောက်ကြည့်ရှုကြသော မင်းစိုးရာဇာ အထက်တန်းလွှာက လူအပေါင်းတို့လည်း ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုနှင့် အီလာရွန်တို့၏ ရင်းနှီးချစ်ကြည်မှုကို စိတ်ဝင်စားစွာ ဝိုင်းအုံနေ ကြရာ မင်းသားကြီးလည်း အီလာရွန်၏ တစ်မဟုတ်ချင်း ကျော်စောထင်ရှား လူသိများခြင်းအတွက် ကျေကျေနပ်နပ်ကြီး ပြုံးနေသည်။

ထိုအခိုက်တွင် လီအိုနာဒိုလည်း အီလာရွန်၏ ပခုံးကိုဖက်ပြီး –

http://www.cherrythitsar.org



"အီလာရွှန်ရေ ... နေပီမှာတုန်းက မောင်ရင့်ကို ကျုပ်ကတိပေးခဲ့တာ မှတ်မိသေးရဲ့လား။ ကျုပ်တို့အသက်ကို စွန့်စွန့်စားစား ကယ်တင်ခဲ့တဲ့ မောင်ရင့်အတွက် အကောင်းဆုံး ဓားတစ်လက်ကို ကျုပ်ကိုယ်တိုင်လုပ်ပြီး အမှတ်တရ လက်ဆောင်ပေးမယ်ဆိုတာလေ" ဟု ပြောကြားလိုက်ရာ အီလာရွှန်လည်း အတိုင်းမသိ ဝမ်းမြောက်ကြည်နူးသွားရာမှ –

"မှတ်မိပါတယ် ခင်ဗျာ။ ကောင်းကောင်းကြီး မှတ်မိနေပါတယ်" ဟု ဖြေကြားလိုက်သည်။

ထိုအခါ လီအိုနာဒိုက ပြုံးပြီး –

"ကောင်းပြီ၊ ဒါဖြင့်ရင် ကျုပ်ရဲ့အလုပ်ခန်းကို လိုက်ခဲ့ပေတော့" ဟု ပြောကာ အီလာရွှန်၏ ပခုံးကို ဖက်ပြီး အနုပညာပြခန်းနှင့် ဆက်နေသော အလုပ်ခန်းသို့ ခေါ်လာခဲ့သည်။

ပန်းချီအနုပညာရှင်ကြီး လီအိုနာဒို၏ အလုပ်ခန်းကား အလွန်တစ်ရာ ကျယ်ဝန်းပြီး ပန်းပဲဖိုကြီးများတွင် တွေ့ရမြင်ရသည့်အတိုင်း ဖားဖိုကြီးများ၊ တူကြီး ပေကြီးများ၊ သံတိုသံစများ၊ လုပ်လက်စ သံထည်ပစ္စည်းများကို တွေ့မြင်ရသည်။ အလုပ်ခန်း နံရံရှိ စင်ကြီးပေါ်တွင် ပစ္စည်းမျိုးစုံတို့ တင်ထားသည်ကိုလည်း မြင်ရသည်။

ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုလည်း စင်ထက်မှ ကတ္တီပါနက်အိတ်အရှည်ကြီးကို ဆွဲယူပြီးနောက် ကတ္တီပါနက်အစွပ်ကို ချွတ်လိုက်ရာ အတွင်း၌ လှပခံ့ထည်လှသော ဓားအိတ်ကြီး ပေါ်ထွက်လာပါသည်။ ထိုဓားအိမ်ကြီးမှာ သံမဏိဖြင့် ပြုထားပြီး ခရမ်းနီရောင် ပန်းနွယ်များ ရေးခြယ်ထားသည်။ ထိုပန်းနွယ်များအကြားတွင်မူ သေးငယ်လှသော မြင်းဦးခေါင်းများကို ငွေဖြင့် ထွင်းထုပြုထားသည်။ ဓားလက်ကိုင်ရိုးမှာ နှင်းဆီဖူးနွယ်တို့ဖြင့် အဆန်းတကြယ် ပုံဖော်ထားလေရာ ရှုကြည့်၍ မရောင့်ရဲနိုင်အောင် လှပဆန်းကြယ်နေပေသည်။

အီလာရွှန်လည်း မိမိတွေ့ရမြင်ရသော ဓားကြီးကို အသက်ပင် မရှူနိုင်အောင် စိတ်ဝင်စားစွာ ငေးကြည့်နေရာ လီအိုနာဒိုလည်း အီလာရွှန်၏ အမူအရာကို အသေးစိတ်အကဲခတ်ကြည့်ရှုပြီး အသာပြုံးလိုက်သည်။ ထို့နောက် ဓားအိမ်မှ ဓားကိုဆွဲထုတ်ရင်း –

"အီလာရွှန်ရေ ... မောင်က ဓားတစ်လက်မှာ အရေးအကြီးဆုံး အင်္ဂါရပ်ကတော့ ဓားသွားပဲလို့ ပြောခဲ့တယ်နော်။ မောင်ပြောတာ မှန်ပါတယ်ကွယ်။ ဒါကြောင့်လည်း ဟောဒီဓားသွားကို တိုလက်ဒိုနယ်က ထွက်တဲ့ အကောင်းစား သံနဲ့ ကျုပ်ကိုယ်တိုင် လုပ်ခဲ့ပါတယ်။ ကျုပ်ရဲ့အသက်ကို စွန့်စွန့်စားစား ကယ်

http://www.cherrythitsar.org



တင်ခဲ့တဲ့ မောင့်ကျေးဇူးကို အောက်မေ့ပြီး အမှတ်တရလက်ဆောင်အဖြစ် မောင့်ကို ဟောဒီ ကလျာဏမိတ္တဓားကြီး ပေးပါတယ်" ဟု ပြောကာ ဓားကြီးကို ကမ်းပေးလိုက်သည်။

ထိုအခါ အီလာရွှန်လည်း ကလျာဏမိတ္တဓားကြီးကို လှမ်းယူပြီး နောက် အသေးစိတ် စစ်ဆေးကြည့်ရှုသည်။ ထို့နောက် ကလျာဏမိတ္တဓားကြီး ကို ကိုင်ကာ အလုပ်ခန်းအတွင်းရှိ နေရာလွတ်တွင် အနေအထား အမျိုးမျိုးဖြင့် ခုတ်ကြည့်သည်။ ပိုင်းကြည့်သည်။ ထိုးကြည့်သည်။ ပင့်ကြည့်သည်။ ကာကြည့်သည်။

ထို့နောက် အီလာရွှန်လည်း အတိုင်းမသိ အားရကျေနပ်သွားသည့် အမူအရာဖြင့် ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုထံသို့ လျှောက်လာပြီး၊ လက်နှစ်ဖက်ကို ဝမ်းသာအားရ ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ကျေးဇူးတင်စကားကို ပြောကြားသည်။ သို့သော် အလွန်အမင်း စိတ်လှုပ်ရှား ပျော်မြူးနေသောကြောင့် စကားသံတို့ပင် မပီဘဲ ဗလုံးဗထွေး ဖြစ်နေပေသည်။

ဤသို့ အီလာရွှန်အတိုင်းမသိ ဝမ်းမြောက်ပျော်ရွှင်နေသည်ကို ကြည့်ပြီး၊ လီအိုနာဒိုလည်း နှစ်နှစ်ခြိုက်ခြိုက် ပြုံးကာ –

"မောင်ရယ် ... မောင့်အမူအရာကပဲ ကျုပ်ကို ဘယ်လောက် ကျေးဇူးတင်ကြောင်း ထင်ရှားပေါ်လွင်နေပါပြီကွယ်။ ကျေးဇူးတင်စကား ထပ်ပြီး ပြောမနေပါနဲ့တော့။ ကျုပ်ဟာ ဓားအကောင်းစား အမြောက်အမြားကို လုပ်ခဲ့ဖူးပါတယ်။ မောင့်ကို အမှတ်တရ လက်ဆောင်အဖြစ်ပေးတဲ့ ဟောဒီ ကလျာဏမိတ္တဓားကြီးကို ဘယ်ဓားမှ မမီပါဘူး။ သေရေး ရှင်ရေးမှာ ဟောဒီ ကလျာဏမိတ္တဓားကြီးက မောင့်ကို အကူအညီ ပေးပါလိမ့်မယ်" ဟု ပြောကြားသည်။

ဤသို့ ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုက တင့်တယ်ချောမောသော လုလင်ပျိုလေးကို တရင်းတနှီး ဆက်ဆံပြောဆိုကာ အကောင်းဆုံး အလှပဆုံး အခံ့ညားဆုံး ဓားကြီးကို လက်ဆောင်ပေးသည့်သတင်းသည် အနုပညာပြခန်းသို့ လာရောက်ကြသော မင်းစိုးရာဇာ အထက်တန်းစားများကြားတွင် ပျံ့နှံ့ထင်ရှားသွားလေရာ လူအပေါင်းတို့လည်း လုလင်ပျိုလေး အကြောင်းကို စိတ်ဝင်စားစွာ မေးကြမြန်းကြသည်။

ထိုအခါ မင်းသားကြီး ဂယ်လီဇိုဗွန်ဇာဂါလည်း 'လီအိုနာဒို၏ အသက်ကို အီလာရွှန် စွန့်စွန့်စားစား ဝင်ရောက် ကယ်တင်ခဲ့ဖူးသည့် ကျေးဇူးရှိသည့်အကြောင်းနှင့် အီလာရွှန်၏ စွမ်းဆောင်ချက်' တို့ကို စီကာပတ်ကုံး ပြောကြားလေရာ၊ လူအပေါင်းတို့လည်း အီလာရွှန်ကို သူရဲကောင်းကြီးပမာ မှတ်ထင်ယူဆသွားကြသည်။ လေးစား ချီးကျူးကြတော့သည်။

http://www.cherrythitsar.org



အီလာရှန်က ကလျာဏမိတ္တစားကြီးကို ခါးတွင်ချိတ်ပြီး၊ လီအိုနာဒို နှင့်အတူ အနုပညာပြခန်းသို့ ပြန်လာသောအခါတွင်မူ လူအပေါင်းတို့လည်း အီလာရှန်ကို သူ့ထက်ငါ ဝိုင်းအုံပြီး ကြည့်ကြတော့သည်။ မိတ်ဆွေဖွဲ့ကြတော့ သည်။

*

ထိုသို့ ဝိုင်းဝိုင်းလည်အောင် မိတ်ဆွေဖွဲ့နေကြခိုက်တွင် ခမ်းနား ထည်ဝါလှသော ဖဲဝတ်ရုံနက်ကြီးကို ဆင်မြန်းထားသည့် အမျိုးသမီးကြီး တစ်ယောက်သည် အီလာရှန်၏အပါးသို့ ခံ့ထည်စွာ လျှောက်လာပြီးနောက် အီလာရှန်၏ မေးစေ့ကို လက်တွင်းရှိ ယပ်တောင်ဖြင့် အသာတို့ရင်း –

"မောင်လေး ... မဖုရားကို ကြည့်စမ်းပါ" ဟု မိန့်ကြားလိုက်ရာ အမျိုးသမီးကြီးကို သိရှိကျွမ်းနိုးသော မင်းသားကြီး ဂယ်လီဗိုဇွန်ဇာဂါလည်း အီလာရှန် အပါးတွင် ရပ်နေရာမှ အမျိုးသမီးကြီးကို ဦးညွှတ်အရိုအသေ ပြု လိုက်သည်။

ထိုအခါ အမျိုးသမီးကြီးက –

"ဂယ်လီဗို၊ မဖုရားဟာ ကော်လွန်နာ မျိုးနွယ်ဝင် မင်းသမီးကြီး အလဇ္ဇာဘက်တာ ဖြစ်ကြောင်း ရှင့်ရဲ့ မိတ်ဆွေလေးကို ပြောကြားပြီး မိတ်ဆက် ပေးလိုက်စမ်းပါ။ ပြီးတော့ ဒီနေ့ည မဖုရားရဲ့ စံအိမ်တော်မှာ ကပွဲသဘင်ကြီး ကျင်းပမယ်။ အဲဒီပွဲကိုလည်း ရှင်ရော ရှင့်မိတ်ဆွေလေးပါ မပျက်မကွက် ဆက် ဆက် တက်ခဲ့ကြပါ။ ရှင့်မိတ်ဆွေလေးကိုလည်း ကလျာဏမိတ္တစားကြီးပါ တစ်ပါတည်း ဆောင်ယူခဲ့ဖို့ မှာလိုက်ပါ" ဟု မိန့်ကြားရာ၊ မင်းသားကြီး ဂယ်လီဗိုဇွန်ဇာဂါက –

"ကောင်းပါပြီ မဖုရား" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် မင်းသမီးကြီး အလဇ္ဇာဘက်တာလည်း အရောင် တဖျတ်ဖျတ် ထွက်နေသော မျက်လုံးအစုံဖြင့် အီလာရှန်ကို စိုက်ကြည့်ပြီး –

"မောင်လေးရဲ့ အကြောင်းကို မဖုရားဟာ မင်းသမီးလေး ဂူလာဆီက ကြားသိထားပါတယ်။ ဩော် ... ဩော် ... မောင်လေး စိတ်လှုပ်ရှားသွား သလား။ ဩော် ... ဒီနေ့ည ကပွဲသဘင်မှာ မင်းသမီးလေး ဂူလာ တက်ရောက် ပါ့မယ်။ ပြီးတော့ ဂယ်လီနာနယ်စား သခင်မလေး ဘိထရစ်လည်း တက်ရောက် ပါ့မယ်။ အဲဒီ မင်းသမီးနှစ်ပါးဟာ မောင်လေးရဲ့ ဘဝမှာ အရေးပါလှတဲ့ သူ နှစ်ဦးဖြစ်တယ်။ ဘယ်သူနဲ့ မောင်လေး ဖူးစာဆုံမလဲ မဖုရား မသိဘူး။ မောင် လေးရဲ့ လက်ဝါးကို ဖြန့်စမ်း။ မောင်လေးရဲ့ လက္ခဏာကို မဖုရား ကြည့်စမ်း မယ်" ဟု မိန့်ကြားလိုက်သည်။

၁၆ ရာစုခေတ်ဦးကာလက မင်းစိုးရာဇာ အထက်တန်းလွှာ လူအများပင် ဗေဒင်လက္ခဏာနှင့် မှော်ပညာတို့ကို အထူးလေ့လာလိုက်စားနေကြပေသည်။ မင်းသမီးကြီး အလဇ္ဇာဘက်တာမှာ ထိုပညာတွင် ပေါက်ရောက် ထူးချွန်သူအဖြစ် ထင်ရှားကျော်စောနေပေရာ၊ အနီးဝန်းကျင်ရှိ လူအပေါင်းတို့လည်း စိတ်ဝင်စားသည့် အနေဖြင့် နားစွင့်နေကြပေသည်။

ထိုအခိုက်တွင် မင်းသမီးကြီးအလဇ္ဇာဘက်တာလည်း အီလာရှွန်၏ လက္ခဏာ အရေးအကြောင်းများကို စေ့စေ့စပ်စပ် ကြည့်ပြီးနောက် အီလာရှွန်၏ မျက်လုံးအစုံကို အတန်ကြာအောင် စိုက်ကြည့်နေသည်။ ထို့နောက် လေးနက်တည်ငြိမ်သော အသံဖြင့် –

“သေခြင်းတရားကို မဖုရားမြင်တယ်။ မောင်လေးကို လုပ်ကြံသတ်ဖြတ်ကြမယ့် ဘေးအန္တရာယ်တွေ ရှိနေတယ်။ ဒီဘေးအန္တရာယ်တွေဟာ မင်းသမီးလေး ဂူလာဆီက လာလိမ့်မယ်။ ဂယ်လီနာနယ်စားကတော် မင်းသမီးလေး ဘိထရစ်ဆီကလည်း လာလိမ့်မယ်။ ဒီမင်းသမီးနှစ်ပါးအနက် ဘယ်သူနဲ့ပဲ ဖူးစာဆုံဆုံ မောင်လေးအဖို့တော့ ဘေးရန်အန္တရာယ်ကို ကြုံရမှာ မလွဲဘူး။ သတိဝီရိယသာ ထားနေပေတော့ကွယ်။ မဖုရား သတိပေးလိုက်ပါရဲ့” ဟု မိန့်ကြားလိုက်သည်။

⌘ ⌘ ⌘

၁၉

# မာယာပယောင်ချောက်

မင်းသမီးကြီး အလဇ္ဇဘက်တာ၏ ဟောပြော သတိပေးချက်ကြောင့် အလွန်တစ်ရာ ဝမ်းမြောက်ပျော်မြူးနေသော အီလာရှွန်လည်း စိတ်ထဲ၌ ထင့်ခနဲ ဖြစ်သွားရှာသည်။ သို့သော် ထိုနေ့ညချမ်းအခါ၌မူ မင်းသမီးကြီး ဖိတ်ကြားချက်ကို လေးစားလိုက်နာသောအားဖြင့် မင်းသားကြီး ဂယ်လီဗိုဝ့န်ဇာဂါနှင့်အတူ ကပွဲသဘင်သို့ သွားရောက်ခဲ့သည်။

အီလာရှွန်သည် တစ်ကိုယ်လုံး ဝတ်စုံနက်ကို ဆင်မြန်းထားပြီး ခါးတွင်လည်း ပန်းချီအနုပညာရှင်ကြီး လီအိုနာဒို အမှတ်တရ လက်ဆောင်ပေးသော ကလျာဏမိတ္တစားကြီးကို ချိတ်ထားရာ အရောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးတို့ကို ဆင်မြန်းထားကြသော လူစုကြားတွင် ထင်းထင်းကြီး ပေါ်ထင်နေပေတော့သည်။

အီလာရှွန်လည်း ပြုံးရွှင်ရယ်မောနေကြသော မိန်းမချော မိန်းမလှလေးများကြားတွင် 'မင်းသမီးလေး ဂူလာကို တွေ့ရမည်လော' ဟူသော စိတ်ဇောနှင့် လှည့်ပတ်ရှာဖွေနေမိသည်။

ထိုအခိုက်တွင် အီလာရှွန်၏ အပါးသို့ ဂယ်လီနာ နယ်စားကတော် မင်းသမီးလေး ဘိထရစ် ရောက်ရှိလာခဲ့ပြီး –

"အို ... အီလာရှွန်ပါလား။ တွေ့ရတာ ဝမ်းသာလိုက်တာရှင်" ဟု လှိုက်လှိုက်လှဲလှဲ ပြောကြားကာ အီလာရှွန်ကို လူသူရှင်းသော စင်္ကြံလမ်းဘက်သို့ အတင်းဆွဲခေါ်သွားသည်။

လူသူရှင်းသော စကြ်ံလမ်းသို့ ရောက်သောအခါ ဘိထရစ်လည်း အီလာရှန်အား ချစ်ရည်ရွှန်းသော မျက်ဝန်းအစုံဖြင့် ခပ်ပြုံးပြုံးမော့ကြည့်ရင်း အီလာရှန်၏ လက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်သည်။ ထိုအခါ အီလာရှန်လည်း ဘိထရစ်၏လက်ကို အသာဖယ်ချပြီး မိမိ၏ ဝတ်ရုံတွင်း၌ အသင့်ဆောင်ယူလာခဲ့သော ခရမ်းရောင်ကတ္တီပါအိတ်လေးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ဘိထရစ်ကို ငေ့ယမ်းပြရင်း –

"ဟောဒီ ခရမ်းရောင် ကတ္တီပါအိတ်လေးကို သေသေချာချာ ကြည့်စမ်းပါ။ မမရဲ့ မျိုးနွယ်တော် အမှတ်တံဆိပ်ပါတာကို တွေ့ရဲ့ မဟုတ်လား" ဟု ပြောကြားလိုက်ရာ၊ ဘိထရစ်လည်း တုန်လှုပ်ချောက်ချားသော အမူအရာဖြင့် –

"မောင်လေးရယ် ... မမကို အထင်မမှားလိုက်ပါနဲ့ကွယ်" ဟု ပြောကြားသည်။

ထိုအခါ အီလာရှန်က –

"ကျွန်တော် အထင်မှားတာ မဟုတ်ဘူး။ သက်သေခံ အထောက်အထားနဲ့ အခိုင်အမာပြောနေတာပါ။ ဒီခရမ်းရောင် ကတ္တီပါအိတ်ကို ဘယ်သူ့ဆီက ကျွန်တော် ရခဲ့သလဲ သိလား။ ကျွန်တော့် အသက်ကို လုပ်ကြံဖို့ ကြိုးစားတဲ့ မြင်းတပ်ဗိုလ် မာရိုးလားဆီက ရခဲ့တာပဲ" ဟု ပြောကြားလိုက်ရာ၊ ဘိထရစ်က စိတ်ထိခိုက်သွားသော အသွင်ဖြင့် –

"ဒီလို မောင်လေး ထင်တာတွေဟာ မမကို စော်ကားလိုက်တာပဲ။ မမဟာ မောင်လေးတိုးတက်ကြီးမြင့်အောင် ဆောင်ရွက်ပေးခဲ့သူပါကွယ်။ တိုးတက်ကြီးမြင့်လာတဲ့အခါကျမှ မမကို ဒီလို ကျေးဇူးကန်းစကား မပြောပါနဲ့။ မမဟာ မောင်လေးရဲ့ အသက်ကို လုပ်ကြံဖို့ ဘယ်သူ့ကိုမှ မငှားခဲ့ပါဘူးကွယ်။ လုပ်ကြံဖို့လည်း လုံးဝ မကြံစည်ခဲ့ပါဘူးကွယ်" ဟု ပြောကြားပြီးနောက် –

"သြော် ... မောင်လေးပြတဲ့ ခရမ်းရောင် ကတ္တီပါအိတ်ကတော့ မမရဲ့ အိတ်ပါပဲကွယ်။ ဖော်လီမြို့မှာတုန်းက မမဟာ ပေါလိုဆီကို သွားလည်ခဲ့ပါတယ်။ အဲဒီလို သွားလည်တုန်းမှာ မေ့ကျန်နေခဲ့တာပါ။ အဲဒီ ခရမ်းရောင် ကတ္တီပါအိတ်လေးဟာ ဘယ်လိုနည်းနဲ့ မြင်းတပ်ဗိုလ်မာရိုးလားဆီ ရောက်သွားတယ်ဆိုတာတော့ မမလည်း မသိပါဘူးကွယ်။ မမကို အထင်မမှားပါနဲ့ မောင်လေးရယ်" ဟု ပြောကြားသည်။

ထိုအခါ အီလာရှန်လည်း တွေဝေငေးငိုင်သွားကာ ဝေခွဲမရသော အသွင်ဖြင့် –

http://www.cherrythitsar.org



"ကျွန်တော့် အသက်ကို လုပ်ကြံဖို့ မြင်းတပ်ဗိုလ်မာရိုးလားကို မမ ငွေပေးပြီး မငှားပါဘူးဆိုတာ တကယ်ပဲလား" ဟု မေးလိုက်ရာ၊ ဘိထရစ်က ရယ်သံလွင်လွင်ဖြင့် –

"တကယ်ပါ မောင်လေးရဲ့၊ မမက မောင်လေးအပေါ် စွဲလန်းချစ်ခင် သံယောဇဉ် တွယ်နေတဲ့သူပါ။ ဒါကြောင့်လည်း မောင်လေး တိုးတက်ကြီးမြင့် အောင် မမ ဆောင်ရွက်ခဲ့တာပေါ့။ ပြီးတော့ မမ တစ်ကိုယ်လုံးကိုပုံပြီး မောင် လေးကို ချစ်ခင်မြတ်နိုးခဲ့တာပေါ့" ဟု ပြောကြားသည်။ ထို့နောက် အီလာရှွန် ၏အပါးသို့ တိုးကပ်သည့်ထက် တိုးကပ်လာပြီး –

"မောင်လေးရယ် ... မမကတော့လေ မောင်လေးကို စွဲလန်းချစ်ခင် သံယောဇဉ်တွယ်မြဲ တွယ်နေပါတယ်။ ဒါကြောင့် အခါသင့်လို့ အခွင့်သာခိုက်မှာ ချစ်သူ့ရင်ခွင်ကြားမှာ နားနားနေနေ နေလိုပါတယ်ကွယ်" ဟု ပြောကြားကာ အီလာရှွန်ကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်လိုက်သည်။

ထိုအခိုက်တွင် မှောင်ရိပ်ကျနေသော စင်္ကြံလမ်းအတွင်းမှ မင်းသမီး လေး ဂူလာသည် အစ်ကိုတော်ပေါလိုနှင့်အတူ အီလာရှွန်တို့ အပါးသို့ လျှောက် လာသည့် မင်းသမီးလေး ဂူလာသည် စိတ်ကို ဖြေဆည်ထိန်းချုပ်ကာ အနိုင်နိုင် အားတင်းထားလင့်ကစား ကြေကွဲဝမ်းနည်းနေသည့် အသွင် ပေါ်ထင်နေသည်။

ထိုအခိုက်တွင် ပေါလိုက စိတ်မကောင်းသည့် အမူအရာဖြင့် –

"ညီမလေးရေ ... ဟောဒီဘက်ကို အီလာရှွန် ထွက်သွားတာ တွေ့လို့ အစ်ကိုလိုက်ပြမိတာပါ။ အစ်ကို့ အပြစ်ပါပဲကွယ်" ဟု ပြောကြားလိုက်သည်။

သို့သော် မင်းသမီးလေးဂူလာက မည်သို့မှ ပြန်မပြောဘဲ အီလာရှွန် ရှေ့တည့်တည့်အရောက် လျှောက်သွားပြီး မျက်နှာစေ့စေ့ ကြည့်ကာ "ကျွန်မကို သနားကရုဏာသက်အောင်ပြောပြီး ရှင်လိမ်ညာယူသွားတဲ့ ကျွန်မရဲ့ ခရမ်း ရောင် ပိုးပဝါစလေးကို ပြန်ပေးပါရှင်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရှွန်က စိတ်ထိခိုက်သွားသည့် အသွင်ဖြင့် –

"ကျွန်တော် ရှင်းပြရစေ မင်းသမီးလေးရယ်" ဟု ပြောကြား တောင်း ပန်ရာ မင်းသမီးလေး ဂူလာက မျက်နှာထား တင်းတင်းဖြင့် –

"အို ... ရှင်းဖို့ မလိုပါဘူး။ ရှင်နဲ့လည်း ကျွန်မ စကားဆက်ပြီး မပြောပါရစေနဲ့။ ကျွန်မရဲ့ ခရမ်းရောင် ပိုးပဝါလေးသာ ပြန်ပေးပါ" ဟု ခပ်ဆတ် ဆတ် ပြောလိုက်သည်။

ထိုအခါ အီလာရှွန်လည်း မိမိကိုယ်နှင့်မကွာ ဆောင်ထားသော ခရမ်း ရောင်ပိုးပဝါလေးကို လေးလေးတွဲ့တွဲ့ ထုတ်ယူပြီး မင်းသမီးလေး ဂူလာကို လေးလေးစားစား ကမ်းပေးရင်း –

http://www.cherrythitsar.org



"ကျွန်တော့်အပေါ် မင်းသမီးလေး အထင်မှားသွားတာပါ။ ကျွန်တော် ရှင်းပြတာကို တဆိတ်နားထောင်ပါလားဗျာ" ဟု ပြောကြားတောင်းပန်သည်။

သို့သော် မင်းသမီးလေး ဂူလာက မည်သို့မှ ပြန်မပြောဘဲ ခရမ်းရောင် ပိုးပဝါလေးကိုသာ ဆတ်ခနဲ ဆွဲယူလိုက်သည်။ ထို့နောက် အစ်ကိုတော်ပေါလိုနှင့်အတူ ချာခနဲလှည့်ထွက်သွားသည်။ အတော်ခပ်လှမ်းလှမ်းသို့ အရောက်တွင်မူ အနိုင်နိုင် အားတင်းထားသော မင်းသမီးလေး ဂူလာလည်း စိတ်ကို ဖြေဆည်ထိန်းချုပ်၍ မရတော့ဘဲ ရှိုက်ကာ ရှိုက်ကာ ငိုကြွေးလိုက်ရှာသည်။

*

မင်းသမီးလေး ဂူလာ၏ ဆွေးမြေ့ကြေကွဲဖွယ် ရှိုက်သံသဲ့သဲ့ကို ကြားရသောအခါ အီလာရှွန်လည်း အသည်းနှလုံး ကွဲအက်ကြေပြုန်းသွားဘိသကဲ့သို့ ခံစားရရှာသည်။

ထိုအခိုက်တွင် ဘိထရစ်က –

"မမအပြစ်ပါပဲ မောင်လေးရယ်။ မမကြောင့် မင်းသမီးလေး ဂူလာက မောင်လေးကို အထင်မှားသွားပြီကွယ်။ မမစိတ်မကောင်းပါဘူး၊ မောင်လေးကို မမ တောင်းပန်ပါတယ်" ဟု ပြောကြားရာ အီလာရှွန်က –

"တောင်းပန်ဖို့ မလိုပါဘူး မမရယ်" ဟု လေးလေးတွဲ့တွဲ့ ပြောကြားလိုက်သည်။

ထိုအခါ ဘိထရစ်လည်း အားပေးဖြေသိမ့်သည့် အသွင်ဖြင့် အီလာရှွန်၏ လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး –

"မောင်လေး ရှင်းပြတာကို နားမထောင်ဘဲ စိတ်ဆိုးသွားတာကတော့ တစ်ဖက်သတ်ကျလွန်းပါတယ်။ တကယ်တော့ မောင်လေး ရှင်းပြတာကို နားထောင်သွားသင့်တာပေါ့။ မမအပေါ် အထင်မှားနေတဲ့ မောင်လေးတောင် မမ ရှင်းပြတာကို နားထောင်လိုက်တဲ့အတွက် မမအပေါ် သံသယကင်းသွားခဲ့တယ် မဟုတ်လား" ဟု ပြောကြားလိုက်သည်။ ထို့နောက် ချိုအေးသောအသံဖြင့်–

"မောင်လေးရယ် ... မမအပေါ်မှာ အထင်မမှားဘဲ မမကို မောင်လေး ခွင့်လွှတ်တဲ့အတွက် မမ အတိုင်းမသိ ကျေးဇူးတင်ပါတယ်" ဟု ပြောကြား သည်။ ထို့နောက် –

"မောင်လေးကို မိန်းမသားတစ်ဦးအနေနဲ့ မမအကြံကောင်း ပေးစမ်းပါရစေ။ အခုလောလောဆယ်မှာ မောင်လေးရဲ့ ချစ်သူကို ခဏလောက်မေ့ထားလိုက်စမ်းပါ။ ပြီးတော့ မမနဲ့အတူ ကပွဲသဘင်မှာ ပျော်ပျော်ပါးပါးကစမ်းပါ။ မိန်းမသားဆိုတာက မနာလိုဝန်တိုစိတ် အလွန်များတာကွယ့်။ မမနဲ့ မောင်လေး

http://www.cherrythitsar.org



တို့ တွဲကနေတာကို မြင်ရင် မောင်လေးရဲ့ ချစ်သူဟာ မောင်လေးအပေါ်မှာ အကြာအရှည် စိတ်ကောက်ဝံ့တော့မှာ မဟုတ်ဘူး။ အကြာအရှည်စိတ်ကောက်ပြီး မူနေရင် မောင်လေးကို လက်လွတ်ဆုံးရှုံးရချည်ရဲ့လို့ တွေးပြီး မောင်လေးဆီကို ပြေးလာမှာ အမှန်ပဲကွယ့်" ဟု ပြောကြားသည်။

ထိုအခါ ကြေကွဲဝမ်းနည်းနေသော အီလာရှန်လည်း အားတက်လာသည့် အသွင်ဖြင့် –

"တကယ်လား မမရယ် ... တကယ်သာ မမပြောတဲ့အတိုင်း ဖြစ်မယ်ဆိုရင် မမရဲ့အကြံဉာဏ်ကို မောင်လေး လိုက်နာပါရဲ့" ဟု ပြောကြားရာ၊ ဘိထရစ်က –

"တကယ်ပါ မောင်လေးရယ် ... မမက မောင်လေး ကောင်းကျိုးအတွက် အကြံကောင်း ဉာဏ်ကောင်း ပေးတာပါ" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရှန်လည်း ဘိထရစ်ခါးကို ပွေ့ဖက်လိုက်ရာ၊ ဘိထရစ်လည်း အောင်ပွဲရသည့် အမူအရာဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပြုံးကာ အီလာရှန်၏ခါးကို ပြန်ပြီး ပွေ့ဖက်လိုက်သည်။ ထို့နောက် ကပွဲသဘင်ခန်းမကြီးသို့ နှစ်ယောက်အတူ တွဲဝင်သွားကြသည်။

*

ကပွဲသဘင် အခမ်းအနား ပြီးဆုံးသောအခါ မင်းသမီးလေး အလဇ္ဇဘက်တာသည် မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါနှင့် အီလာရှန်တို့ကို အပါးသို့ ဖိတ်ခေါ်ပြီးနောက်၊ 'ကပွဲသဘင်သို့ တက်ရောက်လာကြသော လူအပေါင်းတို့အား အီလာရှန်၏ စွန့်စားခန်းများကို ပြောကြားပါရန်' ပန်ကြားသည်။

ထိုအခါ မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါလည်း ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုကို ဝိုင်းဝန်းတိုက်ခိုက်နေကြသော သူခိုးဓားပြတို့အား အီလာရှန် စွန့်စွန့်စားစား ဝင်ရောက်တိုက်ခိုက်ပြီး ကယ်တင်ပုံကို လည်းကောင်း၊ ဖော့ဆိတ်ရဲတိုက်ကြီးတွင် မိမိတို့ အကျဉ်းခံနေရစိုက်တွင် အီလာရှန် စွန့်စွန့်စားစား ဝင်ရောက်ပြီး ကယ်တင်ပုံကိုလည်းကောင်း၊ စီကာပတ်ကုံး ပြောကြားသည်။

စစ်မြေပြင်၌ အီလာရှန် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား တိုက်ခိုက်သည့်အတွက် ဆီဇာဘော်ဂျာက ဗိုလ်မင်းခန့်သည့်အကြောင်းကိုလည်းကောင်း၊ ဖရင်ဇာမြို့ရိုးတံတိုင်းအနီးတွင် ဆီဇာဘော်ဂျာ၏ အသက်ကို အီလာရှန်က ကယ်တင်လိုက်သည့်အကြောင်းကိုလည်းကောင်း စီကာပတ်ကုံး အသေးစိတ် ပြောကြားသည်။

မင်းသားကြီးမှာ ကြားနာရသူ အပေါင်း၏ စိတ်မျက်စိ စိတ်နား၌ မြင်ယောင်ယောင် ကြားယောင်ယောင်ဖြစ်အောင် ပြောနိုင်စွမ်းသော အရည်

http://www.cherrythitsar.org



အချင်းထူးနှင့် ပြည့်စုံရကား၊ ကပွဲသဘင်သို့တက်ရောက်သည့် လူတိုင်းပင် အီလာရွှန်ကို အတုမဲ့သူရဲကောင်းကြီးပမာ လေးစား ချစ်ခင်သွားကြသည်။

ထိုအခိုက်တွင် မင်းသားကြီးလည်း ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုက အီလာရွှန်ကို အမှတ်တရ လက်ဆောင်အဖြစ်ပေးသည့် ကလျာဏမိတ္တ ဓားကြီးကို အီလာရွှန်ထံမှ တောင်းပြီး၊ လူအပေါင်းတို့အား ပြသပြန်သည်။

ထိုအခါ လူအပေါင်းတို့လည်း ဆန်းကြယ်ခမ်းနားလှသော ကလျာဏမိတ္တဓားကြီးကို သူ့ထက်ငါ ကိုင်ကြည့်ပြီး တအံ့တသြ ချီးကျူးစကား ပြောကြားကြသည်။

အီလာရွှန်၏အပေါ်းတွင် ပူးကပ်နေသော မင်းသမီးလေး ဘိထရစ်က လည်း –

"မောင်လေးရေ၊ မောင်လေးကတော့ ရောမ ရွှေနန်းတော်ရဲ့ ကေသရာဇာ ဖြစ်သွားပြီ။ မောင်လေးဟာ ရောမရွှေနန်းတော်မှာ အကျော်ကြားဆုံး အထင်ရှားဆုံး သူရဲကောင်း ဖြစ်သွားပြီ" ပြောကြားမှတ်ချက်ချသည်။

ထိုအခိုက်တွင် လူအပေါင်းတို့၏ အမူအရာဖြင့် တုန့်ပြန်ချက်ကို အကဲခတ်လေ့လာနေသော မင်းသားကြီး ဂယ်လီဇိုဗွန်ဇာဂါလည်း အီလာရွှန် ၏ အပေါ်းတွင် ပူးပူးကပ်ကပ် တွဲကပ်တွဲမီနေသည့် ဘိထရစ်ကို မသိမသာ အကဲခတ်စောင့်ကြည့်နေသည်။ ထိုအခိုက်တွင် မြင်းတပ်မှူးကြီးမာရိုးလားထံမှ မိမိရှာဖွေတွေ့ရှိရသော ခရမ်းရောင်ကတ္တီပါအိတ်အကြောင်းကို ဖျတ်ခနဲ အမှတ် ရလာကာ စိတ်ထဲ၌ ထင့်ခနဲ ဖြစ်သွားသည်။ ထို့ကြောင့် ဝိုင်းဝန်းချီးကျူး မိတ်ဆက်နေကြသော လူအုပ်ကြီးကြားတွင် နစ်မြုပ်နေသည့် အီလာရွှန်ကို ခေါ်ထုတ်ပြီး လူရှင်းသည့်နေရာသို့ ခေါ်လာခဲ့သည်။ ထို့နောက် လေသံဖြင့်–

"အီလာရွှန်၊ မောင်မင်း ရှုးများနေသလား။ မောင်မင်း အသက်ကို လုပ်ကြံဖို့ ကြိုးစားတဲ့ မြင်းတပ်ဗိုလ် မာရိုးလားရဲ့ အလောင်းမှာ ရှာတွေ့တဲ့ ခရမ်းရောင်ကတ္တီပါ အိတ်လေးကို အမှတ်မရတော့ဘူးလား။ မောင်မင်းအပေါ် မကောင်းကြံတဲ့ ဘိထရစ်နဲ့ ဘာကြောင့်များ ဒီလောက် တပူးတွဲတွဲ တွဲနေရ တာလဲ" ဟု ဝေဖန်ဆုံးမသည်။

ထိုအခါ အီလာရွှန်က မြင်းတပ်ဗိုလ် မာရိုးလားထံသို့ ခရမ်းရောင် ကတ္တီပါအိတ်လေး ရောက်ရှိသွားပုံအကြောင်းကို ဘိထရစ်ရှင်းပြသည့်အတိုင်း ရှင်းပြလိုက်သည်။ ထို့နောက် မိမိအပေါ် မင်းသမီးလေး ဂူလာ အထင်မှားသွား ပုံကို ပြောကြားပြီးလျှင် ဘိထရစ် အကြံပေးသည့်အတိုင်း ဘိထရစ်နှင့် မိမိ တပူးတွဲတွဲ နေသည့် အကြောင်းကိုပါ ပြောကြားရှင်းပြလိုက်သည်။

ထိုအခါ မင်းသားကြီးက –

http://www.cherrythitsar.org



"အင်း ... မောင်မင်းက အချစ်ဝေဒနာကို အစားထိုးကုသဖို့ ကြိုးစားနေတာကိုး" ဟု ရေရွတ်ပြီးနောက် –

"မောင်မင်းရဲ့ အသက်ကို လုပ်ကြံဖို့ မာရီးလားကို ငွေပေးပြီး မငှားပါဘူးဆိုတဲ့ ဘိထရစ်ရဲ့စကားကို မောင်မင်းက အကြွင်းမဲ့ယုံသွားပြီလား။ ပြီး တော့ ဘိထရစ်ပေးတဲ့ အကြံဉာဏ်ကိုကော ဘာကြောင့် မျက်လုံးစုံမှိတ်ပြီး လိုက်နာနေရတာလဲ။ ကျုပ်အနေနဲ့ကတော့ ဘိထရစ်ဟာ မောင်မင်းရဲ့အသက်ကို နောက်တစ်ကြိမ် လုပ်ကြံဖို့ မာယာပရိယာယ် ဆင်နေတယ်လို့ ထင်တယ်" ဟု မိန့်ကြားလိုက်ရာ၊ အီလာရှန်က –

"ကျုပ်အနေနဲ့ကတော့ မောင်မင်းရဲ့ အသက် ဘေးအန္တရာယ်ဖြစ် မှာကို မလိုလားဘူး။ ဒီတော့ ကျုပ်ရဲ့ စံအိမ်တော်ကို အခုချက်ချင်းပဲ ပြန်ကြွချင် ပြီ။ ကျုပ်နဲ့အတူ မောင်မင်းပါ တစ်ပါတည်း လိုက်ခဲ့ပါ" ဟု မိန့်ကြားလိုက်ရာ၊ အီလာရှန်လည်း 'မိမိကို ဘိထရစ်က ဖိတ်ခေါ်ထားသည့်အဖြစ်' ကို အမှတ်ရလာပြီး –

"ကျွန်တော်မျိုးကို ခွင့်လွှတ်တော်မူပါ အရှင်။ ဒီနေ့ညမှာ ဘိထရစ်ရဲ့ စံအိမ်တော်မှာ ကျွန်တော်မျိုး အိပ်စက်ပါရစေ"

ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မင်းသားကြီးက ဘိထရစ်၏ စံအိမ်တော်သို့ လိုက်ပါ မသွားသင့်ကြောင်း အကြောင်းအမျိုးမျိုး ပြကာ တားမြစ်တော်မူသည်။ သို့သော် ဘိထရစ်၏ အလှရူပါရုံနှင့် မာယာကွန်ယက်တွင်းသို့ သက်ဆင်းကျရောက်နေသော အီလာရှန်က ခေါင်းမာမာနှင့် အကြောက်အကန် ငြင်းဆန်လိုက်သည်။ ဤတွင် မင်းသားကြီးက –

"မောင်မင်းဟာ ဖာရာရာမျိုးနွယ်တွေနဲ့ ရုပ်ချင်းဆင်တူရုံမကဘူး။ ခေါင်းမာတဲ့ နေရာမှာလည်း တူပါပေတယ်" ဟု မိန့်ကြားကာ အီလာရှန်ကို သနားချစ်ကြင်စွာ ငေးကြည့်ပြီးနောက် –

"တားမရလို့ အတင်းဇွတ်တိုးသွားမယ်ဆိုရင်တော့ မောင်မင်းကို ကျုပ် အလေးအနက် သတိပေးပါရစေ။ ဘိထရစ်ဟာ မောင်မင်းရဲ့ အသက်ကို ကိန်းသေမုချ လုပ်ကြံသတ်ဖြတ်လိမ့်မယ်။ ဒီတော့ သတိဝီရိယ ကြီးစွာထားပါကွယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ အီလာရှန်က ဘေးရန်အန္တရာယ်ကို စိုးမရိမ်ထိမထင်သော အသွင်ဖြင့် ပြုံးနေရာ မင်းသားကြီးက –

"ကျုပ်ဟာ မောင်မင်းကို ရောမရွှေမြို့တော်ရဲ့ ကောသရာဇာ ဖြစ်လာအောင် သူရဲကောင်းကြီး ဖြစ်လာအောင် ဖန်တီးတည်ဆောက်လာခဲ့တယ်။

http://www.cherrythitsar.org



ကျုပ်ရဲ့ဆောင်ရွက်ချက် ထမြောက်အောင်မြင်လာတဲ့ အခါမှာတော့ မောင်မင်းဟာ ကျုပ်ရဲ့ ဩဝါဒစကားကို နားမထောင်နိုင်တဲ့အထိ ဘဝမြင့်သွားတယ် ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် ကျုပ်အနေနဲ့ကတော့ မောင်မင်းကို ဝတ္တရားအတိုင်း သတိပေးရတာပဲ" ဟု မိန့်ကြားပြီး အီလာရွှန်အပါးမှ ချာခနဲ ထွက်ခွာသွားသည်။

ထိုအခါ အီလာရွှန်လည်း စိတ်နှလုံး လေးလံနောက်ကျိသွားရာမှ လူအုပ်ကြီးရှိ ခန်းမကြီးသို့ ပြန်လာခဲ့ရာ မင်းစိုးရာဇာ အထက်တန်းလွှာများလည်း အီလာရွှန်အပါးသို့ သူ့ထက်ငါ တိုးဝှေ့လာပြီးနောက် မိတ်ဆက်ချီးကျူးကြသည်။ ထို့ကြောင့် အီလာရွှန်လည်း လူအုပ်ကြားကြီးတွင် နစ်မြုပ်မွန်းကျပ်နေပေတော့သည်။

ထိုအခိုက်တွင် မင်းသမီးလေး ဘိထရစ်လည်း အီလာရွှန်အပါးသို့ တိုးဝှေ့လာရောက်ပြီး –

"မောင်လေးရယ် ... ခုနက ဘယ်ပျောက်သွားတာတုန်း၊ ရောမရွှေမြို့တော်ရဲ့ ကေသရာဇာကို ဒီညတစ်ညတော့ မမပိုင်တယ်နော်။ လာ ... လာ။ မမရဲ့ စံအိမ်တော်ကို သွားကြစို့" ဟု ပြောကြားကာ အီလာရွှန်၏ လက်မောင်း ကို ဆုပ်ကိုင်ပြီး အတင်းဆွဲခေါ်သွားသည်။

*

ဂယ်လီနာနယ်စားကတော် မင်းသမီးလေး ဘိထရစ်၏ စံအိမ်တော်သို့ ရောက်၍ စက်ခန်းဆောင်အတွင်းသို့ နှစ်ယောက်အတူ ဝင်မိသည်နှင့် တစ်ပြိုင်နက် အီလာရွှန်လည်း မင်းသမီးလေး ဘိထရစ်၏ တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်ကာ –

"ဟင်းနော်၊ မောင်လေးက သိပ်ကဲတာပဲ။ မမကို ခဏလောက် လွှတ်ပေးစမ်းပါဦး။ မမရဲ့ အခိုင်းအစေတွေကို မှာကြားစရာ ကိစ္စလေးတွေ ရှိနေလို့ပါ" ဟု ပြောကြားလိုက်သည်။

ထို့နောက် ဘိုသီဘတ်သီ ဖြစ်နေသော အဝတ်အစားများကို သပ်ရပ်အောင် ပြုပြင်ပြီး စက်ခန်းဆောင်တွင်းမှ ပြေးထွက်သွားသည်။

အတန်ကြာသောအခါ မင်းသမီးလေး ဘိထရစ်လည်း စက်ခန်းဆောင်အတွင်းသို့ ပြုံးချိုသော အမူအရာဖြင့် ပြန်လာပြီး အီလာရွှန်၏ ရင်ခွင်တွင်းသို့ အပြေးဝင်လာသည်။

ထိုအခိုက်တွင်ပင် စက်ခန်းဆောင်ရှိရာသို့ သတိကြီးစွာထားပြီး လှမ်းလာသော ခြေသံတို့ကို ကြားရသည်။ ထိုအခါ ရာဂသွေး ပွက်ပွက်ဆူနေသော အီလာရွှန်လည်း ချက်ချင်း သတိပြန်ဝင်လာပြီး မင်းသမီးလေး ဘိထရစ်ကို

http://www.cherrythitsar.org



တွန်းဖယ်ကာ သလွန်တော်ပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။ ထို့နောက် သလွန်တော်ဘေးတွင် ချထားသော ကလျာဏမိတ္တဓားကြီးကို ဆတ်ခနဲ ဆွဲ ယူပြီး အနီးရှိစားပွဲအပေါ်သို့ လျှောက်သွားသည်။

ထိုအခိုက်တွင်ပင် မင်းသမီးလေး ဘိထရစ်က စိုးရွံ့ထိတ်လန့်သော အမူအရာဖြင့် –

"ဘာဖြစ်တာလဲ မောင်လေးရယ် ... အထိတ်အလန့် ရှိလိုက်တာ" ဟု ပြောကြားလိုက်ရာ၊ အီလာရှွန်က သရော်ပြုံးပြုံးရင်း –

"ကျွန်တော့်ကို စွဲလမ်းချစ်ခင် သံယောဇဉ် တွယ်တယ်ဆိုတဲ့ မမ ငှားထားတဲ့ ကြေးစားလူသတ်သမားတွေ ဖြစ်မှာပေါ့ဗျာ" ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် စက်ခန်းဆောင်တံခါးကြီးသည် ဝုန်းခနဲ ပွင့်သွားပြီး သံချပ်ဝတ်တန်ဆာများကို ဆင်မြန်းထားသော ဓားသမားတစ်ကျိပ်တို့ ပြေးဝင်လာကြသည်။ ထိုအခါ စားပွဲနောက်၌ ရပ်နေသော အီလာရှွန်နောက်၌ ရပ်နေသော အီလာရှွန်လည်း ဓားသမားများရှိရာသို့ လက်တစ်ဘက်ဖြင့် စားပွဲကို တွန်းပစ်လိုက်ပြီး ဝတ်ရုံစဖြင့် လက်တစ်ဘက်ကို အထပ်ထပ် ရစ်လိုက်သည်။

ထို့နောက် အဟုန်ဖြင့် ဝင်လာသည့် စားပွဲကြောင့် ဖရိုဖရဲ ဖြစ်သွားသော ဓားသမားများရှိရာသို့ တဟုန်ထိုး ပြေးဝင်သွားပြီး ဒူးထောက်လဲနေသော ဓားသမားတစ်ဦးနှင့် ကြောင်ငေးနေသော ဓားသမားနှစ်ဦးတို့၏ လည်မျိုကို လျင်မြန်ဖျတ်လတ်စွာ တိုက်ခိုက်ထိုးနှစ်လိုက်ရာ ဓားသမားသုံးဦး ချက်ချင်း ကျဆုံးတော့သည်။

ထိုအခါ အီလာရှွန်ကို ဝိုင်းဝန်းတိုက်ခိုက်ရန် ဟန်ပြင်နေသည့် ဓားသမားများလည်း အီလာရှွန်၏ ဓားစွမ်းကို လန့်ကာ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ ထိုအခိုက်တွင် အီလာရှွန်လည်း ဓားသမားများကို သွက်လက်ဖျတ်လတ်စွာ တိုက်ခိုက်နေရာ ဓားသမား အမြောက်အမြား ဒဏ်ရာအနာတရ ဖြစ်ကုန်ကြသည်။ သို့သော် ဓားသမားများလည်း အလျှော့မပေးဘဲ အားခဲပြီး အတင်းဝင်တိုက်ရာ အီလာရှွန်လည်း အများနှင့် တစ်ယောက်ဖြစ်၍ တဖြည်းဖြည်း နောက်သို့ ဆုတ်ပေးရတော့သည်။ ထိုသို့ တဖြည်းဖြည်း နောက်ဆုတ်လာခဲ့ရာ 'သိုးကျောင်းသားနှင့် နတ်မိမယ်' ရုပ်ပုံလွှာကို ရေးချယ်ထားသော နံရံကပ်ကော်ဇောကြီးအပေါ်သို့ ရောက်လာခဲ့သည်။

ထိုအခါ အီလာရှွန်လည်းနံရံကပ်ကော်ဇောကြီးကို ချိတ်ဆွဲထားသော ကြိုးတို့ကို ဓားဖြင့် ပိုင်းချလိုက်ရာ နံရံကပ် ကော်ဇောကြီးလည်း ဓားသမားများ ရှေ့သို့ ပြုတ်ကျသွားသည်။ ထိုအခါ ဓားသမားများလည်း ဘေးသို့ ရှောင်တိမ်း

http://www.cherrythitsar.org



ပေးကြရပြန်ရာ၊ ဖရိုဖရဲ ဖြစ်သွားပြန်တော့သည်။ ထိုအခိုက်တွင် အီလာရှွန်လည်း လျှပ်ပြက်သလို ပညာစားကွက်များ သုံးလိုက်ရာ စားသမားနှစ်ဦး ထပ်မံကျဆုံးသွားပြီး စားသမား အမြောက်အမြား ဒဏ်ရာအပြင်းအထန် ရသွားတော့သည်။

ယခုအခါ၌ စက်ခန်းဆောင်ကျယ်ကြီးအတွင်း၌ သခင်လေးပေါလို နှင့် ဒဏ်ရာအပြင်းအထန်ရထားသော စားသမားငါးဦးသာ ကျန်ရှိပေတော့သည်။ ကျန်ရှိနေသော စားသမားငါးဦးမှာ အီလာရှွန်၏ အသက်ကို လုပ်ကြံပေးနိုင်ပါက ရွှေပြားသုံးဆယ်ရရှိမည်ဖြစ်သည့်အတွက် လောဘဇော တိုက်နေကြပေသည်။ ထို့ကြောင့်လည်း အီလာရှွန်၏ ဓားစွမ်းကို သိရှိပြီး ကြောက်ရွံ့နေလင့်ကစား အီလာရှွန်ကို အပြတ်ရှင်းရန် ဆုံးဖြတ်ကာ ရှေ့သို့ အလောတကြီး တိုးလိုက်ကြသည်။

ထိုသို့ အလောတကြီး တိုးကြသည့်အတွက် ကြမ်းပေါ်တွင် ကျနေသော နံ့ရံကပ်ကော်ဇောကြီးကို တက်နင်းမိရာမှ ခြေချော်ပြီး အလဲလဲ အပြိုပြို ဖြစ်သွားကြသည်။

အီလာရှွန်၏ ရှေ့တွင် အလဲလဲအပြိုပြို ဖြစ်ခြင်းသည် သေမင်းကို ဖိတ်ခေါ်ခြင်းပင် ဖြစ်တော့သည်။ အီလာရှွန်လည်း အခွင့်ကောင်းကို လက်လွှတ်မခံဘဲ ဓားချက် နှစ်ချက်သွင်းလိုက်ရာ စားသမားနှစ်ဦးလည်း အသံနက်ကြီးဖြင့် ဟစ်အော်ရင်း နံ့ရံကပ်ကော်ဇောကြီးပေါ်သို့ လဲကျသွားတော့သည်။ ကျန်စားသမားသုံးဦးမှာလည်း ထပ်မံ၍ ဒဏ်ရာအပြင်းအထန် ရကြပြန်သည်။

ထိုအခိုက်တွင် အခန်းထောင့်တစ်နေရာ၌ ပေါလိုနှင့် အတူ ရပ်ကြည့်နေသော မင်းသမီးလေး ဘိထရစ်က –

"ဘုရား ... ဘုရား ... တယ်လည်း ဓားစွမ်းထက်ပါကလား" ဟု လေသံဖြင့် ပြောကြားလိုက်ရာ၊ ပေါလိုက –

"ဒီလို ဓားစွမ်းထက်တဲ့အတွက် မြင်းတပ်ဗိုလ်မာရိုးလားက ဖော့ဆိတ်ထမင်းဆိုင်မှာရော၊ အက်စီဆီမြို့ ထမင်းဆိုင်မှာပါ နှစ်ကြိမ်တိတိ လုပ်ကြံတိုက်ခိုက်ပေမဲ့ မအောင်မြင်ဘဲ ရှုံးနိမ့်သွားတာပေါ့" ဟု ပြောကြားလိုက်သည်။

*

ထိုအခါ မင်းသမီးလေး ဘိထရစ်လည်း မိမိတို့ အရေးမလှတော့သည့် အဖြစ်ကို ဆင်ခြင်ကာ 'အသက်ဘေးမှ လွတ်မြောက်ရန် ထွက်ပြေးတော့အံ့' ဟု ဆုံးဖြတ်ပြီး ပွင့်နေသော စက်ခန်းဆောင် တံခါးမကြီးရှိရာသို့ တဟုန်ထိုး ထွက်ပြေးသွားသည်။

http://www.cherrythitsar.org



ထိုအခိုက်တွင် အလွန်မျက်စေ့ရှင်သော အီလာရွှန်လည်း လမ်းတွင် အဆီးအတား ဖြစ်နေသော ဓားသမား သုံးဦးကို တိုက်ခိုက်ဖယ်ရှားကာ တံခါးမ ကြီးရှိရာသို့ ဦးအောင်ပြေးသွားပြီး တံခါးပေါက်ကို ခြေဖြင့် ကန်ပိတ် လိုက်သည်။ ထို့နောက် တံခါးမင်းတုတ်ကို ချလိုက်ပြီးလျှင် တံခါးပေါက်ကို ကျောပေးကာ အခန်းတွင်းရှိ လူအပေါင်းကို ခပ်ပြုံးပြုံး ကြည့်လိုက်သည်။

ထိုအခိုက် အခန်းတွင်းရှိ လူအပေါင်းတို့လည်း အီလာရွှန်၏ မထိ ထရီ အပြုံးကြောင့် တစ်ကိုယ်လုံး အေးစက်စိမ့်ကျင်သွားကြသည်။

ထိုအခိုက်တွင် ကြောက်ရွံ့တုန်လှုပ်နေသော မင်းသမီးလေး ဘိ တရစ်က –

"မင်းသမီးကြီး အလဗ္ဗဘက်တာက 'မင်းသမီး ဘိထရစ်ဆီက တစ် ဆင့် အီလာရွှန်အပေါ် အသက်ဘေးရန် အန္တရာယ်ကျရောက်လိမ့်မယ်'လို့ ဒီ နေ့ခင်းမှာ ဟောကြားထားတယ်" ဟု ခပ်တိုးတိုး ရေရွတ်ပြီးနောက်၊ တွန့်ဆုတ် ဆုတ် လုပ်နေကြသော ဓားသမားသုံးဦးကို ဒေါသတကြီး လှမ်းကြည့်ကာ–

"ဘာငေးနေကြတာလဲ။ အခုချက်ချင်း ဝိုင်းတိုက်ကြပါလား" ဟု ပြောကြားလိုက်သည်။

ထိုအခါ အသက်မသေဘဲ ကျန်ရှိနေသော ဓားသမားသုံးဦးလည်း အတုံးအရုံး လဲကျသေဆုံးနေကြသော အဖော်ဓားသမားတို့၏ အဖြစ်ကို ခေတ္တ မေ့လျော့သွားကြပြီးလျှင် အီလာရွှန်ရှိရာသို့ တဟုန်ထိုးပြေးဝင်တိုက်ခိုက်ကြပြန် သည်။ ထိုအခါ အီလာရွှန်လည်း ဘေးသို့ ဖျတ်ခနဲ ရှောင်တိမ်းကာ ရှေ့သို့ ကျွံဝင်လာသော ဓားသမားကို ဝိုက်ဓားဖြင့် ခုတ်လိုက်ရာ လက်မောင်း၌ ဓား ဒဏ်ရာတစ်ချက် အပြင်းအထန် ရသွားသည်။

ထို့နောက်တွင်ကား ဓားသမားသုံးဦးနှင့် အီလာရွှန်တို့လည်း အပြင်း အထန် အကြိတ်အနယ် ထိုးခုတ် တိုက်ခိုက်ကြရာ မကြာမီပင် အီလာရွှန်၏ ဓားချက်ကြောင့် ကြမ်းပြင်ပေါ်သို့ ဓားသမားသုံးဦး အတုံးအရုံး လဲကျကုန်တော့ သည်။

ထိုအခါ အီလာရွှန်လည်း ကြောက်ရွံ့တုန်လှုပ်နေသော မင်းသမီး လေး ဘိထရစ်နှင့် ပေါလိုတို့ကို အေးစက်မာကျောသော မျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်သည်။

ထိုအခါ မင်းသမီးလေး ဘိထရစ်က –

"မင်းသမီးကြီး အလဗ္ဗဘက်တာရဲ့ ဟောကိန်းကလည်း မှန်လည်း မမှန်ပါလား" ဟု ရေရွတ်လိုက်ရာ၊ အီလာရွှန်က –

http://www.cherrythitsar.org



"မင်းသမီးက ခင်ဗျားကြောင့် ကျုပ်မှာ အသက်ဘေးရန် အန္တရာယ်ကျရောက်နိုင်တယ်လို့သာ ပြောခဲ့တာပါ။ ဟော အခုတော့ ကျုပ်အဖို့ ဘေးအန္တရာယ်အပေါင်း ကျော်လွှားသွားပါပကော" ဟု ပြောကြားလိုက်သည်။ ထို့နောက် ပေါလိုကို စိမ်းစိမ်းကြီး စိုက်ကြည့်လိုက်ရာ၊ ပေါလိုက တုန်လှုပ်ချောက်ချားသော အသွင်ဖြင့် –

"ဘုရားသခင်ရဲ့ မျက်နှာတော်ကို ထောက်ထားငဲ့ကွက်ပါဦးဗျာ" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရွှန်က နာကျည်းစက်ဆုတ်သော အမူအရာဖြင့် ရယ်မောလိုက်ပြီး –

"ဘုရားသခင်ကို တမ်းတဖို့ မလိုပါဘူးဗျာ။ ခင်ဗျားကို ကျုပ် ဘာမှ ရန်မရှာပါဘူး။ ကျုပ်လည်း ဖရင်ဇာစစ်မြေပြင်ကို မကြာခင် ပြန်သွားပါတော့မယ်။ ဖရင်ဇာစစ်မြေပြင်မှာက ရန်သူကို မျက်နှာချင်းဆိုင်ပြီး တိုက်ရပါတယ်။ ဟောဒီမှာတော့ မိတ်ဆွေယောင်ဆောင်တဲ့ ရန်သူတွေနဲ့ပဲ ကြုံကြုံနေရပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ပေါလိုက –

"ကျုပ်အသက်ကို ခင်ဗျား ချမ်းသာပေးမလား" ဟု မဝံ့မရဲ မေးလိုက်ရာ အီလာရွှန်က အသာခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ မင်းသမီးလေး ဘိထရစ်က –

"မမရဲ့အသက်ကိုကော ချမ်းသာပေးမလား မောင်လေးရယ်" ဟု ခပ်တိုးတိုးမေးလိုက်ရာ အီလာရွှန်က အသာ ခေါင်းညိတ်ရင်း –

"ခင်ဗျားကို ကျုပ် လုံးဝ မေ့ထားလိုက်ပါပြီ" ဟု ဖြေကြားလိုက်သည်။

ထိုအခါ အီလာရွှန်လည်း မင်းသမီးလေး ဘိထရစ်နှင့် ပေါလိုတို့ကို အလစ်မပေးဘဲ စောင့်ကြည့်ရင်း ပိတ်ထားသော တံခါးမင်းတုတ်ကို နောက်ပြန်ဖြုတ်လိုက်သည်။ တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် အီလာရွှန်လည်း ချာခနဲလှည့်ထွက်သွားတော့သည်။

အီလာရွှန်၏ ခြေသံ ပျောက်သွားသောအခါ ဒေါ်ငိုင်ကျန်ရစ်နေသော ပေါလိုက –

"အသုံးမကျတဲ့ ဒီအကောင်တွေကို ခိုင်းမိတာဟာ ကျုပ်တို့ရဲ့ မဟာအမှားပဲ" ဟု ရေရွတ်လိုက်ရာ၊ မင်းသမီးလေး ဘိထရစ်က ဆတ်ခနဲ မော့ကြည့်ပြီး –

http://www.cherrythitsar.org



"ဘာလဲ၊ ရှင်က အီလာရွှန်ရဲ့ အသက်ကို ထပ်မံလုပ်ကြံဖို့ ကြံစည်ပြန်ပလား။ အီလာရွှန်ရဲ့ ဓားစွမ်းကို ရှင် မမြင်ဘူးလား။ အီလာရွှန်က ကျွန်မ တို့ အပြစ်တွေကို ခွင့်လွှတ်ပြီး မေ့ထားပါမယ်လို့ ပြောသွားတယ် မဟုတ်လား။ ရှင်လည်း အီလာရွှန်ကို မေ့ထားလိုက်ပါတော့" ဟု ပြောကြား ဖျောင်းဖျလိုက်သည်။

ထိုအခါ ပေါလိုက နှုတ်ခမ်းကို မဲ့ရွဲ့လိုက်ပြီး ဒေါသတကြီးဖြင့် –

"ဒီမြင်းထိန်းကောင်ကို ကျုပ်ဘယ်တော့မှ မမေ့ဘူး။ ဒီကောင် အသက် မသေသေအောင် ကျုပ် ကြံစည်အားထုတ်ပြမယ်။ ကျုပ်တို့ဟာ ဒီကောင့်အသက်ကို လုပ်ကြံသတ်ဖြတ်ဖို့အတွက် ဓားရေးညံ့တဲ့ အရူးတွေကို ငှားခဲ့တယ်။ ဒါကြောင့်လည်း ကျုပ်တို့အကြံ မအောင်မြင်ခဲ့တာပဲ။ အခုလော လောဆယ်မှာပဲ ကျုပ်အကြံကောင်း ဉာဏ်ကောင်းကို တွေးမိပြီ။ ဒီအကြံကို ဘာကြောင့်များ အရင်တုန်းက ကျုပ် မတွေးမိပါလိမ့်။ ဒီအကြံဉာဏ်အတိုင်း ဆောင်ရွက်ရင် ဒီကောင့်အသက် ဆုံးရှုံးမှာ မုချကိန်းသေပဲ" ဟု ရေရွတ်ပြောကြားပြီးနောက် တဟားဟား ရယ်မောလိုက်သည်။

⌘ ⌘ ⌘

# ၁၅

# ပျော်ရွှင်ဆုံးနေသော သားတော်လေး

မင်းသမီးလေးဘိထရစ်၏ စံအိမ်တော်မှ ချာခနဲ လှည့်ထွက်လာခဲ့သော အီလာရှန်လည်း မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါ၏ စံအိမ်တော်သို့ ဒေါကြီးမောကြီး နှင့် ပြန်လာသည်။ ထိုအချိန်၌ မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါလည်း ဆီဇာဘော်ဂျာထံသို့ အတွင်းစာသဝဏ်လွှာတစ်စောင် ပေးပို့ရန်အတွက် စာကြည့်ခန်းဆောင်၌ ထိုင်ပြီး စာရေးနေပေသည်။

မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါ ရှေ့မှောက်သို့ ရောက်သောအခါ အီလာရှန်က –

"လုပ်ကြံတာကို ခံရပြန်ပြီ။ မင်းသမီးလေး ဘိထရစ်ဟာ ဓားသမားတစ်ကိုပ်ငှားပြီး ကျွန်တော်တို့ရဲ့ အသက်ကို လုပ်ကြံတာကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရပြန်ပြီ" ဟု ပြောကြားပြီးနောက် –

"ဘာကြောင့် ကျွန်တော်မျိုးရဲ့ အသက်ကို လုပ်ကြံချင်ကြတာလဲ။ ဘာကြောင့် ကျွန်တော်မျိုးနဲ့ မင်းသမီးလေး ဂူလာတို့ တစ်ဦးအပေါ် တစ်ဦး အထင်လွဲမှားအောင် ပြုဆောင်ကြတာလဲ" ဟု မေးလိုက်သည်။

ထိုအခါ မင်းသားကြီးက –

"မောင်မင်း ကျော်စောထင်ရှားတာကို မနာလို မရှုစိမ့်လို့ ဖြစ်မှာပေါ့ကွယ်" ဟု ဖြေကြားပြီးနောက် –

http://www.cherrythitsar.org



"ဒီလို မောင်မင်းရဲ့ အသက်ကို လုပ်ကြံဖို့ ကြိုးစားကြတဲ့အတွက် မောင်မင်းအနေနဲ့ ဘာများ ပြုဆောင်ဖို့ စိတ်ကူးထားသလဲ" ဟု မေးလိုက်ရာ၊ အီလာရွှန်က –

"ကျွန်တော်မျိုး ဖရင်ဇာစစ်မြေပြင်ကိုပဲ ချက်ချင်း ပြန်ချင်ပါပြီ။ ဆီဇာဘော်ဂျာက ကိုယ်တော်နဲ့အတူ ရောမရွှေမြို့တော်ကို စေလွှတ်လိုက်တဲ့အတွက်သာ လိုက်လာခဲ့ရတာပါ။ ကျွန်တော်မျိုးအနေနဲ့ကတော့ စစ်မြေပြင်မှာပဲ မွေ့လျော်ပါတယ်" ဟု ဖြေကြားလိုက်သည်။

ထိုအခါ မင်းသားကြီးက –

"ဆီဇာဘော်ဂျာက မောင်မင်းကို ရောမ ရွှေမြို့တော်မှာပဲ ဆက်နေရမယ်ဆိုပြီး ကျုပ်ကိုမှာကြားလိုက်ပါတယ်" ဟု ပြောကြားလိုက်ရာ အီလာရွှန်က

"ဒါဖြင့်ရင် ကိုယ်တော်ရဲ့ ကတိစကားအတိုင်း ကျွန်တော်မျိုးရဲ့ အမေးစကားတွေကို ဖြေပါတော့။ ရောမ ရွှေမြို့တော်ကြီးမှာ ဘာကြောင့် ကျွန်တော်မျိုး ဆက်နေရမှာလဲ။ ကျွန်တော်မျိုးရဲ့ ရုပ်ပုံလွှာ ပန်းချီကားဟာ ဘာကြောင့် အဖိုးတန်ပစ္စည်း ဖြစ်နေရတာလဲ" ဟု ဆက်မေးလိုက်သည်။

ထိုအခါ မင်းသားကြီး ဂယ်လီဇိုဝွန်ဇာဂါလည်း အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးနောက် –

"မောင်မင်းရဲ့ အမေးစကားကို ကျုပ်ဖြေပါတော့မယ်။ မောင်မင်းကို အသိမပေးဘဲ အကြာအရှည် လျှို့ဝှက်ပြီး မထားထိုက်တော့ဘူးလို့လည်း ကျုပ်ထင်မိပါတယ်" ဟု မိန့်ကြားသည်။ ထို့နောက် –

"ဒီမှာ အီလာရွှန် ... ဆီဇာဘော်ဂျာနဲ့ ကျုပ်ဟာ မောင်မင်းကို ကမ္ဘာပေါ်မှာ အပျော်ရွှင်ဆုံး၊ အချမ်းမြေ့ဆုံးလူတစ်ယောက် ဖြစ်စေချင်တဲ့ ဆန္ဒတွေ ထပ်တူထပ်မျှ ရှိနေကြပါတယ်။ ဒီကမ္ဘာလောကမှာ မောင်မင်း အလိုချင်အတောင့်တဆုံးအရာဟာ ဘာလဲ" ဟု မေးလိုက်ရာ အီလာရွှန်လည်း မိမိမြတ်နိုးချစ်ခင် သံယောဇဉ် တွယ်နေသော မင်းသမီးလေး ဂူလာ၏ မျက်နှာလေးကို ကွက်ခနဲ မြင်ယောင်မိသည်။

ထိုအခိုက်တွင် မင်းသားကြီးက –

"ဒီမှာ အီလာရွှန် ... ဒီကမ္ဘာလောကမှာ မောင်မင်း အလိုချင် တောင့်တဆုံးအရာဟာ မင်းသမီးလေး ဂူလာနဲ့ စုလျားရစ်ပတ် လက်ထပ် ထိမ်းမြားရေးပဲ မဟုတ်လား" ဟု မေးလိုက်ရာ အီလာရွှန်လည်း ရှက်ကိုးရှက်ကန်း အမူအရာဖြင့် –

"မှန်ပါတယ် ကိုယ်တော် ... ဒါပေမဲ့ မင်းသမီးလေး ဂူလာလို နန်းထိုက်တဲ့ ပန်းမကိုင်ရှိနဲ့ ကျွန်တော်မျိုးလို အညတရမြင်းထိန်းတို့ဟာ ဒီဘဝတစ်

http://www.cherrythitsar.org



သက်တာမှာတော့ ဘ၀ချင်းနီးစပ်ဖို့ရာ မျှော်လင့်ချက်မရှိပါဘူး” ဟု လျှောက်တင်လိုက်သည်။

ထိုအခါ မင်းသားကြီးက ပြုံးပြီး –

“ဒီလိုလည်း စိတ်ပျက်အားငယ်မနေပါနဲ့ကွယ်။ ဘ၀ချင်း နီးစပ်ဖို့ မျှော်လင့်ချက်ရှိပါသေးတယ်။ ထိုင်ပါကွယ်။ ကျုပ်ပြောတာကို အသေအချာ နားထောင်ပါ” ဟု မိန့်ကြားလိုက်ရာ အီလာရွှန်လည်း မင်းသားကြီး ရှေ့တွင် အသာထိုင်လိုက်သည်။

ထိုအခါ မင်းသားကြီးက –

“လွန်ခဲ့တဲ့ ၁၇ နှစ်လောက်တုန်းက အီတလီပြည်မှာ အထင်ရှား ဆုံး မင်းမျိုးမင်းနွယ်ဖြစ်တဲ့ အီစတား မျိုးနွယ်ဝင်ဖာရာရာနယ်စားကြီး အာကိုး လီမှာ သားတော်တစ်ပါး ဖွားမြင်ခဲ့တယ်။ သားတော်လေးရဲ့ အမည်တော်က ဟောရိုးနီမိုးပါတဲ့။ အဲဒီသားတော်လေးရဲ့ မျက်လုံးအစုံဟာ ပြာလဲ့နေပြီး ဆံပင်ကလည်း ရွှေရောင်တောက်နေသတဲ့”

“အဲဒီ သားတော်လေး အခါလည် သားလောက်မှာ ပုပ်ရဟန်းမင်းကြီးစတုတ္ထစစ်တပ်ဟာ ဗင်းနစ်စစ်တပ်ကြီးကို မဟာမိတ်ပြုပြီး ဖာရာရာနယ်ကြီးကို ဝင်ရောက်တိုက်ခိုက်ရာမှ ဖာရာရာမြို့တော်ကြီး ကျဆုံးသွားခဲ့တယ်။ အဲဒီအခါမှာ ဗင်းနစ်စစ်တပ်ကြီးနဲ့ပါလာတဲ့ ကြေးစားစစ်သည်တော်များဟာ ဖာရာရာရဲတိုက်ကြီးထဲကို ဝင်ရောက်စီးနင်းပြီး လုယက်ဖျက်ဆီးခဲ့ကြတယ်။ စစ်သည်တော်တစ်ဦးကတော့ သားတော်လေးကို ထိန်းတဲ့ အထိန်းတော်ကြီးကို ဓားနဲ့ထိုးပြီး သားတော်လေးကို ခိုးယူသွားခဲ့တယ်။ အဲဒီအချိန်ကစပြီး သားတော်လေး ဟောရိုးနီမိုးရဲ့ သတင်းစကားကို ဘယ်သူမှ မကြားရတော့ဘူး” ဟု စီကာပတ်ကုံး ပြောကြားသည်။

ထိုအခါ အီလာရွှန်က –

“ဘာကြောင့် ဒီပုံပြင်ကို ကျွန်တော်မျိုးကို ပြန်ပြောတာလဲ” ဟု မေးလိုက်ရာ မင်းသားကြီးက ပြုံးပြီး –

“ဘာကြောင့် ဒီပုံပြင်ကို မောင်မင်းကို ပြန်ပြောင်းပြောကြားရသလဲ ဆိုတာ မောင်မင်းစဉ်းစားကြည့်ရင် အဖြေပေါ်လာပါလိမ့်မယ်။ မောင်မင်းဟာ အဲဒီ ပျောက်ဆုံးနေတဲ့ သားတော်လေး ဟောရိုးနီမိုး ဖြစ်တယ်လို့ ဆီဇာဘော်ဂျာရော၊ ကျုပ်ပါ ယုံကြည်နေကြပါတယ်။

“မောင်မင်းသာ ပျောက်ဆုံးနေတဲ့ သားတော်လေး ဖြစ်ရိုးမှန်ရင် မောင်မင်းရဲ့ အစ်ကိုတော်ဟာ ဆီဇာဘော်ဂျာရဲ့ ညီမတော် မင်းသမီးလေး လူခရေးဇီးယားဘော်ဂျာနဲ့ မကြာခင် စုလျားရစ်ပတ် လက်ထပ်မယ့် မင်းသား

http://www.cherrythitsar.org



အယ်ဖွန်ဆိုဖြစ်တယ်။ မောင်မင်းရဲ့ အစ်မတော်ကတော့ ကျုပ်ရဲ့ ညီတော် ဖရန်ဆက်ဆို ဂွန်ဇာဂါနဲ့ စုလျားရစ်ပတ် လက်ထပ်ထားတဲ့ မင်းတူးမြို့စား မင်းသမီးလေး အလဘာဇ္ဓက်တာ ဖြစ်တယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ အီလာရွှန်က မယုံကြည်နိုင်သော အမူအရာဖြင့် ငေးကြည့်နေရာ မင်းသားကြီးက –

"မောင်မင်းမယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားသလား။ ကျုပ်ပြောတာကို ဆက်ပြီးနားထောင်ရင် မောင်မင်း တဖြည်းဖြည်း နားလည် သဘောပေါက်လာပါလိမ့်မယ်" ဟု မိန့်ကြားပြီးနောက် –

"ဆီဇာဘော်ဂျာဟာ မောင်မင်းရဲ့ ရုပ်ပုံလွှာ ပန်းချီကားကြီးကို ပန်းချီဆရာ ပီထရိုကို အထူးတာဝန်ပေးပြီး ရေးဆွဲခိုင်းခဲ့တယ်။ အဲဒီပန်းချီကားကြီးကိုလည်း အဖိုးတန် ပစ္စည်းလို စောင့်ရှောက်ထိန်းသိမ်းခဲ့တယ်ဆိုတာကို မောင်မင်း သိပြီး ဖြစ်တယ်။ ယခုအခါမှာ ဖာရာရာ နယ်စားကြီး စေလွှတ်လိုက်တဲ့ အတိုင်ပင်ခံ အမတ်ကြီး ကော်လီနုချိုဟာ ရောမရွှေမြို့တော်ကို ရောက်ရှိနေတယ်။ ပြီးတော့ ဖာရာရာမျိုးနွယ်ဝင်တွေရဲ့ ပန်းချီကားတွေကို တစ်ပါတည်း ယူလာပြီး မောင်မင်းရဲ့ ရုပ်ပုံလွှာပန်းချီကားနဲ့ ပဏာမ တိုက်ဆိုင်စစ်ဆေးနေတယ်။ ပြီးတော့ မောင်မင်းကို ကိုယ်တိုင်တွေ့ဆုံကြည့်ရှုလိမ့်မယ်။ အဲဒီ အတိုင်ပင်ခံ အမတ်ကြီးက မောင်မင်းဟာ 'ဖာရာရာ နယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေးဖြစ်ကြောင်း' ထောက်ခံ အတည်ပြုလိမ့်မယ်လို့ ကျုပ်တို့ ယုံကြည်နေတယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ အီလာရွှန်က ပြုံးပြီး –

"ကိုယ်တော်ဟာ ဖာရာရာ မျိုးနွယ်တွေကို ခါးခါးသီးသီး မုန်းတီးနေတဲ့ သူဖြစ်ပါတယ်။ ဘာကြောင့် ဖာရာရာ မျိုးနွယ်ဝင်ဖြစ်တဲ့ ကျွန်တော်မျိုး တိုးတက်ကြီးမြင့်တာကို လိုလားနေရတာလဲ" ဟု မေးလိုက်ရာ မင်းသားကြီးက –

"ကျုပ်ဟာ ဖာရာရာမျိုးနွယ်ဝင်တွေကို မုန်းတီးတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကျုပ်အပေါ် ဘာအပြစ်မှ မကျူးလွန်တဲ့ မောင်မင်း အပေါ်မှာတော့ ကျုပ်မုန်းလို့ လုံးဝမရခဲ့ဘူး။ ပြီးတော့ မောင်မင်း ဖော့ဆိတ်ရဲတိုက်ကြီးမှာ ကျုပ်တို့ အကျဉ်းခံနေရတုန်း စွန့်စွန့်စားစား ဝင်ရောက်ပြီး ကျုပ်တို့ကို ကယ် ဆယ်ခဲ့တဲ့ ကျေးဇူးလည်း ရှိတယ် မဟုတ်လား" ဟု ဖြေကြားပြီးနောက် –

"မောင်မင်း သေသေချာချာ ပြန်စဉ်းစားစမ်းပါ။ မောင်မင်းကို တွေ့ တွေ့ချင်း မြို့စားကတော်လေး ဒိုရိုးတီးကရော၊ ကျုပ်ကပါ ဖာရာရာတစ် ယောက်လို့ အထင်မှားခဲ့တယ် မဟုတ်ဘူးလား၊ မောင်မင်းရဲ့ ချစ်သူ မင်းသမီး

လေး ဂူလာကလည်း မောင်မင်းကို ဖာရာရာတစ်ယောက်လို့လည်း ပြောကြား စွပ်စွဲခဲ့ဖူးတယ် မဟုတ်လား" ဟု ဆက်၍ ပြောကြားရာ အီလာရွှန်လည်း တွေဝေစဉ်းစားနေရှာသည်။

ထိုအခိုက်တွင် မင်းသားကြီးက –

"ဒီမှာ အီလာရွှန် ... မောင်မင်းရဲ့ သခင်ဟောင်း ဓားသိုင်းဆရာကြီး ဂျာကိုပိုကို အမှတ်ရသေးရဲ့လား။ အဲဒီဂျာကိုပိုဟာ ဖာရာရာမြို့တော်ကို ဝင်ရောက်တိုက်ခိုက်ကြတုန်းက ဗင်းနစ်ဘက်က ဝင်ရောက်အမှုထမ်းတဲ့ ကြေးစား စစ်သည်တော် တစ်ဦးပဲကွယ့်။ ပြီးတော့ ဂျာကိုပိုဟာ ဖာရာရာနယ်စားကြီးနဲ့ ရန်ငြိုးရှိခဲ့ဖူးတဲ့အတွက် ဖာရာရာတွေကို ခါးခါးသီးသီး မုန်းတီးနေတယ်ကွယ့်။ ဒါကြောင့် ဖာရာရာရဲတိုက်ကြီးကို ဝင်ရောက်စီးနင်းကြတဲ့ စစ်သည်တော်များ အနက်က သားတော်လေးကို ထိန်းတဲ့ အထိန်းတော်ကြီးကို ဓားနဲ့ ထိုးသတ်ပြီး သားတော်လေးကို ခိုးပြေးတဲ့သူဟာ ဂျာကိုပို ဖြစ်နိုင်တယ်။ ဖာရာရာမြို့စားကြီး ကို ခါးခါးသီးသီး မုန်တီးတဲ့အတွက် နယ်စားကြီးကို လက်စားချေတဲ့အနေနဲ့ ဂျာကိုပိုဟာ သားတော်လေးကို အညတရဆင်းရဲသား မြင်းထိန်းလေးဖြစ် အောင် ဆောင်ပြီး ဇာတ်မြုပ်ပစ်တာ ဖြစ်နိုင်တယ်လို့ ကျုပ်တို့ ကောက်ချက်ဆွဲ ထားတယ်ကွယ့်" ဟု မိန့်ကြားသည်။

ထိုအခါ အီလာရွှန်က –

"ကျွန်တော်မျိုးဟာ ဖာရာရာနယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သား လေး ဖြစ်တယ်ဆိုပါတော့ ဆီဇာဘော်ဂျာက ကျွန်တော်မျိုးအပေါ် ဘယ်လို သဘောထားမလဲ" ဟု မေးလိုက်ရာ မင်းသားကြီးက ပြုံးပြီး –

"ဆီဇာဘော်ဂျာက အလွန်တစ်ရာ ဝမ်းမြောက်ကျေနပ်သွားမှာပေါ့ ကွယ်။ မောင်မင်းတို့ အီစတားမျိုးနွယ်တွေဟာ အီတလီတစ်ဝှမ်းမှာ ကျော်စော ထင်ရှားတဲ့ မင်းမျိုးမင်းနွယ်တော့ ဖြစ်တယ်။ မောင်မင်းဟာ ပျောက်ဆုံးနေတဲ့ သားတော်လေး အမှန်ဖြစ်တယ်ဆိုရင် မောင်မင်းရဲ့ ဖခမည်းတော် ဖာရာရာ နယ်စားကြီးက ဆီဇာဘော်ဂျာကို အတိုင်းမသိ ကျေးဇူးတင်မှာပဲ။ ပြီးတော့ ဖာရာရာနယ်စားကြီးရဲ့ မဟာမိတ်များဖြစ်ကြတဲ့ ဗင်းနစ်၊ ဖလော်ရင်း၊ မီလန်နဲ့ မင်တူး မြို့ကြီးတွေကလည်း ဆီဇာဘော်ဂျာကို မဟာမိတ်အဖြစ် လက်ခံလာကြ မှာပဲ။ ဒီလို အင်အားတောင့်တင်းတဲ့ မြို့ကြီးနယ်ကြီးတွေနဲ့ မဟာမိတ်ဖြစ်ရတဲ့ အတွက် ဆီဇာဘော်ဂျာဟာလည်း အင်အားပိုပြီး တောင့်တင်းသွားနိုင်ပေ တယ်" ဟု မိန့်ကြားသည်။ ထို့နောက် –

"ဒီမှာ အီလာရွှန် ... မောင်မင်းဟာ ပျောက်ဆုံးနေတဲ့ သားတော်ဖြစ် ကြောင်း လက်ခံကြတာနဲ့ တစ်ပြိုင်နက် အီတလီပြည်မှာ အသာယာဆုံး ဒေသ

http://www.cherrythitsar.org



ဖြစ်တဲ့ ဖာရာရာနယ်မှာ ကိုယ်ပိုင်ရဲတိုက်၊ ကိုယ်ပိုင်စစ်သည်တော်တွေနဲ့ ခမ်းကြီးနားကြီး နေနိုင်လိမ့်မယ်။ ပြီးတော့ မောင်မင်းမြတ်နိုးစုံမက်နေတဲ့ မင်းသမီးလေးဂူလာနဲ့လည်း စုလျားရစ်ပတ် လက်ထပ်နိုင်လိမ့်မယ်ကွယ့်။ မောင်မင်းအပေါ် မင်းသမီးလေးဂူလာ အထင်လွဲမှားသွားတဲ့အတွက် ဘာမှ မပူပါနဲ့ကွယ်။ မင်းသမီးလေး ဘိထရစ်က မောင်မင်း ဒုက္ခရောက်အောင် ပရိယာယ်မာယာဆင်တဲ့အကြောင်းကို ကျုပ်ကိုယ်တိုင် မင်းသမီးလေး ဂူလာကို ရှင်းပြပေးပါ့မယ်" ဟု မိန့်ကြားလိုက်သည်။

*

မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါကို နှုတ်ဆက်ကာ စာကြည့်ခန်းဆောင်မှ ထွက်ခွာလာပြီးနောက် အီလာရွှန်လည်း အိပ်ရာပေါ်၌ ပစ်လှဲကာ မိမိ၏ ထူးခြားဆန်းကြယ်လှသောဘဝကံကြမ္မာအကြောင်းကို တွေးတောစဉ်းစားနေခဲ့ရာ၊ ညဉ့်နက်လာသည့်တိုင်အောင် အိပ်မပျော်တော့ဘဲ မျက်လုံးကြောင်နေရှာသည်။ အိပ်ပျော်သွားသောအခါ၌မူ နှလုံးမွေ့လျော် ပျော်ဖွယ်ကောင်းသော အိပ်မက်လှလှတို့ကို မြင်မက်နေသည်။

ဤသို့ အိပ်မက်လှလှတို့ကို မြင်မက်နေခိုက်တွင် မင်းသားကြီး ဂယ်လီဇိုဂွန်ဂါ လှုပ်နှိုးသည့်အတွက် မျက်လုံးဖွင့်ကြည့်လိုက်ရာ၊ နေအတော် မြင့်နေပြီဖြစ်ကြောင်း တွေ့လိုက်ရသည်။ ထိုအခိုက်တွင် မင်းသားကြီးက –

"ထတော့ အီလာရွှန် ... စာကြည့်ခန်းဆောင်မှာ ဖာရာရာ နယ်စားကြီးရဲ့ အတိုင်ပင်ခံ အမတ်ကြီးရောက်နေပြီ။ ပန်းချီဆရာ ပီထရိုရေးဆွဲထားတဲ့ မောင်မင်းရဲ့ ရုပ်ပုံလွှာပန်းချီကားကို ကြည့်ပြီးတော့ 'မောင်မင်းဟာ ဖာရာရာမျိုးနွယ်ဝင်တစ်ယောက်နဲ့ အတော်တူတယ်' လို့တောင် ပြောကြားနေတယ်။ မောင်မင်းကိုလည်း လူကိုယ်တိုင် တွေ့ချင်သတဲ့။ ဒီတော့ ဖာရာရာမျိုးနွယ်ဝင်တစ်ယောက်နဲ့ လိုက်လျောညီထွေတဲ့ အဝတ်အစားတွေ အမြန်ဆုံးဝတ်ဆင်ပြီး စာကြည့်ခန်းဆောင်ကို အခုချက်ချင်း လာခဲ့ပေတော့" ဟု မိန့်ကြားသည်။

အီလာရွှန်လည်း အကောင်းဆုံး အဝတ်အစားများကို အကျအနဆင်မြန်းပြီးနောက်၊ စာကြည့်ခန်းဆောင်ရှိရာသို့ ဝင်ရောက်လာခဲ့သည်။ ထိုအခါ စာကြည့်ခန်းဆောင်တွင်း၌ ရုပ်ပုံလွှာ ပန်းချီကားများကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးနေသော အရပ်အမောင်းမြင့်မားလှသည့် အဘိုးအိုကြီးကို တွေ့ရသည်။ ထိုအဘိုးအိုကား အခြားမဟုတ်။ ဖာရာရာနယ်စားကြီး၏ အတိုင်ပင်ခံအမတ်ကြီး ကော်လီနချီပေတည်း။

အတိုင်ပင်ခံ အမတ်ကြီးလည်း အီလာရွှန်ကို ခေါင်းဖျားခြေဆုံး သေသေချာချာ ကြည့်ရှုပြီးနောက် –

http://www.cherrythitsar.org



"မောင်ဟာ ဖာရာရာမျိုးနွယ်ဝင်တွေနဲ့ အတော်တူပါပေတယ်။ ဒါပေမဲ့ မောင်က ပိုပြီး ရင်အုပ်ကျယ်တယ်။ ပိုပြီး တောင့်တင်းခိုင်ကြံ့တယ်" ဟု မှတ်ချက်ချလိုက်ရာ မင်းသားကြီး ဂယ်လီဇွန်ဂွန်ဇာဂါက –

"ဖာရာရာနယ်စားကြီးဟာလည်း အီလာရွှန်လို တောင့်တင်းခိုင်ကြံ့ပါတယ်" ဟု ဝင်ရောက်ပြောကြားလိုက်သည်။

ထိုအခါ အတိုင်ပင်ခံ အမတ်ကြီးက –

"ဒီမှာ ဗိုလ်မင်း၊ မောင်ဟာ ပျောက်ဆုံးနေတဲ့ သားတော်လေးဖြစ်ကြောင်း ဘာကြောင့် ထင်ရှားပေါ်လွင်စေချင်တာလဲ။ အီစတာမျိုးနွယ်တွေဆီက ဥစ္စာပစ္စည်းအမွေအနှစ်ကို လိုလားတောင့်တလို့လား" ဟု မေးလိုက်ရာ အီလာရွှန်က –

"မဟုတ်ပါဘူး ခင်ဗျာ ... ကျွန်တော်ဟာ မြင့်မြတ်တဲ့ မျိုးရိုးက ဆင်းသက်လာတဲ့သူဖြစ်ကြောင်း ထင်ရှားပေါ်လွင် စေချင်လို့ပါ" ဟု ဖြေကြားလိုက်သည်။

ထိုအခိုက်တွင် မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါက ကြားဖြတ်ပြီး–

"ဗိုလ်မင်း အီလာရွှန်ဟာ ဆီဇာဘော်ဂျာ အထူးယုံကြည်ကိုးစားနေရတဲ့ သူရဲကောင်းတစ်ယောက်ပါခင်ဗျာ" ဟု ပြောကြားကာ အီလာရွှန်၏ စွန့်စားခန်းတို့ကို စီကာပတ်ကုံးပြောကြားသည်။ ထို့နောက် –

"ဗိုလ်မင်း ... အီလာရွှန်ဟာ သူတစ်ပါးရဲ့ ဥစ္စာပစ္စည်းတွေ အမွေအနှစ်ကို လက်ဖြန့်တောင်းချင်တဲ့ လူစားမျိုး မဟုတ်ပါဘူး ခင်ဗျာ။ ဖာရာရာနယ်စားကြီး ဖြစ်ချင်နေတဲ့သူလည်း မဟုတ်ပါဘူး။ ဗိုလ်မင်းအီလာရွှန်ဟာ ပင်ကိုယ် အရည်အသွေးနဲ့ ပြည့်ဝတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ" ဟု ပြောကြား လိုက်သည်။

ထိုအခါ မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါ၏ စကားတို့ကြောင့် စိတ်လှုပ်ရှားသွားသော အတိုင်ပင်ခံ အမတ်ကြီးက –

"ဒီမှာ မင်းသားကြီး ဂွန်ဇာဂါ ... ပျောက်ဆုံးနေတဲ့ သားတော်လေးကို ရှာတွေ့ထားပြီဆိုတဲ့ သတင်းစကားကြောင့် ဖာရာရာနယ်စားကြီးဟာ အရူးအမူး စိတ်လှုပ်ရှားနေတယ်။ ပျောက်ဆုံးနေတဲ့ သားတော်လေး အစစ်အမှန်ကိုသာ လိုလားလက်ခံချင်ပါတယ်။ ဒါကြောင့်လည်း အယောင်ဆောင် အခွင့်အရေးသမား မဖြစ်ရလေအောင် အထပ်ထပ် ချင့်ချိန်စစ်ဆေးနေရခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထိုအခါ မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါက အသာ ဦးညွှတ်လိုက်ပြီးနောက် –

http://www.cherrythitsar.org



"အယောင်ဆောင် အခွင့်အရေးသမား တစ်ယောက်ကို ဖာရာရာနယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားအဖြစ် ကျွန်တော်တို့ လုပ်ကြံဖန်တီးထားတာလို့ ထင်ရင် မှားသွားပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ စေတနာကိုလည်း စော်ကားရာ ကျသွားပါလိမ့်မယ်" ဟု ဝင်ရောက်ပြောကြားလိုက်သည်။ ထို့နောက်ဆက်၍ –

"ဆီဇာဘော်ဂျာဟာ ဖာရာရာတွေနဲ့ မဟာမိတ်ပြုလိုတဲ့ စိတ်ဆန္ဒတော် ရှိနေပါတယ်။ ဒါကြောင့်လည်း ဖာရာရာနယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေးကို ခက်ရာခက်ဆစ် ရှာဖွေပြီး ကြီးမြင့်ထင်ရှားအောင် စောင့်ရှောက်ကြည့်ရှုခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလို မဟာမိတ်ပြုချင်၊ ရင်းနှီးကျွမ်းဝင်ချင်တဲ့ စိတ်ဆန္ဒတော်ကလွဲပြီး အခြား ဘာအကျိုးစီးပွားကိုမှ မမျှော်ကိုးခဲ့ပါဘူး" ဟု ပြောကြားလိုက်ရာ အတိုင်ပင်ခံအမတ်ကြီးလည်း ဦးခေါင်းကို ညိတ်လိုက်ပြီးနောက် –

"ဗိုလ်မင်းအီလာရှန်ဟာ ပျောက်ဆုံးနေတဲ့ သားတော်သာ အမှန်စင်စစ် ဖြစ်နေရတော့ ဖာရာရာ နယ်စားကြီးဟာ ဆီဇာဘော်ဂျာကို ကျေးဇူးတင် လို့ဆုံးမှာ မဟုတ်ပါဘူး။ ဆီဇာဘော်ဂျာနဲ့လည်း ရာသက်ပန်မဟာမိတ်ဖွဲ့မှာ သေချာပါတယ်" ဟု ပြောကြားသည်။

ထို့နောက် အတိုင်ပင်ခံအမတ်ကြီးလည်း မိမိနှင့်အတူ ပါလာသော ဖာရာရာ မျိုးနွယ်ဝင်တို့၏ ရုပ်ပုံလွှာပန်းချီများကို တစ်ချပ်ချင်း ကြည့်ပြီး အီလာရှန်နှင့် မည်ရွေ့မည်မျှ ရုပ်ချင်းဆင်တူကြသည်ကို စေ့စေ့စပ်စပ် တိုက်ဆိုင်ကြည့်ရှုနေသည်။

နောက်ဆုံး၌ အတိုင်ပင်ခံ အမတ်ကြီးလည်း အီစတားမျိုးနွယ်ဝင် ဖာရာရာနယ်စားကြီး အားကိုးလီ၏ ရုပ်ပုံလွှာပန်းချီကားကြီးကို စေ့စေ့စပ်စပ် ကြည့်ရှုလိုက်၊ အီလာရှန်၏ တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်ရှုလိုက်နှင့် နှိုင်းယှဉ်တိုက်ဆိုင်ကြည့်နေသည်။

ထိုအခိုက်တွင် အီလာရှန်လည်း ရှေ့သို့ ဆတ်ခနဲ တစ်လှမ်းတိုးလိုက်ပြီးနောက်၊ ဖာရာရာနယ်စားကြီး၏ ရင်ပတ်၌ တပ်ဆင်ထားသော ရွှေတံဆိပ်တော်ကို လက်ဖြင့် ညွှန်ပြရင်း –

"ဟောဒီ ရွှေတံဆိပ်တော်မျိုးကို ကျွန်တော် မြင်ဖူးတယ်။ ကျွန်တော့်ကို ငယ်ငယ်လေးကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဓားသိုင်းဆရာကြီး ဂျာကိုပိုဆီမှာ ဒီရွှေတံဆိပ်တော်မျိုးကို အသေအချာ တွေ့ဖူးတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အတိုင်ပင်ခံ အမတ်ကြီးက –

"မောင်ပြောတဲ့ ရွှေတံဆိပ်တော်ဟာ ဖာရာရာမျိုးနွယ်ဝင်တွေရဲ့ ရိုးရာတံဆိပ်တော်တစ်ခု ဖြစ်တယ်။ အဲဒီ ရွှေတံဆိပ်တော်ဟာ ဖာရာရာ ရဲတိုက်ကြီး ကျဆုံးခဲ့စဉ်က သားတော်လေး ဟေရိုးနီမိုးနဲ့အတူ ပျောက်သွားခဲ့တယ်" ဟု စိတ်အားထက်သန်စွာ ပြောကြားပြီးနောက် အီလာရွှန်အား ပြုံးကြည့်ကာ –

"မောင်ဟာ ပျောက်ဆုံးသွားတဲ့ သားတော်လေး ဖြစ်ကြောင်း ယုံမှားသံသယဖြစ်စရာ သိပ်မရှိတော့ပါဘူးကွယ်။ ဒါပေမဲ့ မောင်ပြောတဲ့ ရွှေတံဆိပ်တော်ကို သက်သေအထောက်အထား အဖြစ် တင်ပြနိုင်ရင်တော့ သိပ်ကောင်းမှာပဲ။ အဲဒီရွှေတံဆိပ်တော်ကို တင်ပြနိုင်တာနဲ့ တစ်ပြိုင်နက် မောင်ဟာ ပျောက်ဆုံးသွားတဲ့ သားတော်လေး ဖြစ်ကြောင်း ကျုပ်အခိုင်အမာ ထောက်ခံပေးပါ့မယ်။ ဖာရာရာ နယ်စားကြီးကလည်း မောင့်ကို ပျောက်ဆုံးနေတဲ့ သားတော်လေးအဖြစ် ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုပါစေမယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါက –

"ဆီဇာဘော်ဂျာရဲ့ အမိန့်တော်နဲ့ ဂျာကိုပိုဆီက ရွှေတံဆိပ်တော်ကို ဒီညနေခင်းမှာပဲ သွားသိမ်းမယ်" ဟု ဝမ်းသာအားရ ပြောကြားလိုက်ရာ၊ အီလာရွှန်က –

"ဒီလို အဆောတလျင် ဆောင်ရွက်ဖို့ မသင့်တော်ဘူးလို့ ထင်ပါတယ် ကိုယ်တော်။ ဒီလိုဆောင်ရွက်ရင် အကျော်ဒေးယျ ဖြစ်သွားနိုင်ပါတယ်။ မနာလိုမရှုစိမ့်ဘဲ ပျက်စီးတာကို လိုလားနေတဲ့ ရန်သူတွေကရော၊ ဖာရာရာမျိုးနွယ်တွေကို ခါးခါးသီးသီး မုန်းတီးနေတဲ့ ဓားသိုင်းဆရာကြီး ဂျာကိုပိုပါကြိုတင် သိရှိသွားပြီး ရွှေတံဆိပ်တော်ကို ဖျောက်ဖျက်ပစ်မှာလည်း စိုးရိမ်ရပါတယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အတိုင်ပင်ခံ အမတ်ကြီးက –

"ဒါဖြင့်ရင် မောင်က ဘယ်လိုဆောင်ရွက်သင့်တယ်လို့ ထင်ပါသလဲ" ဟု မေးလိုက်ရာ၊ အီလာရွှန်က –

"ဓားသိုင်းဆရာကြီး ဂျာကိုပိုဟာ ကျွန်တော်ပြောတဲ့ ရွှေတံဆိပ်တော်ရော၊ အခြားအဖိုးတန်ကျောက်မျက်ရတနာတွေကိုပါ စကြ်ာလမ်းအနီးက အချစ်နတ်ဖုရားမ ဗီးနပ် ရုပ်တုတော်အောက်မှာ ဝှက်ထားပါတယ်။ ပြီးတော့ ညတိုင်းလိုလို အဲဒီ ပစ္စည်းတွေကို ကြည့်ရှုလေ့ရှိပါတယ်။ ဒီတော့ ကျွန်တော်မျိုးဟာ ဂျာကိုပိုရဲ့ လျှို့ဝှက်လှုပ်ရှားမှုကို ချောင်းမြောင်းကြည့်ရှုပြီး ဗီးနပ်ရုပ်တော်အောက်က ဘဏ္ဍာတိုက်ကို ဖွင့်နည်းကို မှတ်သားခဲ့ပါမယ်။ ပြီးတော့ ဘဏ္ဍာတိုက်ကို ဖွင့်ပြီး ရွှေတံဆိပ်တော်ကို ယူလာခဲ့မယ်" ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ထိုအခါ အတိုင်ပင်ခံ အမတ်ကြီးက –

"ဒီလို ရွှေတံဆိပ်တော် ယူနေတုန်း ဓားသိုင်းဆရာကြီး ဂျာကိုပို့နဲ့ ပက်ပင်းတိုးမိရင် ဘယ်နဲ့လုပ်မတုန်း။ မောင့်အသက် ဆုံးရှုံးသွားမှာ မစိုးရိမ်ဘူးလား" ဟု မေးလိုက်ရာ၊ မင်းသားကြီး ဂယ်လီဗိုဝွန်ဇာဂါက ပြုံးပြီး –

"ဒီအတွက် မစိုးရိမ်ပါနဲ့ ခင်ဗျာ။ အီလာရွှန်ဟာ ဓားရေးမှာ အတုမရှိတဲ့ ဓားသမားကောင်းတစ်ယောက်ပါ" ဟု ပြောကြားလိုက်သည်။

⌘ ⌘ ⌘

http://www.cherrythitsar.org

## ၁၄

# အချစ်နတ်ဖုရားမ ရုပ်တုတော်ရှေ့တွင်

ထိုနေ့ညတွင် အီလာရှုန်လည်း ဓားသိုင်းဆရာကြီး ဂျာကိုပို ဘလစ်စန္ဒရီ၏ ဓားသိုင်းကျောင်းရှိရာသို့ တစ်ကိုယ်တည်း ထွက်ခွာလာခဲ့သည်။ ထို့နောက် လူသူအခြေအနေကို အကဲခတ်ပြီးလျှင် စကြ်္ဝလမ်းအနီးရှိ အချစ်နတ်ဖုရားမ 'ဗီးနပ်' ရုပ်တုတော်အပါးသို့ ဖျတ်ခနဲ ချဉ်းကပ်သွားသည်။

ထို့နောက် ဗီးနပ်ရုပ်တုတော်ကြီး လည်ထွက်ပြီး ဘဏ္ဍာတိုက်ပွင့်သွားအောင် အမျိုးမျိုး ကြိုးစားပြုဆောင်ကြည့်သည်။ သို့သော် တစ်ဆယ့်ငါးမိနစ်သာ ကြာလာခဲ့သည်။ ဗီးနပ်ရုပ်တုတော်ကြီးကား တုပ်တုပ်မျှပင် မလှုပ်ချေ။ ထို့ကြောင့် အီလာရှုန်လည်း 'ရုပ်တုအောက်ရှိ ဘဏ္ဍာတိုက်ထဲမှ တံဆိပ်တော်ကို မယူနိုင်တော့ပြီ" ဟု တွေးကာ ရုပ်တုတော်ကိုမှီပြီး စိတ်ပျက်လက်ပျက် ထိုင်နေလိုက်သည်။

ထိုအခိုက်တွင်ပင် စကြ်္ဝလမ်းအတိုင်း တဖျတ်ဖျတ် လျှောက်လာသော ခြေသံတို့ကို ကြားရလေရာ၊ အီလာရှုန်လည်း ထိုင်ရာမှ ဆတ်ခနဲ ထကာ ရုပ်တုတော်အနီးရှိ မှောင်ရိပ်ထဲ၌အသာပုန်းခိုရင်း –

"အင်း ... ဂျာကိုပိုရဲ့ ခြေသံဆိုရင်တော့ ငါကံကောင်းတာပဲ" ဟု ရေရွတ်လိုက်သည်။

ထိုအခိုက်တွင် ဓားသိုင်းဆရာကြီးဂျာကိုပိုသည် စကြ်္ဝလမ်းအတိုင်း ကိုင်းကိုင်း ကိုင်းကိုင်းနှင့် လျှောက်လာပြီးနောက် 'အချစ်နတ်ဖုရားဗီးနပ်' ရုပ်တုတော်ရှေ့တွင် ဖျတ်ခနဲ ရပ်လိုက်သည်။ ထို့နောက် ခါးကြားတွင် ချိတ်

http://www.cherrythitsar.org



ထားသော သော့တွဲထဲမှ အလွန်သေးငယ်လှသော သော့လေးကို ရွေးထုတ်နေရာမှ –

"အလကား အသုံးမကျတဲ့ လူပျင်း၊ ဒီနေရာကို သန့်ရှင်းရေး လုပ်ပါလို့ အတန်တန်ပြောပေမဲ့ ဘာမှ မလုပ်ဘူး။ အိုင်ဗွက်တွေ ပြည့်နေတာပဲ။ ဒင်းတော့ ကျောကော့အောင် ရိုက်နှက်ဆုံးမဦးမှ တော်မယ်" ဟု ရေရွတ်နေသည်။

ထိုအခါ အီလာရှွန်လည်း 'ဓားသိုင်းဆရာကြီး ဂျာကိုပို၏ မြင်းထိန်းအဖြစ် ဆောင်ရွက်ခဲ့စဉ်က အကြောင်းမရှိ အကြောင်းရှာပြီး ဂျာကိုပိုက မိမိကို ရိုက်နှက် ကန်ကျောက်လေ့ရှိသည့်အဖြစ်ကို ပြန်ပြောင်း အမှတ်ရမိသည်။ ထို့ပြင် ဂျာကိုပိုသည် လက်ရှိ မြင်းထိန်းကောင်လေးအပေါ် စိတ်တိုင်း မကျသည့် အဖြစ်ကိုလည်း သိမြင်လိုက်ရသည်။

ထိုအခိုက်တွင်ပင် ဓားသိုင်းဆရာကြီး ဂျာကိုပိုသည် သော့တံလေးကို ဗီးနပ်ရုပ်တုတော် ခြေရင်း၌ ထိုးစိုက်ကာ ရုပ်ထုတော်ကို အသာလှည့်လိုက်ရာ၊ ရုပ်တုတော် လည်ထွက်သွားတော့သည်။

ထိုအခါ ဓားသိုင်းဆရာကြီး ဂျာကိုပိုလည်း မိမိအနှစ်နှစ်အလလ စုဆောင်းထားသော ကျောက်မျက်ရတနာများ၊ ရွှေကြိုးများ၊ ရွှေတံဆိပ်များကို ထည့်ထားသည့် သားရေအိတ်လေးကို ကောက်ယူပြီးလျှင် အတွင်းရှိ ပစ္စည်းများကို တစ်ခုချင်း အရသာခံကြည့်နေသည်။ ထို့နောက် သားရေအိတ်ထဲသို့ ပြန်ထည့်ရင်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဟား ဟား ... ဟား ဟား။ ပေါလိုက ဒီကျောက်မျက်ရတနာတွေကို ရွှေပြားတစ်ရာပေးပြီး၊ လာဝယ်တယ်။ ငါ့ကို နလပိန်းတုံးလို့ ထင်ပြီး အချောင်လာနိူက်တာပဲ။ ငါ စုဆောင်းထားတဲ့ ကျောက်မျက်ရတနာတွေဟာ တကယ်လိုချင်တဲ့ လူဆိုရင် ရွှေပြားတစ်ရာမပြောနဲ့၊ ရွှေပြားတစ်ထောင်မက တန်တယ်ဆိုတာကို ငါမသိဘူးလို့များ ထင်နေသလား မသိဘူး။ ဟား ဟား ဟား ဟား။ ဂျာကိုပိုကတော့ ဒီလောက်တော့ ပါးပါးသေးတယ်ကွာ" ဟုလည်း တတွတ်တွတ် ပြောကြားနေသည်။

ထိုအခါ မှောင်ရိပ်ထဲ၌ ပုန်းခိုနေသော အီလာရှွန်လည်း ဓားသိုင်းဆရာကြီး ဂျာကိုပိုအား 'အရင်အတိုင်း ရွှေငွေကိုတပ်မက် ခုံမင်နေဆဲပါတကား' ဟု တွေးတောဆင်ခြင်ရာမှ ဂျာကိုပိုရှိရာသို့ လျှောက်လာခဲ့သည်။

ထိုအခါ ဂျာကိုပိုလည်း အီလာရှွန်ကို အလန့်တကြား လှမ်းကြည့်ပြီး –

http://www.cherrythitsar.org



"ဆီညော်က ဘယ်သူတုန်း" ဟု မေးလိုက်ရာ၊ အီလာရှန်လည်း ထိန်ထိန်သာနေသော လရောင်အောက်သို့ ရပ်ပြလိုက်သည်။ သို့သော် ခမ်းနားထည်ဝါလှသော အဝတ်အစားများကို အကျအန ဝတ်ဆင်ထားသည့်အတွက် အီလာရှန်ကို လုံးဝ မမှတ်မိပေ။ မင်းစိုးရာဇာ အထက်တန်းလွှာသား ဓားပညာသင်သော လုလင်ပျိုတစ်ဦးဟုသာ မှတ်ထင်နေရှာသည်။ ထို့ကြောင့် ဂျာကိုပိုက အသာ ဦးညွှတ်ရင်း –

"ခွင့်လွှတ်ပါ ဆီညော်ရေ ... ကျုပ် နားကောင်းကောင်း မကြားတဲ့အတွက် ခွင့်လွှတ်ပါ" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရှန်က ပြုံးပြီး –

"ဂျာကိုပိုရယ် ... ခင်ဗျားကြီးရဲ့ မျက်စိရောနားပါ အလွန်ကောင်းပါသေးတယ်ဗျာ" ဟု ပြောကြားလိုက်ရာ၊ ဂျာကိုပိုလည်း ဆတ်ခနဲ ဖြစ်သွားပြီး အီလာရှန်ကို အံ့သြတွေဝေသော အမူအရာဖြင့် စိုက်ကြည့်နေသည်။ ထို့နောက်

"ဆီညော်ရေ ... ခင်ဗျားရဲ့ သံရော ခင်ဗျားရဲ့ ရုပ်ကိုပါ ကျုပ် ကောင်းကောင်းကြီး သိနေတယ်။ ဒါပေမဲ့ ခင်ဗျားကိုတော့ ကျုပ် မမှတ်မိတော့ဘူး။ မေ့နေတယ်" ဟု ပြောကြားသည်။

ထိုအခါ အီလာရှန်က ခါးတွင်ချိတ်ထားသော ကလျာဏမိတ္တဓားကြီးကို ဖျတ်ခနဲ ဆွဲထုတ်ရင်း –

"ကျုပ်ကို မှတ်မိချင်တယ်ဆိုရင် ခင်ဗျားရဲ့ ဓားကို ဆွဲထုတ်လိုက်ပါ။ ဓားချင်းယှဉ်မိတာနဲ့ ကျုပ်ကို အမှတ်ရသွားမှာပါ" ဟု ပြောကြားလိုက်ရာ ဂျာကိုပိုက –

"ဆီညော်ရေ ... ကျုပ်နဲ့ ဓားချင်းယှဉ်ခုတ်ရအောင် ခင်ဗျား ရူးများနေသလားဗျာ။ အေးလေ။ ခင်ဗျားက ဓားပညာယူချင်သပဆိုလည်း ကျုပ်က ပညာပြရတာပေါ့" ဟု ပြောကြားပြီး လေ့ကျင့်ရေး ဗဟိုခန်းမကြီးရှိရာသို့ လျှောက်သွားသည်။ ထို့နောက် ဓားတစ်လက်ကို ဆွဲယူလာခဲ့ပြီး အီလာရှန်၏ ရှေ့တွင် ရပ်ကာ မျက်နှာကို စေ့စေ့ကြည့်နေရာ၊ အီလာရှန်က –

"ခင်ဗျားကြီးဟာ ဘယ်ကိစ္စဖြစ်ဖြစ်၊ အကျိုးအမြတ် မရှိရင် မလုပ်ချင်ဘူး။ ဒီတော့ ကျုပ်တို့ အလောင်းအစား လုပ်ကြရအောင်၊ အခုဓားပွဲမှာ ကျုပ် အနိုင်ရရင် သားရေအိတ်လေးထဲမှာ ခင်ဗျား စုဆောင်းထားတဲ့ ကျောက်မျက်ရတနာတွေကို ကျုပ်အပိုင်ယူမယ်။ ခင်ဗျားကြီးအနိုင်ရရင်တော့ ရွှေပြားတစ်သောင်းကို ကျုပ်ပေးမယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဂျာကိုပိုက –

http://www.cherrythitsar.org



"ဒီလောက် ငွေတွေကို ခင်ဗျားက ပေးနိုင်ပါ့မလား။ ခင်ဗျားက မင်းသားတစ်ပါးလား" ဟု မေးလိုက်ရာ အီလာရွှန်က –

"ဆီဇာဘော်ဂျာဟာ ဖာရာရာတွေနဲ့ မဟာမိတ်ဖွဲ့ဖို့ ကြိုးပမ်းချက်ဟာ ကျုပ်သေဆုံးသွားတာနဲ့ တစ်ပြိုင်နက် သဲထဲရေသွန်သလို အချည်းနှီး အကျိုးမဲ့ ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ကျုပ်အသက် သေဆုံးတာကို ဗင်းနစ်နဲ့ ဖလော်ရင့် အာဏာပိုင်တွေက သိပ်ကိုလိုလားနေကြတယ်။ ကျုပ်ကို ခင်ဗျား အနိုင်သတ်နိုင်တာနဲ့ တစ်ပြိုင်နက် အဲဒီဗင်းနစ်နဲ့ ဖလော်ရင့် အာဏာပိုင်တွေက ကျုပ်ပြောတဲ့ ငွေတွေကို ပေးမှာ မလွဲမသွေပါပဲ" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဓားသိုင်းဆရာကြီး ဂျာကိုပိုက –

"ဒီလိုဆိုရင် ဒီဆုငွေတွေကို မက်တဲ့အတွက် ခင်ဗျားကို ကျုပ်တမင် သတ်ပစ်လိုက်တယ်လို့ ပြောကြမှာပေါ့ဗျ။ ကျုပ်ဟာ အီတလီပြည်တစ်ဝှမ်းလုံးမှာ အထင်ရှားဆုံး ဓားသိုင်းဆရာကြီးပါ။ ကျုပ်ဟာ ဘယ်သူ့ကိုမဆို အနိုင်တိုက်နိုင်ပါတယ်" ဟု ပြောလိုက်ရာ အီလာရွှန်က –

"ကျုပ်ကိုတော့ ခင်ဗျားကြီး မနိုင်ပါဘူး" ဟု ခပ်တင်းတင်း ပြောလိုက်သည်။

ထိုအခါ ဂျာကိုပိုက –

"ကောင်းပြီလေ ... ကျုပ်နဲ့ ဒီလောက်တောင် ဓားရေးပြိုင်ချင်သပဆိုလည်း ပြိုင်ရတာပါ။ ကျုပ်က ခင်ဗျားကို အသေမသတ်ဘဲ လက်က ဓားလွတ်ထွက်သွားရုံလေးပဲ တိုက်ပါ့မယ်။ ဒီလို တိုက်ပြီးတော့မှ ခင်ဗျားပြောတဲ့ ဆုငွေတွေကို ဘယ်လိုနည်းနဲ့ ရနိုင်တယ်ဆိုတာကို ထပ်မေးပါ့မယ်" ဟု ပြောကြားပြီး လက်တွင်းရှိ ဓားဖြင့် တအားကုန်ခုတ်ပိုင်းလိုက်သည်။

ထိုအခါ သတိနှင့်နေသော အီလာရွှန်က ပြင်းထန်လှသော ဓားချက်ကို အလွယ်တကူဖယ်ရှားပြီး လှစ်ခနဲ ဓားတစ်ချက်သွင်းလိုက်ရာ ဓားသိုင်းဆရာကြီး၏ ပါးတွင် ဓားစင်းကြီး ဖြစ်သွားသည်။

ထိုအခါ ဓားသိုင်းဆရာကြီး ဂျာကိုပိုလည်း ပါးပြင်ကို လက်ဖြင့်လန့်ပြီး အုပ်လိုက်ရာ လက်တစ်ခုလုံး သွေးတို့ဖြင့် ချင်းချင်းနီသွားတော့သည်။ ဂျာကိုပိုလည်း မိမိလက်ကို ကြောင်ငေးကြည့်နေပြီးနောက် –

"ဆီညော်ရေ ... ခင်ဗျားက ဘယ်သူလဲ။ ကျုပ်ကို ဒီလိုဒဏ်ရာရ အောင် ပြုစွမ်းနိုင်တဲ့လူတစ်ယောက်မှ အရင်က မရှိခဲ့သေးဘူး" ဟု ခပ်တိုတိုး ပြောလိုက်ရာ အီလာရွှန်က –

"ကျုပ်လား၊ နတ်မိစ္ဆာတစ်ပါးပေါ့။ အရင်ကြွေးဟောင်းတွေကို တောင်းဖို့ အခုလာခဲ့တာပဲ" ဟု ပြောကြားလိုက်သည်။

http://www.cherrythitsar.org



ထိုအခါ စားသိုင်းဆရာကြီး ဂျာကိုပိုလည်း နှုတ်ခမ်းကို တွန့်ကာ ပြုံးလိုက်ပြီး –

"ကောင်းပြီလေ … အရင်တုန်းက ခင်ဗျားနဲ့ စားရေးပြိုင်ဖို့ ကျုပ်စိတ် မပါခဲ့ပေမဲ့ အခုတော့ ကျုပ်စိတ်ပါသွားပြီ။ အခု စားပြိုင်ပွဲမှာ ခင်ဗျားအနိုင်ရရင် ကျုပ်စုဆောင်းထားတဲ့ ကျောက်မျက်ရတနာတွေ ယူသွားပေတော့။ ကျုပ် အနိုင်ရရင်တော့ ခင်ဗျားပြောတဲ့ ရွှေပြားတစ်သောင်းကို မရချင်နေပါစေ။ ခင်ဗျား ရဲ့အသက်ကို ရရင်ကျေနပ်ပြီ" ဟု ပြောကြားလိုက်သည်။

*

ထို့နောက် စားသိုင်းဆရာကြီး ဂျာကိုပိုလည်း အီလာရှွန်ကို သဲကြီးမဲကြီး ထိုးခုတ် တိုက်ခိုက်ပါတော့သည်။ သို့သော် အီလာရှွန်က ထိုးခုတ်တိုက်ခိုက်သမျှသော စားချက်တို့ကို အလွယ်တကူ ဖယ်ရှားပစ်နေရာ ဂျာကိုပိုလည်း အလွန် အမင်း အံ့အားသင့်သွားရာမှ –

"ဆီညော်ရေ … ခင်ဗျားဟာ ဘယ်သူလဲ။ ခင်ဗျားလို စားရေးကောင်းတဲ့ သူမျိုးနဲ့ကို ကျုပ်တစ်ခါမှ မတွေ့ဖူးဘူး။ ခင်ဗျားကို စားရေးသင်ပေးတဲ့သူဟာ တကယ့်စားသမားကြီး ဖြစ်ရမယ်" ဟု ပြောကြားသည်။

ထို့နောက် စားသိုင်းဆရာကြီး ဂျာကိုပိုလည်း လျှို့ဝှက်ပညာ စားကွက်များကို သုံးပြီး ဆက်လက်တိုက်ခိုက်ရာ အီလာရှွန်လည်း အပြင်းအထန် ခုခံဖယ်ရှားနေရတော့သည်။ ထိုသို့ခုခံဖယ်ရှားရာမှ မိမိကို အခြားသူများက 'အတုမဲ့သော စားသမား' အဖြစ် အထင်ကြီးကြောက်ရွံ့ကြသော်လည်း တကယ်လက်တွေ့အားဖြင့်မူ မိမိကို စားရေးပညာ သင်ပေးခဲ့သော ဤစားသိုင်းဆရာကြီး ဂျာကိုပိုကို မိမိမယှဉ်နိုင်သေးကြောင်း သိမြင်သဘောပေါက်ကာ တုန်လှုပ်ချောက်ချားစပြုလာသည်။

ထိုသို့ တုန်လှုပ်ချောက်ချားစ ပြုလာသည်ကို စားသိုင်းဆရာကြီး ဂျာကိုပိုလည်း ရိပ်စားမိကာ အားရပါးရ ပြုံးရယ်လိုက်သည်။ ထို့နောက် ဖယ်ဆက်သလို ဆက်တိုက်ထိုးခုတ်တိုက်ခိုက်ရာ အီလာရှွန်လည်း နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးရတော့သည်။

ဤတွင် စားသိုင်းဆရာကြီး ဂျာကိုပိုလည်း 'မိမိပြိုင်ဖက်၏ အသက်ကို အဆုံးစီရင်တော့အံ့' ဟူသော စိတ်ထားဖြင့် ရှေ့သို့ အလောတကြီး တိုးလိုက်သည်။ ထိုအခါ ပေါ့လျော့သော မြင်းထိန်းလုလင်ပျိုကြောင့် မြေကြီးပေါ်၌ ဖြစ်နေသော ရေအိုင်လေးတစ်ခုပေါ်သို့ အမှူမဲ့ အမှတ်မဲ့ နင်းမိကာ လျှောခနဲ ခြေချော်သွားတော့သည်။

ထိုအခိုက်တွင် အီလာရှွန်လည်း ဓားသိုင်းဆရာကြီး ဂျာကိုပို၏ လက်မှ ဓားလွင့်သွားအောင် ဓားချက်ပြင်းပြင်းဖြင့် တစ်ချက်သွင်းလိုက်ပြီး နောက် တစောင်းလဲနေသော ဂျာကိုပို၏ လည်မျိုကို ဓားဦးဖြင့် ဆတ်ခနဲ ထောက်ကာ –

"ကိုင်း အဘိုးကြီး … အခုဓားပြိုင်ပွဲမှာ ခင်ဗျားကြီး ရှုံးသွားပြီ။ ကျောက်မျက်ရတနာတွေ ထည့်ထားတဲ့ ခင်ဗျားကြီးရဲ့ သားရေအိတ်ကို ပေးပေတော့" ဟုပြောကြားလိုက်သည်။

ထိုအခါ ဂျာကိုပိုက အံကြိတ်ရင်း –

"ဆီသြော်ရေ … ခင်ဗျားကံကောင်းလို့ အနိုင်ရသွားတာပါ။ ခင်ဗျား ဓားစွမ်းကို ယုံရင် ကျုပ်နဲ့ နောက်ထပ်တစ်ပွဲ နွှဲလိုက်ရအောင်" ဟု စိမ်ခေါ်လိုက်သည်။

သို့သော် အီလာရှွန်က မည်သို့မှ ပြန်မပြောတော့ဘဲ ကျောက်မျက် ရတနာများထည့်ထားသော သားရေအိတ်လေးကို ဆတ်ခနဲ ကောက်ယူပြီး နောက် မြေကြီးပေါ်သို့ သွန်ချလိုက်သည်။ ထို့နောက် အခြားမည်သည့် အဖိုး တန် ပစ္စည်းကိုမှမယူဘဲ ဖာရာရာ နယ်စားကြီး၏ ရိုးရာရွှေတံဆိပ်တော်ကိုသာ ကောက်ယူလိုက်သည်။ ထို့နောက် ရွှေတံဆိပ်တော်လေးကို အတွင်းအင်္ကျီအိတ် ထဲသို့ အသေအချာ ထည့်ရင်း –

"ဂျာကိုပို ခင်ဗျားကြီးရဲ့ ပေါ့ဆတဲ့ မြင်းထိန်းလေး ကျေးဇူးကြောင့် ကျုပ် အသက်ရှင်ခွင့် ရသွားခြင်း ဖြစ်ပါတယ်။ ခင်ဗျားကြီးရဲ့ မြင်းထိန်းအဖြစ် ကျုပ်လုပ်ခဲ့ရတုန်းက ခင်ဗျားကြီးဟာ ကျုပ်ကို ရက်ရက်စက်စက် ခိုင်းခဲ့တယ်။ ကျုပ်ကလည်း ခိုင်းသမျှကို ကျိုးပြီးလုပ်ခဲ့တာပါ။ ဒီလိုပေါ့ပေါ့ဆဆ တစ်ခါမှ မလုပ်ခဲ့ဖူးဘူး" ဟု ပြောကြားလိုက်သည်။

ထိုအခါ ဓားသိုင်းဆရာကြီး ဂျာကိုပိုလည်း တစောင်းလဲနေရာမှ အီလာရှွန်ကို စိန်းစိန်းကြီး ကြည့်ကာ –

"သြော် … ကျုပ်နဲ့ ဓားရေးပြိုင်တဲ့ ပုဂ္ဂိုလ်ကြီးက ကျုပ်ရဲ့ကျေးကျွန် ဟောင်း မြင်းထိန်းကောင်လေးပါလား။ ကျုပ်ကိုယ်တိုင် ဓားရေးပညာကို စိတ် ရှည်လက်ရှည် သင်ကြားပေးခဲ့တဲ့အတွက် ဒီလောက်တောင် ဓားရေးတော်တာ ကိုး" ဟု ပြောကြားပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ထိုအခါ အီလာရှွန်က –

"ဒီမှာ ဂျာကိုပို။ ၁၄၈၃ ခုနှစ်က ဖာရာရာမြို့ကြီးကို တိုက်ခိုက်သိမ်း ပိုက်တဲ့ စစ်ပွဲကြီးမှာ ဗင်းနစ်ဘက်က ခင်ဗျား ပါဝင်တိုက်ခိုက်ခဲ့တယ် မဟုတ် လား။ ပြီးတော့ ဖာရာရာရဲတိုက်ကြီးကို ဝင်စီးကြတဲ့အခါမှာ ခင်ဗျား ပါသွားပြီး

http://www.cherrythitsar.org



ကျောက်မျက်ရတနာတွေကိုလည်း လုယူခဲ့တယ်။ ဖာရာရာနယ်စားကြီးရဲ့ သားတော်လေးကို ခိုးလာခဲ့တယ် မဟုတ်လား။ ဟောဒီ ရွှေတံဆိပ်တော်ဟာ ဖာရာရာနယ်စားကြီးရဲ့ ရိုးရာတံဆိပ်တော် မဟုတ်လား” ဟု ဆက်တိုက်ပြောကြားလိုက်ရာ၊ ဂျာကိုပိုက အီလာရွန်ကို မျက်လုံးပြူးကြီးနှင့် မော့ကြည့်ရင်း–

“သြော် ... မင်းက မင်းကိုယ်မင်း ဖာရာရာနယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေးလို့ မှတ်ထင်နေတာကိုး။ ဒါကြောင့် ဒီရွှေတံဆိပ်တော်ကို စွန့်စွန့်စားစား လာခိုးတာပေါ့။ ဟုတ်လား” ဟု ပြောကြားလိုက်သည်။ ထို့နောက် တဟားဟား သည်းလှိုက်အူလှိုက် ရယ်မောပြီးနောက် –

“မြင်းထိန်းကောင်လေးရယ်။ မင်းလိုချင်နေတဲ့ ရွှေတံဆိပ်တော်ကို ယူသွားပါ။ ဒီရွှေတံဆိပ်တော်ကို ပြပြီး မင်းကိုယ်မင်း ပျောက်ဆုံးနေတဲ့ သားတော်လေးဖြစ်ကြောင်း သက်သေထူလိုက်ပါ။ ကျုပ်ကလည်း ကျုပ်သိထား သမျှကို ဖွင့်ပြီး မောင်းကြေးနင်း ခတ်လိုက်ပါ့မယ်” ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရွန်လည်း မည်သို့မှ ပြန်မပြောတော့ဘဲ ဓားသိုင်းဆရာကြီး ဂျာကိုပို၏အပါးမှ ချာခနဲ ထွက်ခွာသွားတော့သည်။

⌘ ⌘ ⌘

၁၅

# မျက်နှာမှာ အပြုံး နှုတ်မှာ ဆေးသ

အီလာရှန်လည်း စားသိုင်းဆရာကြီး ဂျာကိုပို ထံမှ မိမိရယူလိုသော ရွှေတံဆိပ်တော်ကို လုယူပြီးနောက် မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါ၏ စံအိမ်တော်သို့ ဝမ်းသာအားရ ပြန်လာခဲ့သည်။ ထို့နောက် ရွှေတံဆိပ်တော်ကို ပြပြီး အဖြစ်အပျက် အကျိုးအကြောင်း ပြောကြားလိုက်ရာ မင်းသားကြီးက 'ရွှေတံဆိပ်တော်ကိုယူပြီး ဖာရာရာနယ်စားကြီး၏ အတိုင်ပင်ခံ အမတ်ကြီးထံ ညတွင်းချင်း သွားပြန်ရန်' ပြောကြားသည်။

ထိုအခါ အီလာရှန်က 'ဤရွှေတံဆိပ်တော်ကို မိမိမြတ်နိုးချစ်ကြင် သော မင်းသမီးလေး ဂူလာကို အရင်ဆုံးပြလိုကြောင်း၊ ထို့နောက် အတိုင်ပင်ခံ အမတ်ကြီးကို ပြလိုကြောင်း' အခိုင်အမာပြောကြားရာ မင်းသားကြီးလည်း နောက်ဆုံး၌ အလျှော့ပေးကာ သဘောတူလိုက်ရသည်။

နောက်တစ်နေ့ နေ့လယ်ခင်းသို့ရောက်သောအခါ အီလာရှန်နှင့် မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါတို့လည်း မင်းသမီးလေး ဂူလာထံ သွားရောက်ကြသည်။

မင်းသမီးလေး ဂူလာနှင့်တွေ့သောအခါ မင်းသားကြီးလည်း 'ဂယ်လီနာ နယ်စားကတော် မင်းသမီးလေး ဘိထရစ်က မာယာပရိယာယ်ဆင်ပြီး အီလာရှန်အပေါ် အထင်မှားအောင် ပြုဆောင်သည့်အကြောင်း' ကိုလည်းကောင်း၊ 'မင်းသမီးလေး ဂူလာ၏အစ်ကိုတော် ပေါလိုက အီလာရှန်၏အသက်ကိုလုပ်ကြံဖို့ အကြိမ်ကြိမ် ကြိုးစားသော်လည်း မင်းသမီးလေး ဂူလာ၏မျက်နှာ

ကို ထောက်ထားပြီး သည်းညည်းခံသည့်အကြောင်း' ကိုလည်းကောင်း၊ 'မင်းသမီးလေး ဂူလာအပေါ် အီလာရွှန် စွဲစွဲလန်းလန်း မြတ်နိုးချစ်ကြင်နာသည့် အကြောင်း' ကို လည်းကောင်း စီကာပတ်ကုံး မိန့်ကြားတော့သည်။

ထိုအခါ မင်းသမီးလေး ဂူလာလည်း အီလာရွှန်အပေါ် အထင်အမြင်များမှုတို့ ပြေပျောက်သွားရုံမက မြတ်နိုးချစ်ခင်စိတ်တို့ပါ တဖွားဖွား ယိုဖိတ်လာတော့သည်။ ထို့ကြောင့် မိမိရှေ့တူရူ၌ ထိုင်နေသော အီလာရွှန်ကို ဖျတ်ခနဲ မော့ကြည့်လိုက်ရာ မိမိကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေသော အီလာရွှန်၏ မျက်လုံးအစုံနှင့် ပေါင်းဆုံသွားတော့သည်။ ထိုအခါ အီလာရွှန်နှင့် မင်းသမီးလေး ဂူလာတို့လည်း မျက်လုံးချင်း မခွာတော့ဘဲ တစ်ဦးကိုတစ်ဦး မြတ်မြတ်နိုးနိုး ကြည်ကြည်နူးနူး တရှိုက်မက်မက် ပြုံးကြည့်နေကြသည်။

ထိုသို့ ချစ်သူနှစ်ဦးတို့ အဆင်ပြေသွားသည်ကို မြင်ရသောအခါ မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါလည်း အသာထလိုက်ပြီးလျှင် အပါးမှ မယောင်မလည် ထွက်ခွာကြွမြန်းသွားတော့သည်။

ထိုအခါ အီလာရွှန်လည်း ထိုင်ရာမှ အသာထကာ မင်းသမီးလေး ဂူလာအပါးသို့ ရောက်လာသည်။ အပါးသို့ ရောက်သောအခါ အသာဒူးထောက်လိုက်ပြီးလျှင် လှပသွယ်ပျောင်းသော လက်ကလေးကို တယုတယ ထိုင်ပြီး မြတ်မြတ်နိုးနိုး နမ်းလိုက်ရာ မင်းသမီးလေး ဂူလာက –

"မြင့်မြတ်တဲ့ အီစတာမျိုးနွယ်ဝင် မင်းသားလေး ဟေရိုးနီမိုးရယ်" ဟု လေသံသဲ့သဲ့ဖြင့် ခေါ်သည်။ ထို့နောက် –

"အို ... မောင်ရယ်။ မောင့်ကို အီလာရွှန်လို့ပဲ ကျွန်မ ခေါ်ပါရစေနော်။ မောင့်ကို အညတရမြင်းထိန်းလေး အီလာရွှန်ဘဝကတည်းက ကျွန်မ စွဲလန်းချစ်ခင် သံယောဇဉ်တွယ်ခဲ့တာပါ။ 'ယောကျ်ားဘုန်းကား၊ မဆုံးဆနိုင်၊ အခေါင်တိုင်' ပါတယ်လို့ အားပေးခဲ့တာပါ။ အခုတော့ မောင်ရဲ့စိတ်ကူး၊ မောင်ရဲ့ အိပ်မက်တွေဟာ အကောင်အထည် ပေါ်လာပါပကော" ဟု ပြောကြားလိုက်ရာ၊ အီလာရွှန်က –

"မှန်ပါတယ် မင်းသမီးလေးရယ်။ ဒီလိုမြင့်မြတ်တဲ့ ဘဝအခြေအနေကို မောင်စိတ်ကူးခဲ့တာ၊ အိပ်မက် မက်ခဲ့တာလည်း မင်းသမီးကို နှစ်နှစ်ကာကာ စွဲစွဲလမ်းလမ်း ချစ်မြတ်နိုးမိတဲ့ စိတ်ကြောင့်ပါပဲ" ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး ဂူလာက –

"ထပါ မောင်ရယ်။ ကျွန်မကို မောင်ဘယ်လောက် မြတ်နိုးချစ်ခင်တယ်ဆိုတာ ကျွန်မ ကောင်းကောင်းကြီး သိပါတယ်။ မောင့်အသက်ကို အကြိမ်ကြိမ် လုပ်ကြံဖို့ ကြိုးစားတဲ့ အစ်ကိုတော်ပေါလိုကို မောင်အကြိမ်ကြိမ်

http://www.cherrythitsar.org



သည်းခံခွင့်လွှတ်တာဟာ ကျွန်မရဲ့ မျက်နှာကို ထောက်ထားလို့ပေါ့။ ကျွန်မကို မြတ်နိုးချင်ခင်လို့ပေါ့" ဟု ပြောကြားရင်း၊ မိမိရှေ့တွင် ဒူးထောက်နေသော အီလာရှန်၏ လက်ကိုဆွဲပြီး ယူလိုက်သည်။

ထိုအခါ အီလာရှန်လည်း မင်းသမီးလေး ဂူလာအပေါ်တွင် နီးနီးကပ်ကပ် ထိုင်လိုက်ပြီးနောက်၊ မင်းသမီးလေး ဂူလာ၏ ကိုယ်လုံးကျစ်ကျစ်လေးကို ပွေ့ဖက်ကာ နှင်းဆီဖူးငုံ နှုတ်ခမ်းအစုံကိုအသာ ငုံနမ်းလိုက်သည်။

*

ထိုအခိုက်တွင် လုလင်ပျိုပေါလိုသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ ဝမ်းသာအားရသော အမူအရာဖြင့် အခန်းတွင်းသို့ ခပ်ကြော့ကြော့ဝင်လာသည်။

ထိုအခါ ပေါလိုက –

"ညီမလေးရယ် ... ညီမလေးရဲ့ ချစ်သူဟာ မြင့်မြတ်တဲ့ မျိုးရိုးက ဆင်းသက်ပေါက်ပွားလာတဲ့သူ ဖြစ်လိမ့်မယ်လို့ အစ်ကိုတော် မထင်ခဲ့ဘူး။ အညတရလူဆင်းရဲတစ်ယောက်လို့ပဲ ထင်ခဲ့မိတယ်။ အခုမှ ဖာရာရာ နယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေး ဖြစ်ကြောင်း သိရပေတယ်။ ဒီအတွက် အစ်ကိုတော် အတိုင်းမသိ ဝမ်းမြောက်မိပါတယ်ကွယ်" ဟုပြောကြားသည်။ ထို့နောက် အီလာရှန်၏ ပခုံးကို တရင်းတနှီး ပုတ်ရင်း –

"မင်းသားလေးရယ် ... ခင်ဗျားအပေါ် ကျုပ်အထင်မှားပြီး အသက်ဘေးရန်ရှာခဲ့တဲ့အတွက် ကျုပ် အနူးအညွတ်တောင်းပန်ပါတယ်ဗျာ။ ကျုပ်ကို ခွင့်လွှတ်ပါ။ ခင်ဗျားလို အီစတာမျိုးနွယ်ဝင် မင်းသားတစ်ပါးနဲ့ ညီမတော်လေးလို ရိန်ဇာမျိုးနွယ်ဝင် မင်းသမီးလေးတစ်ပါးတို့ မေတ္တာသက်ဝင် ချစ်ခင်တယ်ဆိုတာ အတိုင်းမသိ လျှော်ကန်လိုက်ဖက်လှပါတယ်။ 'နေနဲ့လ၊ ရွှေနဲ့မြ' လိုပါပဲဗျာ။ ခင်ဗျားတို့နှစ်ဦး စုလျားရစ်ပတ်လက်ထပ်မယ့် ကိစ္စမှာ ကျုပ် အစွမ်းကုန်အားကြိုးမာန်တက် ဆောင်ရွက်ပါမယ်" ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးလေးဂူလာက အစ်ကိုတော် ပေါလို၏ မျက်နှာကို စေ့စေ့ကြည့်ကာ –

"အစ်ကိုတော် တကယ်ပြောတာလား။ တကယ့် စိတ်ရင်းစေတနာနဲ့ ပြောတာမှ ဟုတ်ရဲ့လား" ဟု မေးလိုက်ရာ၊ ပေါလိုလည်း ကွက်ခနဲ မျက်နှာပျက်သွားသည်။ ထို့နောက် နှုတ်ခမ်းကိုစူလိုက်ပြီး၊ အီလာရှန်ဘက်သို့ လှည့်ကာ – "ကျုပ်ရဲ့ညီမလေး ကိုယ်တိုင်က ကျုပ်အပေါ်ယုံမှား သင်္ကာမကင်းသေးရင် ခင်ဗျားအနေနဲ့လည်း ကျုပ်အပေါ်ယုံမှားသင်္ကာကင်းလိမ့်မယ် မထင်ဘူး။ ကျုပ်တို့ချင်း ဒီလို အထင်မှား အမြင်မှားတာတွေကို ဖယ်ရှားပစ်ရမယ်။

http://www.cherrythitsar.org



ခင်ဗျားအပေါ် ကျုပ်စိတ်ထား ပြောင်းသွားတာကိုလည်း အတိအလင်း သက်သေပြရမယ်”ဟု ပြောကြားသည်။ ထို့နောက် –

“ကိုင်း ... မင်းသားလေးရေ ... ညီမတော်နဲ့ စုလျားရစ်ပတ်လက်ထပ်တော့မယ့် သတိုးသားလောင်းအနေနဲ့ ခင်ဗျားကို သီးသန့်ဧည့်ခံပွဲတစ်ခု မကြာမီ ကျင်းပပေးပါ့မယ်။ အဲဒီပွဲမှာ ရောမမြို့တော်မှာရှိတဲ့ မင်းညီမင်းသားတွေ၊ မှူးကြီးမတ်ကြီး သားတွေ အားလုံး ဖိတ်ပါ့မယ်။ ပြီးတော့ မင်းပေါင်းစုံတဲ့ အဲဒီပွဲမှာပဲ ကျုပ်ရဲ့ အမှားတွေ ဖွင့်ဟဝန်ခံပြီး သဘောထားပြောင်းလဲသွားတဲ့ အကြောင်းကို ပြောကြားပါ့မယ်။ ပြီးတော့ ခင်ဗျားနဲ့ ညီမတော်လေး မကြာမီ စုလျားရစ်ပတ်လက်ထပ်တော့မယ့် အကြောင်းကိုလည်း ထုတ်ဖော်ကြေငြာပါ့မယ်။ အဲဒီသီးသန့်ဧည့်ခံပွဲအပြီးမှာတော့ ခင်ဗျားဟာ ကျုပ်အပေါ် ဘယ်တော့မှ ယုံမှားသင်္ကာဖြစ်တော့မှာ မဟုတ်ဘူး”ဟု ပြောကြားကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

*

အရေးပါသော သက်သေအထောက်အထားဖြင့် ရွှေတံဆိပ်တော်ကို အီလာရွှန် ရခဲ့ပြီးနောက် မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါလည်း ဖာရာရာနယ်စားကြီး၏ အတိုင်ပင်ခံ အမတ်ကြီးကော်လီနုချိုထံသို့ သွားရောက်၍ တင်ပြဆွေးနွေးရာ အတိုင်ပင်ခံ အမတ်ကြီးလည်း ‘ဗိုလ်မင်းအီလာရွှန်မှာ ဖာရာရာ နယ်စားကြီး၏ ပျောက်ဆုံးသွားသော သားတော်လေး ဟေရိုးနီမိုးဖြစ်ကြောင်း’ ခြွင်းချက်မရှိ ထောက်ခံအတည်ပြုလိုက်သည်။

ထို့နောက်တွင်ကား ‘ဖာရာရာနယ်စားကြီး၏ ပျောက်ဆုံးနေသော သားတော်လေးကို တွေ့ရှိပြီး ‘ဆီဇာဘော်ဂျာ၏ လက်သုံးတော်ဓားဟု ထင်ရှားသော ဗိုလ်မင်းအီလာရွှန်မှာ ပျောက်ဆုံးနေသော သားတော်လေးဖြစ်သည်’ ဟူသော သတင်းစကားများသည် အီတလီတစ်ဝှမ်းလုံး ပျံ့နှံ့ထင်ရှားသွားတော့သည်။

အီစတာမျိုးနွယ်ဝင်များဖြစ်ကြသော ပုပ်ရဟန်းမင်းကြီး၏ အတိုင်ပင်ခံ ကာဒီနယ် အစ်ဖိုလီတိုနှင့် ဒွန်စီဂျစ်မွန်တို တို့ထံမှလည်းကောင်း၊ မင်တူးမြို့စားတော်ကြီး အစ္စဘက်တာ (၁၄၇၄–၁၅၃) ထံမှလည်းကောင်း ဝမ်းမြောက်ကြောင်း စာသဝဏ်လွှာများနှင့် လက်ဆောင်တော်ပစ္စည်းများတို့သည် အီလာရွှန်ထံသို့ ဆက်ကာဆက်ကာ ရောက်ရှိလာတော့သည်။

ဇန်နဝါရီလနေ့တစ်နေ့တွင်မူ ဖာရာရာနယ်စားကြီး အာကိုးလီ ကိုယ်တော်တိုင် ရောမမြို့တော်ကြီးသို့ ကြွမြန်းလာပြီး ပျောက်ဆုံးနေသော သားတော်ဟေရိုးနီးမိုးကို လာရောက်ကြည့်ရှုတော်မူသည်။

http://www.cherrythitsar.org



ဖာရာရာနယ်စားကြီးမှာ စစ်ပွဲများ၌ ဦးဆောင်တိုက်ခိုက်ခဲ့သော သူရဲကောင်းကြီးတစ်ဦးဖြစ်လေရာ၊ အီလာရှုန်၏ စွန့်စားခန်းအမျိုးမျိုးကို ကြားသိရသောအခါ သူရဲကောင်းအီလာရှုန်ကို ပျောက်ဆုံးနေသော သားတော်လေးအဖြစ် လက်ခံရန်အတွက် လုံးဝ ဖင့်နွှေးခြင်း မရှိတော့ပေ။ မိမိပျောက်ဆုံးနေသော သားတော်လေးမှာ ဗိုလ်မင်း အီလာရှုန် ဖြစ်နေသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်နေတော့သည်။

ဖာရာရာမြို့စားကြီးလည်း ရောမရွှေမြို့တော်သို့ ရောက်ရှိ၍ အီလာရှုန်နှင့် တွေ့ဆုံကတည်းက အီလာရှုန်ကို မျက်စိအောက်က အပျောက်မခံတော့ဘဲ တစိမ့်စိမ့်ကြည့်ကာ အီလာရှုန်နှင့် စကားလက်ဆုံကျနေသည်။

အတိုင်ပင်ခံ အမတ်ကြီး ကော်လီနုချို့နှင့် မင်းသားကြီး ဂယ်လီဇို့ဝွန်ဇာဂါတို့က 'အီလာရှုန်မှာ ပျောက်ဆုံးနေသော သားတော်လေး ဟေရိုးနီမိုးဖြစ်ကြောင်း' သက်သေခံအထောက်အထားနှင့်တကွ လွှတ်တော်သို့ စာသဝဏ်လွှာ တင်သွင်း၍ လွှတ်တော်က အတည်ပြုပြီးပြီးချင်း အီစတာ မျိုးနွယ်ဝင်မင်းသားတစ်ပါးခံစားရရှိမည့် စည်းစိမ်ဥစ္စာ အမွေအနှစ်တို့ကို အီလာရှုန်အားလွှဲအပ်ပေးမည်ဖြစ်ကြောင်း ဝမ်းသာအားရ မိန့်ကြားတော်မူသည်။

*

ဖာရာရာနယ်စားကြီးကိုယ်တိုင် အီလာရှုန်ကို ပျောက်ဆုံးနေသော သားတော်လေးအဖြစ် လက်ခံပြီးနောက် တစ်နေ့သောအခါတွင် လုလင်ပျိုပေါလိုလည်း ကြိုတင်ကတိပေးထားသည့်အတိုင်း အီလာရှုန်အတွက် သီးသန့်ဧည့်ခံပွဲတစ်ခုကို ထင်ရှားကျော်စောသော ဆတ်နီစားသောက်ဆိုင်ကြီးတွင် ကျင်းပပေးသည်။

ဧည့်ခံပွဲသို့ ပေါလိုနှင့် အထူးရင်းနှီးခင်မင်သော ရောမရွှေမြို့တော်ရှိ မင်းညီမင်းသားများ၊ မှူးကြီးမတ်ရာ သားများ စုစုပေါင်း နှစ်ကျိပ်ကျော် တက်ရောက်ကြသည်။ ထိုသူများ အားလုံးပင် အီလာရှုန်ကို မင်းသားလေး ဟေရိုးနီမိုးအဖြစ် ဝမ်းမြောက်ဝမ်းသာ ရင်းရင်းနှီးနှီး လက်ခံပြောဆိုရင်း၊ ရယ်ရယ်မောမော စားကြသောက်ကြသည်။

အီလာရှုန်လည်း ပေါလို ထည့်ပေးသမျှသော ဝိုင်အရက်တို့ကို တစ်ကျိုက်ပြီးတစ်ကျိုက် မော့သောက်ရင်း ဧည့်သည်တော်တို့ မေးကြမြန်းကြသမျှကို ပြုံးပြုံးရွှင်ရွှင် ဖြေကြားနေသည်။

ဤသို့ဖြင့် ညမှောင်ရီသန်းချိန်မှစ၍ ပြောကြဆိုကြ၊ ရယ်ကြမောကြ နှင့် တပျော်တပါး စားသောက်လာကြရာ အချိန်ကုန်မှန်းမသိ ကုန်လာခဲ့သည်။ အီလာရှုန်လည်း ဝိုင်တစ်ခွက်ပြီးတစ်ခွက် သောက်မှန်းမသိ သောက်လာခဲ့ရာ၊

http://www.cherrythitsar.org



ယခုအခါ၌ ခေါင်းမထူနိုင် မျက်စိမဖွင့်နိုင်အောင် မူးယစ်ရီဝေလာတော့သည်။

ထိုအခိုက်တွင် အပါးရှိ ပေါလိုက "ညီလေးရေ ... ကချေသည်တွေ လာနေပြီ။ အကဆန်းတွေ ကြည့်လိုက်ပါဦး" ဟု ပြောကြားရာ၊ အီလာရှန် လည်း မျက်လုံးကို အနိုင်နိုင်ဖွင့်ပြီး ကြည့်လိုက်သည်။

ထိုအခါ အီလာရှန်တို့ လူစုရှေ့သို့ ကချေသည် မိန်းမချောတစ်ကျိပ် ခန့် ကပြီးဝင်လာသည်ကို တွေ့မြင်ရသည်။ ကချေသည်မိန်းမချောလေးများ မှာ တစ်ကိုယ်လုံး လှပအောင် လိမ်းခြယ်ထားပြီး ပိုးဝတ်ရုံရှည်များကိုသာ ဆင်မြန်းထားရာ၊ ပင်ကိုယ်သဘာဝ အလှအပတို့မှာ ထင်းထင်း ကြီးပေါ်ထင် နေတော့သည်။

ကချေသည် မိန်းမချောလေးများသည် ယောကျာ်းတို့၏ စိတ်အာရုံ ကို လှုပ်ရှားတက်ကြွစေသည့် အကဆန်းတို့ကို ကြမ်းကြမ်းရမ်းရမ်းကပြကြရာ၊ ဧည့်ခံပွဲရှိ လူအားလုံးပင် လှုပ်ရှားတက်ကြွနေတော့သည်။ အချို့သော လုလင် ပျိုများက ကချေသည်များကို ပန်းများဖြင့် ပေါက်ပြီး အချို့သော လုလင်ပျိုများ ကမူ ကချေသည်များကို ဆွဲလား ရမ်းလား ပွေ့လား ဖက်လား ပြုကြသည်။

အီလာရှန်လည်း မိမိကို ဖိတ်ခေါ်ပြုံးဖြင့် ပြုံးကြည့်ရင်း ကပြမြူဆွယ် နေသော ကချေသည်မလေးကို စိတ်ထဲ ရိုးတိုးရွတဖြစ်လာသည့်အတွက် လှမ်း ပြီး ဖက်လိုက်သည်။ သို့သော် အသောက်လွန်ထားသော အီလာရှန်လည်း ကချေသည်မိန်းမချောလေးကို မိအောင် မဖက်နိုင်တော့။ စားပွဲပေါ်သို့သာ မှောက်လျက်လဲသွားတော့သည်။

ထိုအခါ အီလာရှန်၏အပါးရှိ ပေါလိုလည်း နှစ်နှစ်ခြိုက်ခြိုက်ပြုံးပြီး ဆတ်နီစားသောက်ဆိုင်ပိုင်ကြီးကို မသိမသာ ခေါင်းညိတ်ပြလိုက်ရာ၊ မကြာမီ ထွားကျိုင်း တုတ်ခိုင်လှသော အလုပ်သမားနှစ်ဦး ရောက်ရှိလာသည်။ ထို အလုပ်သမားနှစ်ဦးလည်း အီလာရှန်၏ ဘေးတစ်ဖက်တစ်ချက်၌ ရပ်ကြပြီး လျှင် အီလာရှန်ကို တွဲမှီကာ ခေါ်ထုတ်သွားကြသည်။

ထိုအခိုက်တွင် ပေါလိုသည် ဧည့်ခံပွဲကို တက်ရောက်လာကြသော ဧည့်သည်တော် လုလင်ပျိုများကို တစေ့တစောင်း အကဲခတ်ကြည့်လိုက်ရာ လုလင်ပျိုအားလုံးပင် ကချေသည်များအပေါ်၌သာ စိတ်ရောက်နေကြောင်း သိရှိ ရသည်။ ထိုအခါမှ ပေါလိုလည်း ထိုင်ရာမှထကာ အီလာရှန်ကို ခေါ်ထုတ်သွား ကြသော အလုပ်သမားကြီးနှစ်ယောက်နောက်သို့ ခပ်သုတ်သုတ် လိုက်သွား တော့သည်။

⌘ ⌘ ⌘

http://www.cherrythitsar.org



အသောက်လွန်သွားသော အီလာရှန်လည်း မိမိကို ကြမ်းကြမ်းတမ်းတမ်း လှုပ်နိုးလိုက်သည့်အတွက် မျက်စိကိုအားယူပြီး ဖွင့်ကြည့်လိုက်ရာ ဓားသိုင်းကျောင်းလေ့ကျင့်ရေး ဗဟိုခန်းမထောင့်တစ်နေရာ၌ မိမိလျောင်းစက်နေရသည့် အဖြစ်ကို တွေ့ရှိရသည်။ ထို့ပြင် မိမိကို လှုပ်နှိုးနေသူမှာ မိမိ၏ သခင်ဟောင်း ဓားသိုင်းဆရာကြီး ဂျာကိုပိုဘာလစ်စန္ဒရီဖြစ်ကြောင်း သိရှိရသည်။

ထိုအခိုက်တွင် ဂျာကိုပိုက –

"မြင်းထိန်းကောင်လေး နိုးလာပြီဟေ့။ ဒီကောင်က အသောက်ကြမ်းသလောက် အိပ်တော့လည်း သိုးနေတာပဲ။ မနည်းကို လှုပ်နှိုးရတယ်" ဟု ပြောကြားလိုက်ရာ အီလာရှန်လည်း အိပ်နေရာမှ အားယူထလိုက်ပြီးလျှင် ဓားသိုင်း ဆရာကြီး ဂျာကိုပို၏ဘေးတွင် ပြုံးပြုံးကြီး ရပ်ကြည့်နေသော ပေါလိုကို ကြည့်ကာ –

"ဘာဖြစ်တာလဲဗျာ။ အခြားဧည့်သည်တော်တွေကော မမြင်ပါလား" ဟု မေးလိုက်သည်။

ထိုအခါ ပေါလိုက –

"အခုအချိန်မှာ အခြားဧည့်သည်တွေဟာ ကချေသည်မလေးတွေနဲ့ ဆတ်နီစားသောက်ဆိုင်မှာ လုံးလားထွေးလား ဖြစ်နေမှာပေါ့။ ဒီလို လုံးလားထွေးလား ဖြစ်နေချိန်မှာပဲ ခင်ဗျားကို ဆတ်နီစားသောက်ဆိုင်ကနေပြီး ဒီကို

http://www.cherrythitsar.org



သယ်လာခဲ့တာပဲ။ ဘာကြောင့်လဲဆိုတော့ မပြီးသေးတဲ့ ရန်ကြွေးရန်စကို ရှင်းဖို့ပေါ့ဗျာ” ဟု ပြောကြားလိုက်ပြီး စားသိုင်းဆရာကြီး ဂျာကိုပိုကလည်း –

“ဟုတ်တယ် ... ကျုပ်ကလည်း မင်းနဲ့ စာရင်းရှင်းဖို့ရှိနေတယ်” ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရွှန်လည်း အမူးမပြေလှသေးဘဲ ရီဝေဝေဖြစ်နေသည့်အတွက် နံရံကို လက်ဖြင့် လှမ်းထောက်လိုက်ရာမှ ပေါလိုကို မယုံကြည်နိုင်သော အမူအရာဖြင့် ငေးကြည့်နေသည်။

ထိုအခိုက်တွင် ပေါလိုက ပြုံးပြီး –

“အီလာရွှန် ... ဂယ်လီနာ နယ်စားကတော် မင်းသမီးလေး ဘိထရစ်ရဲ့ ရှေ့မှောက်မှာ အနိုင်ယူပြီး အရှက်ခွဲခဲ့တာကို ကျုပ် ဘယ်တော့မှ မမေ့ဘူး။ ဒါကြောင့်လည်း ခင်ဗျားရဲ့အသက်ကို ကျုပ် အကြိမ်ကြိမ် လုပ်ကြံခဲ့တာပဲ။ ဒါပေမဲ့ ခင်ဗျား အမြဲ လွတ်မြောက်သွားခဲ့တယ်။ အမြဲ အနိုင်ရသွားခဲ့တယ်။ ဒါတင်မကဘူး ခင်ဗျားဟာ တစ်နေ့တခြား ကြီးမြင့်ထင်ရှားလာခဲ့တယ်။ ဖာရာရာနယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေး ဖြစ်လာခဲ့တယ်။ ကျုပ်ရဲ့ ညီမတော်လေး ဂူလာနဲ့ စုလျားရစ်ပတ် လက်ထပ်တော့မယ့် အခြေအနေတောင် ရောက်လာခဲ့တယ်။

“ဒီမှာ အီလာရွှန်။ ကျုပ်ရဲ့ ညီမတော်လေးနဲ့ ခင်ဗျားကို သဘောတူသယောင် ဟန်ဆောင်ခဲ့ပေမဲ့ ခင်ဗျားနဲ့ လုံးဝ သဘောမတူပါဘူး။ သဘောမတူရုံမကဘူး ခင်ဗျားကို ခါးခါးသီးသီးလည်း မုန်းတီးနေပါတယ်။ ဒါကြောင့် အီတလီတစ်ဝှမ်းမှာ ဒုတိယအတော်ဆုံး စားသမားကြီးဖြစ်တဲ့ ခင်ဗျားရဲ့ ဆရာ ဂျာကိုပိုနဲ့ နောက်ဆုံးရင်ဆိုင်ပေးရတာပဲ။ ကျုပ်ဟာ အညံ့စား စားသမားတွေကို ငှားပြီး လုပ်ကြံခိုင်းခဲ့မိတဲ့အတွက် ကျုပ်အကြံ မအောင်ခဲ့ဘူး။ အခုတစ်ကြိမ်မှာတော့ ကျုပ်ဟာ အဲဒီအမှားမျိုး အမှားမခံတော့ဘူး။ ခင်ဗျားရဲ့ဆရာဟောင်းကလည်း ကျုပ်လိုပဲ ခင်ဗျားကို သူခါးခါးသီးသီး မုန်းတီးနေတာပဲ” ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် စားသိုင်းဆရာကြီး ဂျာကိုပိုလည်း နံရံထက်မှ စားတစ်ချောင်းကို ဖျတ်ခနဲ ထုတ်ယူလိုက်ပြီး –

“ဟေ့ အီလာရွှန် ... ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုက အမှတ် တရလက်ဆောင်အဖြစ်ပေးထားတဲ့ စားကြီးကို ထုတ်လိုက်စမ်း။ မင်းနဲ့ငါနဲ့ နောက်ဆုံးစာရင်းရှင်းရအောင်” ဟု ပြောကြားလိုက်ရာ အီလာရွှန်လည်း ကလျာဏမိတ္တစားကြီးကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ရသည်။

*

http://www.cherrythitsar.org



ထို့နောက် ဓားသိုင်းဆရာကြီး ဂျာကိုပိုနှင့် အီလာရှွန်သို့လည်း မီး ထိန်ထိန်လင်းအောင် ထွန်းထားသော လေ့ကျင့်ရေး ခန်းမကျယ်ကြီး အလယ် တွင် မျက်နှာချင်းဆိုင်ရပ်ပြီး တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြသည်။

ထိုအခိုက်တွင် အီလာရှွန်လည်း 'အချစ်နတ်ဖုရားမ ဗီးနပ်' ရုပ်တု တော်ရှေ့တွင် ဂျာကိုပိုနှင့် မိမိယှဉ်ပြိုင်ခုတ်သတ်ခဲ့စဉ်က ရေအိုင်လေးကို အမှူမဲ့ အမှတ်မဲ့ တက်နင်းမိပြီး ဂျာကိုပို ခြေချော်လဲသွားသည့်အတွက် ကံအားလျော် စွာ မိမိအနိုင်ရသွားခဲ့သည်မှန်သော်လည်း ယခုပွဲတွင်မူ မိမိအနိုင်ရဖို့ မလွယ် ကြောင်း တွေးတော စဉ်းစားနေမိသည်။

ထိုအခိုက်တွင် ဓားသိုင်းဆရာကြီး ဂျာကိုပိုက ဦးညွှတ်နှုတ်ဆက် လိုက်ရာ အီလာရှွန်လည်း တုန့်ပြန်ဦးညွှတ်လိုက်သည်။ ထို့နောက်တွင်ကား ဂျာကိုပိုနှင့် အီလာရှွန်တို့လည်း သဲကြီးမဲကြီး စတင်ယှဉ်ပြိုင်တိုက်ခိုက်ကြတော့ သည်။

ဓားသိုင်းဆရာကြီး ဂျာကိုပိုလည်း ပညာဓားကွက်များကို သုံးပြီး တိုက်ခိုက်ရာ၊ အီလာရှွန်လည်း အပြင်းအထန် ခုခံတိုက်ခိုက်နေရသည်။

ထိုသို့ တိုက်ခိုက်နေခိုက်တွင် ဂျာကိုပိုက နှုတ်ခမ်းထူထူကြီးကို တွန့် ကာ ပြုံးလိုက်ရင်း –

"အီစတာ မျိုးနွယ်ဝင် မင်းသားလေး ဟောရိုးနီမိုးတဲ့။ ဟား ဟား ... ဟား ဟား။ ကံတရားက တယ်လည်း ဆန်းသကွာ။ ဒီမှာ ဟေ့ ... အီလာ ရှွန်။ မင်းဟာ ဖာရာရာနယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေး မဟုတ်ပါဘူးကွယ့်။ အညတရဆင်းရဲသားတစ်ယောက်ပါ။ ဒီအကြောင်းကို ငါကောင်းကောင်းကြီး သိပါတယ်ကွယ့်။ မင်းရဲ့အမေက မာရီယာဘက်နာ နီမိုးတဲ့ အညတရဆင်းရဲသားတစ်ဦးရဲ့ သမီးပေါ့။ ဒါပေမဲ့ ရုပ်အတော် ချော တယ်။ ဒါကြောင့်လည်း ငါက စွဲစွဲလန်းလန်း ချစ်ကြိုက်ခဲ့မိပါတယ်။ ဒါပေမဲ့ မင်းအမေက ငါ့ရဲ့ မေတ္တာကို လက်မခံဘူးလေ။ လက်မခံရုံမကဘူး ငါ့ကို 'ခါးကုန်းကြီးတဲ့။ တူသလား တန်သလား" လို့တောင် ပြက်ရယ်လှောင်ပြောင် ခဲ့သေးတယ်။ ပြီးတော့လည်း ကလေကဝတစ်ကောင်နဲ့ လက်ထပ်ခဲ့တယ်။ ဒါကြောင့် အချစ်ကြီးသလောက် အမျက်ကြီးတဲ့ ငါဟာ မင်း ငါးနှစ်သားပြည့်ဖို့ ငါးရက်အလိုမှာ မင်းအဖေ ကလေကဝကောင်ကို ဓားနဲ့ခုတ်သတ်ခဲ့တယ်။ ပြီးတော့ မင်းအမေကိုလည်း မင်းတို့ အိပ်ရာထက်မှာ အားရအောင် မုဒိမ်းကျင့် ပြီး ဓားမြှောင်နဲ့ ထိုးသတ်ခဲ့တယ်" ဟု ပြောကြားလိုက်သည်။

ထိုအခါ အီလာရှွန်က –

"ဟော့ … လူလိမ်လူညာကြီး။ မဟုတ်မှန် လုပ်ကြံတဲ့ဇာတ်ကို အခုမှ စိတ်ကူးရပြီး ထွင်ပြောမနေနဲ့"ဟု ဒေါသတကြီး ပြောလိုက်ရာ၊ ဂျာကိုပိုက–

"အခုမှ စိတ်ကူးရပြီး ထွင်ပြောတာ မဟုတ်ဘူးဟော့။ တကယ့် ဖြစ်ရပ်မှန်ကို ပြောနေတာ။ မင်းအမေကို ဓားမြှောင်နဲ့ထိုးသတ်ပြီးတော့ မင်းကို ငါ ခိုးလာခဲ့တယ်။ ပြီးတော့ ငါ့ကို အလုပ်အကျွေးပြုရတဲ့ မြင်းထိန်းကောင်လေး အဖြစ် ကြီးပြင်းလာစေခဲ့တယ်။ ဒီနည်းနဲ့ ငါ့မေတ္တာကို ပြက်ရယ်လှောင်ပြောင်ခဲ့ တဲ့ မင်းအမေကို လက်စားချေခဲ့တယ်" ဟု ပြောကြားသည်။ ထို့နောက် နာကျည်းသောအသံကြီးဖြင့် –

"ဒါပေမဲ့ ကံတရားက အတော်ဆန်းတယ်။ ငါ ခါးခါးသီးသီး မုန်းတီးနေတဲ့ ကောင်လေးဟာ ဆီဇာဘော်ဂျာရဲ့ လက်သုံးတော်ဓား ဖြစ်လာတယ်။ ပန်းချီအနုပညာရှင်ကြီး လီအိုနာဒိုရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့ သူရဲကောင်း ဖြစ်လာတယ်။ ပြီးတော့ ဖာရာရာ နယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေး ဖြစ်လာတယ်"ဟု ပြောကြားပြီးနောက် –

"အေးလေ … ဒီလိုကြီးမြင့်ထင်ရှားလာတဲ့ အချိန်အခါမျိုးမှာ ဘဝရှေ့ရေးနဲ့ ပတ်သက်ပြီး အိပ်မက်လှလှမက်နေတဲ့ အခါမျိုးမှာ မင်းရဲ့ အသက်ဇီဝိန်ကို ငါချေပစ်တော့မယ်။ ဒီအခွင့်အရေးရတဲ့အတွက်လည်း ငါအတိုင်းမသိဝမ်းမြောက်နေပါတယ်"ဟု ပြောကြားရင်း ပညာဓားကွက်တို့ကို ဆက်တိုက်သွင်းလိုက်ရာ၊ အီလာရှန်၏ ပါးပြင်နှင့် ပခုံးစွန်းတို့တွင် ဓားချက်နှစ်ချက် ရုပ်ထိပြီး သွေးများ စီးကျလာသည်။

ထိုအခိုက်တွင် အီလာရှန်က –

"ဟော့ … လူလိမ်လူကောက်ကြီး၊ ဖာရာရာ နယ်စားကြီးရဲ့ သားတော်လေးကို ခင်ဗျားကြီး ခိုးယူလာခဲ့တာ ဖွင့်ဟဝန်မခံရဲတဲ့အတွက် ဒီလို မဟုတ်မမှန် လုပ်ကြံတဲ့ဇာတ်လမ်းကို ပြောနေတာ မဟုတ်လား"ဟု ပြောကြားပြီးနောက် –

"တကယ်တော့ ခင်ဗျားကြီးဟာ ဓားရေးပညာမှာ တော်တာကလွဲရင် ဘာမှ အသုံးမကျဘူး။ စိတ်ထား ယုတ်သလောက် ရုပ်အဆင်းလည်း ညံ့တာပဲ။ ခင်ဗျား ခါးက ဖုကြီးကလည်း ကြီးက ကြီးပါဘိသနဲ့။ အေးလေ … ဒါကြောင့်လည်း ခင်ဗျားကြီးကို ဘယ်မိန်းမကမှ မကြိုက်တာဖြစ်မှာပေါ့။ လူချင်းမတူ သူချင်းမမျှတဲ့ ဒုက္ခိတ တစ်ယောက်ပေကိုး"ဟု ပြောကြားလိုက်သည်။

ဓားသိုင်းဆရာကြီး ဂျာကိုပိုမှာ မိမိရုပ်အဆင်းကို ဖျက်နေသည့် ခါးက ဖုကြီးနှင့် ပတ်သက်၍ ဘဝတစ်လျှောက်လုံး သိမ်ငယ်နေခဲ့သူဖြစ်ရာ ထိုအားနည်းချက်အပေါ်ဖိပြီး မိမိအား အီလာရှန်က ချိုးဖဲ့ပြောကြားလာသောအခါ

http://www.cherrythitsar.org



တွင် မခံမရပ်နိုင်အောင် ဒေါသအမျက် ချောင်းချောင်း ထွက်လာတော့သည်။ ထို့ကြောင့် အီလာရှန်ကို အရှုးအမူး တရကြမ်း တိုက်ခိုက်တော့သည်။

လက်ရည်တူသော ဓားသမားချင်း ယှဉ်ပြိုင်တိုက်ခိုက်သော ဓားပွဲမှာ အလွန်တစ်ရာ စိတ်ရှည်ရပြီး တစ်ဦး၏ လစ်ကွက်ကို တစ်ဦး စောင့်ရမြဲဖြစ်သည်။ တစ်ခါတစ်ရံ သတိချွတ်ကာ လစ်ကွက်ပေါ်မှ ရလိုက်သည့် အခွင့်အရေးကို အမိအရယူပြီး အနိုင်တိုက်ရမြဲဖြစ်သည်။ ဓားသိုင်းဆရာကြီး ဂျာကိုပိုကား အီလာရှန်ထက် ဓားရေးသာသည် မှန်လင့်ကစား၊ ဒေါသရှေ့ထားပြီး တရကြမ်း ဝင်သည့်အတွက် လစ်ကွက်တစ်ကွက်သည် ပေါ်လာခဲ့ပေသည်။ အီလာရှန်လည်း ရလိုက်သည့်အခွင့်အရေးကို အမိအရယူပြီး ဓားချက်တစ်ချက်ကို ဖျတ်ခနဲ သွင်းလိုက်ရာ ကလျာဏမိတ္တဓားကြီးလည်း ဓားသိုင်းဆရာကြီး ဂျာကိုပို၏ လည်မျိုကို လှစ်ခနဲ ဝင်သွားတော့သည်။

ဓားသိုင်းဆရာကြီး ဂျာကိုပိုလည်း "အား" ဟု အသံနက်ကြီးဖြင့် အော်ရင်း အောက်သို့လဲကျသွားရာမှ မပီမသ မသဲမကွဲအသံဖြင့် –

"ဘဝကံကြမ္မာဟာ တယ်လည်း ဆန်းပြားပါကလား။ ရယ်စရာလည်း သိပ်ကောင်းပါကလား။ ဓားရေးပညာကို ကျုပ်သင်ပေးရတဲ့ ကျုပ် တပည့်ရဲ့ လက်ချက်နဲ့ ကျုပ်အသက် ဆုံးရှုံးရတော့မှာကလား" ဟု ရေရွတ်ရင်း အသက်ပျောက်သွားသည်။

ထိုအခိုက်တွင် လေ့ကျင့်ရေးခန်းမကြီး၏ တံခါးသည် ဝုန်းခနဲ ပွင့်ထွက်သွားရာ၊ အီလာရှန်လည်း ကလျာဏမိတ္တဓားကြီးကို အသင့်ကိုင်ထားရာမှ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ စိုးရိမ်မကင်းသော အမူအရာဖြင့် အခန်းတွင်းသို့ တဟုန်ထိုးပြေးဝင်လာသော ဆီဇာဘော်ဂျာနှင့် ဖာရာရာနယ်စားကြီး အာကိုးလီကို တွေ့မြင်လိုက်ရသည်။ နောက်မှ ကိုယ်ရံတော်စစ်သည်တော် တကျိပ်နှင့် မင်းသားကြီး ဂယ်လီဇွန်ဂိုဇာဂါ၊ မင်းသမီး ဂူလာတို့ လိုက်ပါလာကြသည်ကို တွေ့လိုက်ရသည်။

မင်းသမီးလေး ဂူလာသည် စိုးထိတ်ရင်ဖိုသော အမူအရာဖြင့် အီလာရှန်ကို လှမ်းကြည့်ပြီးနောက်၊ ကြမ်းပေါ်၌ လဲကျသေဆုံးနေသော ဓားသိုင်းဆရာကြီး ဂျာကိုပိုကို လှမ်းကြည့်လိုက်သည်။ ထို့နောက် အခန်းထောင့် တစ်နေရာ၌ မျက်စိမျက်နှာ အပျက်ပျက်နှင့် ရပ်နေသော အစ်ကိုတော် ပေါလိုကို လှမ်းကြည့်လိုက်သည်။

ထိုအခိုက်တွင် ဆီဇာဘော်ဂျာလည်း ပေါလို ရှိရာသို့ လျှောက်သွားပြီး –

http://www.cherrythitsar.org



"မောင်မင်းဟာ ကျုပ်ရဲ့ လက်သုံးတော်ဓားဖြစ်တဲ့ အီလာရှုန် အသက်ကို လုပ်ကြံခဲ့တာဟာ အကြိမ်ကြိမ်ရှိခဲ့ပါပြီ။ ဒါပေမဲ့ တစ်ခါမှ မအောင်မြင်ခဲ့ဘူး။ အခုတစ်ကြိမ်မှာလည်း အီတလီ တစ်ဝှမ်းမှာ အတော်ဆုံး ဓားသိုင်း ဆရာကြီးဖြစ်တဲ့ ဂျာကိုပိုကို မောင်မင်းပဲ ငွေပေးပြီး အီလာရှုန်ရဲ့အသက်ကို လုပ်ကြံခိုင်းတာ မဟုတ်လား" ဟု မိန့်ကြားပြီးနောက်၊ မင်းသမီးလေး ဂူလာဘက်သို့ လှည့်ကာ –

"မောင်မင်းရဲ့အစ်ကိုတော် ကောက်ကျစ်ယုတ်မာပုံကို မျက်ဝါးထင်ထင် မြင်ပြီ မဟုတ်လား။ ဒီလို အကောက်ကြံမယ်လို့ မှတ်ထင်တဲ့အကြောင်းကို အဆွေတော် မင်းသားကြီး ဂယ်လီဇိုဝ္ဂန်ဇာဂါက စာသဝဏ်လွှာပေးလိုက်တဲ့အတွက် ကျုပ်ဟာ စီဆီနမြို့တော်ကနေပြီး ရောမရွှေမြို့တော်ကို အမြန်ဆုံး ကြွမြန်းလာခဲ့ခြင်းဖြစ်တယ်" ဟု မိန့်ကြားလိုက်သည်။

ထိုအခိုက်တွင် မင်းသားကြီး ဂယ်လီဇိုဝ္ဂန်ဇာဂါက ပေါလိုကို စိုက်ကြည့်ရင်း –

"အီလာရှုန်ဟာ တကယ့် အရူးကောင်ပဲ။ မင်းသမီးလေး ဂူလာရဲ့ အစ်ကိုတော်ဖြစ်တဲ့အတွက် ပေါလိုကို အမြဲပဲ ခွင့်လွှတ်ခဲ့တယ်။ အီလာရှုန်က စိတ်သဘောထား ပြည့်ဝမြင့်မြတ်သလောက် ပေါလိုကတော့ အမြဲပဲ ကောက်ကျစ်ယုတ်မာတယ်။ အီလာရှုန်ရဲ့ အသက် မသေသေအောင် ကျိတ်ပြီး ကြံခဲ့တယ်။ ကျုပ်အချိန်မီ ရိပ်စားမိတဲ့အတွက် ဆီဇာဘော်ဂျာထံကို စာသဝဏ်လွှာ ပို့ပြီး အကြောင်းကြားလိုက်ရတာပါပဲ" ဟု မင်းသမီးလေး ဂူလာကို ပြောကြား လိုက်သည်။

ထိုအခိုက်တွင် အီလာရှုန်၏အပါးတွင် ကပ်ပြီး ရပ်နေသော ဖာရာရာ နယ်စားကြီးက –

"အညတရမြင်းထိန်းဘဝတုန်းက အီလာရှုန့်အသက်ကို အကြိမ်ကြိမ် ရန်ရှာတာကို ကျုပ် ခွင့်လွှတ်နိုင်ပါသေးတယ်။ ဒါပေမဲ့ ကျုပ်ရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေး ဖြစ်ကြောင်း သိရှိပြီးတဲ့အခါမှာ အသက်ကို ထပ်မံ ရန်ပြုတာကိုတော့ ကျုပ် လုံးဝ သည်းမခံနိုင်ဘူး" ဟု မိန့်ကြားကာ ခါးမှ ဓားမြှောင်ကို ဆတ်ခနဲ ဆွဲထုတ်လိုက်သည်။

ထိုအခါ ဆီဇာဘော်ဂျာက –

"သည်းခံတော်မူပါ အဆွေတော် ... ဒီကိစ္စအတွက် ကျုပ်တာဝန်ထားပါ" ဟု ပြောကြားတောင်းပန်ပြီးနောက်၊ ပေါလိုကို စိန်းစိန်းကြည့်ကာ–

"ဒီမှာ ပေါလို။ ရောမရွှေမြို့တော်ကြီးကနေပြီး အီဂျစ်ပြည်ကို အခု လောလောဆယ်ဆယ်ထွက်တော့မယ့် သင်္ဘောတစ်စင်းရှိတယ်။ အဲဒီ သင်္ဘော

http://www.cherrythitsar.org



နဲ့ မောင်မင်းလိုက်သွားပေတော့။ အီဂျစ်ပြည်ရဲ့ ရာသီဥတုဟာ မောင်မင်းနဲ့ လိုက်ဖက်မယ်လို့ ကျုပ် ယုံကြည်တော်မူတယ်။ ရောမမြို့တော်ကို ဘယ်တော့မှ ပြန်မလာဘဲ အီဂျစ်မှာပဲ ရာသက်ပန် အရိုးထုတ်ပေတော့။ ကျုပ် ပြောတာကို နားလည်ရဲ့ မဟုတ်လား" ဟု မိန့်ကြားတော်မူလိုက်သည်။

*

မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါ၏ စံအိမ်တော်ရှိ စာကြည့်ခန်းဆောင်တွင်း၌ ဆီဇာဘော်ဂျာသည် စိတ်မရှည်သောအသွင်ဖြင့် ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်နေရာမှ ဆတ်ခနဲ ရပ်တံ့ကာ အီတလီမြေပုံကို လှမ်းကြည့်နေသည်။ ထို့နောက် ခေါက်တုန့်ခေါက်ပြန် ထပ်မံ လမ်းလျှောက်နေပြန်သည်။

ထိုအခိုက်တွင် မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါလည်း စာကြည့်ခန်းဆောင်တွင်းသို့ ဝင်ရောက်လာရာ၊ ဆီဇာဘော်ဂျာက –

"ဘာသတင်းများ ထူးသလဲ အဆွေတော်" ဟု ချက်ချင်း မေးမြန်းလိုက်သည်။

ထိုအခါ မင်းသားကြီးက –

"သတင်းထူးတာကတော့ အရှင်ရဲ့ လက်သုံးတော်ခွေးဟာ သူမြတ်နိုးချစ်ကြင်နေတဲ့ မင်းသမီးလေး ဂူလာနဲ့ ချောချောမောမော စုလျားရစ် လက်ထပ်ပြီးသွားပါပြီ။ အဲဒီမင်္ဂလာဧည့်ခံပွဲမှာ ဖာရာရာ နယ်စားကြီး ကိုယ်တိုင် အီလာရွှန်ကို ပျောက်ဆုံးနေတဲ့ သားတော် ဟေရိုးနီမိုးဖြစ်ကြောင်း တရားဝင် ကြေငြာလိုက်ပါတယ်။ အဲဒီမင်္ဂလာဧည့်ခံပွဲမှာ ကျွေးတဲ့အစားအစာတွေ၊ တိုက်တဲ့ အရက်တွေကတော့ ပထမတန်းစား အကောင်းအမွန်တွေချည်းပါပဲ" ဟု ပြောကြားလိုက်ရာ၊ ဆီဇာဘော်ဂျာက –

"ဒီ့ပြင် သတင်းထူးကော ရှိသေးသလား" ဟု ထပ်မေးရာ မင်းသားကြီးက –

"ဒီ့ပြင် သတင်းထူးကကော ကောဒီနယ် အစ်ပိုလီတိုက အီလာရွှန်ကို တစ်အူတုံဆင်း ညီရင်းဖြစ်ကြောင်း ဘုရားရှိခိုး ကျောင်းတော်ကြီးမှာ ကြေငြာလိုက်ခြင်းပါပဲ။ အဲဒီပွဲကို လူတွေ ကျိတ်ကျိတ်တိုးအောင် တက်ကြပါတယ်။ ဒါပေမဲ့ မင်းသမီးလေး ဂူလာရဲ့အစ်ကိုတော် ပေါလိုတစ်ယောက်တော့ မပါရှာဘူး။ ဘာကြောင့်လဲဆိုတော့ အရှင်ရဲ့ အမိန့်အတိုင်း အီဂျစ်ကို ထွက်တဲ့ သင်္ဘောနဲ့ လိုက်ပါသွားရလို့ပါပဲ" ဟုပြောကြားလိုက်သည်။

ထိုအခါ ဆီဇာဘော်ဂျာနှင့် မင်းသားကြီး ဂယ်လီဗိုဂွန်ဇာဂါတို့လည်း တစ်ဦးမျက်နှာကိုတစ်ဦး ပြူးစေ့စေ့ ကြည့်နေကြပြီးနောက် ပြိုင်တူ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြသည်။

http://www.cherrythitsar.org



ထို့နောက် မင်းသားကြီးက –

"အညတရမြင်းထိန်းလေးတစ်ယောက်ကို ဖာရာရာ နယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေးဖြစ်အောင် ပြုဆောင်စီမံလိုက်တဲ့ အရှင့်ရဲ့ ရာဇပရိယာယ်ကတော့ ချီးကျူးထိုက်ပါပေတယ်" ဟုပြောကြားလိုက်ရာ ဆီဇာဘော်ဂျာက –

"ကျုပ်ရဲ့ ဆောင်ရွက်ချက် အောင်မြင်ထမြောက်သွားတဲ့ အရေးမှာ အဆွေတော်ရဲ့ အကူအညီလည်း အများကြီးပါပါတယ်" ဟု မိန့်ကြားလိုက်ပြီးနောက် –

"စစ်ပွဲဆိုတာ လူအင်အား လက်နက်အင်အား သုံးပြီး တိုက်ခိုက်အောင်ပန်းဆင်ရသလို၊ ရာဇပရိယာယ်သုံးပြီး အနုနည်းနဲ့လည်း အောင်ပန်းဆင်နိုင်ပါပေတယ်။ ဒီလို ရာဇပရိယာယ်သုံးလိုက်တဲ့အတွက်ကြောင့် ကျုပ်ဟာ ဖာရာရာတွေနဲ့ မဟာမိတ်ဖြစ်သွားခဲ့ရပြီ။ ဖာရာရာတွေဟာ ဗင်းနစ်နဲ့ ဖလော်ရင့်တို့ရဲ့ မဟာမိတ်ဖြစ်လေတော့ ဗင်းနစ်နဲ့ ဖလော်ရင့်တို့ဟာ ကျုပ်ရဲ့ မဟာမိတ်ဆွေ အလိုလိုဖြစ်လာပေတယ်။ အခုဆိုရင် ဖလော်ရင့်တွေက ကျုပ်ကို မဟာသေနာပတိ ခန့်ဖို့တောင် ကြံစည်စိတ်ကူးနေတယ်လို့ ကောလဟာလ သတင်း ထွက်လာတယ်" ဟု မိန့်ကြားလိုက်သည်။ ထို့နောက် ဆီဇာဘော်ဂျာလည်း ဟက်ဟက်ပက်ပက် ထပ်မံရယ်မောပြီးနောက် –

"ကျုပ်တို့ရဲ့ စီမံဆောင်ရွက်ချက်ကိုတော့ အီလာရွန်ခမျာသိရှာမယ် မထင်ဘူး" ဟု မိန့်ကြားလိုက်ရာ မင်းသားကြီးက –

"အီလာရွန်ရော၊ သမိုင်းဆရာကြီးတွေပါ သိကြတော့မယ် မထင်ဘူး။ အီလာရွန်အကြောင်းကို ထုတ်ဖော်ပြောကြားမယ့် ဓားသိုင်းဆရာကြီး ဂျာကိုပိုလည်း အီလာရွန်ရဲ့ ဓားချက်နဲ့ သေဆုံးသွားခဲ့ပြီ မဟုတ်လား။ အင်း ... အညတရမြင်းထိန်းလေးတစ်ယောက်ဟာ အခုတော့ ဖာရာရာနယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေး ဖြစ်သွားတယ်။ ထီးမွေနန်းမွေခံ မင်းသားတစ်ပါး ဖြစ်သွားတယ်။ ဒီနည်းနဲ့ ကျုပ် ခါးခါးသီးသီး မုန်းတီးနေတဲ့ ဖာရာရာတွေကို လက်စားချေလိုက်ရတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးနေခဲ့မိတယ်" ဟု ပြောကြားသည်။

ထိုအခါ ဆီဇာဘော်ဂျာက ပြုံးပြီး –

"ဖာရာရာမြို့တော်ကျဆုံးတဲ့ ၁၄၈၃ ခု တိုက်ပွဲတုန်းက ဗင်းနစ်တွေဘက်က ဂျာကိုပို ဝင်ရောက်အမှုထမ်းခဲ့တဲ့ အချက်ပေါ်မူတည်ပြီး အီလာရွန်ကို ဖာရာရာမြို့စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်အဖြစ် ပြုဆောင်ဖန်တီးဖို့ ကျုပ်စိတ်ကူးဉာဏ်ရခဲ့တာပဲ။ ဂျာကိုပိုဆီက ဖာရာရာနယ်စားကြီးရဲ့ ရိုးရာ

http://www.cherrythitsar.org



ရွှေတံဆိပ်တော်ကို တွေ့ရတယ်ဆိုပြန်တော့ ကျုပ်ရဲ့ စိတ်ထဲမှာ ဒွိဟသံသယ ဖြစ်မိပြန်တယ်” ဟု မိန့်ကြားရာ၊ မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါက –

“အရှင် ဒွိဟသံသယဖြစ်တာဟာ အီလာရှွန်ဟာ ဖာရာရာနယ်စားကြီးရဲ့ ပျောက်ဆုံးသွားတဲ့ မင်းသားလေး အစစ်များ ဖြစ်နေလေရော့သလား ဆိုတဲ့ အချက်မဟုတ်လား။ ဟုတ်တယ်။ ကျုပ်ကိုယ်တိုင်လည်း ဒီအတိုင်းပဲ ဒွိဟသံသယ ဖြစ်နေမိတယ်။ ဘာကြောင့်လဲဆိုတော့ ထူးခြားတဲ့ တိုက်ဆိုင်မှု တွေကို တွေ့ရကြုံရလို့ပါပဲ” ဟု ပြောကြားလိုက်သည်။

ထိုအခါ ဆီဇာဘော်ဂျာက အတန်ကြာ တွေဝေစဉ်းစား နေပြီးနောက်

“အေးလေ ... ကံတရားဆိုတာက အင်မတန် ဆန်းကြယ်တာ ကလား။ အီလာရှွန်ဟာ ဖာရာရာနယ်စားကြီးရဲ့ ပျောက်ဆုံးနေတဲ့ သားတော်လေးအစစ် ဖြစ်ချင် ဖြစ်နိုင်တာပဲ။ ဘာပဲဖြစ်ဖြစ်လေ ... ကျုပ်တို့အဖို့လည်း အကျိုး မယုတ်ဘူး။ အီလာရှွန်အဖို့လည်း အကျိုးမယုတ်ဘူး မဟုတ်လား” ဟု မိန့်ကြားလိုက်သည်

ထိုသို့ ဆီဇာဘော်ဂျာနှင့် မင်းသားကြီး ဂယ်လီဇိုဂွန်ဇာဂါတို့ ပြောဆို ဆွေးနွေးနေချိန်တွင် –

မင်းသားလေး ပဟေဠိမိုးအဖြစ် အီတလီတစ်ဝှမ်း တရားဝင်ထင်ရှား ကျော်စောနေပြီဖြစ်သော အီလာရှွန်သည် မိမိမြတ်နိုးချစ်ကြင်သော မင်းသမီး လေး ဂူလာကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေရာမှ မင်းသမီးလေး ဂူလာ၏ တစ်ကိုယ်လုံးကို ရင်ခွင်တွင်းသို့ ဆွဲသွင်းကာ တင်းတင်းကြပ်ကြပ် ပွေ့ဖက် လိုက်ပြီး မြတ်မြတ်နိုးနိုး ငုံ့နမ်းလိုက်လေသတည်း။

အောင်ခင်

၁၉၇၅ ခု၊ မတ်လ ၁၀ ရက်

http://www.cherrythitsar.org




၁၆ရာစု ခေတ်ဦး၊ အစိတ်စိတ်အမွှာမွှာကွဲပြားနေသော အီတလီနိုင်ငံကိုကြီးကျယ်ခမ်းနားသော နိုင်ငံတော်ကြီးဖြစ်ရလာအောင် တိုက်ခိုက်စည်းရုံးခဲ့သည့် ဗာလင်တီနိုမြို့စားကြီး ဆီဇာဘော်ဂျာ၏ ရာဇဝင်ကို ထုတ်ဖော်ထားသည့်ဖြစ်စဉ်။

ဆီဇာဘော်ဂျာ၏ လက်သုံးတော်ဓား အကြံ၏ နိုင်ငံတစ်ဝှမ်းကို မြင်းတစ်စီး ဓားတစ်လက်ဖြင့် လှည့်လည်တိုက်ခိုက်ခဲ့ရသည့် ဓားသမားလူစွန့်စား လုလင်ပျို၏ စွန့်စားခန်းများ၊ နန်းတွင်းသူမိန်းမ၊ ချစ်မိန်းမလှများနှင့် တွေ့ဆုံရင်ဆိုင်ခဲ့ရသည့် အနေအထူ သမုဒယသောင်းကျန်မှုများကို တွေ့မြင်ခံစားရမည့်သမိုင်းနောက်ခံ စွန့်စားခန်း အချစ်ဝတ္ထုကောင်း။

